
www.burmeseclassic.com

# ဝေယံလင်းခေါင်

## သူတော်ငတေ၏
# ဝိတုန်းတစ်တောင်
### နှင့် အခြားဝတ္ထုတိုများ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံ့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး.......................နိုင်ငံ့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး..........နိုင်ငံ့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး.............နိုင်ငံ့အရေး

### ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်
ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဝေယံလေဝင်းခေါင် သူတော်ငတေ၏

## ပီတုန်းတင်အောင်

အခြားဝတ္ထုတိုများ

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၃၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၄၂၈၃၃၊ ၀၁-၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၁၆၈၃ / ၂၀၀၃ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၂၇၀ / ၂၀၀၄ (၃) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| | ၂၀၀၄ ခုနှစ်၊ မေလ |
| အုပ်ရေ | ၅၀၀ |
| အဖုံးပန်းချီ | ကိုစိုးအောင် |
| ဖလင် | ကိုလှဝင်း |
| စာအုပ်ချုပ် | ပပမိုး |
| ထုတ်ဝေသူ | ဦးအောင်မြတ်ထွေး |
| | ပညာရွှေတောင်စာအုပ်တိုက် |
| | (မြ- ၃၉၄၅) |
| | ၁၁၄၊ စိန့်ရတီလမ်း |
| | ရတနာကျွန်းရိပ်သာ၊ သုဓမ္မာ |
| | မြောက်ဥက္ကလာပ |
| မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ် | ဦးဝင်းအောင် |
| | သန်းထိုက်ရတနာအော့ဖ်ဆက် |
| | မြ(၀၅၁၃၁)၊ |
| | အမှတ် ၈၄ လမ်း ၅၀၊ |
| | ပုဇွန်တောင်မြို့နယ်၊ |
| | ရန်ကုန်မြို့။ |
| တန်ဖိုး | ၅၀၀ - ကျပ် |



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သူတော်ငတေ၏ ခေါင်းရိတ်ခြား | ၁ |
| ၂။ | မြေပလျှိုးပေမယ့် မိုးပျံတဲ့ ငတေ | ၁၀ |
| ၃။ | သူတော်ငတေ၏ မဟူရာကျောက်ရှင် | ၂၃ |
| ၄။ | သူတော်ငတေ၏ သူတော်ကောင်းတရား | ၃၁ |
| ၅။ | သူတော်ငတေ၏ ဝရမိန့်လက်နက် မိုးကြိုးစက် | ၄၅ |
| ၆။ | သူတော်ငတေ၏ ပီယဆေး | ၅၄ |
| ၇။ | သူတော်ငတေ၏ မကြောက်တရား | ၆၅ |
| ၈။ | သူတော်ငတေ၏ ငွေဘုန်းတစ်ထောင် | ၇၄ |
| ၉။ | သူတော်ငတေနှင့် ဝှက်ပျောက်တစ်နိုင် | ၁၇၃ |
| ၁၀။ | သူတော်ငတေ၏ ရေပေါ်နင်းသွားအထောင် | ၁၈၂ |


www.burmeseclassic.com

www.burmeseclassic.com

# သူတော်စေတော၏ခေါင်းရိတ်ဓား



## သူတော်စေတော၏ ခေါင်းရိတ်ဓား

ကျွန်ုပ်တို့ ဘုန်းကြီးကျောင်းတွင် ကျောင်းသားကြီး၊ ကျောင်းသားငယ် လေးဆယ်နီးပါးခန့် ရှိသည်။ ထို့ကြောင့် ကျောင်းသားများ ဆံပင်ညှပ်၊ ခေါင်းရိတ်ရက်ကို တစ်လလျှင် လေးကြိမ် သတ်မှတ်ထားရသည်။ လပြည့်၊ လကွယ် အဖိတ်နေ့ နှစ်ရက်မှာ ကျောင်းသားကြီးများ ဆံပင်ညှပ်ရက်ဖြစ်ပြီး ရှစ်ရက် ဥပုသ် အဖိတ်နေ့ နှစ်ရက်မှာ ကျောင်းသားငယ်များ ဆံပင်ညှပ်ရက် ဖြစ်သည်။

ကျောင်းသားကြီးများအား လပြည့်၊ လကွယ် အဖိတ်နေ့ နှစ်ရက်၌ ဆံပင်ညှပ်စေခြင်းမှာ သီတင်းသီလ စောင့်ရန်နှင့် ဆွမ်းပို့၊ ပန်းပို့ရန် ရွာက ဒကာ၊ ဒကာမများ အလာများသဖြင့် ဖြစ်သည်။ သီတင်းသီလ စောင့်ရန်နှင့် ဆွမ်းပို့၊ ပန်းလှူလာသူများနှင့် ကျောင်းသားကြီးများကသာ ဆက်ဆံကြရရာ သူ့ကျောင်းက ကျောင်းသားကြီးများကို မြင်လျှင် သပ်သပ်ရပ်ရပ်နှင့် ကြည့်ပျော်ရှုပျော် ဖြစ်စေအောင် ဟူသော သဘောနှင့် ဆရာတော်က စီမံထားသည်။

ထိုခေတ်က ဘုန်းကြီးကျောင်းသားများ ဆံပင်ညှပ်ခြင်းမှာ ဆံရစ်ဝိုင်း ဆံတောက်ဖြတ်ခြင်းပင်။ အုပ်လုံးမသိမ်းသေးသော မိန်းမပျိုများ ဆံတောက်နှင့် အတူတူပင်။ အပေါ်ထုံးထားသော သျှောင်ထုံးပေါ်တွင် ပန်းရောင်ချည်စည်း ရောင်စုံတွေနှင့် အလွန် ကြည့်ကောင်းပြီး ကျက်သရေ ရှိလှသည်။ အောက်ပိုင်းတို့မှ သင်တုန်းဓားနှင့် ကတ်ကြေးနှင့် ပြေပြေရိတ်ညှပ်ထားသည်။ အပေါ်မှာ ဆံရစ်ဝိုင်းသျှောင်လေးနှင့်၊ အောက်ပိုင်းမှာ ဦးပြည်းစိမ်းစိမ်းနှင့် မိန်းကလေးများ သိုပင် ကြည့်၍လှသည်။

ကျောင်းသားကြီးများသည် ဆံပင်ကိုသာ မိန်းမပျိုလေးများလို ညှပ်ဖြတ်ထားကြသည် မဟုတ်၊ နားနှစ်ဖက်၌လည်း လခြမ်းသဏ္ဍာန် နားကွင်းပေါက် ဆွဲ

www.burmeseclassic.com



ထားကြသေးသည်။ ထို့ကြောင့် နောက်ကသာ ဦးခေါင်းကိုကြည့်လျှင် မိန်းကလေးမှန်း ယောကျ်ားလေးမှန်းပင် ရုတ်တရက် ခွဲခြားမရနိုင်၊ အင်္ဂလိပ် ဘိုဆံတောက်မှာ ထိုခေတ်က ခေတ်မစားသေး။

ကျောင်းသားငယ်များကမူ ခေါင်းပေါ် ရှေ့တည့်တည့်တွင် လက်သုံးလုံးနီးပါးခန့် ဦးစွန်းဖုတ်ထားပြီး ကျန်တစ်ခေါင်းလုံးကို ပြောင်နေအောင် ရိတ်ထားကြရသည်။ လူချင်လွှန်း၊ လူဖြစ်လုပ်ချင်လွှန်းသော အချို့ ကျောင်းသားကြီးများသည် ရွာထဲဆင်း၍ ဆံပင်ညှပ်တတ်သူများဆီတွင် သွားညှပ်ကြသည်လည်း ရှိသည်။ သာမန်အားဖြင့်မူ ကျောင်းသားငယ်များနည်းတူ ကျောင်း၌ပင် အချင်းချင်း ညှပ်ကြသည်က များလေသည်။

လဆန်း၊ လဆုတ်ရှစ်ရက် ဥပုသ်၏ အဖိတ်နေ့၌ ဦးစွန်းဖုတ် ရိတ်ကြရသော ကျောင်းသားငယ်များကို ကျောင်းသားကြီးများက ရိတ်ပေးကြရသည်။ ကျောင်းတွင် အစ်ကို တိုရင်၊ ဦးပဉ္စင်း၊ ဦးလေးသားချင်းမရှိသူ ကျောင်းသားငယ် မျက်နှာမွဲများမှာမူ နောက်ဆုံးတော့မှ ဓားတုံးတော့မှ ခေါင်းရိတ်ခံကြရ၏။

ကျောင်းသားငယ်များမှာလည်း တစ်ဆယ်၊ နှစ်ဆယ်ရှိရာ နောက်ဆုံး ဓားတုံးပြီးမှ ခေါင်းရိတ်ခံရသော ကျောင်းသားငယ်လေးတွေမှာ မသိတ်သာလှပေ။ ကျောင်းသားကြီးများကလည်း တစ်ခေါင်းပြီးတစ်ခေါင်း ရိတ်ပေးနေရ၍ လက်အံ့သေ ပျင်းရိလာကာ ဓားကို ပြန်မသွေးတော့ဘဲ အားနှင့် ဖိတွန်း ရိတ်ချတတ်ကြသည်။ ထိုအခါ ခံရသော ကျောင်းသားငယ်မှာ ဦးရေပြားနာသည်က တစ်မျိုး၊ ဓားရှ၍ နာသည်ကတစ်ဖုံနှင့် အချို့ စိတ်ဆတ်သော ကျောင်းသားငယ်များဆိုလျှင် ငိုငိုရယ်ရယ်နှင့်ပင် ထွက်ပြေးတတ်ကြသည်။

ကျောင်းသားငယ်များအား ကျောင်းသားကြီးများက ဤသို့ မညှာမတာ နှိပ်စက်ကြသည်ကို အစ်ကို၊ ဦးလေး မရှိသူ ကျောင်းသားငယ် မျက်နှာမွဲများမှာ ငိုယို၍အော်ဟစ်ကာ အံကြိတ်ခံကြရသည်။ မခံ၍လည်း မရ၊ ခေါင်းစုတ်ဖွားနှင့်ဖြစ်လျှင် ဘုန်းကြီးက ကြိမ်ဆော်ဦးမည်။

သည်လိုနှင့် အဖိတ်နေ့ တစ်နေ့၌ ကျောင်းသားကြီးများက ကျောင်းသားငယ်များကို ခေါင်းရိတ်ပေးနေကြချိန်တွင် ဓားတုံးတုံးနှင့် ခေါင်းရိတ်ခံနေကြရသော ကျောင်းသားငယ် တစ်ယောက်က မချိမဆံ့ အော်ငိုတော့ရာ သူတော်ငတေ မျက်နှာထားတင်းတင်းနှင့် ဖိုရုံထဲက ပြေးထွက်လာကြည့်သည်။

"ဟင် ဝက်ပေါ်တာ ကျနေတာပဲ။ မိမဆုံးမ ဖမဆုံးမတွေ့ ဘာဖြစ်လို့ ဒီလောက် သေမင်းခေါ်သလို အော်နေကြရတာလဲ"





"ဟီး . . . ဟီး တပည့်တော်ကို ဓားတုံးတုံးကြီးနဲ့ တအား ဖိရိတ်တာ မခံနိုင်လို့ အော်မိတာပါ ဘဘ။ ဓားရှထားတဲ့ နေရာကလည်း နာလွန်းလို့ပါ"

"ဒီလောက် မဟုတ်ပါဘူး ဘဘ၊ သူများတွေကိုလည်း ဒီဓားနဲ့ပဲ ရိတ်ပေးတာပါပဲ။ ဒီကောင်က သည်းကိုသည်းနေတာပါ ဘဘ"

ကျောင်းသားငယ်က သူတော်ငတေကို ငိုတိုင်သလို ကျောင်းသားကြီးကလည်း ဆင်ခြေဆင်လက်နှင့် သူတော်ငတေကို ပြန်ပြော၏။

သူတော်ငတေက ကျောင်းသားငယ်၏ခေါင်းကို အရင်ကြည့်သည်။ ဓားရှထား၍ ဆံပင်နှင့် ဖိကပ်ထားသော နေရာမှ သွေးစသွေးနတွေကို မြင်သွားရာ-

"ဟင် တစ်ခေါင်းလုံးမှာလည်း တောင်ယာပဲခင်း ခုတ်ထားသလိုပါလား။ နာတာလည်း မပြောနဲ့လေကွာ၊ နင့်အမေ ကလွှားပဲ။ မင်း ဘယ်လိုလုပ် ခေါင်းရိတ်ပေးတာလဲ၊ ခံရတဲ့ကောင် သေရောပေါ့"

"ဓားတုံး . . . တုံးနေ . . ."

"ဟ . . . ဓားတုံးနေမှန်းသိရင် သွေးပေါ့ကွ"

ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆင်ခြေပေးသော ကျောင်းသားကြီးကို သူတော်ငတေက ဟောက်တော့၏။

ခေါင်းရိတ်နေကျ ကျောင်းအနောက်ဘက်ရှိ ကုက္ကိုပင်အောက်သို့ သူတော်ငတေ ရောက်လာသည်ကို မြင်သဖြင့် သူတော်ငတေ၏ လက်ရင်းတပည့် ခေါင်းသိန်း၊ နေဆန်းနှင့် ငထီး စသည့် ကျောင်းသားကြီးတွေကလည်း ယောင်ပေပေယောင်ပေနှင့် ရောက်လာကြသည်။

"ဓားတွေက ရိတ်ခေါင်းများလို့ အစေးကျ သွေးမရ . . ."

"တော်စမ်းကွာ"

သူတို့ခိုင်းမရ ပြောမရသော ကျောင်းသားငယ်များဆိုလျှင် တမင် ညစ်တတ်မှန်း သိနေသဖြင့် သူတော်ငတေက ကျောင်းသားကြီးကို ထပ်ဟောက်လိုက်သည်။

"ဟဲ့ ခေါင်းသိန်း၊ ဘဘ အခန်းဘေးက ပျားရည်ပုလင်းခွဲတစ်လုံး သွားယူလိုက်စမ်း"

"ဟုတ်ကဲ့ ဘဘ"

ဟု ပြောကာ ခေါင်းသိန်း ပုလင်းခွဲတစ်လုံးကို ပြေးယူလာပြီး သူတော်ငတေကို ပေးသည်။

ခေါင်းသိန်းပေးသော ပုလင်းကို လည်ပင်းက ကိုင်လိုက်ပြီး သူတော်ငတေ



www.burmeseclassic.com

www.burmeseclassic.com



ကုံကော်ပင်စည်မှာ တင်ရိုက်ခွဲလိုက်သည်။ ပြီးတော့ ဇောဇောက ခေါင်းရိုက်ခံထားရ၍ ရှုံ့မဲ့ငိုနေသော ကျောင်းသားလေးကို-

"လာ သား . . . ဘဘ ရိုက်ပေးမယ်။ မနာစေရဘူး"

ဟု ပြောကာ ကျောင်းသားငယ်၏ ရိုက်လက်စခေါင်းကို အနှစ်လုံးကြားထဲ ညှပ်သွင်းကာ ပုလင်းကွဲခြမ်းနှင့် တရွှမ်းရွှမ်း ရိုက်ချပေးလိုက်သည်။ ဆယ်မိနစ်ပင် မကြာ ပြီးသွား၏။

"နာလား သား"

"လုံးဝ မနာပါဘူး ဘဘ"

"အေး နောက်ခေါင်းရိုက်မယ့် ကလေးတွေ ရှိသေးလား။ ရှိရင် လာကြ မနာအောင် ဘဘ ရိုက်ပေးမယ်"

ဟု ပြောလိုက်ရာ ဇောဇောက ကျောင်းသားကြီးဆီ၌ ခေါင်းရိုက်ခံနေရစဉ်က ငိုနေရသည်ကိုကြည့်ပြီး သူ့အလှည့်ရောက်မှာ ကြောက်နေသော ကျောင်းသားငယ် တစ်ယောက်မှာ ယခု သူတော်ငတေ ပုလင်းကွဲနှင့် ခေါင်းရိုက်ပေးထားသော ကျောင်းသားက-

'လုံးဝ မနာ' ဟု ဆိုသဖြင့် ချက်ချင်း ပြေးဝင်လာပြီး ခေါင်းရိုက်ခံ၏။

သူတော်ငတေကလည်း နောက်ပုလင်းကွဲတစ်ခြမ်းကို ကောက်ယူကာ ဒုတိယကျောင်းသားအား တရွှမ်းရွှမ်း ခေါင်းရိုက်ပေးလိုက်ပြန်သည်။ သည်လိုနှင့် သူတော်ငတေသည် ခေါင်းရိုက်ရန် ကျန်နေသေးသော တတိယကျောင်းသား တစ်ယောက်ကိုလည်း ထိုနည်းလည်းကောင်း ခေါင်းရိုက်ပေးလိုက်ပြန်သည်။

ကျောင်းသားများ အားလုံးမှာ သူတော်ငတေ ပုလင်းကွဲနှင့် တစ်ယောက်ပြီးတစ်ယောက် ခေါင်းရိုက်ပေးနေသည်ကို တအံ့တသြ ဝိုင်းကြည့်နေကြသည်။

"ဘဘ ကျွန်တော်တို့လည်း ပုလင်းကွဲနဲ့ ခေါင်းရိုက်ပေးရင် ရမလား"

"ရတာပေါ့ကွ"

ကျောင်းသားကြီး တစ်ယောက်က သူတော်ငတေကို မေးလိုက်၏။

"ကျွန်တော်တို့က ဘဘသာ ပုလင်းကွဲနဲ့ ခေါင်းရိုက်လို့ ရတယ်ထင်တာ ကျွန်တော်တို့ ရမယ်မထင်လို့"

"ဘယ်လူရိုက်ရိုက် ထက်ရင် ရပါတယ်ကွ"

"ဟုတ်ပါ့မလား ဘဘ၊ ဟို . . . ဟို ဘဘ"

သည်နှစ်မှ ပေဒင်သင်ရန် ရောက်လာသော ကုလားတွင်းရွာသား ကျောင်းသားကြီး တစ်ယောက်က သူတော်ငတေကို မဝံ့ရဲနိုင် စကားမဆက်ဘဲ ယုပ်နေ





စဉ် သူတော်ငတေက-

"ဘာ ဟိုဟိုလဲ၊ ပြောစမ်းပါ"

"ဟို အရင် ဘဘက ဘာရှုရှု သွေးမတိတ်ရင် သွေးတိတ်အောင် မန်းရတယ်လို့ ကျွန်တော်တို့ကို ပြောတဲ့ ဂါထာလေ"

"အဲဒါ ဘာဖြစ်လို့လဲ၊ သဒ္ဒါကြီးထဲက အဝသုဿတုမေကို ပြောတာလား"

"ဟုတ်ကဲ့ ဘဘ"

"သွေးမတိတ်ဘူးလား"

"မတိတ်ဘူးတဲ့ ဘဘ"

"ဟေ ဘယ်လူက ပြောလဲ"

"ဦးငကွိန်က ပြောတာ ဘဘ"

"ဘယ် ဦးငကွိန်ပါလိမ့်"

"မြစ်နားရွာက ငကွိန်လေ ဘဘ"

"အဲဒီ ငကွိန် ဘာလုပ်စားလဲ"

"တံငါလုပ်စားပါတယ် ဘဘ"

သူတော်ငတေက သူ့ပါးစပ်ထဲ ငုံထားသော ဆေးရွက်ကြီး ဟံတွေးကို ဗွီခနဲ ထွေးထုတ်လိုက်ပြီး-

"ဟော့ကောင် သီလလည်း မရှိ၊ သမာဓိလည်း မရှိ၊ ပညာလည်း မရှိဘဲ နလပိန်းတုံးက ရှင်မဟာကစ္စည်းရဲ့ သဒ္ဒါနည်း မပြောနဲ့ ဘုရားနှုတ်ကပါဌ်ရွတ်လည်း တိတ်မှာ မဟုတ်ဘူးကွ"

"ဘာဖြစ်လို့လဲ ဘဘ"

"မင်းတို့ မသိဘူးလား"

"မသိပါဘူး ဘဘ"

ဤတစ်ခါတော့ အမေးကျောင်းသား တစ်ယောက်တည်းသာ မဟုတ်၊ ကျန်ကျောင်းသား သုံးလေးယောက်ကပါ မသိကြောင်း ပြိုင်တူ ပြောလိုက်ကြသည်။

"အေး မသိရင် ပြောပြမယ်၊ ခု မင်း ဘာစာသင်နေလဲ"

"လောကနီတိပါ ဘဘ"

ပထမ အမေးကျောင်းသားက ဖြေသည်။

"စတုရင်္ဂဗလကြီးရဲ့ ကျမ်းလား"

ကျောင်းသားသစ်က မဖြေတတ် ဖြစ်သွားစဉ် သူတော်ငတေ၏ လက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တပည့် နေဆန်းက-

"မှန်ပါ"

ဟု ဝင်ထောက်လိုက်သည်။

"လောကနိတိတောင် ရောက်နေပြီဆိုတော့ မင်း ပရိတ်ကြီး သင်ပြီးပြီပေါ့"

"ဟုတ်ကဲ့ ဘဘ"

"ပရိတ်ကြီးထဲက ဓာတ္ထုဝိဘင်္ဂ သုတ် ရမှာပေါ့"

"ဟုတ်ကဲ့၊ ရပါတယ် ဘဘ"

"အေး ရရင် ဘာဝိတာ ဗဟုလီကတာ ဆိုတာ ဘာကို ပြောတာလဲ"

"ဘာဝိတာ- ပွားစေအပ်ကုန်၏။ ဗဟုလီကတာ- အကြိမ်များစွာ ပြုအပ်ကုန်၏လို့ ဆိုပါတယ် ဘဘ"

"အဲဒါပေါ့ကွ၊ မင်း ငကွိန်က စားရှုတော့မှ သတိရပြီး တမန်းကတန်း အဝသုံသာတုမေ ထအော်လို့ သွေးတိတ်မလား။ ဘာဝိတာ၊ ဗဟုလီကတာ ဆိုတာ ကြိမ်ဖန်များစွာ ပွားများထားရမယ်။ ဖြစ်နိုင်ရင် အနုလုံ ပဋိလုံကို အထပ်ထပ်အခါခါ ရွတ်ဖတ်သရဇ္ဈာယ်ပြီး လေ့လာ ပွားများထားရမယ်၊ တို့စကားနဲ့ ပြောရရင်တော့ ထုံထားရမယ်ပေါ့ကွာ။ ဘာမဆို မဖြစ်မီ၊ အသုံးမတည့်မီ၊ မလိုမီကပင် ဘာဝိတာ၊ ဗဟုလီကတာ ပြုလုပ်ထားမှ၊ ရွတ်ဖတ် သရဇ္ဈာယ်ထားမှ အရေးကြုံလာတဲ့အခါ သုံးလို့ရမှာပေါ့။ သမာဓိဖြစ်အောင် ကျင့်ကြံထားရတယ်။ အဟမ်း . . . အဟမ်း"

ဆေးရွက်ကြီးငုံထားသော သူတော်ငတောက အာကာပ်လာ၍ လည်ချောင်းတစ်ချက် ရှင်းလိုက်သည်။

"မဟာပရိနိဗ္ဗာန သုတ်တော်မှာ တို့ ရှင်တော်မြတ်ဘုရားက အာနန္ဒာကို မိန့်ကြားတဲ့ စကားတစ်ခု ရှိတယ်။ 'ညီဘွား အာနန္ဒာ၊ ငါဘုရားဟာ ဣဒ္ဓိပါဒ် လေးပါးကို နိုင်နိုင်နင်းနင်း ပွားများထားပြီးပြီ အာနန္ဒာ။ ဣဒ္ဓိပါဒ်လေးပါးကို နိုင်နိုင်နင်းနင်း ပွားများထားတဲ့ ငါဘုရားဟာ အာယုကပ် တစ်ကပ်ထိလည်း အသက်ရှည်အောင် နေလို့ရတယ်။ အာယုကပ် တစ်ကပ်ဆိုတာ အသက်တစ်ရာတန်းကို ပြောတာ။ အာယုကပ် တစ်ကပ်ထက် ကျော်လွန်ပြီးတော့လည်း နေလို့ ရတယ်တဲ့။ ဥပမာ- ရှင်မဟာကဿပ ထေရ်တို့၊ ရှင်ဗာကုလမထေရ်မြတ်တို့လို အသက် တစ်ရာ့လေးငါးဆယ်ထိ နေလို့လည်း ရတယ်' လို့ ဘုရားရှင်က အာနန္ဒာကို အရိပ်အမြွက် မိန့်ကြားခဲ့တဲ့ စကားပဲ"

"ဟုတ်ကဲ့ပါ ဘဘ"





"အဲဒီအခါမှာ အမှန်တော့ အာနန္ဒာအရှင်မြတ်ဟာ လက်အုပ်ချီမိုးပြီး ဆိုပါတော့ 'လောကာယ၊ ဟိတာယ - လောကရှိလူများအတွက် အရှင်ဘုရားဟာ အသက်နဲ့ခန္ဓာကို ထိန်းထားနိုင်ပါတယ် ဆိုတဲ့ ဖလသမာပတ်ကို ဝင်စားပြီး အာယုကပ်ထက် ကျော်လွန်ပြီး သတ္တဝါတွေအတွက် နေတော်မူပါဘုရား' လို့ လျှောက်ထားရမှာ"

"ဟုတ်ကဲ့ ဘဘ"

"ဒါပေမယ့် အာနန္ဒာက မလျှောက်မိဘူး။ အဋ္ဌကထာ ဆရာတွေကတော့ သောတာပန်အဆင့်သာ ရှိသေးတဲ့ အာနန္ဒာကို မာန်နတ်ကြီးက ကြောက်မက်ဖွယ် အသွင်သဏ္ဌာန်တွေနဲ့ ခြောက်လှန့်ထားလို့လို့ ဆိုတယ်။ စကားတစ်ခွန်းဟာ ဘယ်လောက် အရေးကြီးလဲ၊ ဘုရားရှင်က သူဟာ ဣဒ္ဓိပါဒ်လေးပါးကို ဘာဝိတာ၊ ဗဟုလီကတာ ကြိမ်ဖန်များစွာ နိုင်နိုင်နင်းနင်း ပွားများထားပြီးပြီလို့ မိန့်ကြားခဲ့တဲ့ အကြိမ်ပေါင်းဟာ မနည်းဘူး။

ဒါပေမယ့် အာနန္ဒာက အဲဒီ စကားတစ်ခွန်း မလျှောက်မိလိုက်တာနဲ့ ငါတို့ဘုရားဟာ သက်တော်ရှစ်ဆယ်၊ ဝါတော် လေးဆယ့်ငါးဝါမှာ ပရိနိဗ္ဗာယိသတိ ဖြစ်သွားရရှာတယ်။ ဘာပဲလုပ်လုပ် ဘာဝိတာ၊ ဗဟုလီကတာ။ အဲကောင်းတဲ့အလုပ်ကို ပြောတာနော်။ မင်းတို့ ငကွိန်က အကုသိုလ်အမှုပြုပြီး စားရှုလို့ သွေးထွက်လာတော့မှ အဝသုံသာတုမေ မံသလောဟိတံ ထလုပ်လို့တော့ ရမလားကွ"

"မှန်ပါ၊ မရနိုင်ပါ ဘဘ"

သူတော်ငတော၏ စကားကို သူ့တပည့်ကြီး နေဆန်းက ဆက်၍ ထောက်ခံနေ၏။

"အိမ်း မင်းလည်း မျက်လှည့်ဆရာ လုပ်ချင်ရင် ဘဘရဲ့ လုပ်ရပ်ကို ဘာဝိတာ ဗဟုလီကတာ ကြည့်ထား၊ လုပ်ထား၊ များများလေ့လာထား။ ကြိမ်ဖန်များစွာ ကျင့်ကြံအားထုတ်ထား"

"ဟုတ်ကဲ့ပါ ဘဘ"

(နောင်တွင် နေတစ်လုံး [illegible]လှည့်အဖွဲ့ကြီးကို ဦးဆောင်ကာ ရပ်ကျော်၊ ပြည်ကျော် မျက်လှည့်ဆရာကြီး [illegible]စိုးလာမည့်) ကျောင်းသားကြီး နေဆန်းက မှိုရှိသေသေပင် သူတော်ငတော၏ စကားတို့ 'ဟုတ်ကဲ့' လိုက်နေ၏။

"မင်းတို့ကို ဘဘ ဘာဝိတာ၊ ဗဟုလီကတာ ဘယ်လောက် လုပ်ထားလဲဆိုတာ ပြဦးမယ်။ ဘဘ ဓာတ်ခန်းထဲက ကွဲချေးဟင်းခါးနွယ် သုံးလေးပင် သွားယူ



www.burmeseclassic.com

www.burmeseclassic.com



စမ်း ဆရာနေဆန်း"

သူ့ဆရာငတေက သူ့ကို 'ဆရာနေဆန်း' ဟု ခေါ်လိုက်သဖြင့် နေဆန်းမှာ မလုံမလဲ ပြုံးဖြဲဖြဲနှင့် သူတော်ငတေ ခိုင်းလိုက်သလို သူတော်ငတေ အခန်းထဲ သွားပြီး ကွဲချေးဟင်းခါးနွယ် သုံးလေးပင်ကို ယူလာကာ သူတော်ငတေကို ပေးသည်။

နေဆန်း ယူလာပေးသော ကွဲချေးဟင်းခါးနွယ်ပင် သုံးလေးပင် အခြောက်ကို သူတော်ငတေက ပါးစပ်ထဲ ထည့်ဝါးပြီး ကျောင်းသားများ၏ မျက်နှာကို တစ်ယောက်စီ အကဲခတ်ကြည့်သည်။ ပြီးတော့မှ သူ့ စာစောက ကလေးများကို ခေါင်းရိတ်ပေးခဲ့သော ပုလင်းကွဲများကို သူ့ပါးစပ်ထဲထည့်ပြီး တစ်ဖွဲ့ပြီးတစ်ဖွဲ့ တစ်ခြမ်းပြီးတစ်ခြမ်း ကျိုးကျိုးကြွပ်ကြွပ် ဝါးစားနေလေသည်။

ကျောင်းသားကြီး ကျောင်းသားငယ်များ အားလုံးမှာ အံ့ဩမဆုံးဖြစ်တုန်ကြပြီး သူတော်ငတေကိုသာ မျက်တောင်မခတ် ဝိုင်းကြည့်နေကြ၏။

မကြာမီမှာပင် သူတော်ငတေသည် သူဝါးစားနေသော ပုလင်းကွဲ အဖွဲ့အစငယ်များကို ထွေးထုတ်လိုက်ကာ . . .

"ဖွို . . . ဖွို . . . တို့ အရသာ မရှိလိုက်တာ။ ဆရာနေဆန်း ယူလာပေးတဲ့ နတ်ဆေးဂမုန်းကလည်း ပုလင်းကွဲကို ကိုက်စားရတဲ့အတိုင်းပါလား"

ဟု ပြောပြီး ကျောင်းခေါင်းရင်းဘက်ကို စောင်းကန်းစောင်းကန်းနှင့် ထွက်သွားလေသည်။

* * *



# မြေမလျှိုးပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

## မြေသျှိုးပေးမယ့် မိုးပျံတဲ့ငဘော

ကျွန်ုပ်တို့ ရွာသူရွာသားများသည် ကန်ရေကိုသာ သောက်သုံးကြသည်။ ထို့ကြောင့် မိုးခေါင်သောနှစ်၊ သကြန်လက်ဆေးမိုးလည်း မရွာ၊ တန်ခူး၊ ကဆုန်လများမှာလည်း မိုးမရွာသောနှစ်ဆိုလျှင် ရွာသူရွာသားများမှာ ရေအခက်အခဲနှင့် ကြုံကြရသည်။

ထိုအခါ 'မြောင်' ဟုခေါ်သော တောင်အောက် စမ်းပေါက်တစ်ခုကို တူးဖော်၍ ရေတွင်းပြုလုပ်ကြကာ သုံးရေ သောက်ရေများကို ထိုရေတွင်းမှပင် ခပ်သုံးကြရသည်။ ထိုရေတွင်းမှာ ရွာနှင့် မြေကျင် ဆယ့်ငါးမိနစ်ခန့် ဝေး၏။ တောတန်းလေး တစ်ခုကိုလည်း ရေခပ်သွားသူတိုင်း ဖြတ်သွားကြရသည်။

သို့သော် အိမ်ခြေတစ်ရာနီးပါးရှိသော ရွာသူရွာသားများအတွက် ထိုရေတွင်းတစ်တွင်းမှ ရေသည် လောက်လောက်ငငမရှိကြ။ ထိုအခါ ရေကို အလှည့်ကျ တန်းစီစောင့်၍ ခပ်ကြရသည်။ ဦးဆုံး ရေတွင်းနားရောက်လာသူသည် ရေတွင်းနှုတ်ခမ်းနားတွင် စမ်းပေါက်ရေတွင်းထဲမှ ရေတစ်အိုးစာကို ခပ်သူရန် ရေအိုးကို ချထားရသည်။ ထိုရေအိုးနောက်တွင် နောက်မှ ရောက်လာသူများက တန်းစီ၍ ရေကို အလှည့်ကျ စောင့်ခပ်ကြရလေသည်။

သည်လိုနှင့် ရေရှားသော နှစ်တစ်နှစ်တွင် ဖြစ်သည်။ ရွာနှင့် အနီးအနားတွင် တခြား စမ်းပေါက်ရေတွင်း ဆို၍လည်း တစ်တွင်းမှ မရှိရာ ထိုတစ်တွင်းတည်းသော စမ်းပေါက်ရေတွင်း၌ပင် ရွာသူရွာသား အားလုံးတို့မှာ ရေကို စောင့်ခပ်နေကြရသည်။ ထို စမ်းပေါက်ရေတွင်းရှိရာ နေရာမှာ တောင်ခြေရင်း တောအောက် ဖြစ်သဖြင့် ကျား၊ ဝံ စသည့် သားရဲတိရစ္ဆာန်များလည်း ပေါသည်။ လူတွေ ရေရှားသလို စမ်းဖျားစမ်းချောင်းတို့၌လည်း ရေခန်းသွားရာ တစ်ခါတစ်ခါ





ရွာသူရွာသားများမှာ ရေခပ်သွားရင်း ရေသောက်လာသော ကျား၊ ဝံတို့နှင့်လည်း တွေ့တတ်ကြသည်။

ထို့ကြောင့် မိန်းမများဆိုလျှင် နေ့စောင်းညချမ်း၌ စမ်းရေတွင်းထဲ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း မသွားရဲကြဘဲ သုံးယောက်တစ်စု၊ လေးယောက်တစ်စုသာ သွားရဲကြသည်။ ည၌မူ ရေခပ်သူ နည်းသဖြင့် ရေခပ်လှည့် မြန်မြန်ကျတတ်သဖြင့် ယောကျ်ားသားများကတော့ ညရှစ်နာရီ၊ ကိုးနာရီထိလည်း သွားခပ်လေ့ ရှိကြသည်။

သည်လိုနှင့် ကဆုန်လ၏ လမိုက်ညတစ်ညတွင် ဦးကြာပန်း အပါအဝင် ကျွန်ုပ်တို့ ရွာသားလေးငါးယောက်သည် တောင်ခြေ စမ်းပေါက်ရေတွင်း၌ ရေစောင့်ခပ်ရန် ညရှစ်နာရီလောက်တွင် ထွေရာလေးပါး စကားပြော၍ ထိုင်စောင့်နေကြသည်။

ထိုအချိန်မှာပင် သူတော်ငတေသည် စမ်းပေါက်ရေတွင်းနားသို့ ရောက်လာ၏။ ထိုအခါ ရေခပ်ရန် စောင့်နေကြသူများထဲတွင် အသက်အရွယ် အကြီးဆုံးဖြစ်သူ ဦးကြာပန်းက "ဦးသူတော် ဘယ်လိုလာလဲ" ဟု အလေ့သုံးဆယ်အုံသြသလို မေးလိုက်သည်။

အမှန်က ဦးကြာပန်းမှာ သူတော်ငတေနှင့် ငယ်ငယ်ကပင် ရန်ဖြစ်ဖက်၊ တစ်ယောက်နှင့် တစ်ယောက်လည်း တစောင်းစေးနှင့် မျက်ချေးပမာ ဖြစ်ကြလေရာ "ဦးသူတော် ဘယ်ကလာလဲ၊ ဘယ်ကိုလာလဲ၊ ဘာကိစ္စလာလဲ" ဟု မေးရမည့်အစား အချိန်မတော် အခါမတော် သွားချင်တာသွား၊ လာချင်တာလာ၊ နေချင်သလို နေနေသော သူတော်ငတေကို ယခုလည်း အမြင်ကတ်ကတ်နှင့် "ဦးသူတော် ဘယ်လိုလာလဲ" ဟု စကားမှားပြီး မေးမိလိုက်၏။

၎င်းသည်ကိုပင် သူတော်ငတေကလည်း အထအနကောက်ကာ-

"ဘယ်လို လာမလဲဗျ၊ မိုးပေါ်က ပျံလာတာပေါ့"

ဟု ခွပြောလိုက်သည်။

သူတော်ငတေနှင့် မတည့်သူ ဦးကြာပန်းကလည်း သူ့စကား အမေးမှားသွားသည်ကို သတိမရဘဲ သူ့ကို သက်သက် ခွပြောသည်ဟု ထင်ကာ. .

"ဩော် မိုးပေါ်ကတောင် ပျံလာနိုင်ပြီဆိုတော့ ခင်ဗျား ရှာန်ရနေပြီပေါ့။ ရဟန္တာ ဖြစ်နေပြီပေါ့"

ဟု ပြောလိုက်သည်။

"ကျုပ်က ခင်ဗျားကို ရဟန္တာ ဖြစ်နေပြီလို့ ပြောသေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဦးသူတော်ပဲ မိုးပေါ်က ပျံလာတာဆို"

"ဟ မိုးပေါ်ပျံနိုင်တိုင်း ရဟန္တာ ဖြစ်ပြီလို့ ခင်ဗျားကို ဘယ်သူက ပြောလဲ"

"ကျုပ်တို့ ကြားဖူးတာကတော့ ရဟန္တာတွေမှ ကျွန်ပျံနိုင်တယ်လေ"

"ဒါဆို မိုးပေါ်ပျံနေတဲ့ငှက်တွေ ရဟန္တာတွေလား"

"အဲဒါက ငှက်ပဲဗျ။ လူက မိုးပေါ်ပျံနိုင်တယ်ဆိုရင် ကျွန်ရလို့ပေါ့"

"ကျွန်ရတာနဲ့ ရဟန္တာဖြစ်တာနဲ့ တခြားစီပဲ။ ခင်ဗျား မသေမချင်း ပျဉ်းကြမ်းညပ်အောင် မှတ်ထား။ မိုးပေါ်ပျံရုံနဲ့ ရဟန္တာ မဖြစ်ဘူး။ ရဟန္တာအရှင်မြတ်များကလည်း ခင်ဗျားတို့ကို မိုးပေါ်ပျံ မပြဘူး။ ရဟန္တာအရှင် . . ."

"သူတော်ကသာ ပျံပြနိုင်တယ်ဆိုတဲ့ သဘောလား"

သူတော်ငတေ၏ စကားအဆုံးကိုပင် မစောင့်ဘဲ ဦးကြာပန်းကလည်း တမင် အရွဲ့တိုက် မေးလိုက်၏။

"ဟုတ်တယ်၊ ကျုပ် မိုးပေါ်ပျံပြနိုင်တယ်။ မိုးပေါ်ပျံပြတာ ဘာခက်တာမှတ်လို့"

သူတော်ငတေကလည်း ခပ်တည်တည်ပင် သူ မိုးပေါ်ပျံပြနိုင်သည်ဟု ပြောလိုက်၏။

ထိုအခါမှာတော့ စမ်းပေါက်တွင် ရေလာစောင့်ခပ်နေကြသူ အားလုံးက လမိုက်ညထဲမှာ သူတော်ငတေကို ဝိုင်းကြည့်လိုက်ကြ၏။

သူတို့ ဝိုင်းကြည့်ကြမည် ဆိုကလည်း ကြည့်စရာပင်။ သူတော်ငတေမှာ သူတို့ရွာတွင်သာမက ရှာနီးချုပ်စပ် တစ်ဝိုက်၌ပင် ဆေးဝါး၊ မန္တရား၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့ အစွမ်းထက်သူအဖြစ်၊ အသိအမှတ် ပြုထားကြရသူ ယခုလည်း သူပြောသလို တကယ်များ မိုးပေါ်က ပျံလာပြီး စမ်းပေါက်ကို ရောက်လာလေသလားဟု ထင်သွားကြလေသည်။

ထိုအခါ ဦးကြာပန်းက . . .

"ဦးသူတော်၊ ခင်ဗျား တကယ် ပျံပြနိုင်သလား"

ဟု ထပ်မေးလိုက်၏။

"ပျံနိုင်ပါတယ်ဆို၊ ခင်ဗျားကို ကျုပ် ဘယ်နှစ်ခါ ပြောရမလဲ"

"ဒါဆို ခု ဒီက အများရှေ့မှာ ပျံပြလေ"

"ဟဲဟဲ ဒီလို ပျံပြပါဆိုတိုင်း အလကားတော့ ကျုပ်က ဘယ်ပျံပြလိမ့်မတုံး"

"ဒါဆို ခင်ဗျား ဘယ်လိုမှ ပျံပြမလဲ"

"ကျုပ် ရေချိုးပြီးမှ ပျံပြနိုင်မယ်"





"ဦးသူတော်၊ ကျုပ်တို့ အချိန်ကုန်ခံပြီး စောင့်ခပ်ထားတဲ့ရေကို ချိုးချင်တာနဲ့ ခင်ဗျား ပေါက်တာရတော့ မလုပ်နဲ့နော်။ ကျုပ်တို့မှာ လူတိုင်း ထမ်းပိုးတစ်ယောက် တစ်ချောင်းစီ ပါတယ်ဆိုတာ သိတယ် မဟုတ်လား"

ဦးကြာပန်းက ဤသူတော်မှာ တစ်ခါတစ်ခါ၌ သူလိုချင်တာ ထင်ရာမြင်ရာ လုပ်ပြီး ခပ်တည်တည်နှင့် ထွက်သွားတတ်သည်ကိုလည်း ကြုံဖူး၊ ကြားဖူးထားရာ ယခု သူ ရေချိုးချင်တာနှင့် ကလိကမာပြောပြီး ရေချိုးသွားလျှင်တော့ ရေထမ်း ထမ်းပိုးနှင့် ဝိုင်းရိုက်ကြရလိမ့်မည် ဆိုသည်ကို သွယ်ဝိုက်၍ ပြောလိုက်၏။

"အောင်မယ်လေး . . . လေး . . . လေး ရေချိုးပြီးလို့မှ ကျုပ် မိုးပေါ်ပျံမပြနိုင်ရင် ခင်ဗျားတို့က ကျုပ်ကို ထမ်းပိုးနဲ့ ဝိုင်းရိုက်ကြမယ်ဆိုတဲ့ သဘောလား၊ ကြာပန်း"

"ဒါပေါ့ဗျ။ ခင်ဗျား ရေချိုးပြီး ကျုပ်တို့ကို ရှူသလိုပေါ်သလို လုပ်သွားလို့ကတော့ ရိုက်ကို ရိုက်မယ်နော်။ တကယ်ပြောတာ"

"မလုပ်ပါနဲ့ကွာ၊ မင်း ရိုက်တယ်ဆိုတာ ငါ သိပါတယ် ကြာပန်းရာ။ ငါ ရေချိုးပြီးရင် မင်းတို့ကို ပျံကို ပျံပြပါ့မယ်"

"ဦးသူတော်၊ ခင်ဗျား တကယ် ပြောတာနော်"

"အို တကယ်ပါဆို၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်ကွယ့်"

"ဘာတစ်ခုလဲ"

ဦးကြာပန်းက သူတော်ငတေ မျက်နှာကို စေ့စေ့ကြည့်၍ ခပ်ယန်ယန် မေးလိုက်၏။

"ကျုပ် မိုးပေါ်ပျံပြဖို့အတွက် ကြိုးရှည်ရှည်တစ်ပင်၊ ဒီလိုမှ မဟုတ်ရင်လည်း အပ်ချည်လုံးဖြစ်ဖြစ် တစ်ခုခုတော့ လိုတယ်ဗျ"

"ပေါပါတယ်၊ ဒီနားက ဘယ်နွားတင်းတုပ် သွားယူယူ နွားလံကြိုးတော့ နွားရုံတိုင်း ရှိကြတာချည်းပဲ"

"ခင်း အဘ၊ မိုးပေါ်ထိ ပျံပြပါ့မယ်ဆိုတာ နွားလံကြိုးနဲ့တော့ ဖြစ်မလားတွ ကြာပန်းရ"

"ဘာဖြစ်လို့လဲ"

"ငါက မင်းတို့ကို မိုးပေါ်ထိ ဖွန့်လို့ပျံပြမှာ။ နွားလံကြိုးက တိုနေလို့ပေါ့ကွ"

"ရှည်ရှည်မှ ဖြစ်မယ် ဆိုပါတော့"

"ငါ စောစောကတ ပြောသားပဲ။ အပ်ချည်လုံး ဒါမှမဟုတ် ချည်ခင်အိုးလည်း ရတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ မောင်လှသန်း၊ ချမ်းမြတို့တဲ ပြေးလိုက်ကွာ၊ မငွေကို ငါက အပ်ချည်လုံးရှိရင် တစ်လုံး ခဏငှားလိုက်ပါလို့ပြော၊ ဒါမှမဟုတ် သူတော် ပြောသလို ချည်ခင်ပဲ ရရပေါ့ကွာ၊ သွား . . . သွား အမြန်သွား၊ သူပြောသလို မိုးပေါ်ပျံမပြနိုင်လို့ကတော့ ဒီည ဒီသူတော်နဲ့ ငါနဲ့ တွေ့မယ်"

ဦးကြာပန်းက သူနှင့်အတူ ရေခပ်လာကြသော ရွာသားလေးယောက်ထဲမှ သူတူတော်သူ မောင်လှသန်းအား စမ်းရေတွင်းနှင့် အနီးဆုံးဖြစ်သော ဦးချမ်းမြ၊ ဒေါ်ငွေကြည်တို့အိမ်ကို အပ်ချည်လုံး သို့မဟုတ် ချည်ခင်တစ်ခင် ငှားရန် လွှတ်လိုက်သည်။

မောင်လှသန်းကလည်း ထူးထူးဆန်းဆန်း သူတော်ငတေ မိုးပေါ်ပျံပြမည် ဆိုသဖြင့် ချက်ချင်းပင် ဦးချမ်းမြ၊ ဒေါ်ငွေကြည်တို့အိမ်ဘက် ထပြေးလိုက်သည်။

"ဟေ့ ဟိုကောင်၊ ခဏနေဦး"

မောင်လှသန်းကို သူတော်ငတေက လှမ်းခေါ်တားသည်၊

"ဦးသူတော်၊ ခင်ဗျား ဘာပြောဦးမလို့လဲ"

ဦးကြာပန်းက မယုံသင်္ကာ လေသံနှင့် မေးလိုက်၏။

"ဟို . . . အဲ ချမ်းမြတို့ အိမ်သားတွေကို ကျုပ် မိုးပေါ်ပျံပြမလို့ ချည်ခင် အပ်ချည်လုံး လာငှားတယ် ဆိုတာတော့ မပြောလိုက်နဲ့နော်၊ အဲဒါ မှာမလို့ပါကွ"

"ဟုတ်ကဲ့ စိတ်ချပါ ဦးသူတော်၊ ကျွန်တော် တစ်ခုခု အကြောင်းပြပြီး ငှားလာခဲ့ပါ့မယ်"

သူတော်ငတေ မိုးပေါ်ပျံပြမည် ဆိုသည်ကို အလွန် ကြည့်ချင်စိတ်စောနေသော မောင်လှသန်းလေးက ဤတစ်ခါ သူတော်ငတေအား သူ့ဦးလေး ဝင်မပြောမီပင် သူ့က ခြေလှမ်းတုံ့၍ လှမ်းပြောလိုက်၏။

"အေး . . . အေး ရအောင်သာ ရှာလာခဲ့ကွာ၊ ချမ်းမြတို့အိမ်မှာ မရှိရင် တင်အောင်တို့ အိမ်မှာတော့ ရှိမှာပဲ၊ ဒီကောင်တွေက လယ်တဲယာတဲမှာ အိမ် နေပင်စောက် နေနေကြတာပဲ"

ဦးကြာပန်းကလည်း သူ့တူကို မရအရ ရှာလာရန် လှမ်းပြောလိုက်သည်။

"ကဲ ကြာပန်း"

သူတော်ငတေက ဦးကြာပန်းကို မထီတရီ လေသံနှင့် ခေါ်လိုက်၏။

"ပြောပါ ဦးသူတော်"

"ဟိုအကောင် အပ်ချည်လုံး၊ ချည်ခင် ရလာရင် မင်း ကြိုးဆွဲချသေမလို့ လား"





"သူတော်၊ ခင်ဗျား ယီးတီးယားတားတော့ မလုပ်နဲ့နော်၊ လုံသန်း ကြိုးရှာလာလို့မှ ခင်ဗျား ယီးတီးယားတား လုပ်လို့ကတော့ ဒီနေ့ ကျုပ်တို့နဲ့တွေ့ . . ."

"မင်းအဘ၊ ငါ ရေချိုးမယ်ဆိုတဲ့ တိစ္စတကော"

"ခု ချိုးရမလေ"

"မင်းတို့ ခပ်ထားတဲ့ ရေအိုးက ဘယ်နှစ်လုံး ရှိပြီလဲ"

"ခင်ဗျားက ဘယ်နှစ်လုံးလောက် ချိုးချင်လို့လဲ"

"ငါ ပွဲအိုက်လွန်းလို့ ထွက်လာတာကွ၊ အနည်းဆုံး လေးငါးလုံးတော့ ချိုးမယ်ကွာ"

"ရပါတယ် ဦးသူတော်၊ ကျွန်တော်တို့ သုံးဆိုင်း ခြောက်လုံးလောက် မေ့ ရထားပါပြီ"

ဤစကားကိုတော့ ဦးကြာပန်းတို့နှင့် ရေအတူ လာခပ်သူ မောင်ဦးက ဝင်ပြောလိုက်၏။

"ကဲ ကြာပန်း၊ ဒါဆို ငါ ရေချိုးမယ်ကွာ၊ ဟိုကောင် ပြန်လာရင်လည်း ခင်းတို့ကို မိုးပေါ်ပျံပြရဦးမယ်ဆို"

"ဟုတ်တယ်လေ၊ ဦးသူတော် ပေးထားတဲ့ကတိအတိုင်း ပျံပြရဦးမှာပေါ့"

"တဲ ဒါဆို ရေလဲပိုင်း ပေးကွာ"

"ကျုပ်တော့ မပါလာမိဘူးဗျ၊ မင်းတို့ ဘယ်သူပါကြလဲကွ"

"ကျွန်တော့်မှာ ပါပါတယ် ဦးလေး"

ကာလသားတစ်ယောက်က ချက်ချင်း ထလာပြီး ဦးသူတော်ကို ရေလဲပိုင်း ပေးလိုက်၏။

"ဒီမှာ ကြာပန်း၊ မိုးပေါ် ထိ ပျံပြမယ့်အလုပ်ဆိုတာ လွယ်လွယ်လေးတော့ မထင်လိုက်ပါနဲ့ကွ၊ အဲဒါ နတ်နဲ့ စုန်းနဲ့ လုပ်ရတဲ့အလုပ်ဆိုတော့ စည်းနဲ့ကမ်းနဲ့ လုပ်ရတယ်၊ ရေအိုးတွေကို ငါ့အနား လာချတဲ့အခါ လက်မျှားလို့ မရဘူး၊ ဒီတော့ မင်းတစ်ယောက်တည်း လက်နဲ့ပဲ ဟိုဆိုင်းထမ်းတွေထဲက ရေပြည့်အိုး တွေကို ငါ့အနား လာချပေး"

သူတော်ငတေက သူ့တို့ ပညာရှိ နှိပ်စက်နည်းဖြင့် ဓမင် ခိုင်းလေသလား ဟု မကျေမနပ် ဖြစ်မိလိုက်သော်လည်း သူတော်ငတေ မိုးပေါ်ပျံပြတာကို ကြည့်ချင်နေသော ဦးကြာပန်းမှာ သူတော်ငတေ ခိုင်းသလို ဆိုင်းထမ်းထဲက ရေအိုး ခြောက်လုံးကို သူတော်ငတေ ရှိရာသို့ ပို့ပေးလိုက်ရသည်။

စမ်းရေတွင်း အောက်ဘက်ရှိ ကျောက်တုံးပေါ် တွင် သူတော်ငတေသည်



www.burmeseclassic.com

www.burmeseclassic.com



စိမ်ပြေနပြေပင် ကြေးတွန်းလိုက် ရေချိုးလိုက် လုပ်နေ၏။

သူတော်ငတေ ရေချိုးနေစဉ်မှာပင် ချည်ခင်၊ အပ်ချည်လုံး အရှာသွားသော မောင်လှသန်းလေး ပြန်ရောက်လာသည်။

"ဘယ်နှယ်လဲကွ၊ ရခဲ့တယ် မဟုတ်လား"

"ချည်ခင်ပဲ ရခဲ့တယ် ဦးလေး၊ အပ်ချည်လုံးတော့ ရွာက အိမ်မှာပဲ ရှိတယ်လို့ ပြောတယ်"

ဦးကြာပန်း အမေးကို မောင်လှသန်းက ပြန်ပြောလိုက်၏။

"ဦးသူတော်၊ ဖြစ်တယ် မဟုတ်လား"

"ဘာဖြစ်တာလဲ"

သူတော်ငတေမှာ သွေးအားရှိနှင့်သူ ရေချိုးနေသဖြင့် မောင်လှသန်းနှင့် ဦးကြာပန်းတို့ ပြောနေကြသည်ကို မကြားလိုက်၍လား၊ တမင်ပဲလားတော့မသိ 'ဘာဖြစ်တာလဲ' ဟု ပြန်မေးနေ၏။

"ဘာဖြစ်ရမလဲ၊ ခု ချည်ခင် ရလာပြီဆိုတာ ပြောတာဗျ"

"သူငယ်ချင်း၊ မင်းအသံကလည်း ထန်လှချည်လားကွ"

"ထန်တာ မပြောနဲ့လေ၊ ချည်ခင် ရလာပြီးမှ ခင်ဗျား အကြောင်ကြောင် လုပ်မှာစိုးလို့ ပြောတာ"

"မင်းတို့ ထမ်းပိုးလေးငါးလက်ကို ငါ ကြောက်ပါတယ် ကြာပန်းရာ။ မလုပ်ခဲ့ပါဘူး။ ခု ချည်ခင်လည်း ရလာပြီဆိုတော့ မင်းတို့ကို ငါ တကယ် မိုးပေါ်ပျံပြမှာပါ"

ဦးကြာပန်း စိတ်ထဲမှာ သူတော်ငတေ အသံပြောင်းသွားသလား ထင်လိုက်ရသဖြင့် သူတော်ငတေအား ဘာမှ ပြန်မပြောတော့ဘဲ သူတော်ငတေ ရေချိုးနေသည်ကိုသာ စူးစူးစိုက်စိုက် ငေးကြည့်နေသည်။ အမှန်ကတော့ ဦးကြာပန်း တစ်ယောက်တည်းသာ မဟုတ်၊ ဦးကြာပန်းနှင့် ရေအတူ လာခပ်ကြသူ လေးယောက်စလုံးက လမိုက်ညထဲ ရေချိုးနေသော သူတော်ငတေကိုသာ ဝိုင်းကြည့်နေကြသည်။

လမိုက်ညဟု ဆိုသော်လည်း စမ်းရေတွင်း အနောက်ဘက်နှင့် တောင်ဘက် မြောက်ဘက်တို့မှာ လယ်ကွင်းချည်း ဖြစ်သည့်အပြင် မိုးပေါ်က ကြယ်ရောင်များလည်းရှိရာ သူတို့နှင့် သုံးလံခန့်အကွာရှိ ကျောက်တုံးပေါ်တွင် ရေချိုးနေသော သူတော်ငတေကို ကောင်းစွာ မြင်နေကြရသည်။ ရေချိုးပြီး၍ သူ၏ အဝတ်ဖြူ သူတော်ဝတ်ရုံကို ခြုံလိုက်သောအခါ အမှောင်ထဲမှာ သူတော်ငတေကို ပို၍ပင်





ထင်ရှားကြီး မြင်နေကြရလေသည်။

"တဲ့ သူငယ်ချင်း ကိုကြာပန်းရေ၊ ပွဲအိုက်နေတဲ့ ကျုပ်ရဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ အေးမြစင်ကြယ်သွားသလို ကိုယ့်သူငယ်ချင်းလည်း ရေလှူရသော အကျိုးကြောင့် ရေလိုအေးလို့ အပြန်မှာ လမ်းဘေးခလုတ်တိုက်ပါစေဗျာ"

"ဦးသူတော်၊ ခင်ဗျား ရေချိုးပြီးသွားတာနဲ့ ရူးသလိုပေါ်သလို လုပ်လာပြန်ပြီလား။ ရေချိုးပြီးရင် ခင်ဗျား ပြော. . ."

"တျှပ်အလုပ် ကျုပ် သိပ့ါတယ်ဗျ။ ရေချိုးပြီးရင် ခင်ဗျားတို့ကို မိုးပေါ်ပျံပြရမယ် မဟုတ်လား၊ ဘယ်မှာလဲ ချည်ခင်၊ ပေး"

သူတို့အနားကို လျှောက်လာပြီး ချည်ခင်ပေး ဆိုသဖြင့် ဦးကြာပန်းက သူလက်ထဲ ကိုင်ထားသော ချည်ခင်ကို သူတော်ငတေဆီ လှမ်းပေးလိုက်သည်။

"ခင်ဗျားတို့ ချည်ခင်ကလည်း အပင်ကြီးလှချည်လား"

"ဝိုင်းငင်ထားတဲ့ လက်ချည်ခင်ပဲဗျ။ စက်ချည်မှ မဟုတ်တာ။ ဒီလောက်တော့ ချည်လုံးကြီးမှာပေါ့"

ဦးကြာပန်းက သူတော်ငတေကို ဝိုင်းချည်ခင်ဖြစ်ကြောင်း ပြောလိုက်၏။

"ရပါတယ်၊ ရပါတယ်"

"ရရင်လုပ်တော့"

"ခင်ဗျားတို့ ငါးယောက်စလုံး ကျုပ်တားထားတဲ့ စည်းရှေ့ကိုတော့ ဘယ်သူမှ ကျော်မလာရဘူးနော်"

"စိတ်ချပါ ဦးသူတော်"

ဤစကားကိုတော့ ဦးကြာပန်း အဖော်များက ပြောလိုက်ကြသည်။

"ကဲ ကောင်းပြီ၊ ဒီအချိန်ကစပြီး ခင်ဗျားတို့ ပါးစပ်တွေကို ပိတ်ထားကြဗျာ။ သူတော် မိုးပေါ်ပျံသွားပြီဗျ ဘာဘာညာညာ ဘယ်သူမှ မပြောရ၊ မအော်ရဘူးနော်။ တိတ်တိတ်ဆိတ်ဆိတ်ပဲ ကြည့်နေကြ"

"ဟုတ်ကဲ့ပါ ခင်ဗျ"

ဦးကြာပန်းကမူ ယခုအခါ ဘာစကားမှ မပြောတော့ဘဲ သူတော်ငတေ လျှောက်လုပ်နေသည်ကိုသာ စူးစိုက်ကြည့်နေ၏။

သူတော်ငတေသည် သူတို့ မတ်တတ်ရပ်နေကြသော ရှေ့ကိုလာပြီး ချည်ခင်မှချည်ကိုဖြေကာ စည်းတားသည်။ ပြီးတော့ တစ်ဖက်ချည်စကို ဦးကြာပန်းအား ကိုင်ထားဟုပြောပြီး တစ်ယောက်ပြီးတစ်ယောက် ချည်စကို ကိုင်ခိုင်းထားသည်။ ထို့နောက် သူ စောစောက ရေသွားချိုးသည့် ဦးကြာပန်းတို့နှင့် ငါး

www.burmeseclassic.com



လံဝေးသော နေရာသို့ ချည်မျှင်စကို ဆွဲယူသွားသည်။ ပြီးတော့မှ ချည်ခင်တို ကျောက်တုံးပေါ် ချပြီး ချည်မျှင်တစ်စကိုကိုင်ကာ-

"ကြည့်နေကြ၊ ဘယ်သူမှ စကားမပြောရဘူးနော်၊ စည်းပေါက်ရင် ခင်ဗျားတို့ အားလုံး ဒုက္ခရောက်သွားမယ်"

ဟု ပြောကာ ချည်စကို ကိုင်ဆွဲ ဖြေယူသွားသည်။

"တဲ့ သူတော်ငတေ မိုးပေါ်ပျံပြီ၊ ကြည့်ကြ ကြည့်ကြ"

ဟု ပြောကာ ချည်စကို ကိုင်ဆွဲပြီး ဦးကြာပန်းတို့နှင့်ဝေးရာ လယ်ကွင်းဘက် ဆွဲယူသွားသည်။

လမိုက်ညပင် ဖြစ်သော်လည်း ကွင်းပြင်ကြီး ဖြစ်နေသည့်အပြင် ကြယ်ရောင်ကလည်း ရှိနေရာ သူတော်ငတေ၏ ဝတ်ရုံဖြူကြီးကို အတိုင်းသား မြင်နေရသည်။ လေညာက ကြိုးတပ်လွှတ်လိုက်သော စွန်တစ်ကောင်လို သူတော်ငတေသည် ဖြည်းဖြည်းနှင့် တကယ်ပင် မိုးပေါ် မြောက်တက်သွားသည်။

ထိုအခါ သူတော်ငတေက ပါးစပ်ပိတ်ထားကြ၊ စကားမပြောရဘူးဟု စောစောက ပြောထားသော်လည်း လူတွေမှာ "ဟင် . . . ဟာ" ဟုပင် အသံထွက်သွားကြ၏။

လမိုက်ည ဖြစ်သဖြင့် မျက်နှာကိုသာ မည်သူမည်ဝါဟု မခန့်မှန်းနိုင်ကြသော်လည်း သူတော်ငတေ၏ ဝတ်ရုံဖြူကြီးနှင့်အတူ သူတော်ငတေသည် ဦးကြာပန်းတို့နှင့် ဝေးသွားလေ မိုးပေါ်အမြင့်ကို လွင့်တက်သွားလေ ဖြစ်နေသည်ကို ဦးကြာပန်းတို့ ငါးယောက်စလုံး အထင်းသား မြင်နေကြရလေသည်။

ဦးကြာပန်းတို့မှာ တအံ့တသြနှင့် မတ်တတ်ရပ် ငေးမော့ကြည့်နေကြရင်း သူတော်ငတေက တဖြည်းဖြည်း ဝေးပြီး မြင့်တက်သွားနေရာ ဆယ်မိနစ်ပင် မကြာ အမြင့်သို့ရောက်ပြီး တဖြည်းဖြည်း သေးသေးသွားကာ မိုးပေါ်၌ပင် သူတော်ငတေ ပျောက်သွားလေသည်။

သို့သော် သူတော်ငတေသည် မိုးပေါ်က ဘယ်လိုများ ပြန်ဆင်းလာမည်နည်း၊ ဘယ်နေရာကများ ပြန်ပေါ်လာမည်နည်းဟု ဦးကြာပန်းတို့မှာ အံ့သြတကြီးနှင့် မိုးပေါ်ကိုပင် အသက်ရှူရပ်မတတ် ငေးကြည့်ကာ မှင်တက်မိပြီး မော့ကြည့်နေကြသည်။

ထိုအချိန်မှာပင် ညဦးက နွားသိုးကြီးတစ်ကောင် လွတ်သွား၍ တစ်ချိန်လုံး လိုက်ဖမ်းနေကြရသော ဦးထွန်းညိုတို့ သားအဖမှာ အိမ်ကို ညရှစ်နာရီကျော်မှ ပြန်ရောက်လာကြရာ ယခုအခါ ဆိုင်းထမ်းကိုယ်စီနှင့် ရေခပ်ရန် ဦးကြာပန်းတို့





ရှိရာ စမ်းတွင်းနား ရောက်လာကြသည်။

လမိုက်ည ဖြစ်သဖြင့် မျက်နှာတွေကို သဲသဲကွဲကွဲ မမြင်ရသော်လည်း စမ်းတွင်းနား အမှောင်ထဲတွင် လူငါးယောက် မတ်တတ်ရပ်နေကြသည်ကို လှမ်းမြင်နေရသောအခါ . . .

"ဘယ်သူတွေလဲဗျို့၊ စမ်းတွင်းထဲ ရေရှိရဲ့လား"

ဟု ဦးထွန်းညိုက လှမ်းမေးလိုက်သည်။ ဦးထွန်းညို အသံကို မှတ်မိလိုက်သော ဦးကြာပန်းကလည်း . . .

"ဦးထွန်းညိုလားဗျ"

ဟု ပြန်မေးလိုက်၏။

"အေးကွ ကြာပန်း၊ မင်းတို့ ရေမရကြဘူးလား၊ ငါ့မှာကွာ ဒီညနေကမှ နွားသိုးကြီး လွတ်သွားလို့ လိုက်ဖမ်းနေရတာနဲ့ ခုမှ ရေလာချိုးရတော့တယ်"

ဟု ပြောပြီး ဦးကြာပန်းတို့ အနားကို သားအဖနှစ်ယောက် ဆိုင်းထမ်းကိုယ်စီနှင့် ရောက်လာကြသည်။

ဦးကြာပန်းမှာ ဦးထွန်းညိုကိုသာ စကားပြောနေရသော်လည်း ယခုအချိန်ထိ မိုးပေါ်ဝေးဝေးကိုမှ လှမ်းကြည့်မပျက် ဖြစ်နေသေး၏။ အမှန်က ဦးကြာပန်းတစ်ယောက်တည်းသာ မဟုတ်၊ ဦးကြာပန်းနှင့် ရေလာခပ်နေကြသူ အားလုံးက သူတော်ငတေ မိုးပေါ်ပျံတက်ပြီး ပျောက်သွားရာဘက်ကိုသာ ငေးမောငေးမျှော် လှမ်းကြည့်နေကြတုန်း။

ဤသည်ကို သူတို့အနား ရောက်လာသော ဦးထွန်းညိုက . . .

"ဟ ကြာပန်းရဲ့ မင်းတို့ မိုးပေါ်ဘက် မော့ပြီး ဘာကြည့်နေကြလဲ"

ဟု မေးလိုက်၏။

"ကျုပ်တို့ကျောင်းက ဦးသူတော် မိုးပေါ်ပျံတက်သွားလို့ဗျ"

ခါတိုင်းဆိုလျှင် သူကွယ်ရာ၌ 'သူတော်ငတေ' ဟုသာ ပြောနေကျ ဦးကြာပန်းသည် ဤတစ်ခါတော့ အံ့ဖွယ်သရဲ မိုးပေါ်ပျံတက်သွားသော သူတော်ငတေကို ယခုထိ ကြောက်ရွံ့နေ၍လားမသိ၊ သူတစ်ကိုယ်လုံးလည်း ကြက်သီးမွေးညင်းထကာ မခေါ်စဖူး မပြောစဖူး 'ဦးသူတော်' ဟု လေးလေးစားစား ပြောလိုက်၏။

"ပေါက်တတ်ကရ"

ဦးကြာပန်း၏ စကားကို ယခုမှ စမ်းရေတွင်းနား ရောက်လာသူ ဦးထွန်းညိုက ဆိုသည်။

"ပေါက်တတ်ကရ မဟုတ်ဘူး ဘကြီး၊ ဦးသူတော် ကျွန်တော်တို့ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တင် စွန်တစ်ကောင်လိုပဲ မိုးပေါ်ပျံတက်သွားတာဗျ"

စောစောက ချည်ခင်အွားယူပေးရသူ မောင်လှသန်းကလည်း ဦးကြာပန်း စကားကို ထောက်ခံ၍ ပြော၏။

"တော်စမ်းပါကွာ၊ အလကား တောမှာ တောင်မှာ ညကြီးမင်းကြီး ပေါက်ကရ"

လူငယ်တစ်ယောက်ဖြစ်သူ မောင်လှသန်းကို ဦးထွန်းညိုက အော်လိုက်ပြန်သည်။ ဦးကြာပန်းကမူ ရင်ထဲ ကတုန်ကယင်ဖြစ်ကာ ယခုထိ အံ့ဩမဆုံး ဖြစ်ပြီး ငိုင်တိငိုင်တိုင် ဖြစ်နေသည်။ ထို့ကြောင့် လူငယ်တစ်ယောက် ဖြစ်သူ မောင်တင်မြင့်က . . .

"အဘိုးညို၊ ကျွန်တော်တို့ တကယ် ပြောနေကြတာနော်။ အဘိုး မယုံရင် ဒီမှာ တွေ့လား၊ ဦးသူတော် စွန်တစ်ကောင်လို မိုးပေါ်ပျံတက်သွားတဲ့ စွန်ကြိုး"

"ခက်လိုက်တဲ့ ကောင်လေးတွေ၊ ခုလေးတင်ပဲ သူတော်ငတေကို ငါ လမ်းမှာ တွေ့ခဲ့ပါလား"

"ဟင် တကယ်လား ဦးထွန်းညို"

ငေးငေးငိုင်ငိုင် အံ့ဩတကြီးဖြစ်ကာ နှုတ်ဆိတ်နေသော ဦးကြာပန်းဆီမှ ယခုတော့ ပို၍ အံ့ဩသွားသလို စကားသံထွက်လာသည်။

"ဟို မင်းကလည်း၊ လမ်းမှာ ခုလေးတင်ပဲ တွေ့လို့ ဦးသူတော် ဘယ်က ပြန်လာလဲမေးတော့ ပုဂံကိုက်လွန်းလို့ စမ်းပေါက်ထဲ ရေသွားချိုးတာ ကျောင်း ဒကာရယ်လို့တောင် ငါတို့ကို ပြောသွားသေးတယ်"

"ဟင် ဒါဆို ဘယ်လိုပါလိမ့်"

ဟု ရေရွတ်လိုက်ကြကာ ဦးကြာပန်းတို့အဖွဲ့နှင့် ဦးထွန်းညိုတို့ သားအဖ တို့မှာ အကြောင်းခြင်းရာကို သူတို့ကိုယ်တွေ့ အပြန်အလှန် ပြောပြကြသည်။ သို့သော် တစ်ယောက်စကား[illegible]ယောက် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်ကာ ရေခပ်ပြီးအပြန်တွင် သူတော်ငတေ စွန်တစ်ကောင်လို ကြိုးစတိုကိုင်ပြီး မိုးပေါ် တက်သွားသော ထိုကြိုးစကို လိုက်ကိုင်ပြီး ရွာဘက် ပြန်လာကြရာ လယ်ကွင်း အဆုံးသာသာမှာ ဗိုင်းချည်ခင်နှင့် ကြိုးစတို့အဆုံးကို အထွေးလိုက် တွေ့ကြရ လေသည်။

ဆိုထက် အံ့ဩမဆုံးသည်မှာ သူတို့ ရေခပ်လမ်းအပြန် ရွာအဝင်လမ်းမှ ဘုန်းတော်ကြီးကျောင်းနား တပ်စည်းဘေးက သွားကြရရာ သူတို့ ကျောင်းတပ် စည်းနား အရောက်မှာ သူတော်ငတေသည် ကျောင်းဝင်းထဲ စကြံလျှောက်





နေရာမှ-

"ဦးကြာပန်းတို့လားဗျ။ ရေခပ်ပြန်လာကြတာထင်တယ်"

ဟု လှမ်းနှုတ်ဆက် လိုက်သောကြောင့် ဖြစ်လေသည်။

စာကြွင်း

သူတော်ငတေ မိုးပေါ်ပျံပြသွားသော နည်းလမ်းမှာ မြန်မာ့မျက်လှည့် ပညာစစ်စစ် ဖြစ်ပါသည်။ ဤနည်းကို လွန်ခဲ့သော နှစ်ပေါင်း တစ်ရာကျော်ခန့် က 'မြန်မာညီနောင်' မျက်လှည့်အဖွဲ့ကြီးနှင့် 'နေတစ်လုံး' မျက်လှည့်အဖွဲ့တို့က မျက်လှည့်ပညာခန်းတွေ အကုန်ပြအပြီးတွင် ပွဲသိမ်းအဖြစ်-

"ကျုပ်တို့ မျက်လှည့်အဖွဲ့နဲ့ အသူရာတွေနဲ့ မိုးပေါ်မှာ စစ်တိုက်ကြဖို့ ရှိသေးတယ်"

ဟု ဥပါယ်တံမျဉ် လုပ်ပြောကာ အပ်ချည်ကြိုးစကို ကိုင်ပြီး မျက်လှည့်အဖွဲ့ သားများ အားလုံး အထုပ်အပိုးတွေ ကိုယ်စီနှင့် မိုးပေါ်တက်ပြသွားကြသော မြန်မာ့မျက်လှည့်ပညာရပ် ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကျော်ခန့်က (၂၄) နိုင်ငံ မျက်လှည့် ပြိုင်ပွဲကြီး၌ ရွှေတံဆိပ် သုံးလေးခု ရလာသော မျက်လှည့်ဆရာကြီး ပဏ္ဍဝသည် ဤနည်းကို ရရှိရန် အပတ်တကုတ် ကြိုးစားခဲ့သေးသည်။ သို့သော် ဆရာကြီး သည် ကွယ်လွန်သွားသည်အထိ ဤမြန်မာ့မျက်လှည့်ပညာ စစ်စစ်ဖြစ်သော မိုးပေါ်ပျံပြသည့် ပြကွက်ကို မပြသနိုင်ခဲ့ပေ။ ထို မြန်မာ့မျက်လှည့်ပညာစစ်စစ် များ ပျောက်ကွယ်တိမ်ကောသွားသည်မှာ ဝမ်းနည်းနှမြောစရာပင် ဖြစ်တော့ သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com




## သူတော်ငတေ၏ မဟူရာကျောက်ရှင်

ဝါတွင်းကာလ ဝါခေါင်လဆန်း (၈) ရက်၊ ဥပုသ်နေ့၌ ဖြစ်သည်။

တချိန်တို့အရပ်၌ ဝါတွင်းဥပုသ်နေ့များတွင် သီတင်းသည်၊ ဥပုသ်သည်မများ နေ့ဆွမ်းစားပြီးချိန်၌ ဇရပ်တွင် စုဝေးကာ ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ လက်ဖြင့်ရေးသားထားသော ဇာတ်ဝတ္ထုတစ်ခုခုကို စာဖတ်တတ်သူများက အလှည့်ကျဖတ်ပြ၍ စာနာသူများက နာကြသော အလေ့အထ ရှိသည်။

ထိုသို့ စာနာနေကြရာမှ ဒေါ်ကြာလှဖြူ မည်သော ဥပုသ်သည်၊ သီတင်းသည်မ တစ်ယောက်သည် ဇရပ်အောက်မှ 'ကယ်ကြပါ၊ ကယ်ကြပါ' ဟု အော်ငိုလိုက်ရာ ဇရပ်ရှိ ဥပုသ်သည်များ အားလုံးမှာ အထိတ်တလန့် ဖြစ်ကုန်ကြသည်။

အမှန်က ဇရပ်ရှိ ဥပုသ်သည်မများသာမဟုတ်၊ ကျောင်းရှိ ဘုန်းတော်ကြီး၊ ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားများနှင့် ဥပုသ်သည် လူကြီးများပါ ထိတ်လန့်တကြားဖြစ်ကုန်ကြ၏။ ထို့ကြောင့် ကျောင်းရှေ့ရှိ ဇရပ်ဘက်သို့ လှမ်းကြည့်သူကြည့်၊ 'ဘာဖြစ်တာလဲ၊ ဘယ်သူလဲ' မေးသူမေးနှင့် ချက်ချင်း အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြသည်။

အကြောင်းမှာ ဥပုသ်သည်မ ဒေါ်ကြာလှဖြူကို တောပင့်ကူ အကိုက်ခံလိုက်ရ၍ ဖြစ်၏။

ဒေါ်ကြာလှဖြူမှာ ဆေးငုံတတ်သောအကျင့် ရှိသည်။ ထို့ကြောင့် ဆေးလိပ်တို တစ်တိုကို ပထမတစ်ခါ ကိုက်ငုံပြီး ကျန်ဆေးလိပ်တိုကို ဇရပ်ကြမ်းခင်း ဝါးလုံးခေါင်း တစ်ခေါင်းထဲ နောက်တစ်ခါ ခံတွင်းချဉ်လာလျှင် ငုံရအောင် ထည့်ထားခဲ့သည်။

ဇရပ်ကြမ်းခင်း ဝါးလုံးများ အားလုံးမှာ လွှနှင့် ညီညီညာညာ တိုက်ဖြတ်ပြီး

www.burmeseclassic.com



ခင်းထားသော ဝါးကြမ်းခင်းများဖြစ်ရာ အခင်းတစ်ပြင်လုံးရှိ ဝါးလုံးများမှာ အခေါင်းချည်း ဖြစ်သည်။ ထို့ကြောင့်လည်း ဒေါ်ကြာလှဖြူက ပထမ သူထည့်ထားခဲ့သော ဝါးလုံးခေါင်းကိုလည်း မှတ်မှတ်ရရ သတိမထားမိဘဲ နမော်နမဲ့ ထည့်ထားခဲ့ရာ ယခု ခံတွင်းချဉ်လာ၍ ဆေးငုံချင်ယားသောအခါ ဇရပ်အောက်ကိုဆင်းပြီး သူဆေးလိပ်တို ထည့်ထားခဲ့သော ဝါးလုံးခေါင်းကို လိုက်ရှာကြည့်သည်။

ထိုအခါ ဝါးလုံးခေါင်းထဲ၌ မည်းမည်းမြင်သောအရာကို သူဆေးလိပ်တိုဟု ထင်ကာ လက်ညှိုးနှင့် လှမ်းကောက်နှိုက်သည်။ အမှန်မှာမူ သူက ဆေးလိပ်တိုဟုထင်ပြီး ဝါးလုံးခေါင်းထဲ၌ မည်းမည်းမြင်နေရသော အရာမှာ ဆေးလိပ်တို မဟုတ်ဘဲ တောပင့်ကူကြီးတစ်ကောင် ဖြစ်နေသဖြင့် အကိုက်ခံလိုက်ရခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ဆီ၌ ဝါဆို ဝါခေါင်လများ မိုးကြီးပြီ၊ ရေကြီးပြီဆိုလျှင် တောပင့်ကူကြီးများသည် ရေနှင့်မျောပါလာကာ ကွယ်မိတွယ်ရာ၊ ရမိရရာကို တွယ်တက်ပြီး ဝါးလုံးခေါင်းနှင့် သက်ငယ်မြက်အမိုး အကြိုအကြား ဝင်နေတတ်ကြသည်။ ဤသည်ကို သိသော်လည်း ဆေးငုံချင်သောဆန္ဒနှင့် ဒေါ်ကြာလှဖြူက ဝါးလုံးခေါင်းထဲရှိ တောပင့်ကူကို ဆေးလိပ်တိုအမှတ်ဖြင့် နှိုက်မိ၍ အကိုက်ခံလိုက်ရခြင်း ဖြစ်သည်။

တောပင့်ကူ၏ အဆိပ်မှာ အလွန်ပြင်းသည်။ စ,အကိုက်ခံရစဉ်က အော်နေရသလို နောင်တွင်လည်း ထိုဒဏ်ရာမှ ရောင်ရမ်းလာပြီး တဖြည်းဖြည်းနှင့် အသားကောင်းတွေ ပုပ်ပွလာကာ လက်ဆစ်၊ ခြေဆစ်တွေပါ ပြုတ်ကျတတ်သည်။ ကျွန်ုပ်တို့ရွာ၌ ပင့်ကူကိုက်ခံရ၍ ထိုသို့ လက်ဆစ်၊ ခြေဆစ်တွေ ပြုတ်ကျဖူးသူ တစ်ယောက်၊ နှစ်ယောက်ခန့်ရှိရာ ယခု ဒေါ်ကြာလှဖြူမှာ လောလောဆယ် ပင့်ကူကိုက်ဒဏ်ရာမှ မခံနိုင်လောက်အောင် နာကျင်လာ၍ အော်ဟစ် ငိုယိုနေရသလို နောင်တွင် သူလက်ညှိုး ပုပ်ပွပြုတ်ကျတော့မည်ကိုလည်း တွေးကာ ဆောက်တည်ရာမရ အော်ဟစ်ငိုယိုပြီး "ကယ်ကြပါဦး၊ လုပ်ကြပါဦး" နှင့် အကူအညီတောင်း ငိုယိုနေသည်။

သို့သော် တောပင့်ကူ အဆိပ်ဖြေဆေး ဆိုသည်မှာ ဘယ်အရာမှန်း ဘယ်သူမှ မသိကြသဖြင့် ထင်ရာမြင်ရာကို တစ်ယောက်တစ်ပေါက်သာ ပြောဆို ဆူညံနေကြသည်။ တချို့က ပင့်ကူကိုက်ရာကို ခချက်ချင်း မီးစနှင့် ထိုးလိုက်လျှင် အဆိပ် အတော်အသင့် ကျသွားနိုင်သည်ဟု ပြောသလို၊ တချို့ကလည်း





မန်ကျည်းစေ့ကို နှစ်ပိုင်းဖြတ်၍ တစ်ပိုင်းနှင့် ပင့်ကူကိုက်ရာကို ကပ်ထားလျှင် အဆိပ်ကျသည်ဟု ဆိုပြန်သည်။

ခက်သည်မှာ ထိုဥပုသ်နေ့က သူတို့ရွာ ဆေးဆရာကလည်း ဥပုသ်စောင့် ရောက်မလာဘဲ ဖျက်ကွက်နေလေရာ ဆေးဆရာကို ရွာထဲ ပြေးခေါ်ရန် သွားသူက သွားနေသည်။ ဒေါ်ကြာလှဖြူအတွက် ပို၍ ကံဆိုးသွားသည်မှာ သူတို့ရွာ ဆေးဆရာကြီးကို မင်းရွာက လာပင့်သွားသဖြင့် ဆေးဆရာ အခေါ်သွားသူမှာ ရွာထဲ၌ ဆေးဆရာ မရှိကြောင်း တစ်ခေါက် ပြေးလာပြောရပြန်၏။

မင်းရွာက လာပင့်သွားသော ဆေးဆရာကို လိုက်ခေါ်ရအောင်က လည်း မင်းရွာနှင့် သူတို့ရွာမှာ အသွားအပြန် တစ်နာရီနီးပါးခန့် ကြာမည်။ သို့ဆိုလျှင် ယခု ဒေါ်ကြာလှဖြူ၏ တောပင့်ကူ ကိုက်သော ဝေဒနာကို မည်သို့ ကုစားကြရမှန်း မသိဖြစ်ကာ တစ်ယောက်တစ်ပေါက်နှင့်သာ ဆူညံနေကြသည်။

တောပင့်ကူ အကိုက်ခံထားရသော ဒေါ်ကြာလှဖြူမှာလည်း မနေနိုင် မထိုင်နိုင်လောက်အောင် နာကျင်လာသောအခါ ဒဏ်ရာရထားသော လက်ကို နောက်လက်တစ်ဖက်နှင့် ဆုပ်ကိုင်ကာ ဇရပ်အောက်တွင် လူးလိမ့် ငိုယိုနေလေသည်။

ထိုအချိန်တွင် သာမန်အားဖြင့် သူ့ဖိုရုံထဲက ထွက်ခဲလှသော သူတော်ငတေသည် ရုတ်ရုတ်သဲသဲ အသံကြားသဖြင့် သူ့ဖိုရုံထဲက ကိုယ်ရုံကြီး ဗိုသီ ဗတ်သီနှင့် ထွက်လာကြည့်သည်။ မျက်မှောင်ကုတ်ကာ-

"ဒီလောက် အော်ဟစ် ငိုယိုနေရအောင် နွေခင်းကြောင်တောင်ကြီး ဘယ်သူ ကျားဝင်ကိုက်လို့လဲ" ဟု မေး၏။

"ကျားကိုက်တာ မဟုတ်ဘူး ဦးသူတော်၊ ဒေါ်ကြာလှဖြူကို တောပင့်ကူ ကြီး ကိုက်လိုက်တာဗျ။ အဲဒါ အခု သူ မခံနိုင်လောက်အောင် နာကျင်လာလို့ ဒီမှာ မြင်တဲ့အတိုင်းပဲ၊ ဇရပ်အောက်မှာ လူးလိမ့်အော်ဟစ်နေရတာ။ ဆေးဝါး တွေရှားရှိရင် ဒါနပြု တာသိုလ်ယူလိုက်ပါဦး"

အရပ်လူကြီး ဥပုသ်သည်တစ်ယောက်က သူတော်ငတေကို တောင်း ဆောင်းပန်ပန် ပြောလိုက်၏။

ထိုအခါ သူတော်ငတေသည် သူ့ဖိုရုံအခန်းထဲ ပြန်ဝင်သွားပြီး ချက်ချင်း ပြန်ထွက်လာကာ တောပင့်ကူကြီးကိုက်၍ လူးလိမ့်အော်ငိုနေသော ဒေါ်ကြာလ ဟူအနား ရောက်လာသည်။

"ပင့်ကူမှန်း ဆေးလိပ်တိုမှန်းတောင် မသိတတ်တဲ့မိန်းမ။ ခံရတာ နည်း



www.burmeseclassic.com

www.burmeseclassic.com



တောင်နည်းသေးတယ်"

လူးလိမ့် အော်ငိုနေသော ဒေါ်ကြာလှဖြူကို စူးစိုက်ကြည့်ကာ သူတော်ငတေက သူ့ထုံးစံအတိုင်း ပြောလိုက်၏။ သို့သော် ဒေါ်ကြာလှဖြူခမျာမှာကား သူတော်ငတေကို အတွေးအကြောင်းပင် ပြန်မပြောနိုင်ဘဲ အော်ဟစ်၍သာ ငိုယိုနေသည်။

"ငိုနေလို့ ခင်ဗျား ဝေဒနာပျောက်မလားဗျ။ ပြစမ်း ခင်ဗျားလက်"

ပြောပြောဆိုဆိုနှင့်ပင် သူတော်ငတေသည် ဒေါ်ကြာလှဖြူ၏ ပင့်ကူကိုက်ခံထားရသော လက်တစ်ဖက်ကို ဆီးဆီးဆတ်ဆတ် ဆတ်ခနဲ လှမ်းဆွဲကာ-

"ဘယ်နေရာကို ကိုက်လိုက်လဲ၊ ပြစမ်း"

"ဒီ . . . ဒီ လက်ညှိုးထိပ်ကို ကိုက်လိုက်တာ ဦးသူတော်ရယ်။ အောင်မယ်လေး နာလိုက်တာ"

ဒေါ်ကြာလှဖြူက ဒီလက်ညှိုးထိပ်ကို ကိုက်လိုက်တာ ဟူသော စကားမဆုံးခင်မှာပင် သူတော်ငတေသည် ဒေါ်ကြာလှဖြူ၏ လက်ညှိုးထိပ်ကို သူ့လက်ထဲ ပါလာသော ကညစ်အချွန်နှင့် ထိုးဆော်လိုက်သည်။

ထိုအခါ ဒေါ်ကြာလှဖြူမှာ . . .

"အောင်မယ်လေးတော့၊ သေပါပြီ" ဟု ထပ်အော်လိုက်ပြန်၏။

"ခင်ဗျားဟာ မသေနိုင်ပါဘူးဗျ၊ မသေတာ မြတ်ကျရုံကလွဲပြီး ဘာမှ မဖြစ်နိုင်ပါဘူး။ ခုနက ကျုပ် ထိုးလိုက်တဲ့ ကညစ်စူးသွားတာနဲ့ စောစောက ပင့်ကူကိုက်ခံထားရတာ ဘယ်ဟာ ပိုနာသလဲ"

"ဦးသူတော် ထိုးလိုက်တာလည်း နာတာပဲ၊ ပင့်ကူကိုက်လိုက်တာက အိုပြီးနာတာ။ ဦးသူတော် ကညစ်နဲ့ ထိုးလိုက်တာက ရုတ်တရက်ကြီးဆိုတော့ ပိုနာသလိုပဲ"

ဒေါ်ကြာလှဖြူက ပင့်ကူကိုက်လိုက်တုန်းက သွေးမထွက်ဘဲ ယခု သူတော်ငတေ ကညစ်နှင့် ထိုးလိုက်ကာမှ သွေးထွက်လာသော သူ့လက်ညှိုးထိပ်ကို ကြည့်ကာ တစ်ကိုယ်လုံး ဆတ်ခနဲ ဖြစ်သွားသည်။

"ပင့်ကူကိုက်တာက ကျုပ် ကညစ်နဲ့ ထိုးလိုက်တာလောက် မနာဘူးဆိုတော့ အဲဒါ ဝေဒနာတစ်ခုကို ဝေဒနာတစ်ခုက ဖုံးလွှမ်းသွားတဲ့ သဘောပဲ။ အခု ခင်ဗျားကိုယ်ကို ဓားနဲ့ တစ်ယောက်ယောက်က လာခုတ်ရင် ကျုပ်ကညစ်နဲ့ ထိုးထားလို့ နာတယ်ဆိုတဲ့ ဝေဒနာက ရုတ်တရက် ပျောက်သွားပြီး ဓားခုတ်ရာက တစ်ခါ နာလာပြန်ဦးမယ်။ ကျုပ် ကညစ်နဲ့ ထိုးထားတဲ့ ဒဏ်ရာက နာကျင်မှု





ဝေဒနာ ရုတ်တရက် ပျောက်သွားတာ ဘာကြောင့်လဲ"

"မသိပါဘူး ဦးသူတော်"

"တော်တော့ ခင်ဗျားတို့ ဝိပဿနာ ထိုင်နေကြတယ်ဆို။ သန္တတိ ဖြစ်စဉ်ကိုမှ နားမလည်ရင် ဝိပဿနာထိုင်တာ အပိုပေါ့ဗျ။ ကဲ အခု ခင်ဗျားကို ပင့်ကူကိုက်လိုက်တုန်းက နာတာနဲ့ အခုနာတာ ဘယ်ဟာက ပိုနာတယ်လို့ ထင်လဲ။ အခုကို ပြောတာနော်။ အခုဆိုတာ အခု ကျုပ် ပြောနေတဲ့အချိန်ကို ပြောတာ။ စောစောက ကညစ်နဲ့ ထိုးလိုက်လို့ နာတာကို ပြောတာမဟုတ်ဘူး။ ဘယ့်နှယ်လဲ၊ ခင်ဗျားလက် ငြိမ်ငြိမ်ထားစမ်းပါ"

ဒေါ်ကြာလှဖြူနှင့်တကွ ဝိုင်းကြည့်နေကြသူ အားလုံးက ဒေါ်ကြာလှဖြူ၏ လက်ညှိုးထိပ်တွင် သူတော်ငတေ စကားတပြောပြောနှင့် ဘယ်တုံးကပင် တပ်လိုက်မှန်း မသိသော ကျောက်ပြာပြာလေး ထစ်လုံးကို သတိပြုမိလိုက်ကြသည်။

"ကျုပ် မေးနေတာလည်း ခင်ဗျား ဖြေဦးလေဗျာ။ အခု နာကျင်ခြင်းဆိုတဲ့ ဝေဒနာ ဘယ်လိုနေသေးလဲ"

"သက်သာသွားပါတယ် ဦးသူတော်"

"ဟုတ်ရဲ့လား။ သေချာလား"

"သက်သာပါတယ်"

"သက်သာရင် လက်ကို ငြိမ်ငြိမ်ထား။ ခင်ဗျားတို့ ခုလို ဝိုင်းကြည့်နေကြမယ့်အစား ကျုပ်ကို နွားနို့စိမ်း တစ်ဖန်ခွက်လောက် သွားရှာပေးကြပါလား"

ဝိုင်းကြည့်နေကြသော ဥပုသ်သည် မိန်းမ၊ ယောကျ်ားများကို သူတော်ငတေက မော့ကြည့်ပြီး ပြောလိုက်၏။

"ရပါတယ် ဦးသူတော်၊ ကျွန်တော့် နွားမတမ်းမလေး မိုးဦးကမှ သားပေါက်ထားတာ ရတာပေါ့"

"ရရင် စောစော သွားယူလိုက်ဗျာ"

နွားနို့ရပါတယ် ဆိုသော ဦးထွန်းလှက ချက်ချင်းပင် သူတော်ငတေ အပြောကြောင့် ဇရပ်နားက ထွက်သွားသည်။

ထိုအချိန်မှာ သူတော်ငတေက ဒေါ်ကြာလှဖြူ ပင့်ကူကိုက်ရာ လက်ညှိုးထိပ်၌ ကပ်ပေးထားသော လက်သည်းခွံပမာဏရှိ ကျောက်ကလေးကို စိုက်ကြည့်ကာ-

"ဒါ မဟာရာကျောက် ခေါ်တယ်ဗျ။ အဆိပ်မှန်သမျှ သိပ်နိုင်တာ။ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



တို့ သတိထားမိကြလား၊ ဒေါ်ကြာလှဖြူရဲ့ လက်ထိပ်က ပင့်ကူကိုက်ရာကို ကျုပ် စကပ်ပေးတုန်းက ဒီမဟူရာကျောက်ကလေးရဲ့ အရောင်ဟာ ခပ်မြာမြာ ပဲ။ အခု ညှိုသွားပြီ၊ တွေ့လား"

ဟု ပြောလိုက်၏။

မှန်သည်။ ယခု သူတော်ငတေ ပြောလိုက်မှ သတိထားကြည့်မိကြရ မူလက ပြာလဲ့လဲ့ကျောက်ကလေးမှာ ယခု ညှိုသွားလေပြီ။

"အဲဒါ ပင့်ကူရဲ့ အဆိပ်ကို မဟူရာကျောက်က စုပ်ယူနေတာဗျ"

သူတော်ငတေ ထိုသို့ ပြောနေစဉ် နွားနို့သွားညှစ်သူ ဦးထွန်းလူသည် နွားနို့တစ်အာဒါ (ပုလင်းဝက်) နီးပါးရှိ ပုလင်းတစ်လုံးကိုပိုက်ပြီး ပြန်ရောက်လာ သည်။ ထိုအခါ သူတော်ငတေက ဇရပ်ပေါ်ရှိ သိတင်းသည် တစ်ဦးဆီက ကြေးဖလားတစ်လုံး လှမ်းတောင်းပြီး ဦးထွန်းလူ၏ ပုလင်းထဲက နွားနို့ရည်ကို ကြေးဖလားထဲ လောင်းထည့်လိုက်လေ၏။

"ခင်ဗျားတို့ စောစောက ဝိုင်းကြည့်နေကြတာ ဘာမြင်ရလဲ၊ အခုမှ ကြည့် ကောင်းတာ။ လာ လာကြည့်ကြ"

ဟု ပြောပြီး ဒေါ်ကြာလှဖြူ လက်ညှိုးထိပ်၌ ကပ်ထားသော မဟူရာ ကျောက်ကို အသာလေး တို့ယူလိုက်ကာ နွားနို့ကြေးဖလားခွက်ထဲ ထည့်လိုက ၏။ ထိုအခါ အရောင်ညှိုနေသော မဟူရာကျောက်ကလေးသည် နွားနို့ကြေး ဖလားခွက်ထဲ အမြှုပ်တစီစီနှင့် ကူးခတ်နေလေသည်။

"ကျုပ် မဟူရာကျောက်က ပင့်ကူဆိပ်တွေကို ပြန်အန်ထုတ်နေတာ တွေ့ ကြလား"

"တွေ့ပါတယ် ဦးသူတော်"

ဝိုင်းကြည့်နေကြသူများထဲမှ တစ်ယောက်က ပြောလိုက်၏။

"အေး ဒါဆို ခင်ဗျားတို့ ဆက်ကြည့်နေကြဦး။ မကြာမီ နွားနို့ရော မဟူရာ ကျောက်ပါ အရောင်ပြောင်းသွားလိမ့်မယ်"

သူတော်ငတေ ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ဖြူဖွေးနေသော ကြေး ဖလားထဲက နို့ရည်မှာ မကြာမီ မည်းပုပ်သွားလေသည်။ ထိုအခါ သူတော်ငတေ သည် ကြေးဖလားထဲက မဟူရာကျောက်ကလေးကို အသာတောက်ယူပြီး သူ့ လက်ဝါးနှစ်ဖက်နှင့် ပွတ်လိုက်သည်။ ပြီးတော့ မဟူရာကျောက်ကို သူ့လက်ခုံ ပေါ် တင်ပြထား၏။

"ကဲ စောစောက ညှိုနေတဲ့ မဟူရာကျောက်က မူလအတိုင်း ပြန်ဖြစ်သွား





ပြီ။ ဟုတ်ရဲ့လား၊ သေသေချာချာ ကြည့်ထားကြ"

"ဟုတ်ပါတယ်"

ဟု ဥပုသ်သည်အားလုံးက ဝန်ခံစကား ဆိုကြသည်။

"ခင်ဗျားကော အောပင့်ကူကိုက်တာ ဟိုတုန်းကလို နာသေးလား"

"မနာတော့ပါဘူး ဦးသူတော်"

ဝိုင်းကြည့်နေကြသူများနှင့် စကားပြောနေရာက သူ့ဘက် လှည့်မေးလာ သော သူတော်ငတေကို ဒေါ်ကြာလှဖြူက မနာမကျင်တော့ကြောင်း ပြောလိုက် သည်။

"သေချာရဲ့လား"

"သေချာပါတယ် ဦးသူတော်၊ ပင့်ကူကိုက်လိုက်တုန်းက လက်ညှိုးတစ် ချောင်းတင် မကပါဘူး။ ဒီဘက် လက်တစ်ချောင်းလုံး သေမလောက်ကို နာတာ၊ အခု မနာတော့ပါဘူး"

"ကျုပ် တညစ်နဲ့ ထိုးလှန်ထားတဲ့ နေရာတကော"

"အဲဒီနေရာကတော့ နည်းနည်း နာပါသေးတယ်"

"အေး နာရင် သေလိုက်၊ ခင်ဗျား ပင့်ကူကိုက်တဲ့ဒဏ်ရာနဲ့ မသေတဲ့ ကညစ်ထိုးဒဏ်နဲ့ သေလိမ့်မယ်၊ ကြားပဲ မကြားဖူးပါဘူး၊ ဆေးလိပ်တိုမှန်း တော ပင့်ကူမှန်းတောင် ခွဲခြားမသိတတ်တဲ့မိန်းမ"

သူတော်ငတေ၏ စကားကို အားလုံး ဝိုင်းရယ်လိုက်ကြစဉ် သူတော်ငတေ လည်း ဘုန်းကြီးကျောင်းဝင်းဘက် ထွက်သွားလေသည်။

* * *



www.burmeseclassic.com

သူတော်ငတေနှင့်
သူတော်ကောင်းများ



## သူတော်ငတေ၏ သူတော်ကောင်းတရား

တစ်နေ့သ၌ သူတော်ငတေထံ ဗေဒင်ယတြာ ပညာသင်ရန် ကျောင်းသား တစ်ယောက် လာအပ်သည်။ ထိုကျောင်းသားသစ်၏ နာမည်မှာ မောင်တင့်ဖေ ဖြစ်သည်။ မောင်တင်ဖေ၏ အမေအဖေတို့မှာ သူတို့ တောင်ရင်းရွာ၌ လို့ချမ်းသာ ကြေးရတတ်များ ဖြစ်ကြသည်။

မောင်တင်ဖေမှာ တစ်ဦးတည်းသောသား။ ငယ်စဉ်ကပင် မိဘများက လည်း အလိုလိုက်ထားကြ၍လား မသိ ဘာမဆို သူလိုချင်တာ၊ သူလုပ်ချင်တာ လုပ်ရမှ ကျေနပ်သူ ဖြစ်သည်။ သူလုပ်လျှင် ဘာမဆိုဖြစ်မည် ဟူသော စိတ်ကြီးဝင် အထင်ရှိသော ကျောင်းသားတစ်ယောက်လည်း ဖြစ်သည်။

သူကိုယ်သူ ထိုသို့ အထင်ရှိသော်လည်း အမှန်တကယ်မှာမူ ဉာဏ် အင်မတန် ထိုင်းသည်။ အဝမြင့်နေသူတို့၏ ထုံးစံအတိုင်း သူများပြောသော စကားများကို လည်း မနာခံတတ်။ ထို့ကြောင့် သူ့ထက်အရင် သူတော်ငတေဆီ ရောက်နေကြ သော ကျောင်းသားကြီးများ၏ စကားကိုလည်း မလိုက်နာ။ သူထင်ရာ သူလုပ် ပြီး ခပ်ပေါပေါ ခပ်ကြောင်ကြောင် နေတတ်သည်။

ဉာဏ်ထိုင်းသည့်အပြင် ခပ်ပေါပေါ ခပ်ကြောင်ကြောင် ဖြစ်သဖြင့်လည်း ဗေဒင်သင်ရာတွင် ခုနိုင်ကိုးကြောင်းနှင့် တစ်မိုးအောင်သွားသည်။ ထိုခေတ်က ဗေဒင်ပညာ၏ အခြေခံကျမ်းများ ဖြစ်သော သံဒိဋ္ဌ၊ မဟာရတ္တ လက်ရိုးကျမ်းများ ကို စတင် သင်ကြားရန် အရည်အချင်း မမီသေးသဖြင့် သူတော်ငတေလည်း မောင်တင်ဖေကို ဒွေးကေဒွေး ဒွေးဒွေးစာရမှ တစ်ခါထပ်ပြီး နေ၃ုဇကနေ၁အင်္ဂါ နိုင်ကိုးကြောင်းကို ကျေညက်အောင် တစ်ခါ ထပ်တွက်ခိုင်းထားသည်။

သူနှင့်အတူ ကျောင်းလာအပ်ကြသော တစ်နေ့တည်း ကျောင်းသ



www.burmeseclassic.com

www.burmeseclassic.com



မိုးကုန်၍ သံဒိဌလက်ရိုးကို တတ်သွားကြသောအခါ မောင်တင်ဖေမှာ စိတ်ဓာတ်ကျလာပုံရသည်။

ခရိုင်ကိုးကြောင်းနှင့်ပင် လုံးလည်ချာလည်လိုက်ကာ သူ ဉာဏ်ထိုင်းသည့်အဖြစ်ကိုလည်း သူ့ကိုယ်သူ ရိပ်စားမိလာပုံရသည်။ ထိုအခါ သူတော်ငတေကို သူက လျှောက်၏။

"ဘဘ ကျွန်တော် ဗေဒင် မသင်ချင်တော့ဘူး"

"ဟင် ဘာဖြစ်လို့လဲကွ။ မင်း ခရိုင်ကိုးကြောင်းတောင် တစ်ခေါက် ပေါက်ထားပြီပဲ"

သူ့ဆီ ဆေးဝါးမန္တရား ဗေဒင် စသည် လာသင်သူမှန်သမျှ ဤသို့ တစ်ခါမှ မပြောခဲ့ကြဘဲ ယခု မောင်တင်ဖေက ဗေဒင် မသင်ချင်တော့ဘူး ဆိုသောအခါ သူတော်ငတေကလည်း အံ့သြသွားသည်။

"ဗေဒင်တတ်ရုံနဲ့ ချမ်းပျှနိုင်မှာမှ မဟုတ်တာ"

"ဗျာ"

နဂိုကပင် ပြူးရသည့် သူတော်ငတေ၏ [illegible]လုံးက ပိုပြူးသွားသည်။ ပါးစပ်ကလည်း 'ဗျာ' ဟု အံ့သြတကြီး အသံထွက်သွားကာ မောင်တင်ဖေကို ငေးကြည့်နေသည်။

"ဗေဒင်တတ်ရုံနဲ့ ချမ်းမပျှနိုင်တာတော့ သေချာတယ်နော် ဘဘ"

"ဟုတ်တယ်လေ၊ ဗေဒင်တတ်ရုံနဲ့ ဘယ်ချမ်းပျှနိုင်မလဲ။ တခြားစီပဲ"

"ဟုတ်ကဲ့၊ အစက ဘဘဆီမှာ ကျွန်တော် ဗေဒင်သွားသင်ချင်တယ်လို့ အမေ၊ အဖေတို့ကိုပြောတာ ချမ်းပျှနိုင်မယ် ထင်လို့ပါ ဘဘ"

"ကြံကြံဖန်ဖန်ကွယ်၊ မဆိုင် . . ."

"မသိဘူးလေ၊ ဘဘကို မိုးပေါ် ပျံနိုင်တယ်၊ ချမ်းပျှနိုင်တယ်လို့ ကျွန်တော်တို့ တစ်ရွာလုံးက . . ."

"အောင်မယ်လေး . . လေး . . လေး ငါ့ကို မြှောက်သွားပါဦးမယ် မောင်တင်ဖေရာ။ မကြံကောင်းမစည်ရာ၊ ဘယ့်နှယ် . . . ဘယ့်နှယ် ဘဘ မိုးပေါ် ပျံနိုင်ရမတုံး"

"အများက ပြောတယ်လေ ဘဘ"

"အများပြောတိုင်း မယုံရဘူးကွယ့်။ အခု မင်းကို ဘဘကိုယ်တိုင် ပြောနေကာပဲ။ ချမ်းပျှနိုင်တယ်ဆိုတာ လွယ်တဲ့အကျင့်အကြံမှ မဟုတ်တာ"

"ဗေဒင်တတ်ရုံနဲ့ ချမ်းမပျှနိုင်ဘူး ဆိုရင်တော့ ကျွန်တော် ဗေဒင် ဆက်





မသင်တော့ဘူး ဘဘ။ ချမ်းပျှနိုင်တဲ့ အလုပ်ပဲ ကျင့်ကြံအားထုတ်လုပ်တော့မယ်"

"ဗျာ ချမ်းပျှနိုင်တဲ့အလုပ်၊ ဘာအလုပ်ပါလိမ့်"

မောင်တင်ဖေ၏ စကားကို သူတော်ငတေမှာ မျက်လုံးပြူးပြီးရင်း ပြူးရင်း ဖြစ်နေရသည်။

"ရသေ့လုပ်မယ်လေ ဘဘ၊ ကျွန်တော်တို့အိမ်မှာ ဗုဒ္ဓဝင်တို့၊ ငါးရာငါးဆယ်တို့ ဆိုတဲ့ ပေစာထုပ်တွေ အများကြီးရှိတယ် ဘဘ။ အဲဒီ ပေစာထုပ်တွေထဲမှာ ရသေ့တွေဟာ ချမ်းပျှနိုင်တယ်ဆိုတာ ဖတ်ရတယ်။ အဲဒါကြောင့် ကျွန်တော် ချမ်းပျှနိုင်အောင် ရသေ့လုပ်ချင်ပါတယ် ဘဘ"

"မြတ်စွာဘုရား၊ ချမ်းပျှနိုင်တဲ့ ရသေ့၊ ရဟန်းဖြစ်အောင် ကျင့်ကြံအားထုတ်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး ငါ့တပည့်ရယ်။ မင်း ရသေ့မလုပ်ခင် ဘဘလို သူတော်ပဲ အရင်လုပ်ကြည့်ပါလားကွယ်"

မောင်တင်ဖေမှာ ခပ်ပေါပေါ ခပ်ကြောင်ကြောင် အကောင်မှန်း သိသဖြင့် သူတော်ငတေက မောင်တင်ဖေကို သူတော်အရင် လုပ်ကြည့်ပါလားဟု ဆိုသည်။

"ဟာ သူတော်တော့ ကျွန်တော် မလုပ်ချင်ဘူး ဘဘ။ စောစောကပဲ ဘဘ ပြောတယ်လေ။ ဘဘ ချမ်းမပျှနိုင်ဘူးဆို၊ မိုးပေါ် ပျံမပြနိုင်ဘူးဆို။ ဒါဆို သူတော်လုပ်လို့လည်း ဘာထူးမှာလဲ။ ကျွန်တော် စာတွေထဲ တွေ့ထားတယ်၊ ရသေ့တွေဟာ ချမ်းပျှနိုင်တယ်တဲ့။ အဲဒါ ကျွန်တော့်ကို ရသေ့လုပ်ပေးပါ ဘဘ"

"ရသေ့ဆိုတာ ဘယ်သူကမှ လုပ်ပေးစရာ မလိုပါဘူးကွယ်။ သစ်ခေါက်ဆိုးဝတ်၊ ဒေါက်ချာဆောင်းလိုက်ရင် ရသေ့ ဖြစ်သွားတာပဲ မဟုတ်လား"

"ဟုတ်ကဲ့၊ ဒါပေမယ့် ရသေ့ဆိုတာ သစ်သီးဝလံစားပြီး တောထဲတောင်ထဲနေရမယ်ဆိုတော့ တောတောင်အကြောင်း၊ ညဆိုလည်း အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာကို နက္ခတ်ကြည့်ပြီး သိတတ်ရတယ်လို့ စာထဲ ဖတ်ဖူးထားတယ် ဘဘ။ အဲဒါကြောင့် ရသေ့မဝတ်ခင် ဘဘ ကျွန်တော့်ကို နက္ခတ်ပညာတော့ အရင်သင်ပေးပါလား"

မောင်တင်ဖေ၏စကားကို ကြားလိုက်ရသောအခါ သူတော်ငတေ စိတ်ထဲ နည်းနည်းတော့ ပေါ့သွားသည်။ အဘယ်ကြောင့်ဆိုသော် ဤသူငယ်မှာ ပေါကြောင်ကြောင်နိုင်သည့်အပြင် ကြီးကောင်ဝင်စလည်း ဖြစ်တော့ စိတ်ကယောက်ကယက်ဖြစ်ကာ ထင်ရာမြင်ရာ လုပ်ချင်နေရာ ယခု နက္ခတ်ပညာ သင်ချင်သည်ဟု ဆိုလာသောအခါ နက္ခတ်ပညာကို သင်ပေးရင်းနှင့် မောင်တင်ဖေ၏ စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်းကျောင်းပေးနိုင်လိမ့်မည်ဟု ထင်လိုက်သည်။ ထို့ကြောင့်–

"နက္ခတ်ပညာကို ဝါသနာပါတာ ကောင်းတယ် ငါ့တပည့်။ ဘဘ သင်ပေးပါ့မယ်"

ဟု ပြောလိုက်လေသည်။

သူတော်ငတေက သို့ကို ရသေ့မလုပ်မီ နက္ခတ်ပညာ သင်ပေးမည် ဆိုသဖြင့် မောင်တင်ဖေလည်း စိတ်ကျေနပ်သွားသည်။ ထို့ကြောင့် မောင်ထင်ဖေသည် နက္ခတ်ပညာ သင်ကြားရန် သူတော်ငတေဆီ၌ပင် ဆက်နေလေသည်။

* * *

လမိုက်ည တစ်ညတွင် သူတော်ငတေက မောင်တင်ဖေအား နက္ခတ်ပညာ သင်ပြရန် ကျောင်းဝင်းထဲမှ ဟပြင်လယ်ကွင်းနားတစ်ခုသို့ ခေါ်လာသည်။ ထိုအချိန်မှာ သန်းခေါင်နီးနေပြီ ဖြစ်သဖြင့် မိုးထက်တွင် ရေတွက်မရသော ကြယ်များကလည်း ကောင်းကင် တစ်ခွင်တစ်ပြင်လုံး ပြည့်နေလေသည်။

"မောင်တင်ဖေ၊ ဟိုကြယ်စုကို ဘာခေါ်လဲ သိလား"

သူတော်ငတေက မိုးပေါ် လက်ညှိုးညွှန်ပြ၍ မေး၏။

သူတော်ငတေ လက်ညှိုးထိုးပြထားသော ကြယ်စုကို မောင်တင်ဖေက–

"အဲဒါ ဖျောက်ဆိပ်ကြယ်လို့ ခေါ်ပါတယ် ဘဘ"

"အိမ်း မှန်တယ်၊ ဖျောက်ဆိပ်ဆိုတာ အရပ်အခေါ်ပေါ့။ တစ်မိုးလုံး ဖျောက်ဆိပ်ချည်းပဲလို့တောင် ဥပမာ ပြောကြတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အေး အဲဒီ အရပ်ခေါ် ဖျောက်ဆိပ်ဆိုတာ ကြတ္တိကာနက္ခတ်ကွယ့်။ ကြတ္တိကာကြယ်ခုနစ်သွယ်၊ ကြက်ငယ်စုသလိုတဲ့ မှတ်ထားနော်"

"ဟုတ်ကဲ့ ဘဘ၊ ဖျောက်ဆိပ်ဆိုတာ ကြတ္တိကာနက္ခတ်လို့ မှတ်ထားပါ့မယ် ဘဘ"

"အဲဒီ ကြတ္တိကာနက္ခတ်ဟာ ဘယ်လို အနေအထားရှိရင် ဘယ်အချိန်မှာ ဘာဖြစ်တတ်တယ်ဆိုတာ တစ်ခါတည်း ကြည့်ရုံနဲ့ မသိနိုင်ဘူး။ တစ်ညတည်း ကြည့်ရုံနဲ့ မမြင်နိုင်ဘူး။ ဒီတော့ ခုလောလောဆယ်မှာ ငါ့တပည့် နက္ခတ်တွေကို အရင်ကြည့်လိုက်တာနဲ့ သိအောင် ဘဘ ပြမယ်၊ ဟိုကြယ်ကြီး တစ်လုံးတည်းကို ဘာခေါ်လဲ သိလား"

သူတော်ငတေ လက်ညှိုးထိုးပြရာသို့ မောင်တင်ဖေက မော့ကြည့်ပြန်သည်။





"အဲဒီ ကြယ်က သိပ်တောက်စားပဲနော် ဘဘ။ ဘာကြယ်ခေါ်မှန်း ကျွန်တော် မသိဘူး ဘဘ"

"အဲဒါ မိုဃ်းကြယ်လို့ ခေါ်တယ်ကွယ့်။ မှတ်ထားနော်"

"ဟုတ်ကဲ့ပါ"

"မင်း ရသေ့လုပ်ပြီး တောထဲတောင်ထဲမှာ ညည သွားရင်းလာရင်း မျက်စိလည်သွားရင် အဲဒီကြယ်ကို ကြည့်ရမယ်။ တောထဲတောင်ထဲတင် မဟုတ်ပါဘူး ကွယ် ပင်လယ်သွားတွေလည်း အဲဒီကြယ်ကိုကြည့်ပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် သိတတ်ကြရတယ်။ မြောက်မှာ ခုနစ်စင် တောင်မှာ ကွန်ချာဆိုတဲ့ ကြယ်နှစ်မျိုးကို သိထားရင် ဘယ်ဟာမြောက်၊ ဘယ်ဟာတောင်ဘက်ဆိုတာ အလွယ်လေးနဲ့ မသိနိုင်ဘူးလား"

"သိနိုင်ပါတယ် ဘဘ"

"အေး ဟိုမှာကြည့်လိုက်ဦး။ ပုဏ္ဏားသွား ငါးလုံးပြူး နိုင်းထုသဘော်လိုတဲ့"

"ဟုတ်ကဲ့ ဘဘ"

"မင်း ကျက်ရ မှတ်ရလွယ်အောင် မနက်ဖြန်ကျ ဘဘ နက္ခတ်လင်္ကာတွေ ရေးပေးမယ်။ ခုနစ်စင်ကြယ်မြောင် အမြီးထောင် သန်းခေါင်အချိန်မှတ်တို့ ဘာတို့ပေါ့ကွယ်။ အဲဒီအခါကျရင် အချိန်ကာလ ခုနစ်စင်ကြယ်မှာ ဘယ်ကြယ်တွေ ပိုတောက်ရင် အဲဒီနှစ်မှာ ဘယ်နေ့သားသမီးတွေ ကောင်းမယ်၊ ဆိုးမယ် တွေကိုပါ ဘဘ သင်ပြပေးမယ်"

"ဟုတ်ကဲ့ပါ ဘဘ၊ ကျွန်တော် ဘဘဆီက နက္ခတ်တွေ သင်ပြီးမှ ရသေ့ လုပ်မယ် ဘဘ"

"ကောင်းပါလေ့ကွယ်။ ဒါပေမယ့် နက္ခတ်ပညာဆိုတာ အချိန်တော့ ပေးရ တယ်ကွယ့်"

ကြိုးကောင်ဝင်စ စိတ်တယောတ်တယတ် ဖြစ်နေသော မောင်တင်ဖေကို သူတော်ငတေက ဤနည်းနှင့် စိတ်တည်ငြိမ်လာလိမ့်မည်ဟု ထင်ကာ ညညမှာ နက္ခတ်တွေကို သင်ပြသလို သစ်ပင်တစ်ပင်၏ ဝင်စည်အခေါက်ကို ကြည့်၍ သည်း အရှေ့၊ အနောက်၊ တောင်၊ မြောက် ခွဲခြားသိနိုင်သော နည်းတွေကို တောထဲခေါ်သွား၍ လက်တွေ့ သင်ပြ၏။

သို့သော် မောင်တင်ဖေ၏စိတ်ကား တည်ငြိမ်၍မလာ။ နက္ခတ်တွေ အတော်အသင့် သိလာသည်နှင့် ပို၍ စိတ်ကြီးဝင်လာကာ ရသေ့လုပ်တော့မည် ဟု ဆိုလာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ရသေ့လုပ်တာတော့ တုတ်ပါပြီ၊ ဘယ်တောမှာ သွားနေမလို့ စိတ်ကူးရှိလဲ"

"ကျွန်တော့်အတွက် ဘုမိကျွတဲ့ ကျွန်တော်တို့ တောင်ရင်းရွာနားက နေသုံးလုံးတောင်ပေါ် သွားနေမယ်လို့ မှန်းထားတယ် ဘဘ။ အဲဒီတောင်မှာ ဟိုရှေးရှေးတုန်းက ဈာန်ပျံရသေ့တွေ နေသွားတယ်ဆိုတာ ဘဘလည်း ကြားဖူးမှာပါ"

မောင်တင်ဖေ၏ စကားတို ကြားလိုက်ရသောအခါ သူတော်ငတေမှာ ကြက်သီးထသွားပြန်သည်။ ဤအရွယ်တတယ် သွားနေချင်နေမှာဟုလည်း စိုးရိမ်မိလိုက်သည်။ ပြီးတော့ ခရိုင်ကိုးကြောင်းကိုပင် တစ်မိုးသင်၍ မပေါက်သော ရှူကြောင်ကြောင် ပေါချာချာ အကောင်၏ ဘုမိဆိုသော စကားကိုလည်း ပြုံးမိသွားရပြန်သည်။

နိုမန့်တစ်ဆက်တည်း တည်ရှိနေသော နေသုံးလုံးတောင်ခေါ် ကျောက်တောင်ကြီးမှာ ကျောက်ဂူလိုဏ်ခေါင်းတွေ ပေါသည်တိုလည်း သူတော်ငတေသိသည်။ ကျောက်ဂူလိုဏ်ခေါင်းထဲ သားရဲတိရစ္ဆာန်များလည်း ပေါသည်။ အထူးသဖြင့် ကျောက်ခေါင်းထဲတွင် ကျားသားပေါက်များကလည်း အမြဲလိုလို ရှိနေတတ်သည်။ ထို့ကြောင့်လည်း ညတို့ မဆိုထားနှင့်၊ နေ့ခင်းနေ့လယ်၌ပင် အဖော်မပါဘဲ ဘယ်ယောက်ျားသားမှ သွားရဲသော နေရာမဟုတ်။ နေသုံးလုံးတောင်ဟု ခေါ်ကြခြင်းမှာ ကျောက်လိုဏ်ခေါင်းကြီး တစ်လျှောက်တွင် အပေါက်ကြီးသုံးပေါက် ရှိသည်။

ပထမအပေါက်မှာ အရှေ့ဘက်၌ဖြစ်ပြီး နေထွက်လျှင်ထွက်ချင်း မြင်ရသဖြင့် နေထွက်ပေါက်ဟု ခေါ်ကြသည်။ ဒုတိယအပေါက်ကြီးမှာ ကျောက်ခေါင်းလိုဏ်ကြီး၏ အလယ်တည့်တည့်တွင် ရှိသဖြင့် နေမွန်းတည့်သည်ကို ကျောက်ခေါင်းထဲကလည်း ကြည့်၍ မြင်ရသဖြင့် မွန်းတည့်ပေါက်ဟု ခေါ်ကြသည်။ အနောက်ဘက်တွင်ရှိသော အပေါက်မှာလည်း နေဝင်သည်ကို မြင်ရသဖြင့် နေဝင်ပေါက်ဟု ခေါ်ကြသည်။ ရှေးရှေးက ဤကျောက်တောင် လိုဏ်ဂူထဲ၌ နေသွားကြသော ရသေ့ ရဟန်းများသည် ဤအပေါက်သုံးပေါက်ကို အချိန်နာရီ သဘောမှတ်ကာ ကျင့်ကြံအားထုတ်သွားကြသည်ဟု အစဉ်အလာ ပြောဆိုလာကြသည်။

ယခု သူတော်ငတေ၏တပည့် ပေါကြောင်ကြောင် မောင်တင်ဖေက ထိုနေသုံးလုံးတောင်မှာ ရသေ့သွားလုပ်နေမည် ဆိုသောအခါ သူတော်ငတေမှာ အံ့သြတကြီး ထိတ်ထိတ်လန့်လန့်နှင့်





"ကြားဖူးတာပေါ့ကွာ။ ဘဘတို့ ငယ်ငယ်တုန်းက ဦးသြဘာဆိုတဲ့ ဘုန်းကြီးတစ်ပါး ခေါ်သွားလို့ ကျောက်ဂူထဲတောင် တစ်ခါ ရောက်ဖူးတယ်။ ဆရာတော်ကတော့ သူသိလ၊ သမာဓိနဲ့ ကြွတာမို့လား မသိဘူး၊ ကျောက်ခေါင်းထဲမှာ ကျားတွေ၊ ဝံတွေဆိုလို့ တစ်ကောင်မှ မတွေ့ရဘူး။ ဆရာတော်က သစ်ခက်တစ်ခက် အဲ နောက်မှ သိရတာကတော့ နဂါးနိုင်ပင်လို့ပြောတဲ့ အဲဒီ့သစ်ခက်ကို ယမ်းလှုပ်ပြီး ရှေ့ကကြွတော့ ဘဘတို့ ကျောင်းသားကြီး လေးယောက်လည်း နောက်က လိုက်ဝင်ကြတယ်။ အပေါက်ကြီး သုံးပေါက်က လူနှစ်ယောက်ဖက်လောက် ရှိလို့လား မသိဘူး၊ အထဲက ပင်မလိုဏ်ခေါင်းကြီး တစ်လျှောက်လုံးတာ လင်းနေတာပဲ"

"အဲဒီ ဆရာတော်နဲ့ ဘဘတို့ ဘာသွားလုပ်ကြတာလဲ ဘဘ"

"ဆရာတော်ကတော့ ကျောက်သွေးလို့ ပြောတာပဲကွ။ အဲဒီ ကျောက်လိုဏ်ခေါင်းထဲက ယူလာတာ"

"ကျောက်သွေးသောက်ရင် အသက်ရှည်တယ်တဲ့ ဘဘရဲ့။ ဘဘ ပြောတာနဲ့ ကျွန်တော်တော့ အဲဒီ ကျောက်ခေါင်းထဲ အခုတောင် သွားချင်စိတ်ပေါက်လာပြီ။ အဲဒီ၊ ကျောက်ခေါင်းထဲ ဆေးကောင်းဝါးကောင်းတွေ ဘယ်လောက်ရှိပဲမှ မသိတာ ဘဘရယ်။ ဆေးကောင်းဝါးကောင်းရှိရင် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတွေလည်း လာကြမှာပဲ။ အဲဒါ . . ."

"ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတွေ လာမလာတော့ ဘဘလည်း မသိဘူး။ ဘဘ သိတာကတော့ အဲဒီ နေသုံးလုံးတောင်ခေါင်းထဲ ကျားသားပေါက်မတွေ့ အမြဲ ရှိနေတာပဲ။ တော်တော်တန်တန် သီလ၊ သမာဓိရှိရုံနဲ့ ဘယ်သွားဝံ့ကြမလဲ"

"ကျွန်တော်လည်း သီလ၊ သမာဓိ ရှိလာအောင် ကျင့်မှာပေါ့ ဘဘ"

"ကောင်းပါတယ်၊ ကျင့်ပါ။ ဘဘ သာဓုခေါ်ပါတယ်"

အရူးအပေါကို ပြောရသည်မှာ စိတ်မရှည်စရာကောင်းသဖြင့် နောက်တော့ သူတော်ငတေက "ကောင်းပါတယ်၊ ကျင့်ပါ"ဟုသာ ပြောလိုက်ရတော့သည်။ သို့နှင့် မောင်တင်ဖေသည် ရသေ့ဝတ်ပြီး ကျင့်ကြံအားထုတ်ရန် သူ့ဇာတိရွာ တောင်ရင်းသို့ ပြန်သွားလေသည်။

* * *

သူပြောသလိုပင် မောင်တင်ဖေ ရသေ့လုပ်သွားပြီ ဆိုသော သတင်းကိုကြားမိ ကြားကြရသည်။ သူ့အမေ၊ အဖေတို့က သူတို့မှာ ဤသားတစ်ယောက်သာရှိရာ ရသေ့မလုပ်ရန် အတန်တန် တားမြစ်ဖျောင်းဖျ ပြောဆိုကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှ တားမရ။ ထိုအခါ-

"ရသေ့လုပ်တာတော့ လုပ်ပါ သားရယ်၊ ဒါပေမယ့် ကိုယ့်ကျောင်း၊ ကိုယ့်ကန်မှာတော့ နေပါ။ သားအတွက် အမေတို့ နေ့စဉ် ဆွမ်းတစ်အုပ် လာပို့ပါ့မယ်။ ရွာနီးဝန်းကျင်ကို ဆွမ်းလှည့်ခံစားနေစရာ မလိုပါဘူး"

ဟု ဖျောင်းဖျ ပြောဆိုရသည်။

ထိုအခါ ရသေ့မောင်တင်ဖေက-

"ရသေ့၊ ရဟန်း ဆိုတာ ရွာတကာ လှည့်ပြီး ဆွမ်းခံထွက်ရမယ်ဗျ"

ဟု ဆိုပြန်သည်။

"ကဲ ဒါဆိုလည်း ဆွမ်းခံတော့ထွက်ပါ။ ညည တောထဲတောင်ထဲ လျှောက်သွားနေတာတော့ မလုပ်ပါနဲ့။ အမေတို့အရပ်က သားရဲ့ဘိုးရှောက်တွေ ပေါပါသိနဲ့၊ ညည ကိုယ့်ရွာကကျောင်းမှာ ပြန်ပြန်အိပ်ပါ"

ရသေ့မောင်တင်ဖေကို ပြောမရမှန်းသိသဖြင့် မိဘနှစ်ပါးက တောင်းတောင်းပန်ပန် ပြောဆိုဆုံးမကြသည်။

"ရသေ့၊ ရဟန်းဆိုတာ အရညဝါသီ တောရပ်မှီရတယ်ဆိုတာ အမေအဖေတို့အိမ်က စာအုပ်တွေထဲမှာ တွေ့တာယ် မဟုတ်လား။ ဒါမှလည်း ရှုပ်ပျံနိုင်တဲ့ရသေ့ ဖြစ်လာမှာပေါ့ဗျ"

ဟု ဆိုပြန်သည်။

ဘယ်လိုမှ ပြောမရသော ရသေ့မောင်တင်ဖေကို မိဘနှစ်ပါးမှာလည်း သည်အတိုင်းပင် ကြည့်နေကြရသည်။ မောင်တင်ဖေကမူ သူ့ယုံကြည်ချက်နှင့်သူ မကြာမီ သူသည် နေသုံးလုံးတောင်ကို သွားတော့မည်ဟု ပြောလာပြန်သည်။ နေသုံးလုံးတောင်မှာ ရိုးမကျားကြီးများလည်း အမြဲလိုလို ရှိတတ်သဖြင့် မိဘနှစ်ပါးမှာ ရင်တထိတ်ထိတ်နှင့်။

ရသေ့မောင်တင်ဖေကမူ သူ့ယုံကြည်ချက်နှင့်သူ ညညကျလျှင် သူတို့ရွာကျောင်းက ကျောင်းသားကြီးများကို လာနှိုး၊ သူတော်ငတေ သင်ပြထားသော မိုးပေါ်က ကြယ်တာရာနက္ခတ်တွေကို ခေါ်ပြ၊ တောထဲတောင်ထဲ သွားအိပ် လုပ်နေသည်။

သည်လိုနှင့် တစ်နေ့ညနေ နွားရိုင်းသွင်းချိန်တွင် တောဘဲမှ ရသေ့မောင်တင်ဖေ ခေါက်သံကြားသဖြင့် အနီးအနားရှိ ယာတဲ၊ လယ်တဲမှ လူများ လိုက်သွားကြရာ ရသေ့မောင်တင်ဖေကို ဝက်ဝံကြီးတစ်ကောင်က လုံးထွေးကိုက်သတ်နေသည်ကို တွေ့ရသဖြင့် အော်ဟစ် ခြောက်လှန့် ဝင်ရိုက်ကြရာ ဝက်ဝံကြီး





မှာ တောထဲ ဝင်သွားလေသည်။

သို့သော် ရသေ့မောင်တင်ဖေကား အသက်မရှိတော့။ ထိုအခါ သွေးသံအလိမ်းလိမ်း ဖြစ်နေသော ရသေ့မောင်တင်ဖေ၏ အလောင်းကို သူ့မိဘအိမ်သို့သာ ထမ်းယူ လာပို့ကြရတော့သည်။ တစ်ဦးတည်းသောသား ရသေ့မောင်တင်ဖေ၏ အလောင်းကို မြင်ရသောအခါ သူ့အမေမှာ ငိုရှိုက်ရင်းက တက်သွားသည်။ ဦးဖေမောင်မှာလည်း ယူကျုံးမရ အပူလုံးကြွကာ ငိုလိုက်ပြောလိုက်နှင့် မြောက်အည်ရာမရ ဖြစ်နေ၏။

သူတို့၏ တစ်ဦးတည်းသောသား မောင်တင်ဖေ ဤသို့ အသေဆိုးနှင့်သေခြင်းမှာ သူတော်ငတေကြောင့်ဟု သူတော်ငတေကို ကျိန်ဆဲကြသည်။ သူ့သားအား ဗေဒင်ယတြာပညာ သင်ပေးပါမှာ အပ်ထားပါလျက် နက္ခတ်ပညာ ဟုတ်တုတ်မဟုတ်တာတွေကို သင်ပေးလိုက်သဖြင့် ညမအိပ်ဘဲ တောထဲတောင်ထဲ သွားနေ၊ အချိန်မတော်မှာ ကောင်းကင်ပေါ် မော့ကြည့်၊ ကြယ်တွေကို ရေတွက်လုပ်နေသဖြင့် ဤသို့ သေရသည်ဟုဆိုကာ သူတော်ငတေကိုပင် ခုချက်ချင်း သွားသတ်တော့မည် လုပ်သဖြင့် ဦးဖေမောင်ကို ဝိုင်းဆွဲ ဖျောင်းဖျထားကြရသည်။

သည်လိုနှင့် ရသေ့မောင်တင်ဖေအား တစ်လပြည့် အလှူနေ့ နီးလာသောအခါ ရွာသူရွာသားတွေက သူတော်ငတေကို ပြောကြသည်၊ မောင်တင်ဖေသေသွားသည့်ကိစ္စနှင့် ပတ်သက်၍ မောင်တင်ဖေ၏ အမေ၊ အဖေများက သူတော်ငတေအပေါ် တော်တော် မကျေမနပ် ဖြစ်နေကြရာ မောင်တင်ဖေမှာ သူ့တပည့်လည်း ဖြစ်သဖြင့် ယခုထိ မောင်တင်ဖေ၏ သောကပရိဒေဝကြောင့် စားနိုင်မအိပ်နိုင် ဖြစ်နေကြသော ဦးဖေမောင်တို့ လင်မယားကို ဖျောင်းဖျောင်းဖျ သွားပြောသင့်ကြောင်း၊ နောက်ဆုံး သူ့တပည့်တစ်ယောက်အနေနှင့် သတင်းမေးသဘောပဲဖြစ်ဖြစ် သွားသင့်ကြောင်း ရွာသူရွာသားတွေက ဝိုင်းပြောကြသည်။

"ဟော့ လူတွေ၊ ခင်ဗျားတို့ ပြောတာတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် အနာတစ်ခုတ် ဆေးမလိုက်ဆိုတာ ရှိတယ်ဗျ။ ဖေမောင်ဆိုတဲ့ကောင်ကလည်း သူ့သားလိုပဲ ခပ်ကြောင်ကြောင် ခပ်ပေါက်ပေါက် အကောင်ဆိုတော့ ဒီကောင်ချုပ်ကို တဆဲတည်း ဆဲ၊ တဆိုတည်းဆို ဒေါသတကြီး လုပ်နေတယ်ဆိုတာ ကြားပါတယ်။ အခုနေခါ သူ့သားရဲ့ သောကပရိဒေဝမီးက သိပ်တောက်တော့ ကျုပ် မသွားသင့်သေးဘူးထင်လို့ ကျုပ် မသွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူးလေဗျာ ဦးသူတော်၊ ဘာပဲဖြစ်ဖြစ် ဦးသူတော်တပည့်ပဲ၊ ပြီးတော့ ဦးသူတော်က ဒီရပ်ဒီရွာမှာ လူကြီးတစ်ယောက်အနေနဲ့ ဖြစ်ဖြစ် သတင်းမေးပဲ ပြောပြော သွားသင့်တာပေါ့၊ ခုဆို မောင်တင်ဖေလေး ဆုံးသွားတာလည်း တစ်လနီးပြီပဲ။ ဦးဖေမောင်လည်း စိတ်ပြေသလောက် ပြေရောပေါ့၊ အဲဒီတော့ မောင်တင်ဖေရဲ့ အခြေအနေကို ပြောပြဖို့ ဦးသူတော် တစ်ခေါက်လောက်တော့ သတင်းသွားမေးသင့်တယ်၊ ဒါမှ ဦးဖေမောင်ကလည်း စိတ်ပြေမှာပေါ့။ ခုတော့ ဦးသူတော်က သတင်းမေးတောင် တစ်ခေါက်မလာဘူး ... တော့ ဦးဖေမောင် ဆိုတာက သူ့ရပ်သူ့ရွာမှာ ကြေးရတတ်လူချမ်းသာ၊ ရွာလူကြီး ဆိုတဲ့ ဂုဏ်ဒြပ်ကလည်းရှိသေး ..."

"တော်ကြစမ်းပါဗျာ၊ ဖေမောင်ဆိုတဲ့ ရှူကြောင်ကြောင် အကောင်ကိုများ ဘယ်လူက လူကြီးခန့်ထားပါလိမ့်"

"ဟာ ဦးသူတော်ကလည်း၊ သူတို့ တောင်ရင်းတစ်ရွာလုံးက ကျေနပ်လို့ ခန့်ထားကြတာပါဆို၊ သူက ရပ်မှာရွာမှာ အလှူအတန်းဆိုလည်း ထိပ်ဆုံးက ..."

ရွာသားကြီးတွေ၏ စကားကို သူတော်ငတေက တဟားဟား ရယ်...သည်။

"မရယ်နဲ့လေ ဦးသူတော်၊ ကိုယ့်လောကဝတ်ပေါ့၊ တစ်ခေါက်လောက်တော့ သတင်းသွားမေးလိုက်စမ်းပါ။ ဒါမှလည်း ဦးဖေမောင်က လာမေးတာကို ကျေးဇူးတင်ပြီး စိတ်ပြေမှာပေါ့"

ရွာလူကြီးတွေက ဝိုင်းပြောကြသောအခါ သူတော်ငတေက ရယ်ကျဲ... နှင့် ...

"အေးပါ၊ ကျုပ်သွားသင့်တဲ့ အချိန်ကျရင် သွားမှာပါ၊ ခင်ဗျားတို့ ကျုပ်ကို ပြောချင်နေကြတာ ဒါပဲ မဟုတ်လား။ ပြီးပြီပေါ့"

ဟု ပြောကာ သူတော်ငတေ ထသွားလေသည်။

* * *

သည်လိုနှင့် ရသေ့မောင်တင်ဖေ သေပြီး တစ်လပြည့် အလှူနေ့တွင် သူတော်ငတေသည် မောင်တင်ဖေအား ရည်စူး၍ အလှူပေးနေသော ဦးဖေမောင်၏ အိမ်သို့ ရောက်သွားလေသည်။

သူတော်ငတေ ဦးဖေမောင်တို့အိမ်ထို ရောက်သွားချိန်မှာ ပင့်သံဃာ... ပါးသည် ဆွမ်းဘုဉ်းပေးပြီး တရားဓမ္မ ချီးမြှင့်ပေး၍ ရေစက်ချ အမျှအတန်း ပေးဝေပြီးချိန် ဖြစ်သဖြင့် ရပ်ရွာလူကြီးတွေနှင့် အကျိုးအကြောင်း ပြောနေ...





ချိန်တွင် လူကြီးများကို တွေ့ဆွေးရန် ထမင်းပွဲပြင်နေကြချိန်လည်း ဖြစ်သည်။

သူတော်ငတေ အိမ်ပေါ် တက်လာသည်ကို မြင်သောအခါ အရပ်လူကြီးများက နေရာဖယ်ပေးကြ၏။ ဦးဖေမောင်တမူ စားခါနီးမှ ရောက်လာသော သူတော်ငတေကို မျက်စောင်းတစ်ချက် ထိုးကြည့်ပြီး မသိမသာ အံကြိတ်နေသည်၊ ရသေ့တင်ဖေ၏ အမေ ဦးဖေမောင်၏ မိန်းမကမူ သူတော်ငတေကို မြင်လိုက်သည်နှင့် သူ့သား သေရသည်မှာ သူတော်ငတေ မဟုတ်မဟတ်တာ တွေကို သင်ပေးလိုက်၍ဟု ဟီးချပြောင်ငိုတော့သည်။

သူ့မိန်းမ ငိုလိုက်သံကို ကြားလိုက်ရသောအခါ ဦးဖေမောင်၏ ရင်ထဲကို သောကပရိဒေဝ မီးလုံးကြီးတစ် ချက်ချင်း တတ်ဆောင့်လာတော့သည်။ ထိုအခါ ဦးဖေမောင်သည် သူတော်ငတေကို အံကြိတ်ကြည့်ကာ မျက်ရည်ပိုးပိုးပေါက် ပေါက် ကျနေ၏။

"ခင်ဗျားတို့ အယူမှားနေကြပြီ၊ ကျုပ်တပည့်လေး မောင်တင်ဖေကို ကျုပ်လည်း သံယောဇဉ်ရှိတယ်၊ အဲဒါကြောင့်လည်း ဒီကလေး စိတ်ကောင်းလာအောင် ကျုပ်အမျိုးမျိုး ..."

"ဘာ ကျုပ်သားကို ခင်ဗျားက စိတ်မရှန်ဘူး၊ ရှူနေတယ်လို့ ပြောချင်သလား။ ကျုပ်သား အစက လူကောင်းဗျ၊ ခင်ဗျား မဟုတ်မဟတ် ..."

"ကျုပ်ပြောတာကို နည်းနည်းသည်းခံပြီး နားထောင်ပါ ဦးဖေ ..."

"ခင်ဗျားပြောတာ ဘာမှ ကျုပ် သည်းခံနားထောင်စရာ မလိုဘူး၊ ခင်ဗျားဆီမှာ ကျုပ်သားကို လာအပ်တုန်းက ဘာပညာသင်ဖို့ လာအပ်တာလဲ ပြော"

"ကျုပ် ပြောပါ့မယ်-ဦးဖေမောင်ရာ၊ ခင်ဗျားသား ..."

"ဘာမှ ဆက်ပြောမနေနဲ့၊ ကျုပ်သား သေရတာ ခင်ဗျား မဟုတ်မဟတ် နကွတ်ပညာဆိုတာ သင်ပေးလို့ ဒီလိုဖြစ်ရတာ၊ ခင်ဗျားဆီမှာသာ ဆေးဝင်ယတြာ သင်ဖို့ လာမအပ်မိရင် ခုလို ကျုပ်သား အသေဆိုးနဲ့ သေရမှာ မဟုတ်ဘူး။ တောက် ..."

ဦးဖေမောင်နှင့် သူတော်ငတေတို့၏ စကားသံတို့ ကြားရသောအခါ ရသေ့မောင်တင်ဖေ၏အမေ ငိုသံက ပိုကျယ်လာသည်။

"ဦးဖေမောင်၊ ခင်ဗျားဟာ သားအတွက်နဲ့ သိပ်ပြီး သောကပရိဒေဝ မီးကြီး တောက်လောင်နေတော့ ကျုပ် ဘာပဲပြောပြော ခုနေခါ ကျုပ်စကားကို ခင်ဗျား နားဝင်မှာ မဟုတ်ဘူး။ ဒီတော့ ကျုပ် တစ်ခုပဲ ပြောမယ်"

"ခင်ဗျား ဘာတစ်ခု ပြောမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူတွေဟာ သေနေ့စေ့ရင် သေကြတာချည်းပဲ ဦးဖေမောင်၊ အခု ခင်ဗျားသားလည်း သေနေ့စေ့လို့ သေတာပဲ၊ အဲဒါကို တရားနဲ့ဖြေ . . ."

"ဪ လူတွေဟာ သေနေ့စေ့ရင် သေကြတယ် ဟုတ်လား"

ဦးဖေမောင်က မျက်ရည်တွေကြား အံကြိတ်ရင်း သူတော်စင်တောကို မေးလိုက်၏။

"ဟုတ်တယ်၊ လူတွေဟာ သေနေ့စေ့ရင် သေတာပဲ။ ဘုရားတောင် တားလို့ . . ."

"အေး ဟုတ်ပြီ ခင်ဗျားလည်း အခု သေနေ့စေ့လို့ ရောက်လာတာ။ သေပြီသာမှတ်တော့"

"ဟဲ့ ဟဲ့ ဓကား လွန်မယ် လွန်မယ်"

"ဦးဖေမောင် . . . ဦးဖေမောင် သတိထားပါဗျ"

သားဇောနှင့် စိတ်ကိုထိန်းမရ ဖြစ်သွားသော ဦးဖေမောင်သည် ဘုန်းကြီးနှင့် ရွာလူကြီးတွေ အထိတ်တလန့် တားနေကြသည့်ကြားထဲက ဘုရားစင်အောက်ရှိ ဆောင်ဓားကို ဖြေးဆွဲကာ သူတော်စင်တောကို တရစပ် ခုတ်တော့သည်။

ဦးဖေမောင် အပါအဝင် ဤအရပ်သားတို့၏ ဆောင်ဓားရှည်မှာ သူ့နိုးဓားပြရန်ကို ကာကွယ်ရန်ထားသော ဆောင်ဓားဖြစ်သဖြင့် ဓားသွားပေါ်တွင် ဆံခြည်တစ်ပင်ကိုတင်၍ လေနှင့် မှုတ်လိုက်ရုံနှင့် ဆံခြည်တစ်ပင် ပြတ်တွက်သွားလောက်အောင် သွေးထားသောဓား ဖြစ်သည်။

ယခု ထိုဓားနှင့် ဦးဖေမောင်က သူတော်စင်တောကို အသက်မပြတ် ခုတ်လိုက်ရာ တချို့ လူကြီးတွေက လန့်ဖျပ်၍ဝင် အိမ်ပေါ်က ရုတ်ရုတ်သဲသဲ ဆင်းပြေးကြသည်။ သို့သော် သူတော်စင်တောအား လုံးဝ မပြေ။ ဘုန်းကြီးနှင့် ရွာလူကြီးများရှေ့ တင်ပျဉ်ခွေထိုင်နေရာမှ ဦးဖေမောင် ဓားနှင့်ခုတ်သောအခါ ကြမ်းပြင်ပေါ် လက်နှစ်ဖက် ထောက်လိုက်ပြီး ခေါင်းငုံ့နေ၏။

ဤမျှထက်သော ဆောင်ဓားနှင့် သူတော်စင်တော၏ ခေါင်းနှင့် လည်ပင်း ကျောကုန်းတို့ကို လေးငါးချောက်ချက် ခုတ်လိုက်သော်လည်း သူတော်စင်တောက ဘာမှမဖြစ်ဘဲ ကုန်းကုန်းကြီး တည်နေသောအခါ ဦးဖေမောင်မှာ ကြောင်သွားသည်။ ရှေ့ဆက် ဘာလုပ်ရမှန်းလဲ မသိဖြစ်ကာ မှင်တက်မိနေ၏။

အမှန်တကော့ ဦးဖေမောင်သာ မဟုတ်၊ မောင်တင်ဖေ၏ တစ်လပြည့်အလှူသို့ လာကြသော ဘုန်းကြီးရဟန်းနှင့် ရွာသူရွာသား အားလုံးတို့မှာလည်း





မှင်တက်မိသွားကြသည်။

ဘုန်းကြီးရဟန်းနှင့် ဦးဖေမောင် အပါအဝင် လူများအားလုံး မှင်တက်မိနေကြချိန်တွင် သူတော်စင်တောသည် ကြမ်းပြင်ပေါ် ထောက်ထားသော လက်နှစ်ဖက်ကို တင်ပျဉ်ခွေ ထိုင်နေသော ပေါင်ပေါ်ပြန်တင်လိုက်ပြီး ခေါင်းမော့လာ၏။ ပြီးနောက် သူ့အား မှင်တက်မိကာ ကြောင်ကြည့်နေသော ဦးဖေမောင်ကို မော့ကြည့်ပြီး-

"ဦးဖေမောင်၊ ကျုပ် ပြောတာ မှန်ပါတယ်နော်။ လူတွေဟာ သေနေ့မစေ့ရင် ဘယ်လိုသတ်သတ် သေကို မသေဘူးဗျ။ သေနေ့စေ့ရင်တော့ ဘယ်သူသတ်သတ် သူ့ဘာသာသူ သေတယ်ဆိုတာ အခု ဦးဖေမောင် လက်တွေ့ပဲနော်။ ဒီတော့ ခင်ဗျားသား၊ ကျုပ်တပည့် မောင်တင်ဖေဟာ သေနေ့စေ့လို့ကို သေသွားတာပါပဲ။ ငိုလည်း မနေကြပါနဲ့တော့ဗျာ။ ကျုပ်တပည့်အတွက် ခင်ဗျားတို့ ကုသိုလ်ဒါန လုပ်ပေးကြတာကို ကျေးဇူးတင်ပါတယ်။ သာဓုခေါ်ပါတယ်ဗျာ။ သာဓု . . . သာဓု . . . သာဓု။

ကျုပ်တပည့် မောင်တင်ဖေ ယခု မိဘများ လှူဒါန်း ကျွေးမွေးသော ဒါနအစုစုကို အမျှရ၍ ကောင်းရာဘုံဘဝ ရောက်ပါစေ။ ဆရာငတေလည်း အမျှဝေလိုက်ပါတယ်"

ဟု ပြောကာ အိမ်ပေါ်က ချက်ချင်း ဆင်းသွားလေသည်။

✽ ✽ ✽



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ၏
# ဝရဇိန်လက်နက်မိုးကြိုးစက်



## သူတော်ငတေ၏ ဝရဇိန်လက်နက်မိုးကြိုးစက်

တစ်နေ့ ညနေပိုင်း၌ သူတော်ငတေသည် ဗေဒင်သင် ကျောင်းသားကြီးများအား-

'ခြောက်ရွာသူမ ရေခပ်လာ၊ လမ်းက ခုနစ်ဖြာ၊ ခပ်ပါလေ သူငယ်ချင်း၊ တွင်းက သုံးတွင်း'နှင့် 'အလ်တစ်ရာမြွေ တွင်းမှာခွေ၊ တစ်နေ့ လက်ရှစ်သစ်၊ ကျွန်တော်မ သက္ကရာဇ်"

စသည်ဖြင့် ဗေဒင်ဉာဏ်စမ်း ပဟေဠိများကို အစမ်းတွက်ခိုင်းနေစဉ် နတ်တတော်တစ်ယောက်၊ နတ်ဝင်သည် တစ်ယောက်၊ ပတ်တီးဆရာ နှစ်ယောက်နှင့် ခေါ်စာပစ်သောသူ တစ်ယောက်သည် ကျွန်ုပ်ဟို့ ကျောင်းနားဘက်တို့ နတ်သီချင်း ပတ်သံချပ်ထိုး၍ ခေါ်စာပစ်ရန် လာနေကြသည်။

ပတ်သံချပ်မှာ-

*'ကိုင်းချောင်းနားမျှောင် ကေ့တောင်၊ ပန်းရောင်ဆိုး ဆေးခွေး (---)လား၊*
*တွန်ပစ်ငါးရှာ မြစ်ချောင်းမှာ၊ သေခါရေထဲ မောင် (---) လား၊*
*ကြက်တေအိပ်ငိုက် ကျားဝင်ကိုက်၊ အ,ထစ် ရွှေသီး (---) လား၊*
*အဟိုလှလှ မြနုမ၊ ကြွရွှန်းပုံ (---) လား'*

မြစ်ချောင်းထဲ ငါးသွားရှာရင်း ရေနစ်သေသူ၊ ကြက်တေရင်း ကျားကိုက်ခံရ၍ သေသူ၊ စာရင်းငှား လယ်ကုလီနှင့် ချစ်ကြိုက်နေကြ၍ မိဘများ သဘောမတူသဖြင့် ဆွဲကြိုး၍ သေသွားသူ စသည် စသည် အသေဆိုးနှင့် သေခဲ့ကြသော နတ်စိမ်း တစ္ဆေများ၏ နာမည်များကို ငယ်ကျိုးငယ်နာဖော်၍ ပတ်ဆရာက ပတ်သံချပ်ထိုးပြီး တစ်ယောက်စီ၏ အမည်ဖော်ပြောရန် မေးလာသည်ကိုလည်း ရွာထွက်ဝတပင် ကြားလာရသည်။

ပညာရွှေတောင်စာချုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဆရာက နတ်ဝင်ပူးနေသူ တစ်ယောက်နှင့် နတ်ကတော်တို့အား မည်သည့် နတ်ဝင်ပူးနေသည်၊ မည်သည့် နတ်ဖမ်းစားထားသည်ကို နတ်မြှုတ် သံချပ်ဆို၍ ဖော်ထုတ် မေးမြန်းလာရာ ကျွန်ုပ်တို့၏ ကျောင်းနားရောက်သော အခါ ပတ်ဆရာက-

'မဲ (မည်း) မ ဘုတ်ဆုံ ဆောင်းမီးလှုံ၊ (--) မီးလောင် တက်တက်ပြောင် လား' ဟု မေးပြီး ပတ်တီးသည်။

ထိုအခါ နတ်ဖမ်းစားခံရသူ အမျိုးသမီးနှင့် နတ်ကတော်တို့မှာ တစ်ကိုယ်လုံး ယိမ်းထိုးကာ လှုပ်ပြီး ကျွန်ုပ်တို့ ကျောင်းတပ်စည်းနားရှိ လမ်းမှ ကျောင်းနောက်ဘက်သို့ ပြေးလာနေကြသည်။ နတ်ကတော်နှင့် နတ်ဝင်သည်မတို့၏ ပါးစပ်ကလည်း-

'အလုံးကြီး အုန်းသီး ပေးပါ၊ အဆစ်တို ကြံချိုစားမယ်' ဟု တတွတ်တွတ် ရေရွတ် ဖော်ဟစ်လာကြသည်။

ကျွန်ုပ်တို့၏ ကျောင်းနောက် တောင်ကမ်းပါးယံစောင်းတွင် မြပင်ကြီး တစ်ပင် ရှိသည်။ ထိုမြပင်ကြီးတွင် မဲနက်မ မည်သော တစ္ဆေမတစ်ကောင် ရှိသည်ဟု ယုံကြည်ကြသည်။ ထိုမဲနက်မ တစ္ဆေမှာ လူ့ဘဝတုန်းက ဆောင်းတွင်း၌ မီးလှုံရင်း အိပ်မီးလောင်ခံရပြီး သေသွားသူ ဖြစ်သည်။ ထို မဲနက်မမှာ ကျွန်ုပ်တို့ အဘိုးအဘိ လက်ထက်ကပင် ကျောင်းတောင်ဘက်ရှိ မြပင်ကြီးတွင် နေသည်ဟု ဆိုသည်။ မှောင်ရီဖျိုးဖျ မိုးချုပ်စတွင် ကန်သို့ ရေခပ်သွားသူ ရေခပ်ပြန်လာသူများကို မကြာခဏ ခြောက်လှန့်တတ်သည်။ ထိုမဲနက်မ ဖမ်းစားခြင်း၊ ဝင်ပူးခြင်းခံရသူများမှာ အုန်းသီး၊ ကြံတို့ကို တောင်းသဖြင့် အုန်းသီး ကြံတို့နှင့် ခေါ်စာလာပစ်လေ့ ရှိကြသည်။ မီးလောင်သေသော မဲနက်မမှာ လူ့ဘဝတုန်းကပင် အုန်းသီးနှင့် ကြံကို ကြိုက်နှစ်သက်သည်ဟု ဆိုသည်။

ထို့ကြောင့်လည်း ယခု ပတ်ဆရာက နတ်စဉ်ချ၍ မေးသောအခါ-

'အလုံးကြီး အုန်းသီးပေးပါ၊ အဆစ်တို ကြံချို စားမယ်'

ဟု မဲနက်မ အမှန်တကယ် ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုလာသည်။

ကျောင်းအနောက်ဘက်ရှိ တပ်စည်းရေခပ်လမ်းနားသို့ သူတို့ ရောက်လာကြသောအခါ ဗုဒ္ဓဘာသာစမ်းပယောဂ တွက်နေကြသော ကျောင်းသားများက ချက်ချင်း မတ်တတ်ရပ် ထကြည့်ကြသည်။ သူတော်ငတေတမူ နတ်ဆရာမနှင့် ပတ်ဆရာတို့ကို ကြည့်နေပြီး ဆဲဆို ရေရွတ်လိုက်သည်။

"ကျောင်းနား ကန်နားလာပြီး အယုတ္တအနတ္တတွေ၊ ဟို မီးရှောင်သေတဲ့





ကောင်မကိုလည်း ဒီအပင်မှာ မနေပါနဲ့ ငါ နားကြားပြင်းကတ်လာပြီ၊ ပြောတာ မရဘူး၊ ငါနဲ့တော့ တစ်နေ့ တွေ့တော့မှာပဲ"

"အဲဒီ မြပင်ကြီးမှာ မဲနက်မတစ္ဆေ တကယ်ကောနေလို့လား ဘဘ"

မြပင်ကြီးရှိရာဘက်ကို နတ်သီချင်း ပတ်သံချပ်တွေ ညစ်တီးညစ်ပတ်ဆို၍ ထွက်သွားကြသော ခေါ်စာပစ်လာသူများကို လှမ်းကြည့်ရင်း ကျောင်းသားကြီး တစ်ယောက် သူတော်ငတေကို မေးလိုက်သည်။

"ရှိလို့ပဲ ခဏခဏ လာပြီး ခေါ်စာ လာလာပစ်နေကြတာ၊ မင်းတို့ အမြင် ပဲလေ"

"ခေါ်စာလာပစ်ကြတာကိုတော့ မြင်တာပေါ့ ဘဘ။ ဒါပေမယ့် ကျွန်တော်တို့တော့ နေ့ဆို ညကြီးမှောင်ကြီးလည်း ရေသွားချိုးကြတာပဲ၊ မဲနက်မတစ္ဆေကို တစ်ခါမှ မတွေ့မိကြဘူး။ အခြောက်လည်း မခံရဖူးပါဘူး။ မဲနက်မတစ္ဆေက ဘဘတို့တော့ ခြောက်ဖူးလား"

"ဒီကောင်မ ခြောက်တာ ငါမှ မကြောက်တာ၊ တစ္ဆေ ဝင်ပူးခံရတယ်၊ နတ်ဖမ်းစားခံရတယ် ဆိုတာ ကြောက်တတ်တဲ့လူတို့မှ ဖမ်းစားတတ်တာကွ"

"ဒါဆို မဲနက်မတစ္ဆေကိုတော့ ဘဘ မြင်ဖူးတာပေါ့နော်"

"မြင်ဖူးရုံတင် ဘယ်ကမလဲကွ၊ ဟိုတစ်လော်တာလည်း ဒီလိုပဲ ပတ်ဆရာ နတ်ကတော်တွေနဲ့ ခေါ်စာလာပစ်သွားကြတာ မင်းတို့ တွေ့လိုက်မှာပေါ့"

"ဟုတ်ကဲ့၊ တွေ့ပါတယ် ဘဘ"

"အေး ခု မင်းတို့ ကြားတဲ့အတိုင်းပဲ ကျောင်းနားက အယုတ္တအနတ္တတွေ အော်ဟစ်သွားကြပြန်ပြီ။ အဲဒါကြောင့် ငါက ဒီကောင်မကို တို့ရဲ့ ကျောင်းနားမှာ မနေတိုင်ဖို့ အယုတ္တအနတ္တအသံတွေနဲ့ ဘုန်းကြီးရဟန်း ကျောင်းကန်နဲ့ လည်း မအပ်စပ်ပါဘူးလို့ ငါ သွားသွားပြောတာ လေးငါးခါရှိနေပြီ။ ဒါလည်း ခုထိ မပြောင်းသေးဘူး။ ငါ သွားပြောတော့ ငိုငိုရယ်ရယ်လေးနဲ့ သူက မုန်းမပါ။ လူ့ဘဝတုန်းကပင် အသားမည်း အရုပ်ဆိုးရတဲ့ထဲ မီးလောင်လို့ တစ်ခါသေတော့ တစ္ဆေဘဝမှာလည်း ပိုမည်း ပိုပြီး အရုပ်ဆိုးနေလို့ ဘယ်တစ္ဆေကမှ သူ့ကို ယူမယ့် တစ္ဆေ၊ လက်ခံမယ့်တစ္ဆေ မရှိလို့ နေစရာမရှိဖြစ်ပြီး နေနေရတာပါတဲ့"

သူတော်ငတေ၏စကားကို ကျောင်းသားများက ဝိုင်းရယ်ကြသည်။

"အေး နင် ဒီ ကျောင်းကန်ရေပ်နားက ပြောင်းမလား မပြောင်းဘူးလား၊ ဒီည တစ်ခါ ငါ သွားမေးဦးမယ်။ ခုနကမှ ပတ်ဆရာတွေကလည်း အယုတ္တ အနတ္တတွေ ကျောင်းနားက အော်ဟစ်သွားကြတော့ ပိုပြီး ပြောအားရှိတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရင်ပြောင်း၊ မပြောင်းရင် ဒီကောင်မကို ငါ ဝရိုန်လက်နက်နဲ့ ဝစ်ခိုင်းရ တော့မယ်"

ကျောင်းနားက ပြုပင်ကြီးတွင် နေနေသည်ဆိုသော ခေါင်းနတ်မ တစ္ဆေကို သိကြားမင်းအား မိုးကြိုးပစ်ခိုင်းဦးမည်ဟု ဆိုသော သူတော်ငတေ၏ စကားကို ကျောင်းသားများက အံ့သြတကြီးပင် ဖြစ်သွားကြသည်။

"တကယ်လားဟင် ဘဘ"

"ခက်လိုက်တာ တကယ်ပါဆို။ ခု မင်းတို့ မြင်တဲ့ သိတဲ့အတိုင်းပဲ။ ငါ့မှာ မိန်းမရှိလား"

"မရှိပါဘူး ဘဘ"

"ကျောင်းကြီးပေါ်က ဆရာတော်မှာကော"

"ဟာ ဘုန်းကြီးမှာ ဘယ်က မိန်းမရှိရမှာလဲ ဘဘ"

"အေး ငါ့မှာ မိန်းမ မရှိတော့ သီလ၊ သမာဓိ ရှိတယ်။ ဒီတော့ သမာဓိရှိတဲ့ လူကခိုင်းရင် သိကြားမင်းလည်း မနေနိုင်ဘူး။

အေး အဲဒါကြောင့်လည်း တို့ လူပြည်က လူတွေ သီလ၊ သမာဓိ ရှိခဲ့ကြရင် သိကြားမင်းကို ခိုင်းလို့ အကူအညီတောင်းလို့ ရတယ်၊ ဇာတ်တော်ထဲမှာ သီလ ဝတီ မင်းသမီးလေးကို သိကြားမင်း ဆင်းလာကယ်တာ ကုန်ခဲ့တဲ့နှစ်က မင်းရွာ ဘုရားပွဲမှာတောင် ဇာတ်ကပြသွားသေးတယ် မဟုတ်လား။ လူမင်းဘုန်းကြီး တော့ နတ်မင်းမနေနိုင်ဘူးဆို မဟုတ်လား"

"ဟုတ်ကဲ့ပါ ဘဘ"

"အဲဒါကြောင့် ခုလည်း ဒီမိစ္ဆာမကို မိုးကြိုးပစ်ပေးဖို့ ဘဘ သိကြားမင်းကို အကူအညီတောင်းရလိမ့်မယ်၊ မင်းတို့ မယုံရင် စောင့်သာကြည့်ကြတော့"

ဟု သူတော်ငတေက ပြောလေသည်။

* * *

သည်လိုနှင့် မိုးဦးကျစ တစ်နေ့သ၌ သူတော်ငတေ၏ လက်ရင်းတပည့် ဖြစ်သူ ဒေါင်းသိန်းသည် ခရုမျက်ပြူ သုံးလေးလုံးကို ခါးပိုက်ထောင်ထဲ ထည့်လာ လာပြီး ကျောင်းရေသုံးခန်းအောက်ရှိ မြေပျော့ပျော့ထဲ တူးဝှက်နေသည်ကို ကိုရင်သာပြည့်က သွားတွေ့သည်။

"ဘာလုပ်မလို့လဲကွ"

ဟု ကိုရင်သာပြည့်က မေးရာ

"ဟင်းမကောင်းရင် ဖုတ်စားမလို့"





ဟု ဒေါင်းသိန်းက ရယ်ကျဲကျဲနှင့် မလုံမလဲ ပြော၏။

ခရုမျက်ပြူများမှာ နွေလဆိုလျှင် လယ်ကွင်းထဲ မြုပ်နေတတ်သည်။ မိုးဦး ကျ မိုးရွာ၍ မြေပျော့သွားမှ မြေထဲက ထွက်လာတတ်ကြ၏။ ယခု ဒေါင်းသိန်း ဤခရုများကို လယ်ကွင်းထဲမှ တူးယူလာပုံရ၏။

ဒေါင်းသိန်းမှာ သူတော်ငတေ၏ အနွေဝါသိကာပီပီ သူ့ ဆရာကို အတု လိုက်၍ မဟုတ်တရုတ် လုပ်ကြံပြောမှန်းသိသဖြင့် ကိုရင်သာပြည့်လည်း ဆက် မေး၊ ဆက်ကြည့်မနေတော့ဘဲ ကျောင်းအပေါ်သို့ တက်လာလေသည်။

နောက်တစ်ရက်နှစ်ရက် အကြာမှာပင် သူတော်ငတေ၏ လက်ရင်းတပည့် ကြီးဖြစ်သူ နေဆန်းက လက်ညှိုးနီးပါးရှိသော မျှော့ကြီးတစ်ကောင်ကို ဘုန်းကြီး ရေချိုးရုံနား မြေပျော့ထဲ တူးမြှုပ်နေပြန်၏။

ဤသည်ကိုလည်း ကုဋီတက်ရာမှ ပြန်လာသော ဦးပဥ္စင်းကြီး သောဘဏက တွေ့သွားလေသည်။

"ဟေ့ကောင်၊ မျှော့ကြီးပါလား၊ မရွှံမရှာ ဘယ်က ယူလာတာတုံး" ဟုမေး ရာ

"ဦးဇင်းတို့ကို တပည့်တော် ဟင်းချိုချက်တိုက်မလို့ ကျွဲလူးအိုင်ထဲက ဖမ်းလာတာ"

ဟု နေဆန်းက ခပ်တည်တည်ဖြင့် ပြောပြန်သည်။

မျှော့မှာလည်း ရေနှင့် မထိလျှင် အသေလို မြေပျော့ထဲ မလှုပ်မယှက် နှစ်နှင့်ချီ၍ မြေထဲနေနိုင်သောအကောင် ဖြစ်သည်။ ရေနှင့်ထိမှ လှုပ်ရှားလာ တတ်သည်။

"ခွေးကောင် ငတေတပည့်၊ ငရဲကြီး၊ အော့ကြီး ပေါက်တတ်ကရ၊ မျှော့များ ကျွဲလူးအိုင်ထဲ သွားဖမ်းလာရတယ်လို့၊ ဘုန်းကြီးသိရင် နင် ကျောက်ခွဲလိမ့်မနော်"

ဦးပဥ္စင်းကြီးကလည်း နေဆန်းကို ဤမျှသာ ပြောပြီး လှည့်ထွက်လာခဲ့ သည်။

ထိုအချိန်ထိ သူတော်ငတေနှင့် သူ့လက်ရင်း တပည့်ကြီးတို့၏ လျှို့ဝှက် ချက် ဂမ္ဘီရကို မည်သူတစ်ဦးတစ်ယောက်မျှ မရိပ်မိကြသေး။ ထို့နောက်မှာ ငထိ၊ ဒေါင်းသိန်းနှင့် နေဆန်းတို့သည် ခရုနှင့်မျှော့သာမဟုတ် ယင်ရိုင်းမည်းမ ကျွတ်၊ တီ၊ လိပ်ပြာ စသည်တို့ကိုလည်း ရှာဖမ်းပြီး စုစည်း မွေးမြူထားကြ သည်ကို မည်သူမျှ မသိကြရအောင် လျှို့ဝှက် လုပ်ဆောင်နေကြလေသည်။

သူတော်ငတေ၏ လက်ရင်းတပည့် သုံးယောက်က ထိုသို့ ပေါက်ကရ



www.burmeseclassic.com

www.burmeseclassic.com



အကောင်ဗလောင်တွေကို ရှာဖွေ မွှေနှောက်နေကြချိန်တွင် ဆရာငတေက ဖယောင်းဖြူ ဖယောင်းမည်းများကို ရှာ၍ ဆင်ရုပ် တစ်ရုပ်နှစ်ရုပ် လုပ်နေသည်ကိုတော့ ဗေဒင်သင် ကျောင်းသားများအားလုံး မြင်မိတွေ့မိနေကြသည်။

ထိုအခါတွင် မသိသော ဗေဒင်သင် တပည့်များက-

"ဘဘ၊ အဲဒီ ဆင်ဖယောင်းရုပ်တွေကို ဘာလုပ်မလဲ" ဟု မေးကြရာ-

"ဘဘကလည်း ခု သူငယ်ပြန်ချင်သလို တွေ့လို့ ဆင်ရုပ်ကလေးတွေ လုပ်ကစားနေတာဟ၊ နင်တို့အိမ်တွေမှာ ဖယောင်းမည်း ဖယောင်းဖြူတွေများ ရှိရင် ဘဘကို ယူလာပေးကြပါကွယ်" ဟု ဆိုပြန်သည်။

ကျွန်ုပ်တို့အရပ်တွင် တောတောင် ထူထပ်သဖြင့် ပျားဖယောင်းမှာ အိမ်တိုင်းလိုလို၌ ရှိကြ၏။ အထူးသဖြင့် သင်္ကြန်ရက်နီးလျှင် ရွာသားများက သူတို့ တောထဲတောင်ထဲ တွေ့ထားကြသော ပျားအုံများကို သင်္ကြန်တွင် မုန့်ကြာစေ့ လုပ်ရန် သွားဖွပ်တတ်ကြသည်။ ကျွန်ုပ်တို့ဆီတွင် မုန့်ကြာစေ့ကို သကြား၊ ကြံသကာ၊ ထန်းလျက်တို့နှင့် မလုပ်ကြဘဲ ပျားရည်ပေါများသော အရပ်ဝီပီ ပျားရည်နှင့်သာ မုန့်ကြာစေ့ကို ချက်တတ်ကြသည်။

အထူးသဖြင့် မုန့်ကြာစေ့ လုပ်ရသော ပျားများမှာ ဖယောင်းဖြူမှ ရသော သစ်ခေါင်းများခေါ် ပျားရည်ချို ဖြစ်သည်။ ပျားရည်တိုင်းကား ချိုသည်ချည်း မဟုတ်၊ မွေးလိမ်ပျားနှင့် ယင်ပျားမျိုးတို့မှာ ဖယောင်းမည်းသာရသလို အချိုနည်းသည်။ အချဉ်ကဲတတ်သည်။ ထို့ကြောင့် မွေးလိမ်ပျား၊ ယင်ပျားတို့နှင့် ချက်လုပ်ကြသော မုန့်ကြာစေ့မှာ တစ်မှန်းတည့်သာခံပြီး ညနေပိုင်းသို့ ရောက်ပါက ချဉ်သွားတတ်သဖြင့် မွေးလိမ်ပျား၊ ယင်ပျားတို့နှင့် မုန့်ကြာစေ့ကို ချက်လေ့ချက်ထ မရှိကြပေ။

ယခု သူတော်ငတေက ပျားဖယောင်း တောင်းသောအခါ ကျောင်းသားများသည် အိမ်က ဖယောင်းဖြူ ဖယောင်းမည်းများကို ယူလာပြီး သူတော်ငတေကို ပေးကြသည်။ ထို့ကြောင့်လည်း သူတော်ငတေသည် ပျားဖယောင်းကို ဆင်မည်း၊ ဆင်ဖြူ အရုပ်နှစ်ရုပ် လုပ်နေကြောင်း ကျောင်းသားများက သိကြရခြင်း ဖြစ်သည်။

သည်လိုနှင့် သင်္ကြန်လွန်ပြီး မိုးဦးကာလဆီသို့ ရောက်လာ၏။

ပထမဦးဆုံး၌ မိုးသား တိမ်လိပ်တွေ စပြီးတက်လာသောနေ့တွင် သူတော်ငတေနှင့် သူ့လက်ရင်းတပည့်ကြီး သုံးယောက်တို့သည် ဆေးမြစ်ရှာရန်ဟု တောထဲ ထွက်သွားကြလေသည်။ ခါတိုင်းလည်း အဖိတ်၊ ဥပုသ် ကျောင်းပိတ်ရက်





များတွင် သူ့တပည့်ကြီးများနှင့် သူတော်ငတေတို့မှာ ဤကဲ့သို့ပင် သွားနေကျ ဖြစ်သဖြင့် မည်သူကမျှ အလေးဂရု မပြုမိလိုက်ကြ။

ညနေလေးနာရီမထိုးမီ သူတော်ငတေနှင့် သူ့တပည့် ကြီးသုံးယောက်တို့ ကျောင်းသို့ ပြန်ရောက်လာကြသည်။ သို့သော် ယခင်ရက်များကလို သူတို့ဆီ၌ ဆေးမြစ်ဆေးပင် များများစားစား ပါမလာသည်ကိုလည်း မည်သူမျှ သတိမထားမိလိုက်ကြပြန်ချေ။ သူတို့သည် ကျောင်းကို ပြန်ရောက်သည်နှင့် မိုးပေါ်မော့ကြည့်လိုက် ဤနေ့ မိုးရွာနိုင်၊ မရွာနိုင်ကို-

မိုး၊ ရွေ၊ ဖုံ၊ ခါ၊ ရွာတုံ၊ သာ၊ လည်း မိုးကိန်းချ၍ တွက်လိုက် မိုးရွာလာလျှင် မည်သည့်အတိုင်းအတာထိ ရွာနိုင်သည်ကိုလည်း ကြာဖတ်ဖြင့်၊ သူတော်မျော စသည်ဖြင့် တွက်ချက်လုပ်နေကြသည်။

မကြာမီမှာပင် မိုးဖွားလေးတွေ တဖြောက်ဖြောက် ကျလာ၏။

ထိုအခါ သူတော်ငတေနှင့် သူ့တပည့်သုံးယောက်တို့သည် မိုးတွက်ကိန်း တွက်ချက်နေကြသော သူတော်ငတေ၏ ဖိုနံ့ထဲမှ ကမန်းကတန်း ထွက်လာကြကာ ကျောင်းနောက်ဘက်ရှိ မဲနက်မတာချွေ နေသည်ဆိုသော ပြပင်ကြီးဘက်ကို ခေါင်းသိန်းက ပုဆိုးခြုံ၍ ပြေးသွားလေသည်။ ဘာသွားလုပ်သည်ကိုမူ မည်သူမျှ မသိကြ။ သူတော်ငတေနှင့် ကျန်တပည့်များက ခေါင်းသိန်း ပြေးသွားရာ ပြပင်ကြီးဘက် လှမ်းကြည့်နေကြသည်။ ခဏအကြာမှာပင် ပြပင်ကြီးအောက်မှ ခေါင်းသိန်း ပြေးချလာသည်။

ခေါင်းသိန်း သူတော်ငတေတို့အနား အရောက်မှာပင် လျှပ်စီးတွေ တဝင်းဝင်း လက်လာကာ မိုးကြိုးပစ်ချလိုက်သလို နားကွဲလုမတတ် ကြားလိုက်ကြရသည်။ သို့သော် ထိုအချိန်ထိ သူတော်ငတေနှင့် သူ့တပည့်ကြီးတို့မှာ မိုးကြိုးစက် တွင်းသွားဆင်ကြသည်ကို မည်သူမျှ မရိပ်မိကြသေး။

မိုးဦးကျ မိုးရွာလာလျှင် လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ချခြင်းတို့မှာ နှစ်စဉ်နှစ်တိုင်းပင် ဖြစ်ပေါ်နေကျ ဥတုသဘာဝမို့ သူတော်ငတေနှင့် သူ့တပည့်ကြီးတို့၏ အနေအထိုင် ထူးခြားနေသည်ကိုပင် များစွာ ဝရုမထားမိလိုက်ကြ။

ညနေ ငါးနာရီကျော်ခန့်တွင် လျှပ်စီး တဖျပ်ဖျပ်လက်ပြီး၍ ပစ်ချလိုက်သော မိုးကြိုးမှာ ကျွန်ုပ်တို့ကျောင်းနှင့် နီးသဖြင့် မြေကြီးတွေပင် တုန်ခါသွားကာ ကျောင်းကြီးပင် ယိမ်းလှုပ်သွားသလို ခံစားလိုက်ကြရသည်။

ဤတစ်ခါ ပစ်ချလိုက်သော မိုးကြိုးမှာ ကျောင်း၏ နောက်ဘက် ချောက်နှုတ်ခမ်း တောင်စောင်းပေါ်ရှိ မဲနက်မတာချွေ နေသည်ဆိုသော ပြပင်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်ချခြင်း ဖြစ်သည်။

ပုဆိုးတစ်ပတ်စာခန့်ရှိသော ပြုပင်ကြီးမှာ အဝေါ်သုံးပုံတစ်ပုံ၏ ကိုင်းရင်းမှ ကျိုးကျသွားသည်။ မိုးကြိုးသွားသည် ပင်စည်ကြီးကို အရင်းထိတိုင် လှည့်ပတ်ရစ်ဆင်းသွားသည်။ ပင်စည်လုံးပတ်မှ တစ်ထွာနီးပါးရှိသော အက်ကွဲကြောင်းအထဲက သစ်ခေါက်ခွံတွေမှာ ဘေးသို့ လွင့်စဉ်ထွက်ကျကုန်သည်။

ထိုအခါတွင်မှ ကျွန်ုပ်တို့ ကျောင်းသားအားလုံးမှာ လွန်ခဲ့သော နှစ်လလောက်တုန်းက သူတော်ငတေ ပြောဖူးသည့် မဲနက်မတာရွှေအား သိကြားမင်းကို မိုးကြိုးပစ်ခိုင်းရမည် ဆိုသော စကားကို သတိရသွားကြသည်။ တစ်နေ့လုံး ဂနာမငြိမ် ဖြစ်နေကြသော သူတော်ငတေနှင့် သူ့တပည့်ကြီးသုံးယောက်တို့တို့လည်း ကျွန်ုပ်တို့ ကျောင်းသားအားလုံးတို့က ထိုအချိန်ကျမှ သတိရ မိုင်းကြည့်မိကြသည်။

မဲနက်မတာရွှေ နေသည်ဆိုသော ပြုပင်ကြီးကို မိုးကြိုးပစ်ချလိုက်သောအခါ သူတော်ငတေ၏ ပင်ကို မချိုမချဉ်မျက်နှာက စပ်ဖြဲဖြဲဖြစ်လာပြီး သူ့အနားတွင် မှတ်တတ်ရပ်ပြီး သူတော်ငတေနှင့်အတူ ပြုပင်ကြီးကို လှမ်းကြည့်နေသော ထေးအား သူတော်ငတေက-

"ဟော့ကောင် မော့်ဆရာ၊ မင်းတို့လုပ်လိုက်တာနဲ့ ဒုက္ခပဲကွ" ဟု ပြောကာ တင်ပါးကို လက်နှင့်ပွတ်ပြီး သူ့ဖိုရုံထဲ ဝင်သွားလေသည်။

* * *



# သူတော်ငတေ၏ ပိယဆေး



www.burmeseclassic.com

www.burmeseclassic.com

## သူတော်ငတေ၏ ပီယဆေး

တစ်နေ့တွင် သူတော်ငတေ၏ အနား၌ ရောက်တတ်ရာရာ တစ္ဆေပုံပြင်များကို ပြောဆိုနေကြသော ကျောင်းသားများက ပီယဆေးအကြောင်း စကားရောက်သွားကြသည်။ ထိုအခါ သူတော်ငတေက-

"ငါ့ ထပည့်တို့ ပီယဆေး လိုချင်ကြလား"ဟု မေး၏။

သူ့ဆီ၌ ဗေဒင်ပညာ၊ ဆေးပညာ၊ အင်း၊ အိုင်၊ ခါးလှဲ့ည့်၊ လက်ဖွဲ့ပညာ သင်ယူနေကြသော ကျောင်းသားကြီးများမှာ ဆယ့်လေးငါးနှစ်ခန့် အရွယ်များ ဖြစ်ကြရာ အားလုံးက လိုလိုချင်ချင်-

"ဟာ လိုချင်တာပေါ့ ဘဘရယ်" ဟု ပြိုင်တူ ပြောဆိုကြသည်။

ထိုအခါ သူတော်ငတေက-

"ပီယဆေးများကွာ၊ ဘာခက်လဲ" ဟု ဆိုပြန်သည်။

"မခက်ရင် ကျွန်တော်တို့ကို ပီယဆေးနည်းပေးပါ ဘဘရယ်"ဟု တောင်းဆိုကြ၏။

"မင်းတို့လိုချင်ရင် ဘဘ ပီယဆေးနည်းလေးတော့ ရွတ်ပြမယ်၊ မင်းတို့ ဆေးဆေးကို ရအောင် ရှာနိုင်ပါ့မလား" ဟု မေး၏။

"ကျွန်တော်တို့ ရအောင် ရှာပါ့မယ် ဘဘ၊ ဆေးနည်းကိုသာ ရွတ်ပြပါ" ဟု တညီတညွတ်တည်း ပြောကြပြန်၏။

"ကောင်းပြီ၊ ဒါဆို ပီယဆေး အလွယ်ဆုံးနည်းကို ငါ ပြောပြမယ်။ ဖြုတ်သည်းခြေ တစ်ပိဿာ၊ တီနားရွက် ငါးဆယ်သား"

ဟုဆိုရာ ကျောင်းသားကြီးများက-

"ဟာ ဘဘကလည်း ဖြုတ်ကောင်က သေးသေးလေး၊ ဘယ်လိုလုပ်





သည်းခြေ တစ်ပိဿာရအောင် ယူမလဲ၊ တီကောင်မှာလည်း နားရွက်မှ မရှိတာ ဘဘ"

ဟု ဝိုင်းပြောကြသည်။

"ဟုတ်လား မသိဘူးလေကွယ်၊ ဘဘကလည်း တီကောင်တွေ၊ ဖြုတ်ကောင်တွေကို တစ်ခါမှ သေသေချာချာ မကြည့်မိတော့ စာထဲတွေ့တာ ပြောရတာ၊ တီကောင်မှာ နားရွက် မရှိဘူးလား"

"ဟာ ဘဘကလည်း တီမှာ ဘယ်လိုလုပ် နားရွက်ရှိမလဲ"

"ဟေ ဟုတ်လား၊ ဒါဆို ရှေးရှေးက ဆရာရှစ်သောင်း ရသေ့ကောင်းတွေက ဘာတွေ ရေးထားခဲ့ကြပါလိမ့်၊ အေး တစ်ခုတော့ ရှိတာပေါ့ကွယ်၊ ပညာတွေဆိုတာ အင်မတန် ခက်ခဲနက်နဲတဲ့ ဂမ္ဘီရပညာတွေဆိုတော့ လျှို့ဝှက်ပြီး ရေးထားခဲ့ကြတာလည်း ဖြစ်နိုင်တာပေါ့နော်။ ရှင်းတာကို ရှုပ်အောင်လုပ်ရတယ်၊ လွယ်တာကို ခက်အောင် လုပ်ရတယ်၊ ခက်တာကို နားမလည်အောင် ရေးရတယ်။ အဲဒါမှ ပြင်ညာရှိ ဆိုတာကိုးဟ။ ခု ဖြုတ်သည်းခြေဆိုတာက မင်းတို့ငါတို့သိတဲ့ ဖြုတ်ကောင်တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မင်းတို့က တီကောင်မှာ နားရွက်မရှိပါဘူး ဆိုတော့ ဗိုရသေ့တွေ ဘယ်လို အယူအဆနဲ့ ရေးခဲ့ကြလဲဆိုတာ ဘဘ ပြန်သုံးသပ်ကြည့် ရဦးမယ်။ ပီယဆေးနည်းစာတွေကတော့ အများကြီးပဲ။ ကဲ ဒါဆို ပီယဆေး နည်း ဒုတိယတစ်ဖုံကို ဘဘပြောမယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"တောင်ကြာ၊ လိပ်ခေါင်း၊ ဖား၊ ဖလောင်း၊ မိုးကောင်း ရေညှိ၊ မျှော့၊ ပိတ်ကျိတဲ့ ပျား။ အဲဒါသာ ရှာလို့ရရင် အဲဒါကို အမှုန့်ကြိတ်၊ တို့လိုက်တိုင်း ချစ်နှောတ်ပါ ပီယဆေးတဲ့ဗျာ၊ ကဲ အဲဒါကော မောင်တို့ ရအောင် ရှာနိုင်ကြပါ့မလား"

"တောင်ကြာဆိုတာကတော့ အပင်လား။ အကောင်လား ဘာလဲ၊ ကျွန်တော်တို့ မကြားဖူးဘူး ဘဘ။ တခြားဟာတွေတတော့ လွယ်ပါတယ်၊ အဲဒီ တောင်ကြာတစ်ခုပဲ ခက်လိမ့်မယ် ထင်တယ်"

"ဟဲ့ ပီယဆေးပါဆို ခက်တော့မှာပေါ့ဟ၊ လွယ်သာလွယ်ရင် နင်တို့အမျိုးထဲမှာ အကုန်လုံး ဝေတော့မယားချည်း ဖြစ်ကုန်ကြတော့မှာပေါ့၊ စောစောက ပြောတာလေကွာ၊ လွယ်တာကို ခက်အောင် ရေးထားရပါတယ်ဆို ဒါမှ ပြင်ညာရှိတော့မပေါ့ဟ"

❀



www.burmeseclassic.com

www.burmeseclassic.com



သူတော်ငတေစကားကို ကျောင်းသားကြီးတွေက ရယ်ကြသည်။ ပြီး တစ်ယောက်က-

"တောင်ကြာတ လွဲရင် လိပ်ခေါင်း၊ ဖား၊ ဖလောင်း၊ ရှေ့ညို၊ မျှော့၊ ပက်ကျိ ဆိုတာတွေကတော့ လွယ်ပါတယ် ဘဘ၊ တောင်ကြာဆိုတဲ့ စကားဗုက် တစ်ခု ဘဘ ကျွန်တော်တို့ကို ဖော်ပေးပါ။ ဘဘပြောတဲ့ ဆေးနည်းတွေအားလုံး ပီယဆေးဖြစ်နိုင်တယ်ဆိုတာ ကျွန်တော်တို့လည်း ယုံကြည်ပါတယ်"

"တယ်ဆိုတဲ့ စာပါလား၊ ဘယ်လိုကြောင့်ပါလိမ့်"

သူတော်ငတေက စောစောက သူပြောသော ဆေးနည်းမှာ ပီယဆေး ဖြစ်နိုင်ကြောင်း ယုံကြည်ပါသည် ဆိုသော ကျောင်းသားကို စေ့စေ့ကြည့်၍ မေး၏။

"အကြောင်းက ရေညို၊ မျှော့၊ ပက်ကျိ၊ ဖား၊ ဖလောင်း ဆိုတဲ့ အရ တွေဟာ အားလုံးနီးနီး စေးကပ်တဲ့ အရာတွေချည်းမို့ပါ ဘဘ။ ပီယဆေး ဆို ကပ်မှချွဲမှ ဖြစ်မယ် ဘဘ"

"အေး ငါ့တပည့် အတွေးအခေါ် မဆိုးဘူး"

သူတော်ငတေက ကျောင်းသားကြီး၏ အပြောကို မှတ်ချက်ချ၏။

"ကောင်းပြီ၊ ကဲ ပက်ကျိ၊ ဖား၊ ဖလောင်း၊ ရေညိုတော့ ရပြီ။ တောင်ကြာ ခဏထားဦး၊ နောက်ဆုံးမှ တို့ညာက်ကစားပြီး ဖော်မယ်၊ လိပ်ခေါင်းတော ရဖို့ လွယ်ပါ့မလားကွယ်"

"လိပ်ခေါင်းက ရဖို့ သိပ်လွယ်တာပေါ့ ဘဘ၊ ကုန်ခဲ့တဲ့ မိုးဦးကတော ကျွန်တော်တို့ ကျောင်းသားတွေ မြို့ရှာသွားရင်း မြို့လာစားနေတဲ့ လိပ်တစ် ကို မြို့ကျင်းထဲတွေ့လို့ ဆရာတော် မသိအောင် ကျွန်တော်တို့ ရွာထဲမှာ သွား စားကြသေးတယ်၊ အဲဒီတုန်းကသာ ပီယဆေးဖော်တဲ့ နေရာမှာ သုံးရတော မှန်းသိရင် ခေါင်းဖြုတ်ယူထားလိုက်ရဲ့ပဲ"

" လိပ်ခေါင်းဆိုတာ နင်ပြောတဲ့ လိပ်ခေါင်းလိုမျိုး မဟုတ်ဘဲ လူလိပ်ခေ ဆိုရင်ကော လွယ်ပါသလား၊ နင်တို့ အမျိုးထဲ လိပ်ခေါင်းထွက်နေတဲ့လူ ရှိ လား"

သူတော်ငတေ၏ စကားကို ကျောင်းသားတွေက ဝိုင်းရယ်ကြပြန်၏။

"လူလိပ်ခေါင်း ဆိုရင်တော့ ရဖို့ နည်းနည်းခက်မယ် ဘဘ"

"လူ့လိပ်ခေါင်းဆို ငထီးတို့ဘကြီး အရင်က လိပ်ခေါင်း ထွက်ဖူးတယ်

စောစောကရဖို့ နည်းနည်းခက်မယ်ဟု အရှက်ပြေပြောသော ကျောင်းသ





၏ စကားမဆုံးမီ နောက်တစ်ယောက်က ငထီး၏ဘကြီး လိပ်ခေါင်းထွက်ဖူး သည်ဟု ဝင်၍ ပြောလိုက်သောအခါ ရယ်ကြပြန်သည်။ သူတို့ ရယ်မောနေကြ စဉ် ကျောင်းသားကြီး တစ်ယောက်က ပြောလာပြန်၏။

"တောင်ကြာ ဆိုတာကို ကျွန်တော် စဉ်းစားတွေးကြည့်တော့ တောင်ပေါ် မှာရှိတဲ့ စမ်းအိုင်တွေ ဘာတွေထဲမှာပေါက်တဲ့ ကြာကိုများပြောသလား ထင်တာ ပဲ ဘဘ"

"ငါ့တပည့် အတွေးမဆိုးပါဘူး၊ ကဲ တောင်ကြာကလည်း ဟုတ်တယ်ပဲ ထားလိုက်တော့။ လိပ်ခေါင်းကကော လူကထွက်တဲ့ လိပ်ခေါင်းလား မင်းတို့ ပြောတဲ့ အကောင်လိပ်ရဲ့ ခေါင်းလား၊ အဲဒါကို ဘယ်လို ဆုံးဖြတ်ကြမလဲ"

"စောစောက ဘဘပြောသလို လူက ရောဂါကြောင့်ထွက်တဲ့ လိပ်ခေါင်း ဆိုရင်တော့ ရဖို့ခက်လိမ့်မယ် ထင်ပါတယ် ဘဘ"

"ဟဲ ဟဲ အေးလေကွယ်၊ အဲသလို ခက်လို့လည်း ရှေးရှေး ပညာရှင်တွေက ယလေးလုံးရှောင်၊ အိုတောင် မဆင်းရဲလို့ အဆိုအမိန့်ထားခဲ့ကြတာပဲ"

"ဘယ်လို ယလေးလုံးလဲ ဘဘ၊ အမိန့်ရှိပါဦး"

သူတော်ငတေ ပြောစကားမှန်သမျှ အကုန်သိချင်နေသော ကျောင်းသား တစ်ယောက်က ဝင်မေးပြန်၏။

"ယလေးလုံး ဆိုတာက နံပါတ်တစ် စောစောက မင်းတို့ပြောတဲ့ ပီယတဲ့၊ နံပါတ်နှစ်က ဘူမိယ"

"ဘူမိယဆိုတာ ဘာကို ပြောတာလဲ ဘဘ"

"ဘူမိယ ဆိုတာ ဥစ္စာစောင့်သိုက်တို့ဘာတို့ ရှိန်းရှိန်းနဲ့ ဟိုဘုရားဖျက် သွားတူး၊ ဟိုတောင်ဝို့ သွားပေါက် လုပ်နေတဲ့ သိုက်စာရှုးတွေပေါ့ကွယ်။ နံပါတ် သုံးကတော့ အဂ္ဂိရတ်တွေ၊ အဲဒီထဲ ဘဘလည်း ပါတာပေါ့နော်။ ရသမျှ ကုန်နေ တာသာ ကြည့်တော့ ဟဲ ဟဲ"

"နံပါတ်လေးကကော ဘဘ"

"နံပါတ်လေးကတော့ ဣတ္ထိယတဲ့ကွယ်"

"ဣတ္ထိယဆိုတာ ဘာပြောတာလဲ ဘဘ"

စောစောက အမေးအမြန်းထူသော ကျောင်းသားက ဝင်မေးပြန်၏။

"ဟိုက် သောက်ကျိုးနည်းမှပဲ၊ ဘုန်းကြီးကျောင်းသား ဖြစ်နေပြီး ဣတ္ထိယ တောင် နင် မသိဘူး"

"ဟုတ်ကဲ့ပါ ဘဘ၊ မသိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ငါ့ကို မမေးနဲ့၊ ညနေ ထမင်းစားပြန်မှ နင့်အမေကို မေး"

သူတော်စောင်၏ စကားကို ကျောင်းသားများ အားလုံးက ဝိုင်းရယ်ကြ ပြန်သည်။ အရယ်ရပ်သွားကြပြီးမှ ကျောင်းသားကြီးတစ်ယောက်က-

"အဘပြောသလိုဆို ပီယမျက်ချစ်ဆေးဆိုတာ မရှိဘူးလို့ ဆိုလိုတာလား ဘဘ"

"ဟာ ဘယ်နှယ်ပြောပါလိမ့်၊ သိပ်ရှိတာပေါ့ကွယ်"

"အဲဒါဆို ပြောပါဦး ဘဘ"

"အေး လောကီနည်း ပီယဆေးစာတွေတော့ ဘဘ ပြောခဲ့ပြီ၊ မင်းတို့ လည်း ဖော်မရ ဘဘလည်း မသိဘူး။ လောကုတ္တရာနည်း ပီယဆေးတွေက တော့ တို့ဘုန်းဘုန်း ဦးပဥ္စင်း၊ ကိုရင်တွေဆီမှာ ပေါပေါများ"

"ဗျာ ပီယဆေးနဲ့ ဘုန်းကြီးရဟန်းတွေနဲ့ ဘာဆိုင်လဲ ဘဘရာ"

"သိပ်ဆိုင်တာပေါ့ကွယ်၊ ဘဘအထင်ပြောရရင် ပီယဆေး မတတ်တဲ့ ဘုန်းကြီး ရဟန်းရယ်လို့ ဘဘတို့ဆီ မရှိသလောက်ထင်တာဘဲ။ စာများများ တတ်လေ၊ အဲဒီဘုန်းဘုန်းဟာ ပီယဆေးစွမ်းလေပဲ။ မင်းတို့ကို ရှင်းအောင် ပြောရမယ်ဆိုရင် ခုတို့ကျောင်းက ဆရာတော်ဟာ ဦးပဥ္စင်းတွေနဲ့ ကိုရင်သာမြည် တို့ကို တစ်မိုးတွင်းလုံး ပီယဆေးတွေ သင်နေတာ ဘဘ ကြားနေရတာပဲ"

"ဟာ ဘဘကလည်း မဟုတ်တာ၊ မိုးတွင်းက ဦးပဥ္စင်း ကိုရင်တွေကို ဆရာတော် စာချနေတာ သဒ္ဒါကြီးပါ ဘဘ၊ ပီယဆေးသင်တာ မဟုတ်ပါဘူး"

"ဟဲ ဟဲ၊ အဲဒီ ဆရာတော်သင်ပေးနေတဲ့ သဒ္ဒါကြီး ဆိုတဲ့ ကျမ်းထဲမှာ မင်းတို့ လိုချင်လှချေရဲ့ဆိုတဲ့ ပီယဆေးတွေ ပေါမှပေါ မောင်တို့ရယ်၊ မင်းတို့ကြား ဖူးကြမလား မသိဘူး၊ ငါပြောတာ မယုံရင် ဦးပဥ္စင်းနဲ့ ကိုရင်သာမြည်တို့ကို မေးကြည့်။ သဒ္ဒါကြီးထဲမှာ တောမိရုပ်ဆိုတာ ရှိတယ်၊ ဟိုးရှေးရှေးတုန်းက ကိုရင်လေးတစ်ပါးဟာ အဲဒီ တောမိရုပ်ကို ခု မင်းတို့ ငါ့ဆီမှာ ဇာဒင်တွက်သလို ပေါ့၊ သင်ပုန်းကြီးနဲ့ ကံ့ကူဆံနဲ့ ဆရာတော်ကြီးအနားမှာ တောမိရုပ်တွက်နေသတဲ့။

အခေါက်ခေါက်အခါခါ တွက်လိုက်၊ ဖျက်လိုက်ဆိုတော့ ကံ့ကူဆံက ထွက်တဲ့ ကံ့ကူမှုန့်တွေ၊ မီးသွေးသင်ပုန်းက ထွက်တဲ့ သင်ပုန်းချေးတွေကလည်း ကိုရင်လေးလက်မှာ ပေကျံနေတာပေါ့။ အဲဒါနဲ့ ဒကာမလေး အဖွားတစ်ယောက် က ကျောင်းကို ဆွမ်းလာပို့တယ်။ အဲဒီတော့ ဘုန်းကြီးက 'ဟဲ့ ကိုရင်၊ ဒကာ မလေး ဆွမ်းအုပ် လှယ်ပေးလိုက်' လို့ မိန့်လိုက်တယ်၊ တောမိရုပ်တွက်နေတဲ့ ကိုရင်လေးက ကမန်းကတန်း ဆွမ်းအုပ် ထလှယ်ပေးလိုက်တယ်။ သူစိတ်က





တော့ တောမိရုပ်ဆီကိုပဲ ရောက်နေတော့ ဟင်းခွက်တွေကို မဆေးမိဘဲ ဒကာမ လေးကို သွားပေးတယ်တဲ့။ ဒီတော့ ဒကာမလေးက ကိုရင်လေးမျက်နှာကိုပဲ တစိမ့်စိမ့်ကြည့်ပြီး ထိုင်နေရာက မထတော့ဘူး။ ကိုရင်လေးကတော့ မသိရှာဘူး၊ သူတွက်လက်စ တောမိရုပ်ကိုပဲ ဆက်တွက်နေတယ်။ ဒကာမလေးဟာ တောမိရုပ် တွက်နေတဲ့ ကိုရင်လေးမျက်နှာပဲ ထိုင်ကြည့်ပြီး ပီတိဖြစ်နေတာ မြင်တော့ အဲဒီအခါမှ ဆရာတော်ကြီးကလည်း ရိပ်မိသွားတယ်တဲ့။ တောမိရုပ်အခေါက် တစ်ထောင်လောက် တွက်ထားတဲ့ ကံ့ကူချေး သင်ပုန်းချေးတွေက ဒကာမလေး ဆွမ်းဟင်း ပန်းကန်တွေကို ပေကျံသွားတော့ ဒကာမလေးက ကိုရင်လေးကို ချက်ချင်း ချစ်ကြိုက်သွားတာ။ အဲဒါ ဆရာတော်က သဘောပေါက်လိုက်တော့ တဲ့ ကိုရင်၊ နင့်ဟာ မှဟုတ်သေးပါဘူး၊ ဒကာမလေးရဲ့ ဆွမ်းဟင်းခွက်တွေကို င်ကြယ်အောင် ဆေးကြောပေးလိုက်စမ်း' လို့ မိန့်လိုက်ရတယ်။ ကိုရင်လေး ဆွမ်းဟင်းခွက်တွေကို ဆေးကြောပေးလိုက်တော့မှ ဒကာမလေးလည်း ရှက်ရှက် ထပြန်သွားတယ်တဲ့။ ဟင်းခွက်တွေကို ပေကျံနေရုံနဲ့တောင် ဒီလိုဖြစ်ရတယ် ဆိုရင် အဲဒီ တောမိရုပ်တစ်ထောင် တွက်ထားတဲ့ သင်ပုန်းချေး၊ ကံ့ကူချေးတွေ များ လူကိုသာ တို့လိုက်မယ်ဆိုရင် ဘယ်လို ဖြစ်သွားမလဲဆိုတာ မင်းတို့ ဉ်းစားသာကြည့်ကြတော့။ ဘုန်းကြီးရဟန်းတွေဟာ တရားရှိကြ၊ ကျင့်ကြံ အား ထုတ်နေကြလို့ပေါ့။

အဲဒါကြောင့် စာဆိုကြီး ဦးပုညကတောင် ဘုန်းကြီးကြိုက်၊ မင်းကြိုက်၊ ဘလသားများနဲ့ လားလားမှ မထိုက်တဲ့ ဗျာဆံဝိုက် ဗျာဆံခါ အပျိုတွေလာ နှန်းလို့ ဆရာတော် ကျောင်းပေါ်က ကြိမ်ဆော်ပြီး ချရတယ်ဆို မဟုတ်လား"

"ဘဘ ပြောသလိုဆို ကျွန်တော်တို့လည်း ပီယဆေးရဖို့ တောမိရုပ် တွက်ရ သို ဖြစ်နေပြီ"

"လိုချင်ရင် တွက်ကြပေါ့ကွ၊ ရှင်မဟာကစ္စည်း ရေးသားပြုစုခဲ့တဲ့ သဒ္ဒါကြီး ထဲမှာ ပီယဆေးသာ မဟုတ်ဘူး၊ တခြား ဆေးနည်းတွေလည်း အများကြီးပဲ။ အဝသုဿတု မေသရီ ရေ မိသလောဟိတံ ဆိုတဲ့ သဒ္ဒါပုဒ်က သွေးတိတ်တဲ့ ဆေးပဲ။ တစ်ခုခုဖြစ်လို့ ကိုယ်က သွေးမတိတ်ရင် အဲဒီ အဝသုဿတု မေသာ တ်လိုက်၊ အခေါက်တစ်ထောင်မပြည့်မီ သွေးတိတ်သွားလိမ့်မယ်။ ခု ဝေယံလင်း ဖို့အဖေ ဟိုတုတ်ယောင်ကား ဆေးဆရာတောင် လူကို ဝင်ပူးနေတဲ့ သရဲတစ္ဆေ တွေ ထွက်မပြေးနိုင်အောင် ဘာနဲ့ ချုပ်ပြီး နင်ဘယ်လူလဲ ဘယ်ဝါလဲ မေးတာ ဘာနဲ့လုပ်လဲ မင်းတို့ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး ဘဘ"

"အထွေအထူး ဘာမှ မဟုတ်ဘူး၊ ဘုန်းကြီး ရဟန်းတွေ ဝါဆိုဝါ
လုပ်တဲ့အခါ ရွတ်တဲ့ ကမ္မဝါစာ ဝိဟာရေ ကမ္မ တေမာသံ ဝသံ ဥပေမိ ဆို
ဂါထာခေါ် မလား အဲဒါနဲ့ ချုပ်ထားပြီး မေးစစ်တာဗျ။ ခု မင်းတို့ သင်ထားကြ
ပရိတ်ကြီးတွေထဲမှာလည်း သိထားရင် ဆေးတွေ အများကြီးပဲ။ ဟို ခက်အာ
လို့ ရှင်ဖျက် ဓဇဂ်၊ လူဖျက် အရက်၊ ဓားဖျက် ဝါးမျက် ဆိုတာ ကြားဖူးကြတ
မဟုတ်လား"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ် ဘဘ"

"ခက်အားကြီးလို့ ကိုရင်တွေ လူထွက်ပြေးကြတယ်ဆိုတဲ့ ဓဇဂ္ဂသု
ထဲမှာလည်း ဆေးနည်းတွေ အများကြီးပဲ။ ကိုရင်လေးတစ်ပါး ဓဇဂ္ဂသုတ် ရွ
ရင်း မျက်စိမှိတ် စကြံလျှောက်ကျက်နေတာ ခြေတံရှည်ကျောင်းပေါ်က လိ
လိုက်တာ ဦးစောက်ပြောင်းပြန် သက်န်းတွေဘာတွေ အကုန် လန်နေမှာ
အောက်ကိုရောက်တော့ ကိုရင်လေး ဘာမှမဖြစ်ဘူး မတ်တတ်ကလေး
ကောင်းလိုက်တဲ့ ဂါထာ၊ အန္တလိက္ခေပိပါကိနော၊ ပတိဋ္ဌ မဓိဂစ္ဆန္တိ၊ ဘူမိယံပ
သဓ္ဓာတာ တဲ့ဗျာ။ သဗ္ဗကြီးမှာရော ပရိတ်ကြီးမှာပါ သိသာသိရင် ဆေးနည်
တွေ ပြောမကုန်နိုင်လောက်အောင်ပါဘဲ မောင်တို့ရယ်။

တောရှုဂ်သုတ် ကြည့်ဦးမလား။ ဘာဝိတာ၊ ဗဟုလီကတာ- ကြိမ်ဖန်မျ
စွာသော ပွားများထားမယ် ဆိုရင် ဩသဓွေ ကမ္မမန္တ တဲ့။ နတ်ဆေး၊ နတ်မန္တ
ထက်တောင် အစွမ်းထက်တယ်။ ဝဋ္ဋသုတ်ကျပြန်တော့လည်း ကပ္ပဌာ
မဟာတေဇ တဲ့။ တစ်ကမ္ဘာပတ်လုံး တည်တဲ့ အာနုဘော်ရှိတဲ့ အဆောင်ကော
တွေ၊ ဘုရားဆေးတွေ၊ မင်းတို့ ကျက်မှတ်ထားကြတဲ့ ပရိတ်ကြီး ဆယ့်တစ်သု
ဆိုတာ စွမ်းတာလည်း မပြောနဲ့၊ အားလုံး နိကာယ်ငါးရပ် ပိဋကတ်သုံးပုံထဲ
မြတ်ဗုဒ္ဓရဲ့ ရွှေနှုတ်တော်က ထုတ်ဟလိုက်တဲ့ ဆေးဝါးတွေချည်းပဲ။

အဲဒါကို ပိဋကတ် နှံ့စပ်တဲ့ ဆရာတော်တွေက လူတွေ အကျိုးရှိအော
ကောက်နုတ်ရွေးထုတ်ပြီး လူတွေအတွက် ဆေးတွေထားခဲ့ကြတာ၊ မန္တန်
ပေးခဲ့ကြတာ။ အဲဒါကြောင့် ပရိတ်ကြီးထဲမှာလည်း ဆေးတွေ သုံးမကုန်အော
ရှိတာ၊ အရင်တစ်ခါ ဟိုကောင်မကိစ္စတုန်းကလည်း မင်းတို့က ငါ့ကို မေးတ
မင်းတို့ကို မနက်ခ တစ်ခါမှ မခြောက်ပါလားတဲ့။ နေ့တိုင်း ဘုရားရှိခိုး ပရိ
ရွတ်နေတဲ့ မင်းတို့ကို မနက်မ မိစ္ဆာမက ခြောက်ရဲဖို့ နေနေသာသာ မင်းတို
တွေ့ရမှာတောင် သူ့ခမျာ ကြောက်လွန်းလို့ ဝေးဝေးက ရှောင်ရှောင် ပြေးနေ





တာ။ အဲဒါကြောင့် ရုပ်မှာရှာမှာ တစ္ဆေခြောက်ခံရတယ်ဆိုရင် အဲဒီလူ ကြပ်ကြပ်
သတိထားတော့၊ ယုတ်ညံ့တဲ့ မိစ္ဆာတွေဆီမှာတောင် အခြောက်ခံရတယ်ဆိုရင်
သူ ဘယ်အဆင့် ရောက်နေမလဲ တွေးကြည့်ကြ။ ခွေးတွေဟာ တစ္ဆေသရဲတွေကို
မြင်ရတယ်ဆို မဟုတ်လား။ မြင်ရမှာပေါ့ အပါယ်ဘုံသား အချင်းချင်းကိုး။
အဲ လူက အပါယ်ဘုံသားကို၊ တစ္ဆေသရဲတွေကို မြင်ရတယ်၊ အခြောက်ခံရတယ်
ဆိုရင် အဲဒီလူလည်း အပါယ်ဘုံနဲ့ နီးနေပြီသာ မှတ်ပေတော့"

"ဒါနဲ့ ဘဘ၊ ပရိတ်ကြီးထဲက ဝိယဆေးနည်းလေးကိုလည်း ကျွန်တော်တို့
ကို ပြောပြပါဦး"

"ခတ်လိုက်တာ၊ တည့်တည့်ပြောတာတောင် မင်းတဲ့ သဘောမပေါက်
သေးဘဲတိုး။ ပရိတ်ကြီးထဲက ဝိယဆေးဟာ မေတ္တသုတ်ပဲကွယ့်၊ မင်းတို့ ချစ်စေ
ချင်တဲ့ ကောင်မလေး မျက်နှာကို မြင်အောင်ကြည့်ပြီး မေတ္တသုတ်သာ ပွားများ
ရွတ်၊ မင်းတို့ကို အဲဒီကောင်မလေး ကြိုက်လာ ချစ်လာပါလိမ့်မယ်၊ ဝိယဆေး
ဆိုတာ မေတ္တသုတ်ပဲကွယ့်"

"ဒါနဲ့ နေပါဦး ဘဘ၊ သိကြားမင်းကို ဘဘ မိုးကြိုးပစ်ခိုင်းလိုက်တဲ့ အဲဒီ
မနက်မသရဲ ခု ဘယ်ရောက်သွားပြီလဲ၊ သေသွားပြီလား"

ကျောင်းသားကြီး တစ်ယောက်က စကားအဖျင်မပြတ် ပြောနေသော
သုတော်ငတေကို ဖောက်မေးပြန်သည်။

"မသေသေးဘူးကွ၊ ခြေထောက်တစ်ဖက်တော့ ဆာတာဆာတာ ဖြစ်သွား
တယ်။ အဲဒါလည်း သူ့အတွက် ပိုပြီး ကောင်းသလို ဖြစ်သွားတော့ တစ်နေ့က
ငါနဲ့ လမ်းမှာတွေ့လို့ ကောင်မက ငါ့ကို ကျေးဇူးတင်လွန်းလို့ဆိုပြီး ထိုင်ထောင်
ကန်တော့သွားပါပကောလား"

"ဟင် ဘဘက မိုးကြိုးစက်ကွင်းကို ဆင်လိုက်လို့ သူ့ပြပင်ကြီး မိုးကြိုးပစ်ခံ
တာ၊ ခြေထောက်တစ်ဖက် ဆာသွားတာတောင် ဘဘကို ကျေးဇူးတင်ပြီး ထိုင်
ကန်တော့သွားသေးတယ်။ အဲဒါ ဘယ်လိုဖြစ်လို့လဲ"

"ဟကောင်ရ စောစောက ဘဘ ပြောပါပကောလား၊ မိုးကြိုးပစ်ခံလိုက်
ရလို့ ခြေထောက်တစ်ဖက် ဆာသွားတာ သူ့အတွက် သိပ်ကောင်းသွားတာပါ
ဆို"

"ဘယ်လို ကောင်းသွားလို့လဲ ဘဘ"

"သူ့အတွက် ကောင်းသွားတာက ဒီလိုကွယ့်။ သူနေတဲ့ ပြုပင်ကြီးကို ငါက
အမြင်တတ်ကတ်နဲ့ မိုးကြိုးစက်ကွင်းဆင်လိုက်တော့ သူမှာ နေထိုင်စရာလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ ခြေထောက်တစ်ဖက်တလည်း ဆာတာဆာတာနဲ့ တငိုငို တရယ်ရယ်နဲ့ လျှောက်သွားနေတာကို မင်းရွှာ အလယ်တောင်မှာနေတဲ့ တောင်မင်းပြိတ္တာကြီးက မဲနက်မကို သနားလှချေရဲ့၊ ဒီ အကျိုးမကို ငါမှ လုပ်မကျွေးရင် ဒုက္ခကြီးတော့မှာပဲဆိုပြီး တောင်ပိုင်ကြီးကတော် တင်မြှောက်ပြီး ကောက်ယူထားလိုက်ပါလေကော"

သူတော်ငတေ အကောင်းပြောနေရာက ဇောက်လာပြီကို သိသဖြင့် ကျောင်းသားကြီးတွေက ဝိုင်းရယ်ကြပြန်သည်။

"ဟေ့ကောင်တွေ၊ ငါ အကောင်းပြောနေတာ မရယ်ကြနဲ့၊ ပုထုဇန် တို့မှု ပုဂ္ဂိုလ် များလှုဗိုလ်တို့ မလိုမကောင်း လိုလျှင်ကောင်း၏။ အပေါင်းအသင်း ဖို့အို ဖြစ်လည်း မချစ်မလှ ချစ်ရင် လှတယ်တဲ့၊ ဒီ အကျိုးမ ခုန်ဆွခုန်ဆွ သွားနေတာကို ဟိုပြိတ္တာကြီးက သူ့မျက်စိထဲ သနားစရာ ချစ်စရာ မြင်လားမှ မသိတာ၊ အဲဒါကြောင့် ကောက်ယူလိုက်တာနေမှာပေါ့၊ ဒီနေ့ မင်းတို့နဲ့ ပြောရတဲ့ စကားတွေတလည်း ပရိတ်ကြီး သဒ္ဒါကြီးတွေထဲက ပီယဆေးအကြောင်းနဲ့ ဘယ်က ဘယ်လို အချစ်အကြောင်း ရောက်သွားပြန်ပါလိမ့်၊ တော်လောက်ပြီနဲ့ တူတယ်"

"အစောကြီး ရှိပါသေးတယ်၊ ပြောပါဦး ဘဘ"

"ပြောဆို တို့ပီယဆေးက စတဲ့ ကိစ္စဆိုတော့ သဒ္ဒါကြီးထဲမှာ နောက်ပီယဆေးတစ်ဂါထာ ရှိသေးတယ်ကွ၊ ငါသိတာ ပြောတာနော်၊ နောတ် ဘဘ မသိတာတွေ ဘယ်လောက်ရှိနေဦးမယ် မသိသေးဘူး၊ မင်းတို့ကို ငါ အရင်တစ်ခါလူကို နွားတိုက်ပွဲလုပ်ပြအပြီးမှာ ဝါးခြမ်းပြား နှစ်ပြားကို သူ့အလိုလို ဖူးလိုက်ခွာလိုက် လုပ်ပြခဲ့သေးတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

(သူတော်ငတေ၏ နွားတိုက်ပွဲ အကျယ်ကို သိလိုမူ သူတော်ငတေစာအုပ်တွင်ရှု)

"အဲဒါလည်း ပီယဆေးဂါထာနဲ့ ဖူးပြခွာပြလိုက်တာပဲ မောင်တို့ရေ"

"အဲဒီ ပီယဆေးလည်း ပြောပါဦး ဘဘ"

"ကိုရင်သာဖြည့်တိုသာ မေးကြည့်တော့ကွာ၊ သဒ္ဒါကြီးထဲက နယေပရံ ယုတ္တေ ဆိုတာ သဒ္ဒါရုပ်တွက်တဲ့ပုဒ်ဝါ၊ ယုတ္တေ- ယှဉ်သင့်ယှဉ်အပ်သည်ရှိသော၊ ပရံ - နောက်အက္ခရာသို့၊ နယေ - ဆောင်ရာတပ်ရာ၏ တဲ့ဗျ၊ အဲဒါလည်း ပီယဆေးပဲ၊ ဝါပြောမယ် မင်းတို့လိုချင်တဲ့ မိန်းကလေးရဲ့ လက်ကိုကိုင်ပြီး နယေ





ပရံ ယုတ္တေတို့ နာနာရွတ်"

"ဟာ. . . ဘဘတလည်း သူ့ကို လက်ဆွဲရပ့ါမလားလို့ ပါးရိုက်ရင်ကော ဘဘ"

"နင့်အမေတလွှားမှပဲ၊ ခံလိုက်ပေါ့ဟာ။ အဲဒါကြောင့် နင်တို့ပြောရတာ ကျွဲပါးစောင်းတီးပါလား၊ ဘယ်နှစ်ချက် ရိုက်နိုင်မလဲ၊ ကောင်မလေးတွေ လက်က နုနုလေးရယ်၊ မသာတာ ဆယ်ချက် ဆယ့်ငါးချက်ပေါ့၊ အဲဒါမှ 'ဟင် ငါ ပါးဆယ်ချက်၊ ဆယ့်ငါးချက် ရိုက်တာတောင် တစ်ချက်ကလေးမှ ပြန်မလုပ်ရှာဘူး၊ ငါ့အနှံ့အတာ ခံရှာလိုက်တာ' ဆိုပြီး သနားချစ် ချစ်သွားမှာပေါ့ဟာ၊ ဟိုအကျိုးမကို အလယ်တောင်က ပြိတ္တာကြီး သနားချစ်နဲ့ ကောက်ယူသွားသလိုပေါ့"

ဤတစ်ခါလည်း သူတို့ဆရာ ငတေ၏ စကားလုံးများကို ကျောင်းသားများမှာ တဝါးဝါးနှင့် မွဲတျသွားကြပြန်လေသတည်း။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com






ကျွန်ုပ်တို့ရွာနှင့် လယ်ကွင်းကြီးတစ်ကွင်းသာ ခြားနေသော ကညင်စုယာတဲတွင် နွေတစ်ညဉ့် အသုဘာတစ်ခု ဖြစ်သည်။ သေသွားသူမှာ မုဆိုးမ ဒေါ်ထားခဲ၏သား မောင်အောင်ပွင့် ဖြစ်၏။ သူသည် နေမွန်းစောင်းကြီးလောက်တွင် တောထဲ ထင်းသွားတိုက်သည်။ အပြန်တွင် မူလွန်းအိုက်လွန်းသည်ဟု ဆိုပြီး ချောင်းထဲ ရေဆင်းချိုးသည်။ ညကျွလျှင် အပြင်းဖျားပြီး ရုတ်တရက် သေဆုံးသွား၏။

လူပျိုကာလသား မောင်အောင်ပွင့်နှင့် သူတော်စေတတို့မှာ ဆွေမျိုးနီးစပ်တော်ကြသည်။ ထို့ကြောင့်လည်း မောင်အောင်ပွင့် အလောင်းရှိရာ ယာတဲထဲသို့ ညအခါ သူတော်စေတ ရောက်လာသည်။ မောင်အောင်ပွင့်၏ အမေ သူ့နှမတော်သူအား မောင်အောင်ပွင့် သေဆုံးရသည်နှင့် ပတ်သက်၍ သတင်းမေး၊ အသုဘရှုရန် လာခြင်း ဖြစ်ပေမည်။

မောင်အောင်ပွင့်အသုဘသို့ သူတော်စေတ ရောက်လာချိန်မှာ ည ခုနစ်နာရီကျော် ရှစ်နာရီခန့် ဖြစ်သည်။ မောင်အောင်ပွင့်၏ အလောင်းကို တောထုံးစံအတိုင်း ရွာထဲသို့လည်း အသွင်းမခံကြသဖြင့် ယာတဲ၌ပင် အလောင်းပြင်ထားကြသည်။

မောင်အောင်ပွင့်အလောင်းနားတွင် ဆီမီးခွက်လေး တစ်လုံးသာ မှိတ်တုတ်မှိတ်တုတ် ထွန်းထားပြီး ရွာသားကြီး သုံးလေးယောက်က အာလာပသလ္လာပ ဆိုင်ပြောနေကြသည်။ ထိုရွာသားကြီး သုံးလေးယောက်ထဲတွင် ဦးကြောပန်းဆိုသူ လျှပ်ပြန်တော် ပဒ္ဒင်းလုထွက်တစ်ယောက်လည်း ပါသည်။ ဦးကြောပန်းမှာ ရပ်ရွာ၌ တတတ်ပေတတ်ဟု သတ်မှတ်ခံထားရသူ ဖြစ်၏။ ထို့ကြောင့်လည်း ဦးကြောပန်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘယ်အသုဘဖြစ်ဖြစ် အမြဲလိုလို ခေါင်းရင်းခန်းထိုင်၍ တရားဓမ္မနှင့် ပတ်သက်သည်များကို ပြောဆိုနေကျ ဖြစ်သည်။ ယခုလည်း သူ့ထုံးစံအတိုင်း ကျွန်ရွာသား နှစ်ယောက်သုံးယောက်အား အာပေါင်အာရင်းသန်သန်နှင့် သေခြင်းတရားနှင့် ပတ်သက်သော သံဝေဂရဖွယ် တရားစကားများကို ပြောဆိုနေသေးသည်။

အထူးသဖြင့် ယခု သေဆုံးသွားသူ မောင်အောင်ပွင့်မှာ လူပျိုကာလသားအရွယ်ကောင်းအချိန်တွင် သေဆုံးရခြင်းဖြစ်သဖြင့် မြေမဆည်နိုင်ဖြစ်နေရှာသော မုဆိုးမဒေါ်ထားကို ဦးကြာပန်းက တရားချစကား ဆိုနေသည်။

"မထားရွှေ့ လူတွေအားလုံးဟာ သေမျိုးချည်းပဲဟ။ ဇာတိဖြစ်လာရင် ဇရာမရဏဆိုတာ မြေကြီးလက်ခတ်မလွဲ တွေ့ကြုံရမှာ မမွှတာပါ။ သေခြင်းနဲ့ . . ."

"ဒါ၊ ဒါကို ကျွန်မလည်း သိပါတယ် ကိုကြီးကြာပန်းရယ်၊ ဒါ. . . ဒါပေမယ့် ကျွန်မသားလေးက နုတုန်း ပျိုတုန်း ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ရုတ်တရက်ဆုံးပါးသွားတာ၊ ကျွန် . . . ကျွန်မ မဖြေနိုင်လွန်းလို့ပါ"

"ဟဲ့ မိထား၊ သေခြင်းတရားဆိုတာ ငယ်တယ် ကြီးတယ်ရယ် ဘယ်ဟုတ်မလဲဟ။ ကံကုန်ရင် လူတိုင်း သေကြရမှာပဲ၊ အမှည့်တဝင်းဝင်း အကင်းတဖြုတ်ဖြုတ်ဆို မဟုတ်ဘူးလားဟ။ သေခြင်းတရားဆိုတာ လေးမျိုးရှိတယ်။ ကံကုန်လို့ သေခြင်း၊ သက်တမ်းကုန်လို့ သေခြင်း။ အသက်ကံနှစ်ပါးကုန်လို့ သေ . . . သေအဲ . . ."

သူတော်ငတေ ယာထဲပေါ် တက်လာသည်ကို မြင်သဖြင့် ဦးကြာပန်းက တွန့်ဆိုင်းသွားလေသည်။ ဦးကြာပန်းနှင့် သူတော်ငတေတို့မှာ ငယ်စဉ်ကပင် သူငယ်ချင်းပါမည်း ဘုနှင့်ဘောက်ချည်းဖြစ်ကြရာ ဦးကြာပန်း၏ စကားကို ခြံဝကပင် ကြားနေရသော သူတော်ငတေကလည်း ထိုင်ပင်မထိုင်သေး-

"ဘာကံကုန်လို့ သေတာမှ မဟုတ်ဘူး၊ ကျုပ်ကြားတော့ ရေချိုးမှားလို့ သေတယ်ဆိုဗျ"

ဟု လှမ်းပြောလိုက်ရာ ဤသူတော် ခွစကား ပြောပြီဟု သိလိုက်သဖြင့် ဦးကြာပန်း ဒေါသဖြစ်သွား၏။ သို့သော် သေသူမှာ သူ့ဆွေမျိုး ဖြစ်နေသဖြင့် ဦးကြာပန်းက သူတော်ငတေကို အဖက်လုပ်ပြီး မပြောချင်သလို ခဏငြိမ်နေလိုက်သည်။

ထိုအခါ သူတော်ငတေက-





"မသာအိမ်လာပြီး တောပြောတောင်ပြော ဘာကံကုန်တာလဲ၊ ခု ကျုပ်တူ သေရတာ မသေသင့်ဘဲ သေရတာ။ မဆင်မခြင် ရေချိုးမှားလို့ သေတာ။ အမေလုပ်တဲ့သူကလည်း မဆုံးမ မညွှန်ပြတတ်ဘူး။ ကလေးက မသိလို့ နေပူထဲကလာပြီး ရေချိုးမှာကို ဟန့်တားပြောဆိုရမှန်း မသိဘူး။ နေပူထဲကလာပြီး ရေချိုးလိုက်တော့ အပူနဲ့အအေး ဆန့်ကျင်ဘက်ဖြစ်ပြီး သေတော့တာပေါ့။ လူရဲ့ခန္ဓာကိုယ် ဆိုတာကလည်း ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတာဗျ။ ခင်ဗျား ဘာပြောဦးမလဲ ကိုကြာပန်း"

"ကျုပ်က ဘာပြောလို့လဲ"

"ဟောဗျာ၊ စောစောကပဲ ကျုပ်တူ မောင်အောင်ပွင့်ကို ခင်ဗျားပဲ ကံကုန်လို့ သေတယ်ဆိုဗျ"

"မဟုတ်ဘူးလား၊ ကံမကုန်ဘဲ လူက ဘယ်လိုလုပ် သေမလဲ"

"ဟင်၊ စောစောက ခင်ဗျားပြောနေတဲ့ သေခြင်းတရား လေးပါးထဲမှာ ဥပစ္ဆေဒကကံ ဆိုတာ ဘယ်သွားထားမလဲ"

သူတော်ငတေ က ဦးကြာပန်းနားကို ဖင်ရွှေ့တိုးလာ၍ ဦးကြာပန်း မျက်နှာကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"သိပ်သိတာပေါ့၊ ဥပစ္ဆေဒကကံ ဆိုတာ အဲ့သလို ဥပစ္ဆေဒကကံနဲ့ကို သေရမယ့်လူမို့ သေကို သေရတာလေဗျာ ဦးသူတော်"

"ခင်ဗျား မသေမချင်း မှတ်ထား၊ ဥပစ္ဆေဒကကံ ဆိုတာ ဆင်ခြင်တတ်ရင် ရှောင်လွှဲလို့ရတယ်ဗျ"

"ဥပစ္ဆေဒကကံ ပါလာပါတယ် ဆိုတာ ဘယ်လို ရှောင်လွှဲမလဲ"

"နားထောင်လိုက်တာ၊ ဥပမာ ထဲ ခု ခင်ဗျားကို ကျုပ် ဓားနဲ့ ခုတ်မယ်၊ ခင်ဗျား အခုတ်ခံရင် သေမှာပဲ၊ အခုတ်မခံရင် သေမလား။ ကဲ ပြော၊ ဓားခုတ်ခံသေရတာ ဥပစ္ဆေဒကကံ မဟုတ်လား"

"ဒါ၊ ဒါ၊ ဦးသူတော် ကတ်ဖဲ့လုပ် ပြောတာပဲ၊ ကျုပ်ပြောတာက . . ."

"ကျုပ်က ကတ်ဖဲ့လုပ်ပြောတာ မဟုတ်ဘူး။ ခင်ဗျားသာ ကံတရားဆိုတာ ဘာမှန်းမသိဘဲနဲ့ တောပြောတောင်ပြော လူတွေကို လျှောက်ပြောနေတာ"

ဦးကြာပန်းက သူတော်ငတေနှင့် အဖက်လုပ်ပြောနေလျှင် စကားများရန်ဖြစ်ကြရသာ ရှိသည်ကို သိသဖြင့် တစ်ဆင့်လျှော့၍-

"ကျုပ်သိသလောက် ပြောဟောပြတဲ့ သဘောပါဗျာ၊ ဦးသူတော်လို့ ကျုပ်က စာပေကျမ်းဂန် မနှံ့စပ်တော့လည်း လွဲမှားတာ ပါကောင်းပါမှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု လေသံပျော့နှင့် ပြန်ပြောလိုက်၏။

"ဟဲ ဟဲ အဲသလို ဝန်ခံစမ်းပါ။ ခင်ဗျား တောပြောတောင်ပြော ပြော လာတာများပြီ။ မသာတိုင်း ခင်ဗျား စတားချည်းပဲ"

ဟု သူတော်ငတေက ဦးကြာပန်းကို တမင် ဒေါသဖြစ်အောင် စလိုက်ပြန်သည်။

ဤသည်တိုင်ပင် ဦးကြာပန်းကလည်း-

"ဦးသူတော် တမင် ကျုပ်ကို ဒေါသဖြစ်အောင် စနေတယ်ဆိုတာ ကျုပ် သိပါတယ်။ ကျုပ်ကတော့ ဘယ်သူ ဘာပဲပြောပြော ဒေါသမကြီးတတ်ပါဘူး။ ဒေါသကြီးတဲ့လူဟာ လောဘ မောဟကြီးပြီး အတ္တလည်း ကြီးတယ်။ အတ္တကြီး တဲ့ လူဟာ သေခြင်းတရားနဲ့ ရင်ဆိုင်တွေ့တဲ့အခါ အကြောက်လည်း ကြီးတတ် တယ်တဲ့ဗျ"

သူ ငယ်စဉ်က တေတေပေပေနှင့် ဒေါသကြီးခဲ့ကြောင်းကို ရည်ရွယ်ပြီး ဦးကြာပန်း ပြောနေမှန်း သိသော သူတော်ငတေက-

"ကိုကြာပန်း၊ ခင်ဗျားကတော့ သေခြင်းတရားကို မကြောက်ဘူးပေါ့နော်"

"လုံးဝ မကြောက်ဘူးရယ်လို့တော့ ဘယ်ဟုတ်မလဲ ဦးသူတော်ရယ်။ ကျုပ် လည်း ပုထုဇဉ်ပဲဗျ။ ကြောက်တော့ ကြောက်တာပေါ့။ ဒါပေမယ့် ကျုပ်က တော့ ဆင်ဆင်ခြင်ခြင်နဲ့ ကြောက်သင့်မှ ကြောက်တာ"

"ဟုတ်လား၊ ဒါဆို ခင်ဗျား ခု ကျုပ်တူ မသာအလောင်းကို မကြောက်ဘူး လား"

"မသာကို ဘာကြောက်စရာရှိလဲဗျာ၊ လူတိုင်း တစ်နေ့ကျ မသာဖြစ်ကြရ မှာပဲ"

"ဟုတ်လိုက်လေဗျာ၊ ဒါဆို ခင်ဗျား ဒီည မသာစောင့်အိပ်ပေါ့နော်"

"စောင့်အိပ်မလို့ လာတာပဲ"

"ကျေးဇူးပဲ ကိုကြာပန်းရယ်။ ကျုပ်ကလည်း ကျုပ်တူ့မသာက ရွာထဲလည်း အသွင်းမခံကြတော့ စောင့်အိပ်ပေးမယ့်လူမှ ရှိပါ့မလားလို့ မသာစောင့်အိပ်ပေး ရအောင်လာတာ၊ ခု ခင်ဗျား စောင့်အိပ်ပေးမယ်ဆိုတော့ ကျုပ်ပြန်မယ်"

"ဟာ ဦးသူတော်၊ လာလက်စနဲ့ မပြန်ပါနဲ့တော့။ ဦးကြာပန်းနဲ့ ဦးသူတော် တို့ ဒီညတော့ စောင့်အိပ်လိုက်ကြဗျာ။ နောက်ဖြန်ကျတော့ ကျုပ်တို့ တစ်လှည့် စောင့်ပါ့မယ်။ မနက်မှာ မင်းရွာကို ရေတွက်သွားရောင်းစရာရှိလို့ပါ။ ဒီညတော့ ကျုပ် ပြန်ပါရစေ"





ရေတွက်ရောင်းစရာ ရှိသည်ဆိုသော ဦးကောင်းလှက ပြောလိုက်သောအခါ သာစောင့်အိပ်ရန် လာကြရသော နောက်ရွာသားကြီး နှစ်ယောက်ကလည်း ခင်းတိုက်သွားရန်ရှိ၍ ပြန်ပါရစေ၊ ဤနေ့ညတွင် ဦးသူတော်နှင့် ဦးကြာပန်း သို့ပဲ စောင့်ကြပါ။ မနက်ဖြန်မှ သူတို့ စောင့်မည်ဟု ပြောပြီး ပြန်သွားကြသည်။

သည်လိုနှင့် မသာတဲ့ အသုဘယာတဲမှာ ရွာနှင့်လည်း အတန်လှမ်းနေ သလရာ သက်ကြီးခေါင်းချချိန် မရောက်တရောက်မှာပင် အသုဘသတင်းလာ မေးသူများမှာလည်း အလျှိုအလျှို ပြန်သွားကြသောအခါ မောင်အောင်ပွင့် အမေပါ ရွာထဲ ပြန်လိုက်သွားသဖြင့် မသာတဲမှာ ဦးကြာပန်းနှင့် သူတော်ငတေ တို့နှစ်ယောက်သာ ကျန်လိုက်ကြသည်။

ထိုအခါ သူတော်ငတေက-

"ကိုကြာပန်း၊ ခင်ဗျား လူသေအလောင်းတွေ ဘာတွေ ဖုတ်ဝင်တယ် ဆိုတာ ယုံလားဗျ"

ဟု မေး၏။

သူတော်ငတေ ဘာရည်ရွယ်ချက်နှင့် မေးပါလိမ့် ဟု စိတ်ထဲ ထင့်ခနဲတော့ ဖြစ်သွားလေ၏။ သို့သော် သူက မသာအလောင်းကို ကြောက်စရာ မဟုတ် ကြောင်းလည်း စောစောက ပြောထားလေရာ-

"အလကား ပေါက်ကရတွေ ပြောကြတာပါဗျာ။ လူသေအလောင်း ဖုတ်ဝင်တယ်ဆိုတာ ဘယ်လူမြင်ဖူးလို့လဲ"

ဟု ပြန်ပြောလိုက်၏။

"တချို့ကတော့ လူသေအလောင်းကို ကြောင်ကျော်ရင် ဖုတ်ဝင်တတ် တယ်လို့ ယုံကြည်ကြတယ်ဗျ။ အဲဒါကြောင့်လည်း ခု ခင်ဗျားနဲ့ ကျုပ် စောင့်အိပ် သလို မသာအလောင်းကို စောင့်အိပ်ကြတဲ့ အလေ့အထ ဖြစ်လာတယ်တဲ့ဗျ"

"အလကားပါ ဦးသူတော်ရာ၊ ကျုပ်တော့ မယုံပါဘူး"

"မယုံဘူးလို့ ကံသေကံမလည်း မပြောနဲ့ဦးဗျ။ ရှေ့တုန်းက လူတွေသေ ရင် ခေါင်းရန်းပန်း နီနီရဲရဲ ပန်ပေးလိုက်တာနဲ့ မသာက သူ့ဘာသာသူ သချိုင်းကို ထွက်သွားတယ်တဲ့။ ဟိုတုန်းက အဲဒီနည်းနဲ့ အသုဘချကြတာတဲ့ဗျာ။ ဟိုတုန်းက သေရင် သွားမြှုပ်တဲ့ အလေ့အထ မရှိဘူးတဲ့လေ"

"အလကား ပြောကြတာပါဗျာ မဖြစ်နိုင်ပါဘူး"

"ဟဲ ဟဲ၊ ကျုပ်က လက်တွေ့သမား ဆိုတော့ အမှန်တကယ် ဟုတ်မဟုတ် ခင်ဗျားနဲ့ကျုပ် ဒီည စမ်းကြည့်ကြရင် မကောင်းဘူးလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူတော်ငတေမှာ ပေါက်ကရ အင်မတန်လုပ်တတ်သူမို့ ဦးကြာပန်းမှာ ချက်ချင်း ကျောချမ်းသွားပြီး-

"ပေါက်ကရ မလုပ်စမ်းပါနဲ့ဗျာ၊ အတော်ကြာ ကျုပ်တို့ တရားခံ ဖြစ်နေ ပါဦးမယ်"

ဟု ကမန်းကတန်း ဟန့်တားလိုက်ရလေသည်။

ဤသည်ကို သူတော်ငတေကတော့ တဟဲဟဲ ရယ်နေလေ၏။

သည်လိုနှင့် ဦးကြာပန်းနှင့် သူတော်ငတေတို့သည် မောင်အောင်ပွင့် အလောင်းနားတွင် ဘယ်တစ်ယောက် ညာတစ်ယောက် ကျောချရင်း မသာ စောင့်နေကြသည်။ အချိန်မှာ သန်းခေါင်နီးပါးခန့် ရှိနေပြီဖြစ်ရာ ဦးကြာပန်းမှာ သူတော်ငတေ ပေါက်ကရ ထလုပ်မှာစိုး၍ သတိနှင့် နားစွင့်နေ၏။ သန်းခေါင် ကျော်သောအခါ ဦးကြာပန်း မှေးခနဲ မှေးဖြစ်သွားသည်။ ထိုအချိန်မှာပင် ဈေး တွေဖုံသံကြောင့် ဦးကြာပန်း လန့်နိုးလာ၏။

ဖျိုးဖျိုးဖျပ်ဖျပ် အသံကြား၍ မောင်အောင်ပွင့် အလောင်းစင်ဘက် လှည့် ကြည့်လိုက်ရာ မောင်အောင်ပွင့် အလောင်းမှာ ဖုံဖုံရောင်နေသလို အုပ်ထား သော စောင်ထဲမှ လက်တစ်ဖက် ထုတ်ကာ ယပ်ခတ်နေလေသည်။

ဦးကြာပန်းမှာ ချက်ချင်း ခေါင်းနားပန်းကြီးသွား၏။ ညဦးက လူသေ အလောင်း ဖုတ်ဝင်တာ ဟုတ်မဟုတ် ဇီည စမ်းကြည့်ရအောင်ဟုလည်း သူတော်ငတေက ပြောထားလေရာ သူတော်ငတေတော့ ပေါက်ကရလုပ်ပြီ ဟု ချက်ချင်း တစ်ကိုယ်လုံး ကြက်သီးထကာ ဈေးချွေးတွေ ပြန်လာ၏။

သူတော်ငတေသည် ယခင့်ယခင်က မည်သည့်အသုဘမျှ ရောက်မလာ ဘဲ ယခု မသာမှာမှ တူတော်သည်ကို အကြောင်းရှာပြီး ရောက်လာခြင်းမှာ ဆေးဝါးတစ်ခုခု ပြုလုပ်ရန် အကြံအစည်နှင့် လာခြင်းဖြစ်ရမည်ဟု တွေးပြီး မသာအလောင်းကောင်ဘက်ကို လှမ်းကြည့်လိုက်ပြန်ရာ မသာမှာ လက်တစ်ဖက် ထုတ်၍ ယပ်ခတ်နေသည်မှာ အမှန်ပင် ဖြစ်လေသည်။

သည်အတိုင်းဆိုလျှင် သူတော်ငတေ ဆေးစီရင်ထားသော မောင်အောင်ပွင့် အလောင်းမှာ သူလည်းပင်းကိုပင် လာညှစ်လေမလားဟု အကြောက်ကြီးကြောက် လာကာ ပြေးမှဖြစ်တော့မည်ဟု မသိမသာ ကုန်းထလိုက်ရာ မောင်အောင်ပွင့် မသာကလည်း ကုန်းထလာသည်။

'ဟိုက်' ဟူသော အာမေဍိတ်သံနှင့်အတူ ဦးကြာပန်း ယာထဲပေါ်က ချက်ချင်း ဆင်းပြေးလေသည်။ ဝုန်းစုန်းဒိုင်းဒိုင်း ကြမ်းခင်းကို ဖနောင့်ပေါက်လိုက်





သံနှင့်အတူ မသာအလောင်းကောင်ကြီးက သူနောက် ဆင်းလိုက်လာပလား ဟု နောက်ပြန်တစ်ချက် လှည့်ကြည့်လိုက်ရာ စောင်ခေါင်းမြီး ခြုံထားသော မောင်အောင်ပွင့် အလောင်းကောင်ကြီးမှာ အမှန်ပင် သူနောက် လိုက်လာ လေသည်။

"ကူကြပါဦးဗျို့၊ ကယ်ကြပါဦး၊ မောင်အောင်ပွင့်မသာ ငတေလုပ်လိုက် လို့ ဖုတ်ဝင်လာပြီး ကျုပ်နောက်ကို လိုက်လာနေပြီ၊ လုပ် လုပ်ကြပါဦး၊ ကယ်ကြ ပါဦး"

အော်လည်းအော် ပြေးလည်းပြေးနှင့် ဦးကြာပန်းသည် မောင်အောင်ပွင့် သာရှိရာ ကညင်စုမှ ကွင်းပြင်ကိုဖြတ်ကာ ယာတောင်ရွာဘက် အော်ပြေးလာ သည်။ ဦးကြာပန်း အော်ပြေးလာသံကို ကြားလိုက်ရသောအခါ ရွာသူရွာသား တွေမှာလည်း အထိတ်တလန့် နိုးလာကြပြီး ရွာက ပြေးထွက်ကြည့်ကြသည်။

"ကူကြပါဦးဗျိုး . . . ကယ်ကြပါဦး၊ မောင်အောင်ပွင့်မသာ ငတေလုပ် လိုက်လို့ ဖုတ်ဝင်လာပြီ၊ ကျုပ်နောက်ကို လိုက်လာနေပြီ ကယ်ကြပါဦး"

မောင်အောင်ပွင့် မသာရှိရာ ကညင်စုမှ လယ်ကွင်းကို ဖြတ်ပြေးလာသော ဦးကြာပန်းကို ရွာအစမှ ထွက်ကြည့်ကြသူများ ဝိုင်းဖမ်းချုပ်လိုက်ကြပြီး-

"ဟင် ဘယ်မှာလဲ၊ မောင်အောင်ပွင့်မသာ ဖုတ်ကောင်"

ဟု ဝိုင်းမေးကြရာ ဦးကြာပန်းသည် နောက်သို့ လှည့်ကြည့်ကာ-

"အမယ်လေး. . . လေး ဟို ဟိုမှာ မသာဖုတ်ကောင် လယ်ကွင်းထဲ ရပ်နေ တာ ခင် . . . ခင်ဗျားတို့ မမြင်ကြဘူးလား"

ဟု ဟောဟဲဆိုက်ကာ လက်ညှိုးထိုးပြပြီး ပြောလိုက်၏။

လူတွေအားလုံးမှာ-

"ဟိုက်၊ ဟာ တကယ်ပဲ တကယ်ပဲ"

ဟု ဝိုင်းအော်လိုက်ကြပြန်သည်။ လဆန်းကိုးရက်လ၏ လရောင်ပျပျထဲ တွင် တကယ်ဝင် လယ်ကွင်းထဲရှိ ကန်သင်းပေါ်တွင် မောင်အောင်ပွင့်မသာ ဖုတ်ကောင် ရပ်နေသည်ကို မြင်လိုက်ကြရသည်။

"ဟာ တကယ်ပဲဗျို့၊ တကယ်ပဲ၊ မောင်အောင်ပွင့် မသာဖုတ်ကောင် လယ်ကွင်းထဲမှာ ရပ်နေတယ်ဗျို့ . . . ဟိုမှာ၊ ဟိုမှာ"

အကြောက်ကြီးသော ရွာသားကြီးတစ်ယောက်၏ စကားမဆုံးမီပင်-

"ဘယ်မှာလဲဗျ၊ မောင်အောင်ပွင့်မသာ ဖုတ်ကောင်၊ ကျုပ်ပါဗျ"

ဟု သူတော်ငတေက ပြောလည်းပြော ရွာဘက်ကိုလည်း လျှောက်လာရာ



www.burmeseclassic.com

www.burmeseclassic.com



သူတော်ငတေအသံကို မှတ်မိသော ရွာလူကြီးတစ်ယောက်က-

"ဦးသူတော်၊ မလုပ်ကောင်းလုပ်ကောင်းမသိဗျာ၊ ဘာလို့ မသာရှိနေသည့် မဟုတ်တရုတ် လိုက်လုပ်နေတာလဲ"

ဟု မာန်သလို ပြောလိုက်၏။

"ကျုပ်က မဟုတ်တရုတ် လိုက်လုပ်တာ မဟုတ်ဘူး၊ ခင်ဗျားတို့ ဦးကြာ ပန်းက မသာတို့ မကြောက်ပါဘူးပြောလို့ ဒီလူ တကယ် ကြောက်မကြော ကျုပ် စမ်းကြည့်တာပါဗျာ။

ခု ဘယ်မှာလဲ ဦးကြာပန်း၊ ခင်ဗျား မကြောက်ဘူးဆိုဗျ။ ဆင်ခြင်ခြ ကြောက်ရတယ်ဆိုဗျ။ ခု ကျုပ် မောင်အောင်ပွင့် အလောင်းပေါ် တက်အိ ကမ္ဘာနှာန်းရှုပြီး ပူလို့ ယပ်ခတ်နေတာ ကြောက်စရာလားဗျ ဟဲဟဲ။ သူ့ရဲကော ကြီး အော်ပြေးလိုက်တာ ခုဆို ကျုပ်တူ မောင်အောင်ပွင့် အလောင်းကောင် တထ မှတ်ဝင်သွားပြီလား မသိဘူး၊ မြန်မြန် သွားကြည့်လိုက်မှဗျို့။ ဦးကြာပန်း လိုက် မလား မသာစောင့်လေ ဟား ဟား"

ဟု ပြောကာ သူတော်ငတေသည် သူ့တူ မောင်အောင်ပွင့်အလော ရှိရာ ကညင်စုသို့ ပြန်သွားလေသည်။

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

## သူတော်တေနှင့် ပိတုန်းတစ်ကောင်

တစ်နေ့ညဆီတွင် ယာတောင်ရွာတစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြသည်။ အချိန်မှာ ညကိုးနာရီကျော် ဆယ်နာရီခန့်တွင် ဖြစ်၏။

အကြောင်းရင်းမှာ ရာချီထောင်ချီပြီး ရွာထဲဝင်လာကြသော ပိတုန်းကောင်များက ရွာလမ်းရှိလူများကို လိုက်တုပ် လိုက်ထိုးနေကြသဖြင့် ဖြစ်သည်။ ဘယ်ကဘယ်လို ရောက်လာကြမှန်း မသိသော ပိတုန်းကောင်များကြောင့် တစ်ရွာလုံးမှာ တစ်ညလုံးလုံး ဆူဆူညံညံ ဖြစ်နေကြသည်။

ထူးဆန်းသည်မှာ ထိုပိတုန်းကောင်များသည် ရွာလမ်းမကို ထွက်လာသူ ဟူသမျှကိုသာ လိုက်တုပ် လိုက်ထိုးကြပြီး အိမ်ထဲ ဝင်ပြေးသူ၊ အိမ်ခြံထဲ ဝင်ပြေးသူများကိုတော့ လိုက်ထိုး လိုက်တုပ်ခြင်း မရှိကြပေ။ အိမ်ထဲ ခြံထဲကိုလည်း ဝင်မလိုက်လာကြ။ ရွာလမ်းမထဲ ထွက်လာသူ မှန်သမျှကိုသာ လိုက်ထိုး လိုက်တုပ်နေကြခြင်း ဖြစ်သည်။ သို့သော် အစကနဦး ဤသည်ကို ဘယ်သူမှ သတိမထားမိကြသေး။

ပိတုန်းတုပ်ခံရသူများမှာ ကာလသားများက အများဆုံး ဖြစ်သည်။ ပထမဦးဆုံး ပိတုန်းတုပ် စခံရသူမှာလည်း ကာလသား ထွန်းလှဦးဆိုသူ ဖြစ်သည်။ သူသည် ရပ်ခလေ့ရွာခလေ့အရ ကာလသမီးတစ်ယောက်ဆီ လူပျိုလှည့်သွားရန် အိမ်ကအထွက်၊ ရွာလမ်းမအရောက်၌ ပိတုန်းတုပ်ခံရခြင်း ဖြစ်သည်။ ပိတုန်းတုပ်ခံရကြောင်းနှင့် ရွာထဲ ပိတုန်းကောင်များ ရာချီထောင်ချီ ဝင်လာကြကြောင်းကိုလည်း ထွန်းလှဦးက အော်ပြောလိုက်ရာ ရွာရှိလူတွေမှာလည်း လန့်ဖျပ်နိုးကုန်ကြပြီး လမ်းမပေါ် ထွက်ကြည့်ကြသည်။ ထိုအခါ ရာချီထောင်ချီ လမ်းမပေါ် ပျံဝဲနေကြသော ပိတုန်းကောင်များသည် ရွာလမ်းသို့ ထွက်လာသူ မှန်သမျှ





သူများကို လိုက်တုပ် လိုက်ထိုးကြတော့သည်။

သည်လိုနှင့် တစ်ရွာလုံးမှာ အုန်းအုန်းကျွက်ကျွက် ဖြစ်ကုန်ကြ၏။

ဤနေရာတွင် အများဆုံး ပိတုန်းတုပ်ခံရသူများမှာ ကာလသားများ ဖြစ်ကြရခြင်း အကြောင်းရင်းမှာ သူတို့ဆီက ရပ်ခလေ့၊ ရွာခလေ့ တစ်ခုကြောင့် ဖြစ်သည်။ သူတို့ဆီက ရပ်ခလေ့၊ ရွာခလေ့ဟု ဆိုသော်လည်း ထိုအလေ့အထမှာ အချို့ပိတ်ပိတ် မြန်မာနိုင်ငံ နေရာအတော်များများတွင် ယခင်တုန်းက ကာလသားများ ကျင့်သုံးခဲ့ကြသော အောက်နှိုက်၊ အပေါ်နှိုက်ခေါ် လူပျိုများ အပျိုလှည့် နည်းတစ်ခု ဖြစ်သည်။

အရွယ်ရောက်လာသူ လူပျိုကာလသား တစ်ယောက်သည် အပျိုကာလသမီးတစ်ယောက်အား ချစ်ကြိုက်နေပါက ညလူခြေတိတ် သန်းခေါင်နီး လူကြီးများ အိပ်ချိန်တွင် သူကြိုက်နေသူ အပျိုရှိရာ အိမ်အောက် ခြေတံရှည်အိမ်ပဟုတ်လျှင် အပျိုအိပ်နေရာ ဘေးထရံ ခေါင်းရင်းနားသို့ အရောက်သွားရသည်။

ထိုသို့ မသွားမီ သူ ချစ်ကြိုက်နေသူ အပျိုမ၏ အိပ်ရာကို ဦးစွာ လေ့လာရသိထားရသည်။ အိပ်ရာကို သိပြီးလျှင် ထိုအပျိုမ အိပ်ရာအောက်က ဖျဉ်၊ ထရံသည် တစ်ခုခုကို မတိုးမကျယ် ခေါက်၍ အပျိုမကို နှိုးခေါ်ရသည်။ သူ့အိပ်ရာအောက်ဆီက ခေါက်သံ ခေါ်သံ ကြားရလျှင် အပျိုမကလည်း ချောင်းသံပေး၍ သူ နိုးပြီဖြစ်ကြောင်း၊ သူ့အိပ်ရာအောက် ရောက်လာသူ လူပျို ကာလသားအား ချောင်းဟန့် အသိပေး အသံပြုရသည်။

နိုးလျှင်နိုးချင်း အပျိုမက ထိုသို့ ချောင်းဟန့် အသံမပြုလျှင် သူ့အိပ်ရာအောက် ရောက်နေသူ ကာလသားက သူ မနိုးသေးဘူးအထင်နှင့် အောက်က အခေါက်ခေါက် ဆက်ခေါက်၍ ခေါ်နေလျှင် မိဘမောင်ဖွားများ နိုးသွားကာ အရှက်ရနိုင်လေသည်။ ထို့ကြောင့် အပျိုမကလည်း သူ့အိပ်ရာအောက်ဆီက အခေါက်ခေါက် လာခေါက်နေသံကို ကြားသည်နှင့် သူ နိုးပြီဖြစ်ကြောင်း ချောင်းဟန့်သံပေးရခြင်း ဖြစ်သည်။

အပေါ်မှ ချောင်းဟန့်သံကြားလျှင် လူပျိုလှည့်လာသူ ကာလသားကလည်း ဆက်မခေါက်တော့။ ထိုအခါ အပျိုမိန်းကလေးက ဘယ်လူဘယ်ဝါ ဖြစ်ကြောင်းကို မေးလေသည်။ ကာလသားကလည်း သူက မည်သူမည်ဝါ ဖြစ်ကြောင်း၊ ချစ်၍ကြိုက်၍ လာခဲ့ပါကြောင်း စတင် ပြောရသည်။ အပျိုမက သူ့အိပ်ရာအောက်ဘက်သို့ ရောက်ရှိနေသူမှာ မည်သူမည်ဝါဟု သိသွားပြီဖြစ်သဖြင့် အကယ်၍ မကြိုက်နှစ်သက်သူဖြစ်ပါက မိန်းမတို့၏ ဝရိယာယ်များနှင့် နေမကောင်း၍၊ အိပ်ချင်၍



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ခါတွင် ကောက်စိုက်၊ မျိုးနုတ် အလုပ်ရှိနေ၍ စသည် ဥပါယ်တံ
တစ်ခုခုနှင့် လုလင်ပျိုအား နှင်လွှတ်တတ်သည်။

သူ မကြိုက်ပါဘဲ ခြေတံရှည် သူ့အိမ်အောက် သို့မဟုတ် သူ့အိပ်ရာခေါင်း
ရင်း ထရံနား ရည်းစားစကား လာပြောနေသူကိုမူ နောက်ဆုံးမှာ သူ့မှာ ရည်း
ရှိနေပြီ ဖြစ်ကြောင်း အပြတ်ပြော၍ နှင်လွှတ်တတ်ကြသည်။

သူကိုယ်တိုင်က ချစ်ကြိုက်နေသူ လူပျိုကာလသားဖြစ်ပါက တစ်ည
မိုးလင်း ကြက်ဦးတွန်သည်အထိ ချစ်စကား ကြိုက်စကားများကို ညလုံးပေါ
မမောနိုင် မပန်းနိုင် ပြောဆိုနိုင်ကြသည်။ ဤသို့နှင့် ညဥ့်လူခြေတိတ်၍ ည
ညတိုင်းပင် သူ့အိပ်ရာအောက် ရောက်ရှိလာသော လုလင်ပျိုက ချစ်သူ
မြင်လည်း မမြင်ရ ညကြီးမင်းကြီး စကားသာ ပြောနေကြရာမှ ချစ်သူ၏မျက်
ကို မြင်လိုလှပါသည်။ ချစ်သူသည် မျက်စိ၊ နား၊ နှာ၊ အင်္ဂါခြေလက် စုံမစုံ
ကောင်းပကတိ ဟုတ် မဟုတ် ကြည့်ရှုလိုပါသည် ဟူသော ယောကျာ်းတို့
မာယာ မန်ကျည်းကိုးပင်ကို နှောက်ကာ သာယာလိုစိတ်နှင့် ချစ်သူ အပျို
အိပ်ရာအောက် ခေါင်းရင်းဘက်မှ ပျဉ်ကြမ်းခင်း စသည်တို့ကို လက်တစ်ဆုပ်
ဓားမြှောင်နှင့် အပေါက်တစ်ပေါက် ဖောက်သည်။

ဤကဲ့သို့ပင် သူ့အိပ်ရာအောက်၌ အပေါက်တစ်ပေါက် လာဖောက်သည်
ကို မိန်းမပျိုကလည်း မကန့်ကွက်။ ချစ်သူအား လွယ်လွယ်ကူကူ ဖြစ်စေ
အကူအညီပင် ပေးသည်။ ထို့ကြောင့်လည်း လူပျိုကာလသားအတွက် ချစ်
အိပ်ရာအောက်မှ လက်တစ်ဆုပ်စာ အပေါက်တစ်ပေါက်ကို လွယ်လွယ်ကူ
ဖောက်နိုင်သွားခြင်း ဖြစ်သည်။

ဤသည်မှာ မိန်းမပျိုနှင့် လူပျိုကာလသားတို့ ရက်လ အတော်ကြာ
တစ်ဦးနှင့်တစ်ဦး စကားပြောဆိုကြပြီး နှစ်ဦးနှစ်ဖက် ကျေကျေနပ်နပ် ချစ်ကြို
ကြကာ ရာသက်ပန် ရှိုးမြေကျ ပေါင်းကြတော့မည်ဟု ဆုံးဖြတ်ကြတော့မှ
လက်တစ်ဆုပ်စာ အပေါက်ကို သူ့အိပ်ရာအောက်ဘက်၌ အဖောက်ခံခြင်း
ဖြစ်လေသည်။

ထို့နောက်တွင်တော့ ချစ်သူအိမ်အောက် ရောက်လာသော ကာလသား
လူပျိုအတွက် အခက်အခဲ မရှိတော့။ သူ ဖောက်ထားသော အပေါက်မှ လက်
ကာ မိန်းမပျိုအား စမ်းသပ် ကိုင်တွယ် ထိတွေ့၍ နှိုးလိုက်ရုံသာ။

မိန်းမပျိုကလည်း သူ့ချစ်သူလာလျှင် အလွယ်တကူ နှိုးနိုင်အောင် ထို
ပေါက်နားတွင် စောင့်မျှော်အိပ်နေခြင်း ဖြစ်ပါသည်။ ဤသည်ကို 'အော





နှိုက်သည်၊ အပေါက်နှိုက်သည်' ဟု ခေါ်ကြခြင်း ဖြစ်သည်။

လူပျိုကာလသားချင်း တစ်ဦးနှင့်တစ်ဦး စကားလက်ဆုံကျကြလျှင် တစ်ဦး
က သူသည် မည်သည့်အပျိုမနှင့် ရည်းစားဖြစ်နေပြီ၊ ချစ်ကြိုက်နေကြပြီဟု
ပြောလာခဲ့လျှင် "ဒါဆို မင်း အပေါက်ကော နှိုက်ရပလား၊ အောက်နှိုက်ရ
ပလား" ဟု မေးတတ်သည်။

အောက်နှိုက်ရချေပြီ၊ အပေါက်နှိုက်ရပြီ ဆိုလျှင်တော့ ထို မိန်းမပျိုဆီကို
တခြား ဘယ်ကာလသားကမှ မသွားကြတော့။ ရည်းစားရှိနေသူ၊ ချစ်သူရှိနေသူ
အဖြစ် သတ်မှတ်လိုက်ကြကာ မသွားမလာကြတော့ဘဲ ရှောင်ကြဉ်ကြရလေ
သည်။

အပေါက်မနှိုက်ရသေးဘူး၊ အောက်မနှိုက်ရသေးဘူး ဆိုလျှင် လူပျိုက
မည်မျှ ချစ်ချစ်၊ မည်မျှ ကြိုက်နေကြိုက်နေ လူပျို၏ အချစ်ကို လက်မခံသေးဟု
ယူဆကြပြီး ထို မိန်းမပျိုဆီကို လူပျိုလှည့်ရန် လူပျိုတိုင်း မည်သူမဆို သွားနိုင်
ကြသေးသည်။ ဤသည်မှာ ရပ်စည်းတမ်း ရွာစည်းတမ်း ဂါမပညတ် ဖြစ်သည်။

မိန်းမပျိုအနေနှင့် သူ့အား ချစ်ကြိုက်နေပါသည်ဟု ပြောပြီး သူ့အိပ်ရာ
အောက်ကို ညစဉ် ရောက်လာသူအား မိန်းမပျိုသည် သူ မကြိုက်မနှစ်သက်
ပါက သူ့အိပ်ရာအောက်၌ အပေါက်ဖောက်မခံသလို လုလင်ပျိုနှင့်လည်း
စကားကြာကြာ လက်ခံမပြောဘဲ မနက်ဖြန် စောစောထရမည်၊ ဘာအလုပ်ရှိ
သည်၊ ညာအလုပ်ရှိသည်၊ နေမကောင်း၊ ခေါင်းမူးနေသည်၊ အိပ်ချင်ပြီ၊ သူ့ကို
သနားလျှင် အိပ်ခွင့်ပေးပါ၊ ပြန်ပါတော့ စသည် မိန်းမတို့ ပရိယာယ်နှင့် ဥပါယ်
တံမျဉ် တစ်ခုခု အကြောင်းပြပြီးသော် လူပျိုလာလှည့်နေတတ်သော လုလင်ပျို
ကို နှင်လွှတ်တတ်သည်။

မိန်းမပျိုလေး၏ စကား အသွားအလာ ပြောနည်းပြောဟန်များကို အကဲခတ်
၍ သူ့ကို မကြိုက်သဖြင့်တမင် နှင်လွှတ်မှန်း သိတတ်ရသည်။ ဤသည်မှာ
ယဉ်ကျေးလှပြီး အတွေ့အကြုံရှိသော လုံမပျိုများ လူပျိုနှင်နည်းပင်။ တချို့
အတွေ့အကြုံတွေကလည်း မရှိသေး ယဉ်ကျေးသူလည်း မဟုတ်ခဲ့ပါမူ သူ့
အိပ်ရာအောက်ကို လူပျိုလှည့် ရောက်လာသည်နှင့် ပျဉ်ထခုံ စသည် တစ်ခုခုကို
တုတ်မကျယ်ဖြင့် ခေါက်၍ ခေါ်သံကြားလိုက်သည်နှင့် မိမိအိပ်နေရာမှ တခြားသို့
ပြောင်းလဲအိပ်ခြင်း သို့မဟုတ် မောင်ငယ်၊ ညီမငယ်များကြားထဲ တိုးဝင်သွား
အိပ်နေခြင်း သို့မဟုတ် ဘုတောက်ပြောဆို၍ လွှတ်ခြင်း၊ ဆဲဆို၍ လွှတ်ခြင်း
တို့ကိုလည်း ပြုလုပ်တတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူပျိုကာလသားအား ယဉ်ယဉ်ကျေးကျေး မပြောဘဲ ထိုသို့ မြှူဆွဲတတ်
တတ်သော မိန်းမပျိုများကို ကာလသားများက ဒဏ်ခတ်တတ်ကြပါသည်။
အိမ်အောက်ဘက် သို့မဟုတ် မိန်းမပျို အိပ်နေရာ ခေါင်းရင်းဘက်ရကို မတိုးမကျ
ခေါက်၍ ခေါ်လိုက်သည်နှင့် ခြေရင်းတွင် ဆင်းအိပ်နေခြင်း၊ တစ်နေရာမှ
ရွှေ့ပြောင်းသွားခြင်းလုပ်လျှင် တုတ်၊ ဝါးခြမ်းပြား၊ ကြိမ်နှာမောင်း ဝင်ဆံ့သော
အပေါက်ကိုရှာ၍ ထိုအပေါက်မှ တုတ်၊ ဝါးခြမ်းပြား၊ ဆူးပါသော ကြိမ်နှာမောင်း
တို့နှင့် ထိုးစမ်း ရိုက်နှက်ဘုက်ပေသည်။ မိဘမောင်ဖွားများ နိုးသွားခဲ့၍ အရှက်
အောင် တမင်တကာ လုပ်တတ်ကြသည်လည်း ရှိပေသည်။

ဤသည်မှာလည်း ဝါမပညတ်၊ ကာလသားတို့၏ အခွင့်အရေးပင် ဖြစ်
သည်။ ထို့ကြောင့် ဣန္ဒြေကြီးသော ရှက်တတ်သော မိန်းမပျိုများသည် သူတို့
ကို လူပျိုလှည့်ရန် လာနေသော ကာလသားအား အနုနည်းနှင့်သာ တစ်ခုခု
အကြောင်းပြ၍ နှင်လွှတ်တတ်သည်။ မတုဘူး မတန်ဘူး ဘာအညာ
ရိုင်းစိုင်းသော စကားများနှင့် ကာလသားများကို မနှင်ဝံ့ကြပေ။ ကာလသား
ကြမ်းရမ်းသွားလျှင် မိဘမောင်ဖွားဆီ၌ သူသာ အရှက်ရမည် ဖြစ်ပေသည်
တဆူဆာ အပြောအဆိုခံရမည်။

ရပ်ဝေးလေ့ ရွာဝေးလေ့အရ ကာလသားတို့မှာလည်း ညကို အစိုးရကြသည်
သူခိုးသူဝှက်ဒဏ်တွေကိုလည်း တစ်ညလုံး သူတို့သာ ကာကွယ်ထားကြရသည်
ဥပမာ ရွာ၌ ကြက်ပျောက် ငှက်ပျောက်၊ ဘူးသီး ခရမ်းသီး ပျောက်တာက
ဘယ်အပိုင်းတွင် ဘာပျောက်သည်ဟု သတင်းကြားသည်နှင့် မိုးလင်းလင်း
ကာလသားခေါင်းက ထိုအပိုင်းတွင် ရည်းစားရှိနေသူ၊ ထိုအပိုင်းတွင် ချစ်သူ
အောက် နေ့တိုင်းသွားနေသူတို့ကို ခေါ်မေးတော့သည်။

ထိုအခါ လူပျိုလှည့်သွားနေကျ ကာလသားများထံမှာ တာဝန်ကျ
သည်။ ထို့ကြောင့် သူတို့မှာ လူပျိုလှည့်သွားသည့်အပြင် ရွာကင်းစောင့် အဖြစ်
လည်း အပိုတာဝန်တစ်ခုကို ယူကြရမြန်သည်။ ထို့ကြောင့် သူတို့ သွားလာနေ
အပိုင်း၌ ညအခါ လူစိမ်း သူစိမ်း ဆိုလျှင် ထိုကာလသားများဆီ၌ အမေး
အစစ်အဆေးခံကြရသည်။ နောက်ဆုံး ရွာကို စားပြတိုက်ရန် ရည်ရွယ်ချက်
ရွာထဲဝင်လာသူ လူဆိုး သူခိုးများ ဆိုလျှင်လည်း ထိုကာလသားများနှင့် ပက်ပင်
တိုးကာ ရွာထဲမှ ထွက်ပြေးကြရသော အခြေအနေသို့ ရောက်လေသည်။

ရည်းစားချစ်သူများ ဖြစ်နေကြပြီး တစ်နှစ် နှစ်နှစ် ကြာနေပြီးမှ နောက်ပိုင်း
တွင် တစ်စုံတစ်ခုသော အကြောင်းကြောင်းကြောင့် မိဘများ သဘောမ





၍ ဖြစ်စေ နှစ်ဦးနှစ်ဖက် သဘောချင်း မတိုက်ဆိုင်ကြ၍ ဖြစ်စေ မြသနားဖြစ်
လာကြလျှင် မိန်းမပျိုကလည်း သူတို့နှစ်ယောက် သဘောတူ ဖောက်ထားကြ
သော မိန်းမတို့ အိပ်ရာအောက်က အပေါက်တို့ မိန်းမပျိုကပင် ဥပါယ်တံမျဉ်
တစ်ခုခုနှင့် ပြန်ပိတ်ပစ်တတ်သည်။ ထိုအခြေအနေ ရောက်သွားပြီဆိုလျှင်
လုလင်ပျိုကလည်း သူချစ်သူ သူ့အား စိမ်းကားသွားပြီ၊ အဆက်ဖြတ်သွားပြီ၊
သူ့ကို လက်မထပ်လိုတော့ဟု သိရလေသည်။

ဤသည်မှာ သူတို့ဆီ၌ အစဉ်အလာ လူပျိုလှည့်ကြရသော ရပ်ဝေး
ရွာဝေး ဖြစ်လေသည်။ ထို့ကြောင့်လည်း ယခု ရွာထဲ ဝင်လာကြသော ပိတုန်း
ကောင်များသည် လူပျိုကာလသားများနှင့် ဦးဆုံး တွေ့ဆုံတာ လူပျိုကာလသား
များ ဦးဆုံး ပိတုန်းတုပ်ခံနေကြရခြင်း ဖြစ်သည်။

သည်လိုနှင့် တစ်ရွာလုံးမှာ ဆူနံဆူနံတွတ်ကျက် ဖြစ်တုန်ကြသည်။

ယခင်က တစ်ကြိမ်တစ်ခါမျှ သူတို့ရွာထဲကို အဲကာလ ညအခါ၌ ဤကဲ့သို့
ပိတုန်းကောင်များ ရာချီထောင်ချီ ဝင်လာပြီး လူတွေကို လိုက်ထိုးလိုက်တုပ်
ခံခဲ့ကြရဘူးသော ရွာသားတွေမှာ အစကမူ ပိတုန်းကောင်များဟု မသိကြ
သေး။ သူတို့ ရွာပတ်ဝန်းကျင်မှာ တောကြီးတောင်ကြီးများကလည်း အထပ်ထပ်
ဝိုင်းပတ်တာရံလျက် ရှိကြရာ ယနေ့ ရွာထဲ ဖုံလိုက်တျင်းလိုက် ပျံဝဲလာနေကြ
သည်မှာ ပျားကောင်များသာဟု အစက ထင်ခဲ့ကြလေသည်။

သူတို့ ရွာပတ်ဝန်းကျင်ရှိ တောတောင်ထဲမှ ငှန်သတ်ပျား အချို့သည်
အဖုံအသိုက်ပျက်ပြီး ရွာထဲ ဝင်လာကြကာ ရွာရှိ သစ်ပင်ကြီးငယ်များ၌ အိမ်လာ
ဖွဲ့ စွဲနေကြသည်တို့တော့ သူတို့ ကြုံဖူးကြသည်။ အထူးသဖြင့် ဤလို နွေရာသီ၌
ပေါင်းရန်ခေါ် ငှက်ငှန်တစ်မျိုးသည် တောတောင်ထဲ ပျံဝဲကာ ပျားအုံများကို
လိုက်ရှာ ထိုးသုတ်စားတတ်ကြသည်။ ငှန်ထိုး ငှန်သုတ်ခံရသော ပျားအုံမှ ပျား
များသည် တစ်စုတစ်များ ထွက်ပြေးလာကြကာ ရွာရှိ သစ်ပင်ကြီးငယ်များ၌
ခိုနား တည်းခိုတတ်ကြလေသည်။

ထိုအခါ ရွာထဲရှိ လူများမှာ ရွာ၌ လာစွဲနေသော ပျားကောင်များကို
လူကြီးများ၏ ပြောစကား ပျားစွဲအတောနှင့် ချင့်ချိန်တွေးဆကာ ဘယ်ဘက်က
ဝင်လာကြပြီး ဘယ်အပင်မှာ စွဲလေလျှင် လာဘ်ရမည်၊ ဘယ်ထောင့်မှ ဝင်
ရောက်လာပြီး ဘယ်လိုအမိုင်းရှိမှာ လာစွဲလျှင် ရွာကို ခိုက်တတ်သည်၊ ရွာ၌
ဘေးဥပဒ် ကျရောက်တတ်သည် စသည်တို့ကို ပျားစွဲအယောကျမ်းနှင့် ညှိကြသည်။

လာဘ်လာဘပိတ်၍ ဘေးဥပဒ်ရောက်မည့် ပျားစွဲနည်းဆိုလျှင် ရွာထဲ



www.burmeseclassic.com

www.burmeseclassic.com



လာစွဲနေသော ပျားအုံကို မီးရှူး မီးတုတ်တို့နှင့် မြှိုက်ပြီး နှင်လွှတ်တတ်ကြသည်။ သို့သော် ယခု သူတို့ရွာထဲသို့ ပြုပြေးပံ့လာနေကြသော ပျားကောင်များမှာ ရွာထဲရှိ ဘယ်သစ်ပင်မှာမှ ရပ်နားမစွဲဘဲ တစ်ညလုံး ရွာလယ်လမ်းအတိုင်း စုန်ချည် ဆန်ချည် ပျံကာ လမ်းမထဲ တွေ့သမျှလူတွေကို ထိုးတုပ်နေကြသောအခါ မီးရှူး မီးတုတ်ထွန်း၍ ကာလသားအချို့က ဝှေယမ်းပစ်ခတ်ကြသည်။

မီးတုတ်၊ မီးရှူးများနှင့် ဝှေယမ်း ပစ်ခတ်ပြီး ကြည့်ကြတော့မှ စောစောက သူတို့ ထင်ခဲ့ကြသလို ယခု ရွာထဲ အစုလိုက်အပြုံလိုက် ပြေးဝင်လာကြသော အကောင်တွေမှာ ပျားကောင်များ မဟုတ်ဘဲ ပိတုန်းကောင်များ ဖြစ်နေသည်ကို မီးရောင်ထဲ၌ ထင်ထင်ရှားရှား မြင်ကြရလေသည်။

ယခု သူတို့ရွာထဲ ဝင်လာပြီး လူတွေကို ထိုးတုပ်နေကြသော ပိတုန်းကောင်များမှာ ပျားကောင်ထက် တစ်ဆယ်ကိုးဆ ကြီးမားပြီး လက်မကြီးလက်မလောက်ခန့် ပင် ရှိကြသည်။ ပိတုန်းကောင်များမှာ ပျားကောင်များလို အစုလိုက်အဖွဲ့လိုက် အိမ်တည် အိမ်ဖွဲ့နေကြသည်ကိုလည်း သူတို့ တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး မမြင်ဘူးကြ။

သူတို့ရွာထဲရှိ အိမ်များ၏ ခနိဖက်မိုး၊ သက်ငယ်ကာ ဝါးလုံးတန်းများတွင် အခေါင်းဖောက် ဝင်ရောက်ပြီး သားပေါက်ကြသော ပိတုန်းကောင်များမှာ အများဆုံးရှိလှမှ တစ်အိမ်ဆိုလျှင် သုံးလေးကောင်လောက်သာ ဖြစ်သည်။ ထိုသုံးလေးကောင်ကိုပင် အိမ်ရှင်များသိပါက ချက်ချင်း မီးမြှိုက် သတ်ပစ်ကြရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ အမိုးအကာများ၊ အခြင်ဝါးတွေမှာ ပိတုန်းဖောက်ခံရလျှင် နောက်သုံး၍မရတော့ဘဲ အခေါင်းအပေါက်တွေနှင့်ချည်း ပျက်စီးကုန်ကြသဖြင့် ဖြစ်သည်။

ထို့ကြောင့်လည်း ပိတုန်းကောင်များ လာဖောက် အိမ်တည်ကြသည်ကို ဘယ်အိမ်ရှင်များကမှ လက်မခံနိုင်ကြ။ မသိ မမြင်မိ၍ တစ်ကောင်တလေ ရှိသည်ကိုပင် အိမ်မိုး ထရံကာလုပ်မှ တွေ့ရှိပါက အသေသတ် အပြတ်ရှင်းပစ် တတ်ကြပါသည်။ သူတို့၏ အယူအဆမှာ အိမ်ထဲ ပိတုန်းဝင်လျှင် အိမ်ပျက်တတ်သည်၊ ဘေးဥပဒ်များ ကျရောက်တတ်သည်ဟု အစဉ်အလာအရ ယုံကြည် လက်ခံလာကြသည်။

အမှန်ကတော့ အိမ်ကို ပိတုန်းဝင်လျှင် အခြင်အကာ ဝါးတိုင်များကို ပိတုန်းကောင်များ ကိုက်ဖောက်သဖြင့် အိမ်ပျက်စီးမည်ကို ပြောခြင်းသာ ဖြစ်ပေမည်။





ဤ အစွဲအလမ်း မိရိုးဖလာ ယုံကြည်မှုကြောင့်လည်း ယခု ရွာထဲကို အ,ကာလ ညအခါ၌ ပိတုန်းများ အုပ်လိုက်ချီ၍ ဝင်ရောက်လာကြခြင်းမှာ အတိတ်နိမိတ်မကောင်း၊ ရွာပျက်တော့မည့် အတိတ်နိမိတ်လက္ခဏာများ၊ ရွာမှာ ကပ်ဆိုး ဥပဒ်ဆိုး တစ်ခုခု ကျရောက်တော့မည့် ရှေ့ပြေးနိမိတ်ဟုလည်း တချို့က အတိတ်နိမိတ်ဖတ်ကြသဖြင့် ထိတ်လန့်သူလန့်၊ ကြောက်သူက ကြောက်၊ ချောက်ချားသူက ချောက်ချားနှင့် တစ်ညလုံးပင် ဆူဆူညံညံ ဖြစ်ကာ ပိတုန်းကောင်များ အကြောင်းသာ ပြောဆိုနေကြသည်။

သူတို့ရွာထဲကို သက်ကြီးခေါင်းချချိန် သန်းခေါင်နီးမှ ဝင်လာကြသော ပိတုန်းကောင်များသည် အရုဏ်တက်လာသော အချိန်အခါမှာတော့ တဖြည်းဖြည်း နည်းပါးပြီး မိုးလင်းသောအခါ တစ်ကောင်မျှ ရွာထဲတွင် မရှိကြတော့ဘဲ ပျောက်သွားကြသည်။

ထူးခြားသည်မှာ ညက ပိတုန်းကောင်များကို မီးတုတ် မီးရှူးတွေနှင့် လိုက်ရှို့၊ ဝါးလုံးရှည်တွေနှင့် လှမ်းယမ်း လှမ်းသတ်ကြသော်လည်း ပိတုန်းအသေကောင် တွေ့၍တော့ ရွာ၌ တစ်ကောင်တစ်မြီးမှ သေကျန်ခဲ့ကြသည်ကို မတွေ့ကြရပေ။ ညက သူတို့ရွာထဲ ဝင်လာကြသော ပိတုန်းကောင်များမှာ ဘယ်လို ပိတုန်း အမျိုးအစားမှန်း သိလို၍ လူကြီးတွေက ရွာရိုးလျှောက်ရှာကြသော်လည်း တစ်ကောင်တစ်မြီးသော ပိတုန်းကောင်ကိုမျှ မတွေ့ရခြင်းပင်။

အကယ်၍ ပျားကောင်များသာဆိုလျှင် သူတို့ ညကလို မီးလိုက်ရှို့သတ်ကြပုံမျိုးတွေတ ပျားအနသေကောင်တွေမှာ ရွာလယ်လမ်း၌ ခြေချစရာပင် မရှိဖြစ်သွားနိုင်သည်။ ယခုမူ ဤမျှ မီးရှူးမီးတုတ်တွေနှင့် မီးရှို့သတ်ခဲ့ကြပါလျက် အဘယ်ကြောင့် ပိတုန်း တစ်ကောင်တလေမျှကိုပင် ရွာလယ်လမ်းမ၌ မတွေ့ကြရပါလိမ့်။ ဤအချက်သည်ပင် သူတို့အတွက် ထိတ်စရာလန့်စရာ တစ်ခုလိုပင် ဖြစ်သွားကြရပြန်သည်။

သို့သော် ဤသည်ကိုလည်း သတိပင် မထားမိသော ရွာလူကြီး ဦးပေါ်သာကမူ-

"ဘာမှ မဟုတ်ဘူး၊ ဒီရာသီ ဈောင်ယာတွေ မီးရှို့ချိန်ပဲဗျ၊ ရိုးမ ဟိုဘက်ခြမ်းက တောင်ပေါ်သား တစ်ဦးဦး သူ့ယာသူ မီးရှို့ပါလိမ့်မယ်။ ခင်ဗျားတို့လည်း စဉ်းစားကြည့်ကြ၊ ပိတုန်းများဟာ ဝါးအစိမ်းဆို ဘယ်တော့မှ မဖောက်ဘူး၊ လူတွေ ခုတ်ထားလို့ ခြောက်ပြီး အိမ်မှာသုံးပြီဆို ဒင်းတို့ တစ်ကောင်စနှစ်ကောင်စဖြင့် ပေါက်ချလာပြီး အခေါင်းအပေါက် ဖောက်ပါပြီ၊ ခု ကျုပ် ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



မိုးနှောင်းပိုင်းကပင် တောင်ယာခုတ်ထားတဲ့ တိုဘက်ခြမ်းက တောင်ပေါ်သား တစ်ယောက်ယောက်က သူ့တောင်ယာ ဝါးခြောက်တွေကို မီးရှို့လိုက်တော့ ဝါးခြောက်ထဲ အခေါင်းဖောက် အိမ်တည်နေကြတဲ့ ပိတုန်းကောင်တွေ အစုလိုက်အပြုံလိုက် ပြေးပျံလာကြပြီး ကျုပ်တို့ရွာထဲမှာ တစ်ည နားသွားကြ သဘောပဲ။ ခုကြည့်လေ မိုးလည်းလင်းရော ရွာထဲမှာဆို တစ်ကောင်တစ် တောင် မြင်ချင်လို့ မမြင်ကြရတော့ဘူး။ ဘာနိမိတ် ဘာအတိတ်တွေမှ ယုံ ကြနဲ့။ ကျုပ်တို့ရွာ ဘာမှ မဖြစ်နိုင်ပါဘူး၊ ဒါ ခုလက်တွေ့ သာဓကပဲ"

ဦးပေါ်သာ ပြောသည်ကိုလည်း မဟုတ်ဘူးဟုတော့ မဆိုနိုင်။ သူတို့ရွာ ဝါးတောကြီးတွေ အမြောက်အမြားရှိသော ရိုးမနှင့်လည်း ကပ်နေရာ တောင် သားတွေမှာလည်း ဝါးတောကြီးကိုပင် ခုတ်လှဲ၍ မီးရှို့ စူးထိုး စပါးစိုက် ကြလေရာ ဦးပေါ်သာ ပြောသည်နှင့် တစ်ထပ်တည်းလိုလိုပင် ဖြစ်နေသည်။

ပြီးတော့ ပိတုန်းဝင်လျှင် ဝါးပြုန်းတတ်ကြောင်းကို သူတို့၏ အစဉ်အဆ သားချော့ ကလေးချော့ ကဗျာသီချင်းတစ်ပုဒ်လည်း ရှိလေသည်။

'ပိတုန်း ပိတုန်း ဝါးတို့ပြုန်း
ပိတုန်းမည်းညို့ ဝါးကဆို
အစ်ကိုမည်းနက် ဝါးတထွက်
ရှူးဝေဝေ ရှူးဝေဝေ . . .'

သို့နှင့် တစ်ညကုန်သွားတော့ ယာတောင်ရွာသားများမှာလည်း တော တောင်သားတို့၏ ထုံးစံအတိုင်း ယာလုပ် ကိုင်းလုပ်ရန် ဆင်းသွားကြပြီး မေ့ ပျောက်ပျောက်နှင့်ပင် ကိုယ့်အလုပ် ကိုယ်လုပ်နေကြသည်။ ဝ

❀

ဒုတိယည။

ဤညတွင် မနေ့ကကဲ့သို့ သန်းခေါင်နီးမှ မဟုတ်။ မနေ့ကထက် စော သက်ငယ်ခေါင်းချချိန်မှာပင် ရာချီ ထောင်ချီသော ပိတုန်းကောင်များသည် ယာတောင်ရွာထဲ ဝင်လာကြပြန်၏။

ရာချီထောင်ချီ၍ ရွာထဲ စောစီးစွာ ဝင်ရောက်လာကြသော ပိတုန်းကောင် များဆီ၌ ဤနေ့ ဦးဆုံး ပိတုန်းတုပ်ခံရသူမှာ ဦးလူခေါင်း ဆိုသူ ဖြစ်သည်။ သူသည် ရွာနားချောင်းသို့ ကွန်ပစ်ရန် ဒီရေကျချိန်ကို မှန်း၍ အိမ်က ထွက်လာ ရာ စောစီးစွာ ယာတောင်ရွာထဲ ဝင်လာကြသော ရာချီထောင်ချီ ပိတုန်းကောင် များနှင့် ရွာတောင်ဘက်ဖျားတွင် ပက်ပင်း တိုးမိကြသည်။





မနေ့က အဖြစ်အပျက်ကြောင့် လန့်နေသော ဦးလူခေါင်းမှာ များပြားလှ သော ပိတုန်းကောင်များကို မြင်တက်မိ ရပ်ကြည့်လိုက်စဉ်မှာပင် ပိတုန်းကောင် များက သူ့ကို စတင် ထိုးတုပ်ကြတော့သည်။ များပြားလွန်းလှသော ပိတုန်း ကောင်များ အတုပ်ကို ခံလိုက်ရသော ဦးလူခေါင်းမှာ ကယ်ပါကူပါ အော်ဟစ် ကာ မိမိ အိမ်ရှိရာ ရွာမြောက်ပိုင်းဘက် ပြေးချလာသည်။ ငါးပစ်ရန် ကိုယ်ပေါ် ပါသွားသော ကွန်နှင့် ငါးထည့်ရန် ပုံ (ခြင်း) ပင် ရွာလမ်း ဘယ်နေရာ ကျကျန် ခဲ့သည် မသိ။

ဤသည်ကစ၍ တစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြပြန်လေ ၏။ အချိန်မှာ သက်ငယ်ခေါင်းချချိန်သာ ရှိသေးသဖြင့် လူပျိုလှည့်သွားရန် ကာလသားများပင် တစ်ယောက်မှ မထွက်ကြသေးချိန်။ ထို့ကြောင့်လည်း မနေ့ တုန်းက ကာလသားများ ခံလိုက်ကြရသော ပိတုန်းတုပ် ဒဏ်ချက်ကို ကာလ သားများကိုယ်စား ဦးလူခေါင်း ယနေ့ စတင် ခံလိုက်ရခြင်း ဖြစ်လေသည်။

ဦးလူခေါင်း နောက်တို့ ထောင်ချီရာချီပြီး လိုက်လာကြသော ပိတုန်း ကောင်များသည် ဦးလူခေါင်း တစ်ယောက်တည်းကိုသာ လိုက်တုပ် လိုက်ထိုး နေကြသည် မဟုတ်။ ဦးလူခေါင်း အော်ပြေးလာသံကြား၍ ရွာလမ်းပေါ် ထွက်ကြည့်သူ မှန်သမျှ မိန်းမ ယောကျ်ားမရွေး ပိတုန်းကောင်များက လိုက်တုပ် ထိုးဆိတ်ကြတော့၏။

ထိုအခါ ပိတုန်းတုပ်ခံရသူတွေမှာ ဆောက်တည်ရာမရဖြစ်ပြီး မှောင်ကြီး မည်းကြီးထဲ ခြေဦးတည့်ရာ အိမ်ခြံများထဲ ဝင်ပြေးကြရသည်။ ပိတုန်းတုပ်ခံရ၍ ကြုံရာ နီးစပ်ရာ တစ်အိမ်အိမ်သို့ ဝင်ပြေးလာမိသူအား ပိတုန်းကောင်များသည် ထက်ကြပ်မကွာ လိုက်လာပြီး ထိုးတုပ်သည်တိုင်တော့ မခံကြရ။ ခြံထဲ အိမ်ထဲအထိ လည်း ပိတုန်းကောင်များက ဝင်လိုက်မလာကြ။ ရွာလမ်းပေါ် ထွက်လာသူ မှန်သမျှကိုသာ သဲကြီးမဲကြီးပင် ဝိုင်းတုပ်ကြခြင်း ဖြစ်သည်။

ဤ ထူးခြားချက်များကို မနေ့က ဖြစ်စမို့ မည်သူမှ သတိမပြုမိကြခဲ့သော် လည်း ဤနေ့တော့ လူတွေက ဤသည်ကို သတိပြုမိလာကြရသည်။ ထို့ကြောင့် ရွာလယ်လမ်းမပေါ်တွင် တရုန်းရုန်းနှင့် တောင်ဝံ့ခတ်သံပေးကာ ရွာလယ်လမ်း၌ ခေါက်တုံ့ခေါက်ပြန် ပျံဝဲနေကြသော ပိတုန်းကောင်များကို တချို့ ကာလသား များက မီးတုတ် မီးရှူးတွေနှင့် ထွက်ရှို့ခြင်း၊ ပိတုန်းကောင်များ ဝိုင်းတုပ်ရန်လိုက် လာကြလျှင် နီးစပ်ရာ အိမ်ခြံထဲ ဝင်ပြေးကြခြင်းဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်နေကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမပေါ်တို့ ထွက်လာလျှင်သော လိုက်တုပ် လိုက်ထိုးကြပြီး အိမ်ထဲ ခြံထဲဝင်ပြေးလျှင် လိုက်ပြီး မထိုးမတုပ်ကြသည်ကို သိသွားသူများက စါးလုံးရှည် များတွင် ရေနံဆီ အဝတ်စတ် မီးရှို့ကာ ခြံတွင်းမှ ရွာလယ်လမ်းပေါ် ပျံ့ဝဲနေကြ သော ပိတုန်းကောင်များကို လှမ်းရိုက်၊ လှမ်းမီးရှို့ကာ အိမ်တိုင်းအိမ်တိုင်း လူများ ထိုသို့ ကာကွယ်မှုလုပ်ကြရန်တို့လည်း တစ်ဦးနှင့်တစ်ဦး အော်ပြော အကြံပေးနေကြပြန်သည်။

ထိုထက် ထူးဆန်းသည်မှာ တစ်ရွာလုံး ပြေးကြလွှားကြ ဆူညံနေကြသော် လည်း သူတို့၏ အိမ်မွေးတိရစ္ဆာန်များ ဖြစ်ကြသော တစ်ရွာလုံးတွင်ရှိ ခွေး ကြောင်များတမှု အူခြင်း ဟောင်ခြင်း ညောင်ညောင်ညာညာ မြည်ခြင်းမျိုး အလျှင်းမရှိကြဘဲ အကုန်လုံး ငြိမ်တုပ်နေကြသည်။ ဤသည်တို့ကို သတိပြုမိ သောအခါ ရွာသူရွာသားများနှင့် ရွာလူကြီးတွေမှာ ပို၍ ထိတ်လန့် တုန်လှုပ်ကြ ကြပြန်သည်။

ခါတိုင်းဆိုလျှင် ရွာထဲ၌ နွားသွင်း တွဲစမ်းတအား ပိုင်ရှင်များက လွှတ် သွားသော တွဲနွား တစ်ကောင်ကောင်ကို မြင်၍ ဖမ်းမိရန် လိုက်ကြရာ၌ ခွေးများ သည် တဝေါင်ဝေါင် ဟောင်ကာ အရှင်သခင်များနှင့်အတူ ကျွဲနွားများနောက်က လိုက်ဟောင် ပြေးလိုက်တတ်ကြ၏။ ယခုမူ ဤမျှ တစ်ရွာလုံး ဗုတ်အော် သောင်းတင်းနှင့် ပြေးကြလွှားကြ အော်ကြတစ်ကြ ကြောက်တတ်ကြတုန်သော မိန်းမသူများနှင့် ကလေးငယ်များက အော်ဟစ် ငိုယိုကြပြီး ဆူညံပွက်လောရိုက် နေပါလျက် ခွေးများသည် အရှင်သခင်၏ အိမ်အောက်၌ တုတ်တုတ်မျှ မလှုပ် ကြဘဲ ငြိမ်တုပ်နေကြသည်မှာ ဘယ်လို အခြင်းအရာမျိုးပါလိမ့်ဟုလဲ အံ့ဩနေ ကြသည်။

သို့သော် ရွာလယ်လမ်းမပေါ် စုန်ချည်ဆန်ချည်နှင့် တစ်ညလုံး လှည့်ပတ် ပျံသန်းနေကြသော ပိတုန်းကောင်များကို သူတို့အိမ်ရှေ့ ရောက်လာတိုင်း ဝါး လုံးရှည်နှင့် ခြံထဲက လှမ်းရိုက်၊ ရမ်းရိုက်နေကြသူတွေနှင့် ဝါးလုံးရှည်အဖျားတွင် ရေနံဆီ အဝတ်ပတ် မီးရှို့ပြီးတော့ ပိတုန်းကောင်များကို လှမ်းရိုက်၊ ရမ်းရိုက်လုပ် နေကြသည်မှာတော့ တစ်ညလုံးပင်။

တစ်ရွာလုံးက ဤကဲ့သို့ ရိုက်ထယ်တော လှမ်းလုပ်နေကြပါသော်လည်း ပိတုန်းကောင်များမှာ နည်းသွားဘဲ ညည့်နက်လေ ပိုများလာလေနှင့် တစ်ရွာလုံး လမ်းမပေါ်မှာသာ ပြည့်နှက်၍ လာကြလေသည်။ တစ်ရွာလုံးရှိ ယောက်ျားသား များက ထိုသို့ မီးရှူး မီးတုတ်တွေနှင့် လှမ်းရိုက် ရမ်းရိုက်နေကြသော်လည်း





လောင်ပြီး လမ်းမထဲ တုံးလုံးပက်လက် လဲသေနေသော ပိတုန်း တစ်ကောင် ကောင်ကိုမျှ မီးရောင်အောက်တွင် မမြင်မတွေ့ကြရသည်မှာလည်း ပို၍ ထူး ဆန်းသလိုလိုဝင် ဖြစ်နေကြပြန်ရာ နောက်တော့ မည်သူမျှ လှမ်းရိုက်၊ ရမ်းရိုက် ခြင်းကို မပြုဝံ့ကြတော့ဘဲ ရွာလယ်လမ်းမပေါ်၌ စုန်ချည်ဆန်ချည် ပျံဝဲနေကြ သော ပိတုန်းကောင်များကို တစ်ညလုံး ခြံထဲ အိမ်ထဲက ထိုင်ကြည့်နေကြရလေ တော့သည်။

တစ်ညလုံးပင် ရွာလယ်လမ်းမပေါ် ပျံဝဲနေကြသော ရာချီထောင်ချီ ပိတုန်း ကောင်များသည် မနေ့ညက ကဲ့သို့ပင် မိုးလင်းပိုင်း ရောက်လာသောအခါ၌ ဖြည်းဖြည်း ရွာထဲက ထွက်သွား ပျောက်ကွယ်ကုန်ကြပြန်သည်။ မိုးစင်စင် လင်းလာသောအခါ ရွာလမ်းမပေါ် ပျံဝဲနေကြသော ပိတုန်းကောင်များ ဆို၍ တစ်ကောင်တစ်မြီးကိုမျှ မမြင်မတွေ့ကြရတော့ပေ။

ထိုအခါ မိုးကလည်း စင်စင်လင်းနေပြီဖြစ်၍ သူတို့ ညက မီးတုတ်၊ မီးရှူး တွေနှင့် ရှို့သတ်ခဲ့ကြသော ပိတုန်းကောင်များကို ရွာလယ်လမ်းမ၌ အမြောက် အများ တွေ့ကြရလိမ့်မည်အထင်နှင့် ရွာလူကြီးတွေက ရှာကြည့်ကြသည်။ သူတို့ ၏ သဘောမှာ ပိတုန်းအသေတွေကို တွေ့လျှင် ထိုပိတုန်းများမှာ မည်ကဲ့သို့သော ပိတုန်းများ ဖြစ်ကြသည်ကို အမည်နာမ သိကြရမည် ဟူသော ရည်ရွယ်ချက်နှင့် ရှာကြည့်ကြခြင်း ဖြစ်သည်။

သို့သော် ရွာဦး၊ ရွာဖျား ရွာလယ်လမ်းတစ်လျှောက်သာ ဆုံးသွားသည်။ ညက သူတို့ မီးရှူး၊ မီးတုတ်တွေနှင့် ရမ်းရိုက်၊ လှမ်းရိုက် မီးရှို့သတ်ပစ်ခဲ့ကြသော ပိတုန်း တစ်ကောင်တစ်မြီးကိုမျှ ရွာလယ်လမ်း၌ မတွေ့ကြရချေ။ ပိတုန်းတစ် ကောင်လုံးကို မဆိုထားနှင့် ညက သူတို့ လှမ်းရိုက်၊ ရမ်းရိုက် မီးရှို့သတ်ကြ၍ တစ်ကောင်မျှပင် မသေတောင် ပိတုန်းတစ်ကောင်ကောင်၏ ကျွတ်ကျ၍ ကျန် ရစ်ခဲ့သော အတောင်ပံတစ်ခု၊ ကျိုးပဲ့ကျန်ခဲ့သော ခြေလက်တစ်ချောင်းချောင်း ကိုတော့ တွေ့မြင်သင့်သည်။ ယခုမူ ညက သူတို့ရွာထဲ ရာချီထောင်ချီပြီး လူတွေ ကို ထိုးတုပ်သွားကြသော ပိတုန်းကောင်များ၏ အစအနတစ်ခုခုကိုပင် ကိုင် တွယ်ပြစရာ ရှာမရသောအခါ လူတွေမှာ ပို၍ တုန်လှုပ် ချောက်ချားကုန်ကြပြန် သည်။

ထိုအခါ စုန်းတိုက်၊ နတ်တိုက်၊ အမှောင့်ပယောဂ တစ်ခုခုတော့ ဖြစ်ပြီဟု လူတိုင်း တွေးလာကြသည်။ ညက အုံနှင့်ကျင်းနှင့် အကောင် တစ်ဆယ်၊ နှစ် ဆယ် မည်းမည်းသည်းသည်း လှုပ်နေကြသော ပိတုန်းကောင်အုပ်ထဲ ရေနံဆီ

www.burmeseclassic.com



မီးရှို့ဖုတ်နှင့် ကိုယ်တိုင် တိတိကျကျ ရှို့သတ်၊ ထိုးသတ်ခဲ့သူ ဦးပန်းအောင်တ များများ မသေတောင်မှ တစ်ကောင်တလေတော့ မှချ သေရပေလိမ့်မည် ယခု တစ်ကောင်တလေကို မဆိုထားနှင့် ပိတုန်း တစ်ကောင်ကောင်မှ ကျွတ်ကျ ကျန်ခဲ့သော အကောင်၊ ခြေ လက် တစ်စုံတစ်ခုကိုမျှ မတွေ့ရခြင်းမှာ ပုဏ္ဏ တိုက်တာ ဖြစ်ကိုဖြစ်ရပေမည်ဟု အော်ကြီးဟစ်ကျယ် ပြောနေသောအခါ ရွာ ရွာသားတွေမှာ ပို၍ ထိတ်လန့်ကုန်ကြပြန်သည်။

တတိမြောက်ဖြစ်သော ဤညလည်း ပိတုန်းကောင်များသည် ယခ နှစ်ညက ကဲ့သို့ပင် ရွာထဲသို့ ဝင်လာပြီး လူတွေကိုသာ ပိုင်းတုပ်၊ ဝိုင်းထိုး လူ လာကြလျှင် မည်သို့ လုပ်ကြမည်နည်း။ ယခုအခါ တစ်ဦးတစ်ယောက်တို အသေအပျောက် ဖြစ်ရာအနာတရ ကြီးကြီးကျယ်ကျယ် မဖြစ်ကြသေးသေ လည်း နောင်တွင် မသေမပျောက်ဟု မပြောနိုင်။ ယခုပင် ကလေးသူငယ်များ မိန်းမသူများမှာ ကြောက်လန့် ထိတ်လန့်၍ နေ့ခင်းနေ့လယ်ပင် ထင်းခွေ ရေခ ရွာပြင် မထွက်ဝံ့ ဖြစ်နေကြပြီ။

ဤပြဿနာကို မည်သို့ ရှင်းကြရမည်နည်း။

ထိုအခါကျမှ သူတော်စေတထံ သွားပြီး အကူအညီတောင်းကြမှ အကြံ ဉာဏ်တောင်းကြမှ ဖြစ်တော့မည် ဆိုသည်ကို အားလုံး သဘောတူကြ ပိတုန်းတစ်ထောင် ပြဿနာကို သူတော်စေတထံ အပ်ရန် ဆုံးဖြတ်ကြလေသည်။

သို့သော် ပိတုန်းတစ်ထောင် ပြဿနာကို သူတော်စေတထံ သွားပြ အကြံဉာဏ်တောင်းရာ၊ သွားပြောကြရာ၌ တစ်ယောက်တစ်ပေါက် အုတ်အော် သောင်းတင်း သွားပြောကြ၍တော့ မဖြစ်။ သူတော်စေတ ဆိုသည်မှာလည်း ဘုတောက် အင်မတန်ကျသော သူတော်။ သူ မထင်လျှင်၊ စိတ်အခန့်မသင့် ဖြစ်နေခဲ့လျှင် သူများတွေ မည်မျှ အရေးကြီးသော ပြဿနာဖြစ်ဖြစ် အော်လွှတ် ချင် အော်လွှတ်တတ်သည်။

ထို့ကြောင့် ဤ ပိတုန်းတစ်ထောင်ကိစ္စကို သူတော်စေတအား ကူညီ တောင်းပန်ပြောကြားတတ်သူ ရွာလူကြီး သုံးယောက်ကို ရွေးကြသည်။

နံပါတ် (၁) က အသက်အရွယ် အကြီးဆုံးနှင့် ရွာလူကြီး အစဉ်အဆက် လုပ်လာသူ၊ သူတော်စေတ အဖေ၏ ငယ်သူငယ်ချင်းလည်း ဖြစ်သူ ဦးထွန်းပေါ် နံပါတ် (၂) က ဇာတ်မှာ ယာတောင်ရွာသား မဟုတ်သော်ငြားလည်း ယာတောင် ရွာသူ ကြေးရတတ် ယယ်ပိုင်ရှင်မကြီးနှင့် မဆိုးဖို့ မှဆိုးမချင်း လာညားနေသော တောင်ရင်းရွာသား ရွာလူကြီး ဦးကံညွန့်၊ နံပါတ် (၃) မှာ ရွာတွင် အဘယ်ပြစ်ပြ





အမြဲ စွာကျယ်စွာကျယ် ပြောတတ်လုပ်ထတတ်ပေသော သူတော်စေတနှင့်လည်း ငယ်ပေါင်းကြီးဖော် နပန်းလုံးဖက်၊ ဆိုးဖက်၊ တေဖက်၊ ပေဖက် ဖြစ်ခဲ့ဖူးသော ရွာလူကြီး ဦးငသေတိုင်ဆိုသူ ရွာလူကြီးသုံးယောက်တို့ကို ရွေးချယ်လိုက်ကြလေ တော့သည်။

ထိုရွာလူကြီးသုံးယောက်သည် သူတော်စေတထံ ဤ မနက်၌ပင် သွား ရောက် ချဉ်းကပ်ပြီး ညညကျလျှင် ရွာထဲကို ရာချီထောင်ချီ ဝင်လာကြပြီး လူတွေကို လိုက်တုပ် လိုက်ထိုးနေကြသော ပိတုန်းတစ်ထောင်ပြဿနာကို တိုးတိုးတိတ်တိတ် တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြရန် အာဏာကုန် လွှဲအပ်လိုက် ကြလေသည်။

*

ရွာလူကြီးသုံးယောက်သည် သူတော်စေတရှိရာ ရွာဘုန်းတော်ကြီးကျောင်း အောက်သို့ ရောက်လာကြလေသည်။ သူတော်စေတ အမြဲနေသော ကျောင်း အောက် ခေါင်းရင်းဘက်ရှိ ဖိုရုံခာတ်ခန်းကို သွားကြည့်ကြရာ ဖိုရုံခာတ်ခန်းမှာ တန့်လန့်ထိုး ပိတ်ထားသည်ကို တွေ့ရသည်။

ဖိုရုံခာတ်ခန်း ကန့်လန့်ထိုး ပိတ်ထားသည်ကို မြင်ရသောအခါတွင် ရွာလူ ကြီးသုံးယောက်မှာ စိတ်မောသွားကြလေ၏။

သို့နှင့် ကျောင်းသား သုံးလေးဆယ်ရှိသော ကျောင်းသားများထဲတွင် သူတော်စေတ၏ လက်ရင်းတပည့် သုံးယောက်ကို လိုက်ရှာနေကြရသည်။

သူတော်စေတ၏ အန္တေဝါသိက လက်ရင်းတပည့် သုံးယောက်တို့မှာ ခေါင်းသိန်း၊ နေဆန်းနှင့် ငထီးတို့ ဖြစ်ကြသည်ကိုတော့ ရွာလူကြီးများ သိထား ကြသည်။ ထိုသူငယ် သုံးယောက်မှာ သူတော်စေတ၏ ဝေယျာဝစ္စများကို နေ့ည မပြတ် လုပ်ပေးနေကြသဖြင့် သူတော်စေတက ဆေးပညာ၊ ဗေဒင်နှင့် လောကီ ပညာရပ်များကို သင်ပေးထားသူများ ဖြစ်သည်။

ထို သူငယ်လေး သုံးယောက်မှာလည်း ခေသူများတော့ မဟုတ်ကြ။ နောင်သောအခါတွင် နေဆန်းဆိုသော သူငယ်မှာ 'နေတစ်လုံး' ဟူသော အမည် နာမနှင့် မျက်လှည့်ပညာတွင် တစ်ဖက်ကမ်းခတ်ပြီး မိုးပေါ်ကိုပင် ပျံပြနိုင်လောက် အောင် စွမ်းဆောင်ပြနိုင်သူ၊ နေတစ်လုံး မျက်လှည့်အဖွဲ့ကြီးကို ဦးဆောင်ကာ မျက်လှည့်ဆရာကြီး ဖြစ်လာမည့်သူပင်။

ခေါင်းသိန်း ဆိုသော သူငယ်လေးမှာလည်း ဆေးဝါး၊ မာတ်စာ၊ အခါ ကာလနှင့် လျော်ညီအောင်ပင် နယ်လှည့် ဆေးကုကာ မြန်မာ့သမားတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာမည့်သူ ဖြစ်သည်။

ထိုး ဆိုသော သူငယ်မှာလည်း စုန်းတိုက်၊ နတ်တိုက်၊ မာတြာရက္ခိုတ် အမှောင့်ပယောဂ မှန်သမျှကို ကုသကာ ခြောက်ကြီး၊ ရှစ်ကြီး၊ ဆယ့်နှစ်ကြီး ကဝေရှင်မ၊ ဇော်ဂနီ၊ ဇော်ဂနက်၊ မောက်လုံး၊ မောက်ပြား အားလုံး ငါ့မြ ချည်းဟု ကြွေးကြော်ကာ ထိုင်ရာမထ လက်ဝါးမှာ အင်းကွက်ချပြီး ဖြန့်ခ ရိုက်ချလိုက်ရုံနှင့် စုန်း၊ တစ္ဆေ၊ ကဝေ၊ မှင်စာ၊ မာတြာရက္ခိုတ်များ ချက်ချင်း ထွက်ပြေးကြရလောက်အောင် စွမ်းဆောင်နိုင်ခဲ့သော မှော်ဆရာကြီးငယ် ဖြစ်လာမည့် သူငယ်ပင်။

ထို့တွက်ကြောင့်လည်း ကျောင်းသား သုံးလေးဆယ်ယောက်ထဲတွင် ထို သူငယ်သုံးယောက်ကို ရွာလူကြီးများက လိုက်ရှာကြခြင်း ဖြစ်သည်။

နေဆန်းကို တွေ့တော့-

"မင်းတို့ ဘဘကို မတွေ့ပါလား လူလေး"

ဟု ဦးပေါ်ထွန်းက မေးလိုက်၏။

"ဘဘ တောဝင်သွားတာ သုံးညတောင် ရှိပြီ ဘိုးဘိုး"

ဟု နေဆန်းက ပြော၏။

သူတော်ငတေမှာ တစ်ခါတစ်ခါ ဤကဲ့သို့ပင် တောထဲတောင်ထဲ ညအိ ညဉ့်နေ သွားနေတတ်သည်ကိုတော့ သူတို့လည်း သိကြသည်။ အိပ်ချင်ရာအိ နေချင်ရာနေနှင့် တောတောင်ထဲ လျှောက်သွားနေတတ်သည့်အပြင် သူမျ တကာ ချမ်းအေးလွန်း၍ ခိုက်ခိုက်တုန်ယင်နေကြသော ပြာသိုလကြီး၌ပင် စမ်း ချောင်းထဲ ရေငုပ်စိမ်ချိုးကာ နီးစပ်ရာ ကောက်ရိုးပုံထဲ၌ ခေါင်းမြီးခြုံ ဝင်အိပ်နေ တတ်သည့်ကိုလည်း တွေ့သူများက တွေ့ဖူးကြသည်။

ဤသည်နှင့် ပတ်သက်၍ ဥပုသ်သီတင်း တစ်နေ့နေ့တွင် သူတော်ငတေ နှင့် ကျောင်းတွင် ဆုံမိ စကားစပ်ပြောမိကြရာ သူတော်ငတေက-

"ခင်ဗျားတို့ နားမလည်ပါဘူး။ ဒါ ကျုပ် စရဏ တစ်ခုခုအတွက် စမ်းသပ် ကျင့်ကြံနေတာ"

ဟု ဆိုသည်။

"ကြံကြံစည်ရာ၊ ဒီလောက် ချမ်းပြီး အေးခဲမတတ် ဖြစ်နေတဲ့ စမ်းရေထဲ ရေငုပ်ချိုးနေရတာ ဘာစရဏလဲ လင်းစမ်းပါဦး"

သူတော်ငတေနှင့် ငယ်စဉ်ကပင် ဒိုးထိုး ဂျင်ပေါက် အတူတစားလာခဲ့ကြ သူ တစ်ယောက်က မေး၏။





"ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးကို ခံနိုင်ရည် ရှိထားအောင် ကျင့်ရတဲ့ စရဏပေါ့ဗျ"

သူတော်ငတေက ခပ်တည်တည်ဖြင့် ပြန်ပြောသည်။

"ခင်ဗျားဟာ မကြားဖူးပါဘူး"

"ဩော် . . . မကြားဖူးဘူး"

"ဟုတ်တယ်၊ ကျုပ်တို့ ကြားတို့ မကြားဖူးဘူး"

သူတော်ငတေကလည်း စိတ်ကောင်းဝင်နေချိန်မျိုးမို့ ကျောင်းနေဖက် ငယ်သူငယ်ချင်းတစ်ယောက်က သူတို့ မကြားဘူးကြောင်း ရဲရဲဝံ့ဝံ့ပင် ပြောလိုက် သည်။

"အေး မကြားဘူးရင် မင်း (---) ဖျင်းကို ကြမ်းညပ်သလို မသေမချင်း မှတ်ထား၊ ချမ်းလျှင် ရေချိုး နှင်းတောထိုး မောလျှင် တောင်တက် ကျောက်ခဲ ရွက်၊ ပူလျှင်မီးလှုံ စောင်တို့ခြုံ တဲ့ဗျ။ ဒါ ရှေးလူကြီးတွေ နောင်လာနောက်သား တွေအတွက် မှာကြားထားခဲ့တဲ့ ကိုယ်ခံစွမ်းအားမြှင့် သိဒ္ဓိပြီးဆေးဗျ"

"မဟုတ်ကဟုတ်ကတွေတော့ ပြောမနေပါနဲ့။ ချမ်းရ အေးရတဲ့ထဲ စမ်းချောင်း က ရေထဲငုပ်ချိုးရင် သေသွားခဲ့သေမှာပေါ့ဗျ။ ဒါ သေတာကို ပြောတာနဲ့ တူမနေဘူး လား"

သူတော်ငတေ့သူငယ်ချင်း စကားကြောင့် နားထောင်နေသူများ ပိုင်းရယ် ကြသည်။

"မင်း အဘ ဟုတ်မယ် အားကြီးကြီး ခင်းလို့ နလပိန်းတုံး အကောင်မျိုးက တော့ အဲဒီ သိဒ္ဓိပြီးနည်းတို့ ကျင့်ရင် သေမှာပေါ့။ သိဒ္ဓိပြီးအောင် ကျင့်တယ် ဆိုတာ ခုချက်ချင်း ဖြန်းစားကြီး ထလုပ်လို့ ရဘူး။ အချိန် အများကြီး ပေးပြီး ပင်ပန်းခံ ကျင့်ရတယ်။ 'ချမ်းရင်ရေချိုး နှင်းတောထိုး' ဆိုတာက အချမ်းခံနိုင် အောင် တဖြည်းဖြည်း အအေးထဲမှာ သွားလာကျင့်ကြံပြီး ရေချိုးထားဖို့ ပြော တာ၊ 'ပူရင်မီးလှုံ စောင်တို့ခြုံ' ဆိုတာက ပူတဲ့ဒဏ်ကို ခံနိုင်အောင် ပူတဲ့အချိန်မှာ မီးလှုံရင် ဘာဖြစ်မလဲ"

သူတော်ငတေက သူ့သူငယ်ချင်း မျက်နှာကို စေ့စေ့ စိုက်ကြည့်၍ မေး၏။

"ပူရအိုက်ရတဲ့ထဲ မီးလှုံရင် ဘာဖြစ်မလဲ ဟုတ်လား"

"အေး . . . ဘာဖြစ်မယ် မင်းထင်လဲ"

"ချွေးပြန်မှာပေါ့ဗျ"

"အေး ဟုတ်ပြီ၊ မင်း နည်းနည်းလေးတော့ သဘောပေါက်လာပြီ ချွေးက



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ"

"ဟာ ခွေးတ ဘာလဲဆိုတော့ ဘာပြောမလဲ ခွေးပေါ့ဗျ။ လူကိုယ်က မွေးအိုက်လို့ထွက်တာ၊ နံ့တာပေါ့"

နားထောင်နေသူများက ဝိုင်းရယ်ကြပြန်သည်။

"တော်။ ခွေးဟာ အာပေါ်လို့ ခေါ်တယ်ကွ မှတ်ထား။ ပူနေတဲ့ ကိုယ်တို့ ရေစိုသွားရင် ခွေးစိုသွားရင် ဘာဖြစ်မလဲ"

"အေးသွားမှာပေါ့ဗျ"

"ဟုတ်ပြီ အာပူမငြိမ်းဘူးလား၊ မင်း မယုံရင် ပူအိုက်တုန်း မင်း စောင်ခြုံပြီး အိပ်ကြည့်၊ ခွေးတွေ တဗီးဗီးနဲ့ အေးသွားမယ် တိုယ့်လူရဲ"

"ဦးသုတော်ကြီး ပြောတာ ဟုတ်သလိုလိုပဲဗျ။ ဒါ စဉ်းစားစရာနော်"

တစ်ယောက်က ထောက်ခံစကား ဆိုသည်ကို သုတော်ငတေ သူငယ်ချင်းကတော့ မှတ်နှာမဲ့ပြ၏။

"စဉ်းစားမနေနဲ့ ဒါ အမှန်ပဲ။ ခင်ဗျားတို့တို့ မဟုတ်တာ ကျုပ် ဘယ်တုံးက ပြောဖူးလို့လဲ၊ ငဆော မုသာဝါဒ မပြောဖူးပါဘူး။ 'မောလျှင် တောင်တက် ကျောက်ခဲရွက်' ဆိုတာတလည်း ရှင်းရှင်းလေးပါဗျာ။ မောတတ် ပန်းတတ်တဲ့ လူတွေအတွက် အမောအပန်းဒဏ်ကို ခံနိုင်ရည်ရှိအောင် ကျောက်ခဲရွက်ပြီး တောင်တက်တဲ့ အကျင့်ကို အလေ့အထဖြစ်အောင် ကျင့်ထားရင် တောင်ဘယ် နှစ်လုံးသွားတက်တက် အဲဒီလူမှာ မောတယ် ပန်းတယ်ဆိုတာ မရှိတော့ဘူး

ရှေးရှေးတ ပညာရှိတွေ စကားဆိုတာတွေ သေသေချာချာ သဘော ပေါက်အောင် လေ့လာစူးစမ်းပြီး ကျင့်ကြံထားရင် အကျိုးရှိနိုင်ပါတယ်။ ကျုပ်က တော့ အဲဒါကြောင့် သူများတွေ ချမ်းလှုပါချေရဲ ဆိုတဲ့ ပြာသိုလကြီးမှာ အချမ်းခံ နိုင်အောင် စမ်းရေထဲ ငုပ်ချိုးထားတာဗျ"

"ရေငုပ် မီးလှုံ တုံးခုန် ဖယ်ခတ် ဆိုတဲ့ ကျင့်စဉ်တတော့ တို့ဦးသုတော် လည်း ကြားဖူးမယ်ထင်တယ်။ ချမ်းရင်ရေချိုး နွေးတောထိုးပြီးရင် ရေငုပ်၊ မီးလှုံ တုံးခုန်၊ ဖယ်ခတ် စရာတော့ တို့ဦးသုတော် ကျင့်ဦးမယ်လို့ မှန်းထားသေးလား"

"မင်းအဘ၊ အဲဒါ အရည်းကြီးတွေ ကျင့်တာကွ၊ ငါ ဘာလို့ ကျင့်ရမလဲ"

"ဝါး . . . ဟား . . . ဟား"

"ဟိ . . . ဟိ . . . ဟေး . . . ဟေး . . . ဟိတိ"

အားလုံးက ဝိုင်းရယ်ကြသောအခါ သူ့သူငယ်ချင်းကို သုတော်ငတေက ထဆဲသည်။





"ဒါတော့ မသိဘူးလေ၊ ခု ခင်ဗျားပြောတဲ့ 'ချမ်းရင်ရေချိုး' ဆိုတဲ့ သိဒ္ဓိပြီး သမ်းစဉ်တွေနဲ့များ နွယ်မလားလို့ မေးကြည့်ရတာပါ"

"မင်းအဘ ဟုတ်မယ်၊ ခွေးကောင်" ဟု ပြောကာ သုတော်ငတေ ထသွား လေသည်။

သုတော်ငတေ ဆိုသူမှာ ဤနှယ်လို ပေါက်ကရလည်း မဟုတ်မဟတ် တစ်ခါတစ်ခါ လုပ်တတ်သူ ဖြစ်လေရာ ယခုလည်း တောဝင်သွားတာ သုံးညပင် ရှိပြီဟု သူ့အနွေဝါသီက နေဆန်းလေးက ပြောသောအခါ ရွာလူကြီးတွေမှာ စိတ်ထဲ တစ်မျိုးဖြစ်သွားကြသည်။

သူတို့ တစ်သက်တွင် တစ်ခါဖူးမျှ ရွာထဲကို ဤသို့ ရာချီထောင်ချီ ပိတုန်း ကောင်များ ဝင်လာသည်ကို မကြားဘူး၊ မကြုံဘူးကြ။ သူတို့ရွာကို သုတော် ငတေ တောဝင်နေတုန်း ညကျမှ ပိတုန်းကောင်များ ရာချီထောင်ချီ ဝင်လာ ကြခြင်းမှာ သုတော်ငတေနှင့်များ ဆက်စပ်နေလေသလား၊ သုတော်ငတေသည် တောထဲ၌ ထင်ရာမြင်ရာ မဟုတ်မဟတ်တွေ လျှောက်လုပ်နေသဖြင့် ရွာရှင်နှင့် တောရှင်၊ တောင်ရှင်များက သုတော်ငတေကို မနိုင်သဖြင့် သုတော်ငတေနေ သော ရွာကို တစ်ခုခု ဖြစ်အောင်များ လုပ်သည့် သဘောလား။

သူတို့စိတ်ထဲ သုတော်ငတေနှင့် ပတ်သက်၍ သံသယဝင်သွားကြရာ "မင်းတို့ဘဘ ဘယ်နေ့ ပြန်လာမယ်လို့ ပြောသွားလဲ"

ဟု နေဆန်းလေးကို ထပ်မေးကြသည်။

"သွားတုန်းကတော့ တောထဲမှာ သုံးညပဲ ကြာမယ်၊ ဒီနေ့မနက် ပြန်လာ မယ်လို့ မှာသွားတာပဲ ဘိုးဘိုး"

ဦးထွန်းပေါ်၏ အမေးကို နေဆန်းလေးက သုတော်ငတေ မှာသွားသည့် အတိုင်း ပြန်ပြောပြသည်။

"ဒီနေ့မနက်ဆိုတော့ သူ ဆွမ်းစားအမီ ပြန်လာမှာပေါ့နော်"

"ဟုတ်ကဲ့ လာမယ် ထင်ပါတယ်။ ဘဘက မှာသွားရင်တော့ ကတိမပျက် တတ်ပါဘူး။ လာမှာပါ"

အချိန်မှာ နံနက် ရှစ်နာရီကျော်သာ ရှိသေးသဖြင့် ရွာလူကြီးတွေအတွက် မျှော်လင့်ချက်တော့ ရှိနေပေသေးသည်။ ထို့ကြောင့် . . .

"အေးကွ၊ တို့ ကျောင်းပေါ်တက်ပြီး ဆရာတော်နဲ့ စကားသွားပြောစရာ ရှိသေးတယ်။ တို့ ကျောင်းပေါ်မှာ ရှိနေမယ်။ မင်းဘဘ ဦးသုတော် လာရင်သာ ဘိုးဘိုးတို့ကို ချက်ချင်း လာပြောပါနော်။ ပြီးတော့ မင်းတို့ဘဘ ဦးသုတော်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း နောက်ထပ် ဘယ်မှ ထွက်မသွားပါနဲ့ဦး။ ရွာက လူကြီးတွေ ကိစ္စရှိလို့ ရောက်နေကြတယ်လို့ ပြောလိုက်ပါ ကလေးရယ်"

ဟု မှာကြားပြီး ဦးထွန်းပေါ်၊ ဦးကံညွန့်၊ ဦးသံတိုင်တို့ သုံးယောက်ဘုန်းကြီးကျောင်းပေါ်သို့ တက်လာကြလေသည်။

❀

"ဘိုးဘိုး၊ ဘဘ ပြန်လာပြီ"

ရွာထဲ ပိတုန်းကောင်များ ရာချီထောင်ချီ ညည ဝင်လာကြသည့်အကြောင်း ဘုန်းကြီးနှင့် စကားထိုင်ပြော၍ တစ်နာရီပင်မကြာ သူတော်ငတေ၏ အနွေတ ကဖြစ်သူ နေဆန်းလေးက သူ့ဘဘ ဦးသူတော် တောထဲက ပြန်လာပြီ ကြောင်း လာပြောသဖြင့် ရွာလူကြီးသုံးဦးမှာ ဘုန်းကြီးကို ကမန်းကတန်း ပေါက် ဦးသုံးကြိမ်ချကာ ကျောင်းအောက်သို့ ဆင်းလာကြသည်။

နေဆန်းလေး လာပြောသွားသည်မှာ အမှန်ပင် ဖြစ်သည်။

သူတော်ငတေသည် ကိုယ်ရုံကို ဖိုသီဖတ်သီနှင့် သူ့ခေတ်ခန်းဖိုရုံ လန့်ကို ဖွင့်နေရာက သူတို့ဘက်သို့ တစ်ချက်လှမ်းကြည့်ပြီး သူ့အခန်း ဖိုရုံ ဝင်သွား၏။

ရွာလူကြီးသုံးယောက်သည် သူတော်ငတေ၏ ဖိုရုံခေတ်ခန်းရှေ့ ကွပ်ပျစ် ပေါ်တွင် ရှိရိုသေသေ တန်းစီထိုင်နေကြသည်။

ဦးထွန်းပေါ်တို့ ရွာလူကြီးသုံးယောက် လာထိုင်နေကြသည်ကို မြင်ရသော အခါ သူတော်ငတေမှာလည်း ဖိုရုံထဲက ပြန်ထွက်လာသည်။ ရွာလူကြီးသုံး ယောက် အကြောင်းကိစ္စ မရှိဘဲနှင့် သူ့ဆီ ဤသို့လာပြီး ဖိုရုံရှေ့ ကွပ်ပျစ်ပေါ် ရှိရိုသေသေ လာထိုင်နေကြသည်မှာ ကိစ္စကြီးငယ် တစ်ခုခုတော့ ရှိရမည်ဟူသော အသိနှင့် ရွာလူကြီးသုံးယောက်ရှေ့ သူတော်ငတေကလည်း လာထိုင်၏။

ပြီးတော့ ဦးထွန်းပေါ်ကို ပထမဦးဆုံး လက်ညှိုး ငေါက်ငေါက်ထိုးပြီး-

"တစ်၊ နှစ်၊ သုံး"

ဟု ရေတွက်လိုက်တာ-

"ဟဲဟဲ သုံးယောက်ပေါင်း အလေညင်း ပေါ်၊ အဲအဲ မဟုတ်ပါဘူး သုံးယောက်ပေါင်း လောင်းကျော် ဆိုပါလား၊ ဘာကိတ်"

ဟု တစ်ဆက်တည်း မေးလိုက်သည်။

သူတို့ကို တွေ့တွေ့ချင်း ဘာမပြော၊ ညာမပြောသေးဘဲ-

"တစ်၊ နှစ်၊ သုံး" ဟု လက်ညှိုး ငေါက်ငေါက်ထိုး ရေတွက်ကာ အပြော





အပြက်လိုလို အတည်လိုလို ပြောလိုက်သော သူတော်ငတေ၏ စကားသံကြောင့် သူတော်ငတေနှင့် များစွာလည်း အကျွမ်းမဝင်ကြသေးသော ဦးထွန်းပေါ်နှင့် ဦးကံညွန့်တို့မှာ ရုတ်တရက် ကြောင်တောင်တောင် ဖြစ်သွားကြပြီး မှင်ကက်မိနေကြသည်။

ထိုအခါ သူတော်ငတေနှင့် ငယ်ပေါင်းကြီးဖော်ဖြစ်သော ဦးသံတိုင်က-

"မေးနေရသေးတယ်၊ ဦးသူတော် ဘာမှ မကြားဘူးလား"

ဟု ပြောလိုက်၏။

"ကျုပ်က ဘာကြားရမှာလဲ"

"ရွာမှာ ဒီလောက် အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြတာ ဦးသူတော် မကြားဘူး"

"မကြားပါဘူးဆို ဘာ အုတ်အော်သောင်းတင်းလဲ။ ဘယ်တုံးက ဖြစ်တာလဲ"

"ဒီ တစ်ည နှစ်ညမှာပဲ"

"ဘာဖြစ်တာလဲ"

"ဦးသူတော် အနွေဝါ . . အဲ တပည့်တွေက မပြောဘူးလား"

"ကျုပ်တပည့်တွေမှ မရှိတာ"

"ဟင် နေဆန်းတို့၊ ဖေါင်းသိန်းတို့က ဦးသူတော် လက်ရင်းတပည့်တွေပဲ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးဗျာ၊ သူတို့က ဆရာတော်ကြီး တပည့်တွေပါ။ ကျုပ် တပည့် တွေ မဟုတ်ပါဘူး"

သူတော်ငတေက လေပျော့နှင့် ပြော၏။

"မသိဘူးလေ၊ ဦးသူတော်ပဲ သူတို့ကို ဆေးဝါး ဗေဒင်တွေ သင်ပေးနေ တယ် မဟုတ်လား။ အဲဒါ တပည့်မဟုတ်လို့ ဘာလဲ"

"ခင်ဗျားက ပြောရှေမယ်။ အဲဒီ ကလေးတွေက ကျုပ်တပည့်တွေ မဟုတ် ဘူးဗျ။ ကျုပ်နဲ့ လောကီပညာ ဆည်းပူးဖော် ဆည်းပူးဖက် သူငယ်ချင်းတွေပါ"

ဦးသူတော်ငတေစကားကို ဓာတ်သိမဟုတ်သူ ဦးထွန်းပေါ်နှင့် ဦးကံညွန့် တို့က ပြုံးကြသည်။

ဆယ့်လေးငါးနှစ်သား ကလေးတွေနှင့် သူက သူငယ်ချင်းတွေဟု ဆို၏။

"ကဲ ထားလိုက်ပါတော့။ ညည ကျုပ်တို့ရွာထဲ ပိတုန်းကောင်တွေ ဝင်တဲ့ ကိစ္စ ဦးသူတော် တကယ် ဘာမှ မကြားမိသေးဘူးပေါ့"

"ကျုပ်က ဒီတစ်ည၊ နှစ်ည တောင်းမှာမှ မရှိတာ။ ခင်ဗျားတို့ ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ ခုနကမှ ကျုပ် တောထဲက ပြန်လာတာ"

"ဟုတ်ပါပြီ။ အဲဒါ ခုလာကြတဲ့ ကိစ္စက တစ်ည နှစ်ည ရှိပြီဗျ။ ရွာထဲကို ပိတုန်းကောင်တွေ ဘယ်ကဘယ်လို ရောက်လာကြမှန်း မသိဘူး။ ရာချီထောင်ချီ ပြီး ဝင်ဝင်လာတဲ့ကိစ္စ ဘယ်လို အစီအမံ လုပ်ကြရကောင်းမလဲလို့ ခု ဦးသူ တော်နဲ့ ကျုပ်တို့ လာတိုင်ပင်ကြတာ"

သူတော်ငတေက သူ့ ဗိုက်ပူပူကြီးကို ပွတ်ပြီး စဉ်းစားသလိုလို လုပ် နေစဉ် ဦးထွန်းပေါ်ကလည်း ဦးသံတိုင်စကားကို ထောက်ခံသောအနေနှင့်-

"ဟုတ်ပါတယ် ဦးသူတော်။ အဲဒါ ဘယ်လို အတိတ်နိမိတ်၊ ဘယ်လိုဖြစ် တာလဲ ဆိုတာ ဦးသူတော်နဲ့ တိုင်ပင်ကြရအောင် လာကြတာပါ"

ဟု ဝင်၍ ပြောလိုက်သည်။

"ဘာ အတိတ်နိမိတ်ရှိမလဲ ဦးလေးရာ။ ကျုပ်တို့ ရွာထဲမှာ ပိတုန်းတွေ ကြိုက်တတ်တဲ့ အသီးအပွင့်ပင် တစ်ပင်ပင်ရှိနေလို့ လာပြီး စားစုပ်ကြတာ နေမှာပေါ့"

"မဟုတ်ဘူးနော် ဦးသူတော်။ ဟိုတုန်းကဆို ဒီလို ရွာကို ညညမှာ ပိတုန်း ကောင်တွေ ရာချီထောင်ချီ ဝင်ဝင်လာကြတာ ဦးသူတော် ကြားဖူးလို့လား"

"မကြားဘူးပါလား"

သူတော်ငတေက အမှန်အတိုင်း ဝန်ခံစကား ဆိုသည်။

"အဲဒါ ထူးဆန်းလွန်းလို့ပေါ့ဗျ"

"ဟိုတုန်းက မကြားဘူး မကြုံဖူးကြဘူးဆိုတာ ပိတုန်းကောင်တွေ ကြိုက် တတ်တဲ့ အသီးအပွင့်ပင် တစ်ပင်ပင်ဟာ ငယ်နေသေးလို့ အသီးအပွင့် မရှိသေး လို့ မလာကြတာနေ . . ."

"ခက်လိုက်တာ၊ မဟုတ်ပါဘူးဆို။ ပန်းစား၊ အသီးစားဖို့ လာတဲ့ ပိတုန်း ကောင်တွေက အသီးသာကြီးပါဗျာ။ ခုဟာက ဘာပန်း၊ ဘာအသီးမှ မစားဘဲ တစ်ညလုံး ရွာထဲမှာ ဝဲပျံနေကြပြီး လူတွေကို လိုက်တုပ်နေကြလို့ဗျ"

ဦးသံတိုင်က သူတော်ငတေကို စိတ်မရှည်နိုင်တော့သဖြင့် ခပ်ထန်ထန် ပြောလိုက်၏။

"မခက်နဲ့လေ ခင်ဗျားပဲ စဉ်းစားကြည့်။ ဒီရာသီက ကျုပ်တို့ရွာရှေ့ ရိုးမ ဘက်မှာ တောင်ပေါ်သား ယာသမားတွေက ယာမီးရှို့ချိန်ဗျ။ အဲဒီ ယာခုတ်ထား တဲ့ ဝါးတောတွေထဲကနေ ယာမီးရှို့လိုက်တော့ ပိတုန်းကောင်တွေ အထိတ် တလန့်နဲ့ ရွာထဲ ပြေးဝင်လာကြတာ ဖြစ်မှာပါ။ လူတွေကို လိုက်တုပ်တယ်





ဆိုတာကလည်း သူတို့က အသိုက်အအုံ ဖျက်လာကြတဲ့ အကောင်တွေဆိုတော့ ဒေါသတကြီးနဲ့ တွေ့ကရာ မြင်ကရာ ထိုးတုပ်ကြတော့မှာပေါ့။ ဒါ မဆန်းပါဘူး။ ပိတုန်းတုပ်ခံရရင် စိမ်းစားငါးပိ သုတ်ပေါ့ဗျ။ ကျုပ်တို့ ခင်ဗျားတို့ ငယ်ငယ်တုန်းက ပိတုန်းတုပ်ခံရရင် ငါးပိသုတ်ကြတာပဲ မဟုတ်လား ဘာအဆိပ်မှ မဖြစ်ပါဘူး"

ဦးသံတိုင်၏ စကားကို သူတော်ငတေကလည်း တွေးတွေးဆဆနှင့် ယခင် ပထမည ရွာထဲသို့ ပိတုန်းကောင်တွေ ရာချီထောင်ချီ ဝင်လာကြစဉ်က ရွာလူကြီး ဦးကြာပန်း ထင်မြင်ချက် ပေးခဲ့သလိုပင် ယာတောင်သူတွေ ယာမီးရှို့ရာမှ ပြေး လာကြသော ပိတုန်းများလားဟု ထင်ကြေးဆိုနေပြန်သည်။

"မဟုတ်ပါဘူးဆို၊ ကဲ ဒါဆို ဦးသူတော်ကို ကျုပ် တစ်ခုမေးမယ်"

သူတော်ငတေကို ပြောမရသဖြင့် ဦးသံတိုင်ကလည်း စိတ်တိုလာပုံရ သည်။

သူတော်ငတေနှင့် အကျွမ်းတဝင် မရှိလှသော ဦးကံညွန့်နှင့် ဦးထွန်းပေါ် တို့မှာမူ သူတော်ငပေ နားဝင်အောင် မည်သို့မျှ ပြောမရဘဲ သည်အတိုင်းပြန် လွှတ်လိုက်မည်ကို စိုးရိမ်ကာ စိတ်တထင့်ထင့်နှင့် ငေးကြည့်နေကြရ၏။

"မေးလေ၊ ခင်ဗျား ဘာမေးမလို့လဲ"

"ရွာထဲမှာ ပိတုန်းကောင်တွေ ကြိုက်တတ်တဲ့ အသီးအပွင့် စားဖို့ လာကြ တယ် ဆိုရအောင် ပိတုန်းဆိုတဲ့ အကောင်တွေဟာ ညဘက်တွေမှာ ထွက်စား တတ်ကြတဲ့ အကောင်တွေလား"

"တောင်ယာကို မီးရှို့လို့ လန့်ပြေးလာကြပါတယ်လို့ဆို အချိန်အခါရှိ မလားဗျ"

သူတော်ငတေကလည်း ဦးသံတိုင်ကို ခပ်တည်တည်ပင် ပြန်ပြောနေပြန် သည်။

"လုပ်လိုက်ပြန်ပြီ။ ဒီထက်ကို ထူးခြားတာတွေရှိလို့ ဦးသူတော်ကို ခုလို ကျုပ်တို့ တကူးတက လာပြောကြရပါတယ်ဆို"

"ဘယ်လို ထူးခြားချက်တွေ ရှိလဲဆိုတာ ပြောလေ ပြောပေါ့ဗျ"

"ဒီမှာ ကျုပ်ပြောမယ်"

"ပြော . . . ပြော"

သူတော်ငတေကား ခပ်တည်တည်ပင်။

"(တစ်) အချက် ထူးခြားတာက ရွာထဲကို ရာချီထောင်ချီ ဝင်လာကြတဲ့ ပိတုန်းကောင်တွေဟာ မြို့ထဲ၊ အိမ်ထဲက လူတွေကို လုံးဝ မထိုးမတုပ်ဘဲ ရွာ



www.burmeseclassic.com

www.burmeseclassic.com



လယ်လမ်းမပေါ် ထွက်လာကြတဲ့ လူတွေကိုပဲ ဝိုင်းပြီး ထိုးတုပ်တာတ်ကြတယ်။ (နှစ်) အချက် လူတွေက မီးတုတ်၊ မီးရှူးတွေနဲ့ မြှုက်လိုက်၊ ဝါးလုံးရှည်တွေနဲ့ ရမ်းရိုက်၊ လှမ်းရိုက်ကြပေမယ့် တစ်ကောင်တလေဟိုဘောင်မှ မရိုက်မိ မသတ်မိကြပါဘူး။ နောက် (သုံး) အချက် ပိတုန်းကောင်တွေကို ရွာလမ်းမထဲ ထွက်ရိုက်ကြ၊ မီးတုတ်မီးရှူးတွေနဲ့ တိုက်သတ်ကြ၊ ပိတုန်းကောင်တွေက လိုက်တုပ်တဲ့ အိမ်ထဲ၊ ခြံထဲကို ဝင်ပြေးကြနဲ့ တစ်ညနေစ်ည ဝရုန်းသုန်းကား ဖြစ်နေကြပေမယ့် ရွာထဲ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ အုကြဲဟောင်ကြပြီး လန့်ဖျပ် ထွက်ပြေးကြတာမရှိဘဲ အိမ်ထဲမှာ တုတ်တုတ်မလှုပ် ငြိမ်ကုပ်နေကြတာပဲ။ ဒါ မထူးဆန်းဘူးလား။

ဟိုတုန်းကဆို နွားလှုက်၊ တွဲပြေးတာတောင် လိုက်ဟောင် ပြေးလိုက်ကြတဲ့ ခွေးတွေဗျ။ ခုတော့ ရွာထဲ ပိတုန်းကောင်တွေ ဝင်လာလို့ အထိတ်တလန့် ပြေးနေကြ လွှားကြ အော်ကြဟစ်ကြတာတောင် ဒီခွေးတွေက တစ်ချက် ထွက်မဟောင်ဝံ့ကြဘဲ အိမ်အောက်တွေမှာ ငြိမ်ကုပ်နေကြတာ။ ဒါ မထူးဆန်းဘူးလား။ တစ်စုံတစ်ခု အမှောင့်ပယောဂ မဖြစ်နိုင်ဘူးလား"

"ဦးသံတိုင် ပြောပြတာ ဟုတ်ပါတယ် ဦးသူတော်။ ထူးခြားဆန်းကြယ် ဖြစ်နေတာကတော့ အမှန်ပါပဲ ခင်ဗျာ။ ကျွန်တော်ဆို အိမ်ရှေ့လမ်းမပေါ်ထိ သဲသဲလှုပ် အတောင် သုံးလေးဆယ် ဝဲပျံလာကြတဲ့ ပိတုန်းကောင်အုပ်ထဲ ရမ်းပြီး မီးတုတ်နဲ့ ခြံထဲက ရမ်းရိုက်၊ လှမ်းရိုက် မီးမြှိုက်ရှိတာ လေးငါးခါပါပဲ။ ဒါပေမယ့် တစ်ကောင်မှ မီးဟပ်သေတာ၊ မီးတုတ်မီးညှန့်ထဲ ပြုတ်ကျလာတာ မရှိပါဘူး။

ဒါ့ထားတော့ ဒီလောက် တစ်ရွာလုံးရှိ လူတွေ မီးရှို့မြှိုက်သတ်နေကြတာ တစ်ကောင်ဟာလေလောက် မသေတောင်၊ ခြေကျိုးလက်ကျိုး အတောင်ပံကျိုးနဲ့ မိုးလင်းရင် ရွာလမ်းမှာ တစ်ကောင်တလေကို တွေ့ရဖို့ မကောင်းလားဗျာ။ ခုတော့ တစ်ကောင်တလေကို မပြောနဲ့ ခြေ လက်၊ တောင်ပံ တစ်ချောင်းတောင် ရွာလမ်းမှာ မတွေ့ကြရတာ အင်မတန်ပဲ ထူးဆန်းနေပါတယ် ခင်ဗျာ။ အဲဒါကြောင့် ကျွန်တော်တို့ ဘာလုပ်ကြရမှန်းမသိဖြစ်ပြီး ခုလို ဦးသူတော်ဆီ အကြံဉာဏ်လာပြီး တောင်းကြတာပါ"

ဦးသံတိုင်၏ စကားကို သူတော်ငတေနှင့် မရင်းနှီးသော တစ်ရွာသားဖြစ်သူ ဦးကံညွန့်ကလည်း သူတော်ငတေ သဘောပေါက်လောက်အောင် မှန်းမြှောက်ခဲ့ ပြောဆိုလိုက်ရပြန်သည်။

"အေးဗျာ၊ ခင်ဗျားတို့ပြောသလိုဆိုတော့ ထူးဆန်းသလို ဖြစ်နေတာပဲနော်"





"ဟုတ်ပါတယ် ဦးသူတော်၊ ထူးဆန်းလွန်းလို့လည်း ဦးလေးတို့က ကိုယ့်ရွာ ကိုယ့်ပြည်သား ဦးသူတော်ဆီကို အကြံဉာဏ် လာတောင်းကြရတာပါပဲ"

သူတော်ငတေ၏ အဖေနှင့် ငယ်သူငယ်ချင်းဖြစ်သူ ရွာလူကြီး ဦးထွန်းပေါ်ကလည်း သူတော်ငတေ နားဝင်အောင် ထပ်ပြောပြနေရပြန်သည်။

သူတော်ငတေမှာ လူကြီးလူငယ် သိတတ်သူ မဟုတ်။ သူ မထင်လျှင် မထင်သလို-

'သွားကြစမ်းပါဗျာ၊ အလကား လာရှုပ်မနေကြနဲ့'

ဟုလည်း တစ်ခါတစ်ခါ ဗေဒင်မေးလာသူ၊ ဆေးတောင်းရန်လာသူ၊ အမှောင့်ပယောဂထင်၍ လာပြသူများကို အော်လွှတ်တတ်ကြောင်း သိထားသူ ဦးထွန်းပေါ်မှာ ယခု မိမိရွာကိစ္စပင် ဖြစ်ပါသော်လည်း သူတော်ငတေက အော်များ လွှတ်လေမလားဟု စိတ်တထင့်ထင့်နှင့် သူတော်ငတေဆီမှ ဘာစကား ထွက်လာမည်ကိုသာ စောင့်မျှော်ကာ သူတော်ငတေ၏ မျက်နှာကို ငေးကြည့်နေမိသည်။

"အိမ်း ဦးလေးတို့ ရွာလူကြီးများ ပြောစကားအရဆို စဉ်းတော့ စဉ်းစားစရာပါလား"

သူတော်ငတေဆီမှ တွေးတွေးဆဆ စကားကို ကြားလိုက်ရသောအခါ ရွာလူကြီးသုံးယောက်၏ မျက်နှာမှာ ချက်ချင်း ဝင်းပြောင်လာကြသည်။

"ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ တစ်ရွာလုံးကလည်း ဒါကို ဘယ်လိုမှ တွေးခေါ် အဖြေထုတ်နိုင်တဲ့လူ မရှိလို့ ဦးသူတော်ဆီ တစ်ရွာလုံးကိုယ်စား ကျွန်တော်တို့ အကူအညီ လာတောင်းကြတာပါ ခင်ဗျာ"

ရွာခံလူကြီးနှစ်ယောက်နှင့်စာလျှင် တောင်ရင်းရွာမှ ကြီးပေါင်းဖြစ်ကာ ယာတောင်ရွာရှိ မုဆိုးမနှင့် အိမ်ထောင်လာကျသူ ဦးကံညွန့်မှာ သူတော်ငတေ နားဝင်လောက်အောင် စကားပြော ပိုညက်သူ ဖြစ်သဖြင့် ဦးကံညွန့် စကား အဆုံးသတ်မှာ သူတော်ငတေပါးစပ်က ဘာလေသံ ထွက်လာကြမည်ကို ဦးထွန်းပေါ်နှင့် ဦးသံတိုင်တို့က ငေးစောင့်နေကြရပြန်သည်။

"ကျုပ်လည်း ဒီရွာသား ဒီရွာနေသူပါဗျာ။ ရပ်ရေးရွာရေးကိစ္စဆိုတော့ လုပ်ပေးရမှာပေါ့။ ဒါနဲ့ ခုတော့ ခင်ဗျားတို့ ရွာပြန် . . ."

"ဗျာ . . . ရွာကို ပြန်ရမယ်"

သူတော်ငတေ၏ သူငယ်ချင်း ဦးသံတိုင်က ငတေတော့ ခုလုပ်ပြန်ပြီ ဟူသော အတွေးနှင့် ချက်ချင်း 'ဗျာ ရွာပြန်ရမယ်' ဟု သူတော်ငတေ စကား



www.burmeseclassic.com

www.burmeseclassic.com



မဆုံးမီ ထအော်လိုက်၏။

"မင်းကလည်းကွာ၊ ငါ့စကားကိုပဲ ဆုံးအောင် နားထောင်စမ်းပါဦး"

သူတော်ငတေက ဦးသံတိုင် အမူအရာ ပျက်သွားသည်ကို မြင်လိုက်သဖြင့် ချက်ချင်း ပြောလိုက်သည်။

"အေး ဒါဆို ပြောပါဦး၊ ကျုပ်တို့ ရွာပြန်ကြပြီး ဘယ်လို အစီအစဉ် လုပ်ကြရမလဲ"

"ဘာအစီအမံမှ မလုပ်နဲ့၊ ခု လူကြီးမင်းတို့ ရွာကိုပြန်ပြီး ရွာခံ လူကြီး လူငယ်၊ နောက်ဆုံး ကလေးငယ်တွေပဲ ဖြစ်ဖြစ် အထူးသဖြင့် မိန်းမသူ ကြီးငယ် မဟူတွေပေါ့။ တစ်ရွာတစ်ကျေး တခြား ရွာနီးနား၊ ရပ်နီးနားက လူတွေနဲ့ ခိုက်ရန် ဒေါသ ဖြစ်ခဲ့ကြတာ ရှိလား။ ဒီတစ်ရက် နှစ်ရက် အတွင်းမှာ ပြောတာနော်"

"ဟုတ်ကဲ့ပါ ဦးသူတော်"

လေးလေးစားစား ပြန်ပြောသူမှာ ဦးကံညွန့် ဖြစ်သည်။

"အဲဒါ ရွာထဲမှာ ခင်ဗျားတို့ သွားစုံစမ်းကြ။ ဘယ်ရွာသားနဲ့ ဖြစ်ဖြစ် ရန် ဖြစ်လာသူ။ ဥပမာ ငရုတ်ခင်း၊ ခရမ်းခင်းကို ကျွဲနွား ဝင်စားလို့ပဲ ဖြစ်ဖြစ် ကလေးချင်း ကျီစားရာက ရန်ဖြစ်လာကြတာတို့ ဘာတို့ ရှိ မရှိ အဲဒါ ကျုပ် သိချင်တယ်"

"တခြား တစ်ရွာတစ်ကျေးက လူတွေနဲ့ပေါ့နော်"

"ဒါပေါ့ဗျ။ ကလေးချင်းဖြစ်ဖြစ် ရန်ဖြစ်တာ စကားများလာကြတာတို့ ဘာတို့ ဒီတစ်ရက် နှစ်ရက် အတွင်းမှာ ရှိ မရှိ ခင်ဗျားတို့ အဲဒါပဲ အရင် သွား စုံစမ်းကြဦး။ တိုးတိုးတိတ်တိတ် စုံစမ်းကြ။ အတော်ကြာ ကျုပ်ကနေ စုံစမ်းခိုင်းတယ်ဆို တစ်လွဲတစ်ချော် တွေးမိပြီး မပြောဝံ့ မဆိုဝံ့ကြဘဲလည်း နေဦးမယ်။

တကယ်လို့ အဲဒီလို ရန်ဖြစ်ပြီးလာကြတဲ့ ကလေးသူငယ်များပဲရှိရှိ ဘယ်သူ ဘယ်ဝါရယ်လို့ သိရင်တော်ပြီ။ ကာယကံရှင်ကို ဘာမှ မေးလားစမ်းလား မလုပ်ကြနဲ့ဦး။ ရပ်ခြား၊ ရွာခြားက တစ်ယောက်ယောက်နဲ့ ခိုက်ရန်ဒေါသ ဖြစ် လာကြတဲ့လူ ကျုပ်တို့ရွာမှာ ရှိတယ်ဆို တော်ပြီ။ ရှိ မရှိ ခင်ဗျားတို့ ရွာဆင်းပြီး စုံစမ်းကြ။ ရှိတယ်ဆိုရင် ကျုပ်ကို လာပြော။ ကဲ ကျုပ်လည်း တောထဲသွားနေ လို့ ထမင်းမစားရတာ နှစ်ရက် သုံးရက် ရှိသွားပြီ။ စောစောက ဆရာတော် ဆွမ်းစားတုံးခေါင်းခေါက်သံ ကြားလိုက်တယ်။ ခုလောက်ဆို ဆရာတော်လည်း ဆွမ်းဘုဉ်းပေးပြီးလောက်ပြီ။ ကျုပ် ကျောင်းပေါ်တက် ဆွမ်းစားလိုက်ဦးမယ်။ ကဲ သွားကြ၊ သွားကြ"





ပြောပြောဆိုဆိုနှင့်ပင် သူတော်ငတေ ကျောင်းပေါ် တက်သွားရာ ယာတောင်ရွာ လူကြီးသုံးယောက်တို့မှာ သူတော်ငတေအား "ဟုတ်ကဲ့ပါ" ဟု ရိုရို သေသေ လေးလေးစားစားပင် ပြောခွင့်မရလိုက်သဖြင့် တစ်ရွာသူ တစ်ရွာသား ကလေးသူငယ်များပါမကျန် ရန်ဖြစ်ဖူးထားသူကို ရှာဖွေစုံစမ်းရန် ယာတောင်ရွာ ထဲသို့ ဆင်းလာကြရလေ၏။

✽

သို့နှင့် ယာတောင်ရွာ လူကြီးသုံးယောက် ဖြစ်ကြသော ဦးထွန်းပေါ်၊ ဦးကံညွန့်နှင့် ဦးသံတိုင်တို့ သုံးယောက်သည် သူတော်ငတေ မှာကြားလိုက်သည့် အတိုင်းပင် တစ်ရွာတစ်ကျေးက လူများနှင့် ဤတစ်ရက် နှစ်ရက် အတွင်းတွင် စကားများ ရန်ဖြစ်လာကြသူ၊ ရန်ဖြစ်ထားကြသူ ရှိမရှိ ယာတောင်ရွာထဲ၌ တိုးတိုးတိတ်တိတ် လိုက်စုံစမ်းကြသည်။

မကြာမီမှာ အဖြေရ၏။

လွန်ခဲ့သော တပေါင်းလဆန်း ဆယ့်သုံးရက် (တောအဖိတ်) နေ့က ရွာဖျား ပိုင်းရှိ ဦးလှသန်းနှင့် ဒေါ်ပုမတို့၏ သမီးကြီး မလှရှိန်သည် သူ့အဖော် ကာလ သမီးများ ဖြစ်ကြသော အေးတင်မ၊ ယဉ်နုခိုင်တို့နှင့် မင်းရွာတွင် ပေါ်ဦးပေါ်ဖျား မရန်းချိုသီး သွားရောင်းကြရင်းကနေ မင်းရွာမှ ကာလသမီးနှစ်ယောက်နှင့် ဈေးထဲမှာ အကြီးအကျယ်ပင် ရန်ဖြစ်လာကြသည်ဟု ဆိုသည်။

မင်းရွာ ဆိုသည်မှာ သူတို့ ယာတောင်ရွာနှင့် ခြေကျင် မိနစ်နှစ်ဆယ် နာရီဝက်ခန့် ဝေးပါသည်။ အိမ်ခြေ ငါးရာကျော်ရှိသည့်အပြင် ခရိုင်မြို့ကြီးမှ ရွှာဝတီသို့သွား မော်တော်ကားလမ်း (သူတို့ဒေသအခေါ် မင်းလမ်း) နံဘေးတွင် ရှိသည်။ ထို့ကြောင့် ဤအနီးပတ်ဝန်းကျင်တွင် အစည်ကားဆုံးရွာကြီး ဖြစ်သည်။

ရွာကြီး စည်ကားသလို မင်းရွာတွင် ပညာသည်များလည်း စုံသည်။ ရွာနီး ချုပ်စပ်က လယ်သမား၊ ယာသမား၊ တောသူတောင်သားတွေ အားထားရသော ပန်းပဲဖို ရှိသည်။ လတ်ကောက်၊ ပုတီး၊ နားတောင်း၊ ခြေချင်းအစ ရွှေတိုရွှေစ ငွေတိုငွေစတို့ ရောင်းဝယ် ပြုလုပ်ပေးနိုင်သော ပန်းထိမ်ဖို ရှိသည်။ ဆေးသမား ရှိသည်။ ဝိဇ္ဇာဆေးဆရာ ရှိသည်။ ပယောဂဆရာ ရှိသည်။ ဗေဒင်ဆရာ၊ ဓာတ်ကျမ်း၊ နတ်ကျမ်းဆရာ ရှိသည်။ နတ်တဘော် ရှိသည်။ နတ်ဆရာ၊ ဂျတ် ဆရာ ရှိသည်။

လက်သမား၊ ပန်းရန်၊ ပန်းချီ၊ ပန်းပု ထုလုပ်တတ်သူများလည်း ရှိသည်။ ရွာနီးချုပ်စပ်ရွာများ အားလုံးက လာရောက်၍ ချုပ်လုပ်တတ်ကြသော အပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



စက်ဆရာ၊ ဆရာမတွေလည်း ရှိကြသည်။ ဈေးထဲတွင်လည်း လူအသုံးအဆောင်များဖြစ်သော အပ်၊ အပ်ချည်လုံးအစ အထည်ဆိုင်၊ ဈေးဆိုင်တွေလည်း ရှိသည်။

အထူးသဖြင့် မင်းရွာ၏ မနက်ပိုင်းဈေးမှာ အထူး စည်ကားလှသည်။ ထို့ကြောင့်ပင် ယာတောင်ရွာသူ ကာလသမီးများ ဖြစ်ကြသော မလှရှိန်၊ ယဉ်နုခိုင်၊ အေးတင်မတို့ သုံးယောက်သည် သူတို့၏ ခြံထွက် မရန်းချိုသီးများကို မင်းရွာဈေးထဲ သွားရောင်းကြသည်။

မနက် ဝေလီဝေလင်းတပင် သူတို့ ယာတောင်ရွာမှ ထွက်လာကြသော မိန်းကလေးသုံးယောက်မှာ မိုးလင်းသည်နှင့် မင်းရွာဈေးထဲကို ရောက်လာကြ၏။ သို့သော် သူတို့ကဲ့သို့ပင် ရွာနီးချုပ်စပ်ရှိ ရွာများမှ ဈေးသည်များနှင့် မင်းရွာဈေးသည် ရွာများက နေရာဦးထားကြရာ နေရာမရကြ။

ဟိုနား သွားချလည်း သူနေရာ၊ သည်နား လာချပြန်လည်း 'ငါ့နေရာပဲ၊ ငါ ဦးထားတာ' ဆိုသည်နှင့် သူတို့သုံးယောက်မှာ မရန်းချိုသီးတောင်း ကိုယ်စီရွက်ကာ ဟိုနားချရောင်းရ ကောင်းနိုး၊ သည်နားချရောင်းရ ကောင်းနိုးနိုးနှင့် မင်းရွာဈေးထဲတွင် ယောင်ချာချာ ဖြစ်နေကြသေးသည်။ သူတို့မှာ တစ်နှစ်တစ်ခါ မရန်းသီးပေါ်မှ လာရောင်းကြသူများဖြစ်ရာ နေ့စဉ် လာရောင်းနေကျ ဈေးသည်များလိုလည်း နေရာ အတည်တကျ မရှိ။ လည်လည်ဝယ်ဝယ်လည်း မဟုတ်ကြ။ တစ်ခါတလေမှ လာရောင်းကြသူပီပီ ယောင်တိယောင်နန ဖြစ်နေကြသည်။

သည်လိုနှင့် မကြာခင် မလှရှိန်တို့နှင့် ဆွေမျိုးနီးစပ်တော်သော မင်းရွာသူ ဒေါ်ထွေးတင် ငှက်ပျောသီးရောင်းရန် ရောက်လာရာ နေရာမရ ဖြစ်နေကြသော မလှရှိန်တို့ကို "လာ ငါ့နေရာမှာ လာရောင်းကြ" ဟု ပြောပြီး ဒေါ်ထွေးတင် ငှက်ပျောသီးရောင်းသော နေရာနား၌ပင် ကပ်ရပ်ပြီး မလှရှိန်တို့က မရန်းချိုသီးများ ရောင်းနေကြသည်။

ပေါ်ဦးပေါ်ဖျား ဖြစ်သဖြင့် မရန်းချိုသီးတွေမှာ ရောင်းကောင်းကြသည်။ မရန်းချိုသီးရောင်း၍ တစ်ဝက်လောက်ပင် ကုန်သွားချိန်မှာ မင်းရွာသူ ကာလသမီးနှစ်ယောက် မလှရှိန်တို့အနား ရောက်လာကြသည်။ ပေါ်ဦးပေါ်ဖျား မရန်းချိုသီးတွေကို မြင်သောအခါ မလှရှိန်တို့ရှေ့ လာရပ်ကြ၏။

"ဒီက မရန်းချဉ်သီးတွေ ဘယ်လိုရောင်းတုံး"

ဟု မင်းရွာသူ ကာလသမီးတစ်ယောက်က ခါနည်းနည်း ကိုင်းညွတ်ကြည့်ပြီး မေး၏။

"အချဉ်သီးတွေ မတုတ်ပါဘူး အစ်မ၊ အချိုသီးတွေပါ"





မလှရှိန်က မေးသူကို တစ်ချက် မော့ကြည့်ပြီး သူတို့ မရန်းသီးမှာ အချဉ်သီး မတုတ်ကြောင်း ပြန်ပြောလိုက်သည်။

"ဟုတ်လား"

ဟု ပြောပြီး နောက်တစ်ယောက်က ဆိုးဆိုးဆတ်ဆတ်နှင့် ယဉ်နုခိုင်တောင်းထဲက မရန်းချိုသီးတစ်လုံးကို ကောက်ယူပြီး စားကြည့်လိုက်သည်။

'စားကြည့်ပါရစေနော်' ဟုပင် ပိုင်ရှင်ဆီတွင် ခွင့်မတောင်းဘဲ ဆိုးဆိုးဆတ်ဆတ်နှင့် သူ မရန်းချိုသီးတစ်လုံးကို ကောက်ဝါးနေသော မင်းရွာသူမကို ယဉ်နုခိုင်က မကြည်မသာ ဖြစ်သွားသည်။

သို့ရာတွင် မင်းရွာသူ၊ မင်းရွာသားများမှာ ရွာကြီးသား၊ ရွာကြီးသူတွေ ဟူသော ဟိတ်ဟန်မာနနှင့် နေရာတကာ စွာကျယ်စွာကျယ် လုပ်တတ်ကြသည်ကိုတော့ အားလုံးက သိထားကြသည်။ ပြီးတော့ သူတို့ ရွာသူကြီးပိုင် ရွာများက လာရောင်းကြသူတွေ ဟူသော အပေါ်စီးနှင့် နိုင်ထက်စီးနင်းလည်း လုပ်ချင်တတ်ကြသည်။

ဤသည်မှာလည်း မင်းရွာသူ၊ မင်းရွာသားတွေ၏ အကျင့်ဟု ဆိုရမည်။ လူကြီး၊ မိန်းမကြီးများသာ မဟုတ် ကာလသား၊ ကာလသမီး၊ ကလေးများပါမကျန် မင်းရွာကလူတွေဆို တစ်နယ်လုံးက အသာစီးပေးထားကြရသည်။ သူတို့ရွာတွင် သူတို့ရွာသား ဆယ့်နှစ်ရွာပိုင် နှစ်လုံးပြူးပိုင်ရှင် စလွယ်ရ မင်းပေါက်ဖိုးပေါက် သူကြီး ဦးအောင်ဖေကလည်း ရှိနေလေရာ တခြား ရွာသူရွာသားတွေကို လူမထင်တတ်ကြချေ။

ထို့ကြောင့်လည်း ပွဲမြင်ကနားကအစ ထိတ်ခနဲဆို မင်းရွာသားတွေနှင့် ချည်းပင် ကတောက်ကဆ အဖြစ်များကြသည်။ မင်းရွာသားတွေမှာ သူတို့သူကြီးအားကိုးနှင့် နေရာတကာ ငါသိ ငါတတ်လည်း အင်မတန် လုပ်ဟတ်ကြသည်။ ကာလသားများ ဆိုပြန်လျှင်လည်း တခြားရွာသူ ကာလသမီးများကို ပွဲပြင်၌ ဣန္ဒြေမရ စကြ နောက်တတ်ကြသည်။ ထိုအခါ ရွာခံကာလသားများက မခံနိုင်ကြ၍ ရန်ဖြစ်ပေါင်းလည်း များကြလေပြီ။ နောက်ဆုံး ကုန်ကုန်ပြောရလျှင် မင်းရွာဘုန်းကြီးကျောင်းက ကျောင်းသားငယ်များသည်ပင် ရှင်ပြု၊ ရဟန်းခံပွဲများ၌ ကျောင်းသားများတို့ကို ထမင်းကျွေးရာကအစ ပြဿနာ လုပ်တတ်ကြသည်။

သူတို့ရွာရှိ ဆရာတော်မှာ စာတတ်ပေတတ် ကျမ်းဂန်တတ် ဖြစ်သဖြင့် ဘုန်းကြီးကျောင်းသားများကို တစ်ရွာစီ တစ်ကျောင်းစီခေါ်၍ ထမင်းကျွေးရာ၌



www.burmeseclassic.com

www.burmeseclassic.com



ပင် သူတို့ မင်းရွာက ကျောင်းသားများကို အလှူဦးဆုံး ခေါ်ယူရမည်။ ထိုသို့ မဟုတ်လျှင် သူတို့က ထမင်းမစားဘဲ နေတတ်ကြ၏။

အမှန်မှာ အလှူမင်္ဂလာ၊ ရှင်ပြုရဟန်းခံ၊ ဘုန်းကြီးပျံပွဲကအစ တစ်နယ်လုံး၌ ဘုန်းတော်ကြီးများကို ပင့်တတ်ကြရာ ရွာငယ်၊ ရွာကြီးကို အမိကမထား။ ဘုန်းတော်ကြီးများ၏ ဝါတော်စဉ်အလိုက်ကိုသာ ဝိနည်းတော်နှင့်အညီ အသိအမှတ်ပြုပြီး "ဘယ်ရွာ ဆရာတော် ကျောင်းသားများ ထမင်းသုံးဆောင်ရန် ကြွကြပါ" ဟု ဘုန်းကြီးတို့ ဝါစဉ်နှင့် ခေါ်သည်။

ထိုအခါ ထမင်းစား မခေါ်မီကပင် ထမင်းကျွေး မဏ္ဍပ်ထဲ လာရောက်၍ စောင့်ဆိုင်းနေကြပြီး အလှူချက် ဟင်းများအပြင် ရွာများမှ ပို့ဆွမ်းများ၏ ဟင်းခွက်များကိုလည်း ဘုန်းကြီးကျောင်းသားများကို ဦးစားပေး စီစဉ်ချထားတတ်ကြရာ ဘယ်နေရာတွင် ပို့ဆွမ်းထဲမှ ဟင်းခွက်ကောင်းကောင်း ပါသည်ကို ကြိုကြည့်ထားကြသော မင်းရွာ ဘုန်းကြီးကျောင်းသားများက သူတို့ ဝင်စားလိုက်မည်ဟု အားခဲထားသော နေရာကောင်းကို သူတို့ ဘုန်းကြီးထက် ဝါကြီးသော ဘုန်းကြီး၏ ရွာငယ်ကျောင်းသားများက အရင် ဝင်စားကြရလေရာ ဤသည်ကို မကျေနပ်ဖြစ်ကာ မစားတော့ဘူး ဘာဘာညာညာနှင့် ထပြန်မည် လုပ်တတ်ကြသည်။

လူကြီးသာ မဟုတ်ချေ။ ဘုန်းကြီးကျောင်းသားကလေးများပင် ဤသို့ ဗိုလ်ကျတတ်သည်ကို သိရှိထားကြသော ယာတောင်ရွာသူ မလှရှိန်တို့မှာလည်း ယခု မရန်းချိုသီးမှန်း သိပါလျက် မရန်းချဉ်သီးဟု ပြောလိုက်သည့်အပြင် ပိုင်ရှင်ဆီမှ ခွင့်ပြုချက် မရဘဲ ဆိုးဆိုးဆတ်ဆတ်နှင့် တောင်းထဲက မရန်းချိုသီး တစ်လုံးကို ကောက်နိုက် ဝါးစားနေသော မင်းရွာသူ မိန်းမငယ်လေးအား မကျေနပ်သော်လည်း ရန်မဖြစ်ချင်သဖြင့် သည်းခံနေကြသည်။

မရန်းချိုသီးတွေမှာလည်း သူတို့ခြံထွက်မို့ မရန်းသီး တစ်လုံးမှာ ဘာမှ တန်ဖိုးရှိလှသည် မဟုတ်ပေ။

"ဖွို . . . ဖွီ ဒါများ အချိုသီးတဲ့၊ ချဉ်လိုက်တာများ စူတ်နေတာပဲ"

မင်းရွာသူမကလေးသည် မလှရှိန်တို့၏ တောင်းထဲက မရန်းချိုသီးတစ်လုံးကို ကောက်ဝါးနေရာမှ အချဉ်သီးဟု ပြောဆိုကာ ဖွီခနဲ ထွေးထုတ်ပစ်လိုက်သည်။

"မရန်းသီးက အချဉ်သီး မဟုတ်ပါဘူး အစ်မလေးရယ်၊ အချိုသီးပါတော့"

ယာတောင်ရွာမှ မရန်းချိုသီး လာရောင်းနေကြသူ သုံးယောက်ထဲတွင်





အကြီးဆုံးလည်းဖြစ် မင်းရွာသူ၊ မင်းရွာသားများ၏ အကြောင်းကို သိထားသူ လည်းဖြစ်သူ မလှရှိန်က စကားမများချင်သဖြင့် သူတို့ မရန်းသီးမှာ အချိုသီးဖြစ်ကြောင်း လေသံပျော့နှင့်ပင် ပြန်ပြောလိုက်သည်။

သူတို့ရွာတွင် အစွာဆုံး မိဘလည်း ကြေးရတတ်ဖြစ်သူ ယဉ်နုခိုင်ကမူ မင်းရွာသူမ၏ အပြုအမူကို မကျေမနပ်ဖြစ်ကာ မသိမသာ အံကြိတ်လိုက်ပြီး-

"ရှင်လည်း မရန်းသီးတောင် အချိုသီးမှန်းနဲ့ အချဉ်သီးမှန်း မသိဘူးလား" ဟု ပြန်ပြောလိုက်၏။

"ဟဲ့ ငါ့ပါးစပ်ထဲ ချဉ်လို့ ချဉ်တယ်ပြောတာပေါ့ဟ၊ ညည်းက ဘာမကျေနပ် စရာရှိလဲ"

မင်းရွာသူမကလည်း ယဉ်နုခိုင်ကို ပြန်မေးလိုက်သည်။

"အချိုသီး ဆိုပေမယ့် မရန်းသီးပဲ ငါ့တူမရယ်၊ အနည်းနဲ့အများ အချဉ် ဓာတ်လေးကတော့ ပါမှာပေါ့"

ငှတ်ပျော့သီး လာရောင်းနေသူ မလှရှိန်တို့ ကြီးတော် မင်းရွာသူမကြီး ဒေါ်ထွေးတင်ကလည်း ကလေးမလေးတွေ စကားများကြမှာစိုး၍ ဖျန်ဖြေပြော၏။

စောစောစီးစီး သူတို့ မရန်းချိုသီးကို နာမည်လာဖျက်ရပါမည်လားဟု မကျေမနပ် ဖြစ်နေသူ ယဉ်နုခိုင်က-

"ဒါပေါ့ အရီးရယ်၊ မရန်းသီးပဲ သကြားလိုတော့ ဘယ်ရွာက မရန်းသီးမှ ချိုတယ် မကြားဖူးပါဘူးတော်"

ဟု မဲ့ရွဲ့၍ ပြောလိုက်ရာ မင်းရွာသူမကလည်း ဆတ်ဆတ်ထိမခံ။

"ရွာဆိုတဲ့စကား ညည်းထည့်မပြောပါနဲ့၊ ငါ့ပါးစပ်ထဲ ချဉ်လို့ ငါကချဉ်တယ် ပြောတာ၊ ဒါ နာစရာလား"

"ဟဲ့ နင့်ပါးစပ်ထဲ ချဉ်တယ်ဆို မဝယ်နဲ့ပေါ့ဟ။ နင့်ကို ဘယ်လူက အတင်း ရောင်းနေလို့လဲ၊ သူများတွေက ချိုပြီး နင့်ပါးစပ်က ချဉ်တယ်ဆိုတော့ ဟင်းဟင်း ငါ မပြောလိုက်ချင်ဘူး၊ နင့်ပါးစပ်ထဲ အချဉ် ချင်ခြင်းတပ် . . ."

"အောင်မာ၊ ဟဲ့ ကောင်မ၊ နင် လူပါးဝလှချည်လား။ ငါ့ညီမက အပျိုဘော် တောင် မဝင်ရသေးဘူးဟဲ့။ ဘာစော်ကားတာလဲ"

မင်းရွာသူမထဲက အကြီးမဖြစ်သူသည် ချက်ချင်း ယဉ်နုခိုင် ဆံပင်ကို လှမ်းဆွဲ၍ ပြောလိုက်၏။

ယဉ်နုခိုင်တလည်း ဆတ်ဆတ်ထိ မခံ။ သူ့ဆံပင်ကို လာဆွဲသော မင်းရွာ



www.burmeseclassic.com

www.burmeseclassic.com



သူ အကြီးမကို လက်မြန်ခြေမြန် ပါးနှစ်ချက် သုံးချက် ထချပ်လိုက်သည်။

သည်လိုနှင့် မရန်းသီး လာဝယ်သူ မင်းရွာသူမလေး နှစ်ယောက်နှင့် မရန်းချိုသီး လာရောင်းသူ ယာတောင်သူမလေး သုံးယောက်တို့ ဈေးထဲမှာ လုံးထွေးသတ်ပုတ်ကြရာ မိန်းမကြီးများက ဝိုင်းဆွဲ ဝိုင်းတားရ၍ ဖျန်ဖြေပေးကြရသည်။

နောက်ဆုံးမှာတော့ တဖက်တမ်း သတ်ပုတ်ကြမည်ဆိုလျှင်လည်း သုံးယောက်နှင့် နှစ်ယောက် ဖြစ်နေကြသည့်အပြင် ယာတောင်သူတွေက မဟုတ်မခံတွေမှန်း သိသွားကြသောအခါ မင်းရွာသူမလေး နှစ်ယောက်က ဘောင်တခေါက်ခေါက်နှင့်-

"မရန်းချဉ်သီး လာရောင်းကြလို့ပေါ့။ သူများလို ရွှေသာ ရောင်းရင် ဘယ်နှယ်နေမလဲ မသိဘူး"

ဟု ပြောသည်ကို ယဉ်နုခိုင်ကလည်း-

"ကြီးကျယ်လိုက်တာ၊ နင့်ကို့ဘာသာ နင်တို့ ရွှေမကလို့ စိန်ပဲ ရောင်းရောင်း လာပြီး လှုပ်းမဝံနဲ့။ ချရဲရင် ဂဂစမ်း၊ ယောက်ောင်မတွေ နင်တို့ရွာမှာ ထဘီအလဲထူထားခဲ့မယ်ဟော့၊ ထဘီအလဲ ထူထားခဲ့မယ်ဟဲ့"

မယဉ်နုခိုင်မှာ ယေင်ယင်ကာပင် စိတ်ဆတ်သူ ဖြစ်ငှလေရာ ထဘီပင့်ပြီး မင်းရွာသူမ နှစ်ယောက်ကို စိန်ခေါ်လိုက်သည်။

ယဉ်နုခိုင်တို့ကို ဖက်သတ်လျှင်လည်း စောစောက ပါးရိုက်ခံရသလိုသာ ထပ်ပြီး အရိုက်အနှက်ခံရမည်ကို သိသော မင်းရွာသူလေး နှစ်ယောက်သာ နောက်ဆုံးမှာတော့ တောက်တခေါက်ခေါက်နှင့်-

"ငါ့အကြောင်း နင်တို့ သိရမယ်။ အိမ်ရောက်ရင် အမေ၊ အဖေ၊ အဘွားကို နဲ့ တိုင်ပြောမယ်"

ဟု ကြိမ်းဝါးကာ ငိုရှိုက်ပြီး ဈေးထဲက ပြန်သွားကြသည်။

ဤသည်ကို လူကြီးမိဘများ လိုက်လာလျှင် ဝိုင်းပြီး ပြဿနာရှုပ်ကုန်ကြမည်စိုးသဖြင့် မလှရှိန်တို့ ကြီးတော်က-

"ခွေးကောင်မလေးတွေဟယ် နင်တို့က သူများရွာလည်း ဈေးလာရောင်းကြသေးတယ်။ ရန်လည်း ဖြစ်ကြသေး။ သူ့အမေ အဖေတွေက ရွှေပန်းထိမ်တွေဟ။ ပြီးတော့ သူ့အဘွား ဆိုတာလည်း ရွာမှာ နာမည်တစ်လုံးနဲ့ နေနေတာကဲတဲ ပြန်ကြ ပြန်ကြ။ နင်တို့ မရန်းချိုသီးတွေ ကြီးတော်ပဲ ရောင်းထားပေးပါမယ်ဟယ်။ အရှင်မလေးတွေ မြန်မြန်သာကြွ ပြန်ကြပါ။ ကြီးတော်ကြီး တောင်းပန်ပါတယ်"





ဟု ဈောင်းဖျ်ပြောဆိုကာ မလှရှိန်တို့ မရန်းချိုသီးတွေကို ယူပြီး ပြန်လွှတ်လိုက်သည်။

သို့သော် မလှရှိန်တို့မှာလည်း မင်းရွာသူမလေး နှစ်ယောက်ကို မကျေမနပ်နှင့်-

"လူမဲ့လာဝတ္တဲ့ ကောင်မတွေ၊ နင့်အမိအဖ ရွှေသူဌေးတွေမကဘူး၊ နင့်အဘိုးသူကြီးဖဲ့ သူ့အရိုင်ချင် တိုင်လိုက်ကြဦးပေါ့ . . ."

ဟု ဈေးထိပ်မှ အော်ဟစ်ထားခဲ့ကြသေးသည် ဆို၏။

*

ဤအကြောင်းကို သူတော်ငတေအား ရွာလူကြီးသုံးယောက် ဖြစ်ကြသော ဦးထွန်းပေါ်၊ ဦးကံညွန့်၊ ဦးသံတိုင်တို့က သူတော်ငတေကို ချက်ချင်း လာ၍ပြောကြရာ သူတော်ငတေသည် သူ့ထုံးစံအတိုင်း သူ့ကတုံးပြောင်ကြီးကို လက်နှင့်ပွတ်ကာ-

"အိမ်း ဟင်း မိန်းကလေးတွေ ရန်ဖြစ်လာကြတာနဲ့ ခင်ဗျားတို့ရွာ ညညပီတုန်းကောင်တွေ ဝင်လာပြီး လူတွေ လိုက်တုပ်တာနဲ့တော့ ဘာမှ မဆိုင်ဘူးထင်တယ်နော်" ဟု ဆိုပြန်သည်။

"ဒါကို ကျွန်တော်တို့တော့ ဘယ်သိမလဲဗျ။ မနက်ဆီက ဦးသူတော် ပြောတော့ တစ်ရွာတစ်ကျေးနဲ့ ရန်ဖြစ်ထားတဲ့ တစ်စုံတစ်ယောက် ရွာမှာ ရှိဖူးလား၊ ရှိနေလား စုံစမ်းကြပါဦးဆိုလို့ ကျုပ်တို့လည်း စုံစမ်းရတာပဲလေ"

မနက်ကမှ သူခိုင်းပြီး ဒီငတေ အကြောင်းကြောင် လုပ်နေပြန်ပြီ ဟူသောသဘောနှင့် သူတော်ငတေ ယေသူငယ်ချင်း ဦးသံတိုင်က ပြောလိုက်သည်။

ထိုအခါ သူတော်ငတေက-

"အေးလေ၊ ဒါဆိုလည်း ဆက်စပ်မှုဆိုတာ ရှိကောင်း ရှိနိုင်တာပနော"

ဟု သံလေးကြီးဆွဲပြီး ပြောလာပြန်၏။

"အဲဒါဆိုလည်း ဦးသူတော်ပဲ ဆက်စပ်ကြည့်ပြီး လုပ်လေဗျာ"

"အေးပါ လုပ်ကြည့်ကြတာပ။ ခင်ဗျားတို့ ရွာကို ညညမှ ဝင်လာတယ်ဆိုတဲ့ ပီတုန်းကောင်တွေရဲ့ ဇာတိကို ရှာရမယ်။ ဇာတိ ဆိုတာကိုတော့ လူကြီးမင်းတို့ သိကြပါတယ်နော"

"သိပါတယ်၊ ယေင်ယင်တုန်းက သူများတွေ စာအံနေကြတဲ့ ညညမှာ ဦးသူတော်နဲ့ ကျုပ်တို့ စာအံနေရင်းက အပေါ့အပါး သွားမလိုလို့နဲ့ ကျောင်းအောက်ဆင်းလာပြီး ဇရပ်ကခိုတွေ လိုက်ဖမ်း ဖုတ်စားကြမယ်။ ကျုပ်က လောဘနိုတိ



www.burmeseclassic.com

www.burmeseclassic.com



တောင် အလွတ်ရခဲ့တဲ့ကောင်ပါဗျ။ ဇာတိဆိုတာ မသိဘဲ နေမလား"

သူတော်ငတေ ငယ်သူငယ်ချင်း ဦးကံညွန့် ရွာလူကြီးက သူတော်ငတေကို ပြန်ပြောလိုက်သည်။

"အေး အဲဒါ မင်း ငါ ပြောမယ်။ မင်းက တို့ငယ်ငယ်တုန်းကပဲ လောကနီတိ အလွတ်ရလာတဲ့ကောင် ဆိုပေမယ့် မကျွင့်ကြဲတာက ခက်တယ်။ လောကနီတိထဲမှာ မဟာပညာကျော် စတုရင်္ဂဗလ အမတ်ကြီးက ဘာပြောထားလဲ"

"လောကနီတိက စာမျက်နှာပေါင်း တစ်ရာလောက် ရှိတယ်ဗျ။ ပြောထားမှာထားတာတွေ အများကြီးပဲ ဘယ်လိုလုပ် သိမလဲ၊ မှတ်မိတော့မလဲ"

"အေး မင်း မမှတ်မိရင် ခု ငါ ပြောမယ်။ အရှင်းဆုံး စကားနဲ့ပဲ ပြောမယ်ကွာ"

"ပြော . . . ပြော"

ဒီငတေ လိုရင်းမရောက်ဘဲ တောပြောတောင်ပြော လုပ်လာပြန်ပြီဟု စိတ်တိုလာသော ဦးသံတိုင်က 'ပြော . . . ပြော' ဟု တုံးတိတိပင် ဆိုလိုက်သည်။

"ယောက်မတွေ၊ ဇွန်းတွေဟာ ထမင်းဟင်းနဲ့ အလွန် နီးစပ်ပြီး ထမင်းအိုး ဟင်းအိုးထဲ အမြဲ တမြုတ်မြုတ် ငုပ်ချည်ပေါ်ချည် လုပ်နေကြပေမယ့် ထမင်းဟင်းရဲ့ အရသာကို မသိတတ်ကြဘူးလို့ စတုရင် . . ."

"ဟား. . . ဟား . . . ဟား . . . ဟား"

သူတော်ငတေ၏ ဆိုလိုရင်းကို ယခုမှ သဘောပေါက်သွားသော သူတော်ငတေ ငယ်သူငယ်ချင်း ဦးသံတိုင် တဟားဟား ရယ်လိုက်သည်ကို သူတော်ငတေက ပြုံးဖြီးဖြီးနှင့် ကြည့်နေသည်။

သူတော်ငတေ၏ ဆိုလိုရင်းမှာ သူ့အား ရွာတကာ နယ်တကာက လူများ လေးစား အရေးထားကြသော်လည်း သူ့ရွာသူ့ရွာသားများသည် သူနှင့် အနီးကပ်ဆုံး နေကြသူတွေ ဖြစ်သော်လည်း သူ့ကို အလေးမထားကြသည့်အပြင် တောပြောတောင်ပြောပင် သားပုပ်လေလွင့် ပြောကြသည်။ ယခု ရပ်ရေးရွာရေးကြီး ငယ်သူငယ်ချင်းဖြစ်သူ ရွာလူကြီး ဦးသံတိုင်လည်း သူ့ဆီ ရောက်လာသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ဤသည်ကို သဘောပေါက်သွားသော ယာတောင်ရွာလူကြီး ဦးသံတိုင်က-

"ဦးသူတော်ဆီ ကျုပ် လာပါဗျာ၊ မကြာခဏပါပဲ။ ဒါပေမယ့် တောင်





သွားတာနဲ့၊ အမိဒ္ဒါန်ဝင်နေတာနဲ့၊ ပုတီးစိပ် တရားထိုင်နေတာနဲ့၊ ဧည့်ပရိသတ်တွေ ရောက်နေကြတာနဲ့ ငယ်သူငယ်ချင်းကလည်း သိပ်ပြီး ဘုန်းကြီးနေတော့ ကျုပ်မှာ အနားလာ ကပ်ချင်ပေမယ့် အခွင့်မသာလို့ပါဗျ။ ကျုပ်တို့က ယာသမား လယ်သမား ဆိုတော့ မအားတာလည်း ပါလို့ပါ။ ဦးသူတော်ဆီ ကျုပ် မလာချင်လို့ မဟုတ်ပါဘူး။ ခု ကိစ္စကတော့ မလာမဖြစ် ဦးသူတော်နဲ့ မတွေ့မဖြစ်တဲ့ ကိစ္စမို့ပါ။ ဦးသူတော်နဲ့ ကျုပ်က ဇာတိချက်မြှုပ် ယာတောင်ရွာသားတွေပါဗျာ"

"မင်းပဲ အပြောကောင်း"

ဟု ပြောပြီး သူတော်ငတေ ရယ်နေသည်။ ပြီးမှ-

"ခုကိစ္စက ဇာတိဖော်ရမယ်၊ ဇာတိပေါ်အောင် လုပ်ရမယ်ကွ"

သူတော်ငတေမှာ ငယ်ငယ်တုန်းက ဆိုးဖော်ဆိုးဖက် တေဖော်တေဖက် ရွာလူကြီး ဦးသံတိုင်ကို တွေ့၍ ငယ်စိတ်ငယ်သွေးများ ဝင်လာ၍လားမသိ ဤတစ်ခါတော့ ဦးသံကိုင်ကို မင်းနှင့်ငါနှင့်ပင် ပြောလာသည်။

"အေး လုပ်လေ၊ အဲဒါ ဘယ်လိုလုပ်ရမလဲ"

ဦးသံတိုင်ကလည်း ရင်းရင်းနှီးနှီးပင် မေးလိုက်၏။

"အရေးကြီးတာက ဇာတိမူလပေါ်အောင် လုပ်ဖို့ ဇာတိပေါ်သီး သုံးလုံးလိုလိမ့်မယ်"

"ဗျာ ဇာတိပေါ်သီး"

ဦးသံတိုင်က ဇာတိပေါ်သီး ဆိုသည်ကို မကြားဖူးဘူးသဖြင့် အံ့ဩသံနှင့် သူတော်ငတေမျက်နှာကို လှမ်းကြည့်၍ ရေရွတ်လိုက်၏။

"ဟုတ်တယ် ဇာတိပေါ်အောင်လုပ်ဖို့ ဇာတိပေါ်သီး သုံးလုံးလိုတယ်ဗျ"

"မကြားဖူးဘူးပါလား၊ ဇာတိပေါ်သီးက ဘယ်မှာ ရနိုင်ပါ့မလဲ"

"ဇာတိပေါ်သီးဆိုတာ လွယ်ပါ့၊ ပေါပါ့ကွာ"

"ဟာ ကြားတောင် မကြားဖူးပါဘူးဆို။ ဦးလေးတို့၊ ဦးကံညွန့်တို့ကော ဦးသူတော် ပြောတဲ့ ဇာတိပေါ်သီးဆိုတာ ကြားဖူးကြလား"

ဦးသံတိုင်က ဦးထွန်းပေါ်နှင့် ဦးကံညွန့်တို့ဘက်သို့ လှည့်ပြီး မေးလိုက်၏။

"ဇာတိပေါ်သီးဆိုတာ ကျွန်တော်တို့လည်း မကြားဖူးဘူးကြပါလား ဦးသူတော်"

"ဟဲ . . . ဟဲ"

သူတော်ငတေက သူတို့ သုံးယောက်စလုံး၏ မျက်နှာကို ပြုံးဖြီးဖြီးကြည့်ပြီး ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းတို့ မကြားဖူးဘူးတာကိုတော့ ကျုပ် အပြစ် မမြင်ပါဘူး။ ကျုပ် အပြစ်တင်ချင်တာက ရှင်းရှင်းလေးနဲ့ လူတိုင်း နားလည်လွယ်၊ သဘောပေါက် လွယ်အောင် ရှေးရှေးလူကြီးတွေက ဇာတိပေါ်သီးပါလို့ ခေါ်ထားခဲ့ကြတာကို ဘယ်လို စိတ်ရှုပ်ပေါက်ပြီးတော့ ဇာတိပွိုလ်သီးရယ်လို့ ပြောင်းခေါ်လာခဲ့ကြတဲ့ လူတွေကိုပဲ"

"ဟင် ဦးသူတော်ပြောတဲ့ ဇာတိပေါ်သီးဆိုတာ ခုဦးလေးတို့က ဇာတိပွိုလ် သီးလို့ခေါ်နေကြတဲ့ အသီးကိုး"

သူတော်ငတေ၏ အဖေနှင့် ငယ်သူငယ်ချင်း ဖြစ်ခဲ့သူ ရွာလူကြီး ဦးထွန်းခေါ် မှာလည်း ယခုမှ ကြားဖူးသဖြင့် အံ့သြသွားသည်။

"ဟုတ်ပါတယ် ဦးလေး၊ ခု ဦးလေးတို့က ဇာတိပွိုလ်သီး ဇာတိပွိုလ်သီးလို့ ခေါ်နေကြတဲ့ ဇာတိပွိုလ်သီးရဲ့ ပင်ကိုနာမည်က ဇာတိပေါ်သီးဗျ။ အဲဒါ ရှေး ပညာရှိတွေက လူတွေ နားလည်လွယ်အောင်၊ သုံးစွဲတတ်အောင် ရှင်းရှင်းလေး အမည်ပေး ခေါ်ထားခဲ့ကြတာကို ဘယ်ပညာရှိက မရှုပ်ရှုပ်အောင် ထွင်ခေါ်ထား ခဲ့ကြတာလဲဆိုတာတော့ ကျုပ်လည်း မသိဘူး"

"ဦးတို့လည်း မသိပါဘူး ဦးသူတော်ရယ်။ ခု ဦးသူတော် ပြောမှ ကြားဖူး ကြပါတယ်"

"ကျုပ်ထင်တာကတော့ ဒီအသီးက ဇာတိကို ပေါ်စေတတ်တဲ့အပြင် တခြား ဆေးဝါး၊ ဓာတ်စာဖက်တွေမှာလည်း အင်မတန် စွမ်းတော့ ဇာတိပေါ်သီး ရဲ့ အစွမ်းအစနဲ့ ဆေးဝါးကုစားနေတဲ့ ဆေးဆရာ တစ်ယောက်ယောက်က များ နှောင်းလူတွေ ရုတ်တရက် မသိအောင်၊ အမည်နာမ ဖော်မရ ရှာမရအောင် တမင်များ ထိမ်ဝှက်ထားချင်လို့ နာမည် ပြောင်းခေါ်ထားခဲ့တာလား။ ဒီလို မဟုတ်ရင်လည်း ဇာတိပေါ်သီး ဆိုတာကို ပီပီသသ မခေါ်တတ်ကြလို့ ဇာတိ ပွိုလ်သီး ဇာတိပွိုလ်သီးလို့ မပီကလာ ပီကလာ ခေါ်ကြရင်းက ဇာတိပေါ်သီး နာမည်ပျောက်ပြီး ဇာတိပွိုလ်သီး ဖြစ်သွားလေသလားလို့လည်း တွေးစရာပေါ်ခဲ့"

"ဒါလည်း ဖြစ်နိုင်ပါတယ် ဦးသူတော် ခင်ဗျား၊ အများညီ ဤကို ကျွဲဖတ် မဟုတ်လား ခင်ဗျာ"

ဤစကားကိုတော့ ရွာလူကြီး ဦးကံညွန့်က ဝင်ထောက် ပြော၏။

"အေးဗျ အဲဒီလိုနဲ့ ဆေးကောင်းဝါးကောင်းတွေဟာ နာမည်ပြောင်းပြီး ရှာမရ ဖွေမရ ဖြစ်ကုန်ကြတာ သိပ်နှမြောစရာကောင်းတယ်"

"မှန်ပါတယ် ဦးသူတော်"





"ဆေးကောင်းဝါးကောင်းတွေ အမည်နာမ ပြောင်းသွားကြတာတွေတ လည်း ခေတ်စကား ဗန်းစကားတွေကို တွင်တွင်သုံးလာကြရာက ပြောင်းကုန် တယ် ထင်တယ်ဗျ။ ကျုပ် တစ်နေ့က ရွာထဲကို ဖြတ်သွားတော့ စကားတစ်ခု အဆန်းကြားခဲ့ရသေးတယ်"

"ဘာစကားလဲဗျ ဦးသူတော်"

ဦးသံတိုင်က ဝင်မေး ပြန်သည်။

"ကညာမဒီ ဆိုတာလေဗျာ"

"ဟားဟား အဲဒါက ဒီလိုဗျ။ ကာလသား၊ ကာလသမီးအခေါ်ကနေ ခု ကလေးတွေက ကညာမဒီလို့ ခေါ်နေကြတာ ကျုပ်လည်း ကြားပါတယ်၊ ဦးသူ တော်တို့ ကျုပ်တို့ ငယ်ငယ်ကတော့ အပျို လူပျို ခေါ်ခဲ့ကြတာကို မှတ်မိလား၊ စောစောက ဦးသူတော်ပြောတဲ့ ကာလသား၊ ကာလသမီး ဆိုတာတောင် အမှန် က ဦးသူတော်တို့၊ ကျုပ်တို့ အဘိုးခေတ်၊ အဖေတို့ခေတ်က ခေါ်ခဲ့ကြတာလေ၊ ကလေးတွေက သူ့ခေတ်နဲ့သူ ခေါ်ကြတာ . . ."

"သူ့ခေတ်နဲ့သူ ခေါ်ကြတာက အကြောင်းမဟုတ်ပေမယ့် ခင်ဗျားကို ကျုပ် တစ်ခု ပြောမယ်"

"ဟုတ်ကဲ့ပါ"

"စကားဆိုတာ ဆယ်နှစ်လောက်ကြာရင် တစ်ခါ အပြောင်းအလဲ ဖြစ် တတ်တယ်။ အဲဒါကို ခေတ်ပေါ်စကားနဲ့သာ ရေးထားမိခဲ့ကြလို့လည်း ခက်ဆစ် အဓိပ္ပာယ်တို့၊ ရှင်းလင်းချက်တို့ အပိုအလုပ်တွေ အချိန်ကုန်ခံပြီး လုပ်နေကြရ တာပဲပေါ့ဗျာ။ တကယ်လို့ မူလ အဓိပ္ပာယ်ပေါ်ပြီးသား ပညာရပ်တွေ၊ ဆေးဝါး ဓာတ်စာတွေ၊ ဆေးမြစ်၊ ဆေးပင်၊ ဆေးသီးတွေကို လက်ရှိ ခေတ်ပေါ်စကားနဲ့ မရေးကြဘဲ၊ မူလစကားအတိုင်း မူလ အခေါ်အဝေါ်အတိုင်း ရေးသားထားခဲ့ ကြရင် ဘာမှ မရှင်းစရာ မသိနိုင်စရာ မရှိဘူး။ ခုတော့ အရေးကြီးတဲ့ ပညာရပ် တွေ၊ ဆေးဖက်ဝင် အပင်အသီးတွေကိုပါ ခေတ်မီအောင် ဆိုပြီးတော့ ခေတ်ပေါ် စကားတွေနဲ့ ရေးသားမိခဲ့ကြလို့ ခု ရှင်းရှင်းလေးဖြစ်တဲ့ ဇာတိပေါ်သီးကို ဘယ် ပညာရှင်က တွင်ပြီး ဇာတိပွိုလ်သီးလို့ ရေးထားခဲ့မှန်း မသိတာနဲ့ ခင်ဗျားတို့ မသိမရှင်း ဖြစ်ကုန်ကြတာ"

"ဦးသူတော်ပြောတာ မှန်ပါတယ် ခင်ဗျာ"

"မမှန်တာ၊ မဟုတ်တာ ကျုပ် မပြောပါဘူးဆို။ ခု မမှန်တာ မဟုတ်တာ ပြောထား ရေးထားခဲ့ကြလို့ နားရှုပ်ပြီး ကျုပ်မှာ ဆေးကောင်းဝါးကောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှာမရ ဖြစ်နေတာ ခင်ဗျားတို့ သိတဲ့အတိုင်းပဲ။ ကျုပ် တောထဲတောင်ထဲ ညဉ့်အိပ်ညဉ့်နေ သွားသွားနေရတာ အမည်နာမတွေ တလွဲတချော်ဖြစ်ပြီး ရှာမရတဲ့ ဆေးပင်ဆေးမြစ်တွေကို ဖော်ထုတ်ဖို့ လုပ်နေရတာဗျ"

"ဟုတ်တဲ့ပါ၊ ဦးသူတော် တောထဲတောင်ထဲ ညဉ့်အိပ်ညဉ့်နေ သွားသွားနေတာ ကျွန်တော်တို့ ကြားပါတယ် ခင်ဗျာ"

ဦးကံညွန့်က ပြုံးတုံ့တုံ့နှင့် သူတော်ငတေ စကားကို ထောက်ခံလိုက်သည်။

"ခုဆို တလွဲတချော် ဖြစ်နေတဲ့ ဆေးပင်၊ ဆေးမြစ်တွေပဲလားဆိုတော့ မဟုတ်သေးဘူးဗျ။ ကျုပ်တို့ လောကီပညာရပ်တွေ ဆိုတာလည်း ရှင်းတာကို ရှုပ်အောင်၊ လွယ်တာကို ခက်အောင် သိတဲ့တတ်တဲ့ ပညာရှင်တွေက သူများတွေ သိသွားမှာ တတ်သွားမှာ စိုးရိမ်ပြီး လျှို့ဝှက်ရေးသားခဲ့ကြတာတဲ့။ နောင်းလူတွေ မသိဘဲ ပျောက်ပျက်ကုန်ကြတာ ဘယ်လောက် နှမြောစရာကောင်းလဲ"

"မှန်ပါ"

"အဲဒါကြောင့် ခု ကျုပ်ကတော့ ကျုပ် သိတာတတ်တာ မှန်သမျှ အတုန်သူများတွေ၊ နောင်းလူတွေလည်း သိကြတတ်ကြပါစေဆိုတဲ့ စေတနာနဲ့ ဘာမှ လျှို့ဝှက်မထားဘူး။ တတ်ချင် သိချင်တဲ့လူတွေဆို အကုန် သင်ပေးခဲ့မယ်။ ခု မောင်နေဆန်းတို့၊ ဒေါင်းသိန်းတို့၊ ငထီးတို့ကို လောကီပညာတွေ သင်ပေးနေတာလည်း ဒီရည်ရွယ်ချက်ပဲ ဦးကံညွန့်ရယ်"

"ဟုတ်တဲ့ ခင်ဗျာ"

"ဖြစ်နိုင်ရင် ခင်ဗျားတို့ ငတေက ကိုယ့်ရွာမှာ လောကီပညာ တက္ကသိုလ်ကြီးတစ်ခုတောင် တည်ထောင်ပေးထားခဲ့ချင်တာဗျ ဟဲဟဲ"

"ဖြစ်နိုင်ပါတယ် ခင်ဗျာ။ ခုဆိုလည်း အနယ်နယ်အရပ်ရပ်က ဦးသူတော်ဆီ လောကီပညာ လာသင်နေကြတဲ့ ကျောင်းသားတွေ မနည်းပါဘူး"

"ကျောင်းသားတွေတော့ နှစ်ဆယ်၊ သုံးဆယ်လောက် ရှိကြပါတယ်။ ဒါပေမယ့် ပညာဆိုတာ တကယ် လိုချင်ဆန္ဒရှိတဲ့လူမှ ရတတ်တာကလားဗျ။ ကျုပ် ဒီပညာရပ်တွေ လိုချင်တတ်ချင်လွန်းလို့ ရွာကထွက်ပြီး နှစ်ပေါင်း သုံးဆယ်ကျော် ရှာလာခဲ့တယ် ဆိုတာတော့ လူကြီးမင်းတို့ အသိပါဗျာ"

"ဟုတ်တဲ့ သိကြပါတယ်"

ဤအချက်မှာ အမှန်လည်း ဟုတ်သည်။

သူတော်ငတေမှာ ဤ ယာတောင်ရွာသား စစ်စစ်။ မိဘနှစ်ပါးမှာလည်း





လယ်နှင့်ယာနှင့် ဖြစ်သဖြင့် တစ်ဦးတည်းသောသား မောင်မြအောင်ကို အစစအရာရာ အလိုလိုက်ခဲ့ကြသည်။ ရှစ်နှစ်သားကတည်းကပင် မောင်မြအောင်ကို ဒေသထုံးစံအရ ရွာကျောင်းဆရာတော်ထံ အပ်နှံခဲ့ကြသည်။ မောင်မြအောင်လေးမှာ ဉာဏ်ကောင်း၍ စာတော်သော်လည်း မိဘနှစ်ပါး အလိုလိုက်ခံထားခဲ့ရသော တစ်ဦးတည်းသောသား ဖြစ်၍လားမသိ ဆယ်နှစ်၊ ဆယ့်တစ်နှစ်သားလောက်တပင် အလွန်တေ၊ အလွန်ဆော့တတ်သည်။

စောစောက ဦးသံတိုင် ပြောသလို ညည တခြားကျောင်းသားများ စာအံနေတုန်းချိန်တွင် ဆိုးဖော်ဆိုးဖက် တေဖော်တေဖက်များနှင့် စာအံနေရာမှ အပေါ့အပါးသွားရန်လိုလိုနှင့် ညကြီးမင်းကြီး မကြောက်မရွံ့ဘဲ ကျောင်းအောက်ဆီကို ဆင်းသွားပြီး ဖရုံပေါ်တွင်ရှိ ခိုင်ဥကင်များကို သတ်ဖြတ် ဖုတ်ကင်စားတတ်သည်။ ဘုန်းကြီးပွဲ၊ ဘုရားပွဲ စသည့် ပွဲလမ်းသဘင်များ၌ ဈေးဆိုင်များမှ သူလိုချင်သော ပစ္စည်းများကို မရမက ဝင်ခိုးတတ်သည်။

ထို့ကြောင့်လည်း ဘုန်းတော်ကြီးကအစ မောင်မြအောင်ကို နောက်ပိုင်းမှာ မည်သူကမျှ 'မောင်မြအောင်' ဟု မခေါ်ကြတော့ဘဲ 'ငတေ၊ မောင်တေ' ဟုသာ ခေါ်တတ်ကြသည်။ သည်လိုနှင့် မိဘနှစ်ပါးက မောင်မြအောင်လေးကို ဆယ့်သုံးနှစ်သားအရွယ်တွင် ရှင်သာမဏေ ပြုပေးကြသည်။ မောင်မြအောင်၏ ကိုရင်ဘွဲ့မှာ ကြာသပတေးသား ဖြစ်သဖြင့် 'ပဏ္ဍိစ္စ' ဖြစ်ပေ၏။ သို့သော် သူ့ကို မည်သူကမျှ 'ကိုရင်ပဏ္ဍိစ္စ' ဟု မခေါ်ကြ။ 'ရှင်ငတေ၊ ကိုရင်ငတေ' ဟုသာ ခေါ်ကြသည်။

သည်လိုနှင့် ရှင်ပဏ္ဍိစ္စမှာ ကိုရင်ကြီးငတေ ဖြစ်လာပြီး မိဘနှစ်ပါးက ရဟန်းတက်ပေးကြပြန်သည်။ သူ့ဘွဲ့မှာ ဦးပဥ္စင်း ပဏ္ဍိစ္စပင် ဖြစ်သည်။ သို့သော် ကိုရင် ရှင်သာမဏေဘဝမှ ရဟန်းဘဝ ရောက်လာပြီ ဖြစ်သော်လည်း သူ့ကို မည်သူကမျှ 'ဦးပဥ္စင်း ပဏ္ဍိစ္စ' ဟု မခေါ်ကြပြန်။ ဦးပဥ္စင်းငတေ၊ ကိုယ်တော်ငတေဟုသာ ခေါ်ကြပြန်သည်။

ဦးပဥ္စင်းပဏ္ဍိစ္စ၊ ကိုယ်တော်ငတေမှာ ဤသည်တို့ စိတ်အချဉ်ပေါက်လာ၍လား မသိ။ မိမိရွာ၊ မိမိမြို့၊ မိမိပြည်နယ်၌ပင် မနေထိုင်တော့ဘဲ မန္တလေးကို စာသင်သွားဦးမယ်ဟု ဆိုကာ ရွာက ထွက်သွားခဲ့သည်။ သတင်းမကြား၊ မိဘများဆီပင် စာမပေးဘဲ နှစ်ပေါင်း သုံးဆယ်လောက် ကြာသွားသည်။

နှစ်ပေါင်း သုံးဆယ်ခန့်ကြာမှ သူ မိမိရွာကို ပြန်ရောက်လာ၏။ ထိုအခါ မိဘနှစ်ပါးမှာလည်း အသက်ထင်ရှား မရှိကြတော့။ အကုန် သေဆုံးကုန်ကြပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူ့အနေမှာလည်း မိမိရွာကို ပြန်လာခဲ့သည်မှာ ဘုန်းကြီး ငတေသာ နှင့် မဟုတ်တော့ဘဲ သူတော် ဖြစ်လာသည်။ ဤသည်ကို သူ့ဘကြီးတစ်ယောက် က ကျွန်းကြောင်း၊ မာကြောင်း မိဘဆီ စာလေးတစ်စောင်ပင် မရေးဖော်မရသည် ကို စိတ်ဆိုး၍-

"ငတေ ဘယ်လိုဖြစ်လို့ သူတော်ဝတ်လာရပြန်တာလဲ" ဟု မေး၏။

ထိုအခါ သူက-

"ဘယ်လိုဖြစ်ရမလဲဗျာ။ ခု ဘကြီးပြောတာသာ ကြည့်တော့၊ ကျုပ်နာမည် မြအောင်ပါဗျ။ ဝဏ္ဏိစ္စပါ။ အဲဒါ ဘယ်လူကမှ ကျုပ်နာမည်ရင်းကို မခေါ်ကြဘူး။ ကျောင်းသားတုန်းက ငကေခေါ်ကြတာ မခံချင်တာနဲ့ ငတေနာမည် ပျောက် မလားလို့ ကိုရင်ဝတ်ပါတယ် ဘုန်းကြီးပေးတဲ့ဘွဲ့က ပဏ္ဏိစ္စဗျ။ ဒါပေမယ့် ကျုပ် ကို ဘယ်လူတစ်မှ ကိုရင်ပဏ္ဏိစ္စလို့ မခေါ်ကြဘူး။ ရှင်ငတေ၊ ကိုရင်ငတေပဲ ခေါ်ကြ တယ်။ အဲဒါ ပဉ္စင်းများ တက်လိုက်ရင် ငတေနာမည်များ ပျောက်မလား ပဉ္စင်းတတ်နေပါတယ် ဘုန်းကြီးတအား ကျုပ်ကို ဟိုဦးပဉ္စင်း ငတေတဲ့။ အဲဒါ ငတေ နာမည်ပျောက်မလားလို့ ကျုပ် သူတော် လုပ်လာတယ်။ ဒီရွာမှာ ကျုပ် နောက်ဆို ဘယ်လူ ငတေခေါ်ဝံ့လဲ၊ သတ္တိရှိရင် ခေါ်ကြည့်ကြစမ်း၊ ငတေ အကြောင်း ဒီတစ်ခါ တောင်းကောင်း သိရမယ်"

ဟု ကြိမ်းဝါး ပြောဆိုသည်။

ထိုအခါ အရယာတ္တတောန်ဆာ သံဃာအဝတ်ကို ဝတ်ရုံခဲ့စဉ်ကပင် ဦးပဉ္စင်း ငတေဟု ခေါ်နေတျ သူ့သူငယ်ချင်းတစ်ယောက်ဖြစ်သူ ဦးတင်ဖေက-

"ငတေ မင်း တကယ် ပြောတာလား"

ဟူသော အမေးမဆုံးမီပင် သူတော်ငတေက မြေကို ဖနောင့်ပေါက်ပြီး

"ဘာ ငတေလဲကွ၊ ဟင်"

ဟု အော်လိုက်ရာ ဦးတင်ဖေ မှာ သုံးရက်လုံးလုံး ပါးစပ်ကို ဖွင့်မရတော့ အာစေးမိနေတာ သူတော်ငတေကို လာပြီး တောင်းပန်ကန်တော့မှ ဦးတင်ဖေ ပါးစပ် ပြန်ပွင့်လာသည်။

ထိုနေ့ ထိုအချိန်တစ်ပြီး သူ့ရှေ့တွင် သူ့ကို မည်သူမျှ 'ငတေ' ဟု မခေါ် ကြတော့။ သို့သော် ကွယ်ရာ၌မူ ယခင် ငတေအတိုင်းပင် ယခုလည်း ငတေ ငတေဟုသာ ခေါ်နေကြခြင်း ဖြစ်သည်။ ဤသည်ကို သူကလည်း သိသည် တစ်ခါတစ်ခါ-

'ငတေနဲ့ တွေ့မယ်၊ ငတေအကြောင်း သိမယ်'





ဟုတော့ ကြိမ်းတတ်သေးသည်။

ရွာဆီမှ နှစ်ပေါင်း သုံးဆယ်ကျော်ခန့် ပျောက်နေခဲ့သော ငတေသည် ဘယ်ကိုရောက်ခဲ့၍ ဘယ်လိုပညာမျိုး တတ်လာသည်ကိုတော့ မည်သူမျှ မသိကြ။ သူတော်ငတေ မိမိရွာသို့ စရောက်လာသော နှစ်ကပင် ယာတောင်ရွာသူ ရွာသားအများတို့သည် မြို့က မန္တလေးမြို့ ရတနာပုံထုတ် သင်္ကြန်စာကို ဝယ်ဖတ် စရာမလိုဘဲ သူတော်ငတေက သူ့ဘာသာသူ တွက်ချက်ထုတ်သော သင်္ကြန်စာ ကိုသာ ဖတ်ကြရသည်။

အစကမူ တေတေပေပေနှင့်ပင် ဘုန်းကြီးကျောင်းအောက်တွင် ပေါက်က ရလုပ် ပေါက်ကရနေနေသော သူတော်ငတေထုတ် သင်္ကြန်စာကို မည်သူမျှ မယုံကြချေ။ သူ့ဘာသာသူ စိတ်ကူးပေါက်ရာ တောရေးတောင်ရေးဖြင့် လျှောက် ပြီး ရေးထားတာဟု ထင်ခဲ့ကြသည်။

နောက်တော့ မန္တလေးက သင်္ကြန်စာနှင့် တိုက်ကြည့်ကြရာ နေကြတ်၊ လကြတ်၊ သင်္ကြန်ကျရက်၊ တက်ရက်၊ အစ်ရက်မျှမလွဲ။ မန္တလေးသင်္ကြန်စာနှင့် သူတော်ငတေ၏ လက်ရေးသင်္ကြန်စာတို့မှာ အတူတူပင် ဖြစ်နေလေသည်။

သင်္ကြန်မင်း စီးဆင်းသော နဂါး၊ မြွေ၊ ကမ္ဘာ၊ ယက္ခ အကောင်ဗလောင် တွေနှင့် မိုးတုတ်၊ ရေချမ်းအိုး၊ စားလုံ၊ ပုဆိန် စသည်များကို သူတော်ငတေက မန္တလေးသင်္ကြန်စာပါ အခြင်းအရာအားလုံးနှင့် တစ်ထပ်တည်း ကျနေအောင် ပန်းချီရေး၍ ဆေးရောင်စုံဝင် ဖော်ထားရာ ပြဟ္မာ့ဦးခေါင်း၊ ရွက်ထားကြရမည့် နတ်သမီးများအရုပ်မှာ သူတော်ဝတေကပင် သာနေသေးသည်ဟု ချီးကျူးလာ ကြသည်။

သည်လိုနှင့် တောမှာတောင်မှာ ကျွဲပျောက်၊ နွားပျောက်၊ ဥစ္စာပျောက်၊ လူပျောက်ကအစ တဖြည်းဖြည်းနှင့် သူတော်ငတေဆီ၌ မေးမြန်းလာကြသည်။ သူတော်ငတေ ဟောလိုက်လျှင်လည်း မှန်သည်က များလာသည်။ ဤသို့နှင့် တစ်ယောက်စကား တစ်ရာနားပေါက်ကာ ရွာနီးချုပ်စပ် တစ်ဝိုက်ကပါ ယနု အခါ သူတော်ငတေဆီ၌ ဗေဒင်ယကြား၊ ဆေးဝါးတတ်စား၊ ကလေးသူငယ်နာ မာကြာ အစွဲအချွတ်တို့ကိုလည်း လာမေး လာကုတတ်ကြသည်။

သူတော်ငတေ ကုသပေးလိုက်လျှင် ပျောက်သည်ကတော့ များ၏။ သို့သော် တစ်ခု ဆိုးနေသည်မှာ သူတော်ငတေက နှုတ်ကြမ်းသည်။ စိမ်းသည် ကျက်သည် မရွေး မထင်လျှင် မထင်သလို ပြောဆိုတတ်၏။ ယောကျာ်းသနား များကို ခွဘုဘောက် ပြောတတ်သလို၊ မိန်းမသူများကိုလည်း ဆဲဆို၍ သားပြော



www.burmeseclassic.com

www.burmeseclassic.com



မယားပြော ပြောချင်ပြောသည်။ ဤသည်တို့ကြောင့်လည်း တော်ရုံတန်ရုံ ရောဂါဘယနှင့်တော့ သူတော်စေတေဆီ မလာဝံ့ကြ။

တခြား ရွာသူရွာသား ပတ်ဝန်းကျင် ရွာနီးနားချုပ်မှ မည်မျှ အထင်ကြီး ကြကြီးကြ ယာတောင်ရွာသားများကတော့ ရွာနွား ရွာမြက်မစား ဆိုသလို သူတော်စေတေကို အထင်လည်း မကြီးကြ။ အစဉ်အလာရှိ၍ အဖေလည်း ဆေး ဆရာ၊ သားလည်း ဆေးဆရာ ဖြစ်သော ဝေယံလင်းတို့အဖေ ဦးပန်းစိမ်းကိုသာ အားကိုးကြသည်။ အနေစုတ်၊ အစားစုတ် ဗရုတ်သုတ်ခနေသော သူတော်စေတေ ကို အထင်မကြီးကြ။

သို့သော် ယခု သူတို့ရွာကို ညည ပိတုန်းကောင်များ ရာချီထောင်ချီ ဝင်လာပြီး ရွာလယ်လမ်းက လူတွေကို လိုက်တုပ် လိုက်ထိုးနေသော ကိစ္စမှာ တော့ သူတို့ အထင်ကြီးကြသော သမားတော်ကြီး ဦးပန်းစိမ်းလည်း အား မသိမတတ်နိုင် ဖြစ်သဖြင့် နောက်ဆုံးမှာ သူတော်စေတေ အဖေ၏ သူငယ်ချင်း ဖြစ်ခဲ့ဖူးသူ ဦးထွန်းပေါ်၊ သူတော်စေတေနှင့် ငယ်စဉ်ကပင် ပေဖော်ပေဖက် တေဖော်တေဖက် ငယ်သူငယ်ချင်းဖြစ်သူ ရွာလူကြီး ဦးသံတိုင်၊ မိမိရွာသား ဇာတိ မဟုတ်သော်လည်း မိမိရွာတွင် အချမ်းသာဆုံး မုဆိုးမနှင့် အိမ်ထောင် လာကျနေသော ရွာလူကြီး ဦးကံညွန့်တို့က သူတော်စေတေထံမှောက် လာရောက် ခစားနေကြရခြင်း ဖြစ်သည်။

သူတော်စေတေမှာ သူ ပြောချင်တာသာ လျှောက်ပြောနေရလျှင် လေမြည် ၍ ရသူမဟုတ်။ တစ်နေ့လုံး တစ်ညလုံး ထိုင်ပြီး ပြောနေလျှင်လည်း သူ့အတွေ့ အကြုံ ဗဟုသုတတွေက ကုန်မည်မဟုတ်။ ရွာလူကြီးသုံးယောက်မှာ သူတော် စေတေ၏ စကားအဆက်မပြတ်ကိုသာ နားထောင်နေကြရသော်လည်း စိတ်ထဲ ကမူ တထင့်ထင့်နှင့်။

အတော်ကြာ နေက ဝင်တော့မည်။ ယခင်ညများကကဲ့သို့ ဤနေ့ညည် လည်း ပိတုန်းကောင်များ ရွာထဲကို ရာချီထောင်ချီ ဝင်လာကြပြီး ရွာသူရွာသား များကို လာရောက် ထိုးတုပ်ကြမှာ စိုးရိမ်နေကြသည်။ သို့သော် သူတော်စေတေ၏ စကားတွေကလည်း အခုထိ ရေပက်မဝင် အလျဉ်မပြတ် ဖြစ်နေသည်။

ထို့ကြောင့် ရွာကိစ္စ စိုးရိမ်ကြီးနေသူ သူတော်စေတေ၏ ငယ်သူငယ်ချင်း ရွာလူကြီး ဦးသံတိုင်က နောက်ဆုံး မနေနိုင်တော့သဖြင့် အရဲစွန့်ကာ . . .

"ဦးသူတော် မိန့်ကြားနေတာတွေကတော့ မှတ်သားစရာချည်းပါပဲဗျာ။ ဒါပေမယ့် ခု နေဝင်တော့မယ်နော်" ဟု သတိပေးလိုက်သည်။





"နေဝင်တော့လည်း မိုးချုပ်မှာပေါ့ဗျာ။ ဒါ ကမ္ဘာ့နိယာမပဲ ကိုသံတိုင်ရဲ့ မဆန်းပါဘူး"

သူတော်စေတေက သူ့ထုံးစံအတိုင်း မထီတရီအပြုံးနှင့် ဦးသံတိုင်ကို ပြန် ပြောလိုက်၏။

"နေဝင်လို့ မိုးချုပ်တာတော့ ကမ္ဘာ့နိယာမ ဟုတ်ပါတယ်။ ဒါပေမယ့် ခု ဦးသူတော်ဆီ ကျုပ်တို့ လာတိုင်ပင်နေကြတာက နိယာမကိစ္စ မဟုတ်တာကို ပြောတာပါ"

"ဟင် . . . နိယာမကိစ္စ မဟုတ်တာ၊ ဘာပါလိမ့်"

'အရေးထဲ သူ့ဥာဉ်အတိုင်း ဒီငတေ လုပ်နေပြန်ပြီ'

ဟု စိတ်ထဲက တွေးလိုက်ကာ ဦးသံတိုင်က-

"နိယာမ မဟုတ်တဲ့ ကိစ္စက ညည ကျုပ်တို့ရွာထဲ ပိတုန်းတောင်တွေ ဝင်နေတဲ့ ကိစ္စလေ ဦးသူတော်" ဟု ပြောလိုက်ရပြန်၏။

"ဟဲဟဲ ခင်ဗျား နားငြီးရင် နားငြီးတယ် ပြောစမ်းပါ"

"ဟဲဟဲ နားငြီးလို့ မဟုတ်ပါဘူး ဦးသူတော်ရာ။ ခင်ဗျား ပြောတာ အားလုံး မှတ်လောက်သားလောက် အကျိုးရှိတဲ့ စကားတွေချည်းပါ။ ခု ကျုပ်တို့ တစ်ရွာ လုံး စိုးရိမ်နေကြတာက ဟိုတစ်နေ့တာဆို သန်းခေါင်နီးပါးမှ ရွာထဲ ဝင်လာကြတဲ့ ပိတုန်းကောင်တွေဟာ ကုန်ခဲ့တဲ့ ညကတော့ သက်ငယ်ခေါင်းချအချိန်မှာ ရွာထဲ ဝင်လာကြတယ်။ ဒီနေ့ကျတော့ အဲဒီထက် စောစောစီးစီး ဝင်လာကြပြီး လူတွေ ကို ထိုးတုပ်ကြမှာ စိုးရိမ်နေကြလို့လေဗျာ။ ကျုပ်တို့ ရွာသူရွာသားတွေ ညည မအိပ်ကြရတာ နှစ်ညရှိပြီဗျ"

"အဲဒီကိစ္စ စောစောကပဲ ကျုပ် ပြောပြီးပြီလေဗျာ။ ခင်ဗျားတို့ တာဝန်က ဇာတိပေါ်သီး သုံးလုံးရအောင် ရှာပေးကြဖို့ပဲ မဟုတ်လား"

"ဦးသူတော်ပြောတဲ့ ဇာတိပေါ်သီးက ရနိုင်ပါတယ်။ ရွာက ဆေးဆရာ ဝေယံလင်းတို့ အဖေဆီမှာတောင် ရှိမှာပေါ့။ ဒါပေမယ့် သူ့ကိုလည်း ဦးသူတော် ပြောသလို ဇာတိပေါ်သီးလို့ ပြောလို့တော့ သူလည်း နားလည်မှာ မဟုတ် ဘူး။ ဇာတိပွိုလ်သီးလို့ပဲ ပြောတောင်းရမှာပဲ။ ရပါတယ်"

"ရပါတယ်ဆို ဒါနဲ့ မပြီးသေးဘူးဗျ"

"ဗျာ နောက် ဘာလိုသေးလဲ"

ဇာတိပွိုလ်သီးကို အများခေါ်သလို ဇာတိပွိုလ်သီးဟု မပြောဘဲ နောက် သူလိုချင်သော ပစ္စည်းတစ်ခုခုကိုလည်း သူတော်စေတေက သူ့စကားနှင့်သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ခက်ခက်ခဲခဲ ရှာခိုင်းနေဦးမလားဟု လန့်သွားသူ ရွာလူကြီး ဦးသံတိုင်က သူတော်ငတေ၏ မျက်နှာကို လှမ်းကြည့်ကာ အရေးတကြီး မေးလိုက်ပြန်၏။

"နောက်လိုတဲ့ ပစ္စည်းကတော့ အပ်ချည်လုံးပါဗျာ၊ အပ်ချည်လုံးကတော့ စကား အပြောင်းအလဲ မရှိသေးပါဘူး။ သူတော်လည်း အပ်ချည်လုံး၊ ခင်ဗျားတို့ လူတွေလည်း အပ်ချည်လုံးပဲ ခေါ်ကြတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ဟုတ်ပါတယ် ဦးသူတော်"

ဦးကံညွန့်က အလျင်စလို ဝင်ပြောလိုက်၏။

"ခင်ဗျားတို့ ယာတောင်ရွာကို ရွာအပြင်ဘက်က အပ်ချည်လုံးနဲ့ ဝိုင်းပတ်မယ်ဆိုရင် အပ်ချည်လုံး တစ်လုံးတည်းနဲ့ ရွာကို ဝိုင်းပတ်မိနိုင်ပါ့မလား"

"တစ်ရွာလုံးကို ပတ်ရမှာလား"

"ဒါပေါ့ဗျာ၊ စောစောကပဲ ပြောနေတာ တစ်ရွာလုံး မပတ်လို့ ခင်ဗျား တစ်အိမ်တည်းကို ကွက်ပတ်လို့တော့ ရမလား"

ဤတစ်ခါတော့ သူ့စကားကို အလေးအနက် နားမထောင်ရကောင်းလား ဟု သူတော်ငတေက ဦးသံတိုင်ကို ခပ်တည်တည်နှင့် ဟောက်တော့သည်။

"ကျုပ်တို့ရွာက တစ်အိမ်နဲ့တစ်အိမ် တစ်ခြံနဲ့ တစ်ခြံကလည်း ခပ်ကဲကဲ ရယ်ဆိုတော့ အပ်ချည်လုံး တစ်လုံးတည်းနဲ့တော့ ရွာကို ပတ်စေအောင် မမှီနိုင်ဘူးထင်တယ်"

ဤစကားတွေကိုတော့ ဦးထွန်းပေါ်က တွေးတွေးဆဆနှင့် ဝင်ပြောသည်။

"ဟုတ်တယ် ဦးကြီး၊ အိမ်တွေကလည်း ဟိုနား သုံးအိမ်၊ ဒီနား နှစ်အိမ် ဖြစ်နေတော့ အပ်ချည်လုံး တစ်လုံးတည်းနဲ့တော့ ရွာကိုပတ်မိမှာ မဟုတ်ဘူး ထင်တယ်"

"အပ်ချည်လုံးတစ်လုံးနဲ့ မပတ်မိရင် နှစ်လုံးပေါ့ဗျာနော်"

ဦးကံညွန့် စကားမဆုံးခင်မှာပင် သူတော်ငတေက ထပ်ပြောလိုက်၏။ ထိုအခါမှ ဦးသံတိုင်မှာလည်း သက်မ,ချနိုင်တော့သည်။

စောစောတုန်းကမူ အပ်ချည်လုံး တစ်လုံးတည်းနှင့် ခင်ဗျားတို့ ယာတောင်ရွာကို ပတ်စေအောင်၊ ပတ်မိအောင် ပတ်ကို ပတ်ရမည်ဟု သူ့ ထုံးစံအတိုင်း သူတော်ငတေက ဂါတ်သီးကတ်သတ်များ ခိုင်းလေမလားဟု စိတ်တထင့်ထင့်နှင့် သူတော်ငတေ၏ မျက်နှာ၊ ပါးစပ်တို့ကိုသာ စိုက်ကြည့်နေသော ဦးသံတိုင်မှာ ယခုတော့ သက်မ,ချနိုင်သွားပြီ ဖြစ်သည်။

သို့သော် နောက်ထပ် ဘယ်လို ပစ္စည်းမျိုးများ ရှာခိုင်းဦးမည်နည်းဟု





သူတော်ငတေ စကားကို ဤတစ်ခါတော့ လေးလေးစားစားပင် နားစိုက်ထောင်နေရပြန်၏။

"ဇာတိပေါ်သီးကလည်း ဝေယံလင်းတို့ အဖေဆီမှာ ရမယ်ဆိုတော့ အပ်ချည်လုံး အသစ်နှစ်လုံးပဲ လိုတော့တာပေါ့"

"အပ်ချည်လုံးကလည်း ရပါတယ်ဗျ၊ နောက်ထပ်သာ ဘာလို . . ."

"နောက်ထပ် ဘာမှ မလိုတော့ဘူး။ ရမယ်ဆိုရင် ခင်ဗျားပဲ ခုသွားရှာလာတော့။ ဘယ်လို အစီအမံ လုပ်ရမယ် ဆိုတာတော့ ဒီက ဦးကံညွန့်နဲ့ ဦးလေးထွန်းပေါ်တို့ကို ဂဃနဏ ပြောထားလိုက်ပါ့မယ်။ ကဲ ခင်ဗျား သွားတော့"

သူတော်ငတေက သူ့စကား မဆုံးခင်ပင် 'သွားတော့' ဆိုတော့မှ ဦးသံတိုင်မှာလည်း တော်ပါသေးရဲ့ ဟူသော အတွေးနှင့် အပ်ချည်လုံး အသစ်နှစ်လုံး ရှာရန်နှင့် ဆေးဆရာ ဝေယံလင်းတို့ အဖေဆီ သူတော်ငတေ ပြောပြလိုက်သော ဇာတိပေါ်သီး တောင်းရန် ယာတောင်ရွာထဲ ဆင်းလာလေသည်။

ရွာကို ညည ပိတုန်းကောင်တွေ ဝင်သည့်ကိစ္စနှင့် အစိုးရိမ်ကြီးနေရှာသည့် ရွာလူကြီး ဦးထွန်းပေါ်က ဦးသံတိုင် ကျောင်းအဝနား အရောက်တွင် ထပ်၍ မှာလိုက်သေး၏။

"သံတိုင်၊ တကယ်လို့ ဇာတိပွိုလ်သီးနဲ့ အပ်ချည်လုံး အသစ် ရှာမရရင် မင်းရွာ သွားဝယ်ဖို့ ချက်ချင်း လွှတ်လိုက်ကွနော်။ နောက်မကျစေနဲ့ နေဝင်တော့မယ်" ဟု လှမ်းမှာလိုက်သေးသည်။

✻

သူတော်ငတေပြောသော ဇာတိပေါ် (ဇာတိပွိုလ်)သီး သုံးလုံးနှင့် အပ်ချည်လုံး အသစ်နှစ်လုံးကို ရှာရန် ရွာထဲဆင်းလာခဲ့သူ ဦးသံတိုင်သည် ဝေယံလင်းတို့ အဖေ ဦးပန်းစိမ်းဆီကို အလျင်ပြေးသည်။ အကျိုးအကြောင်းကို ပြောပြ၍ ဇာတိပွိုလ်သီး သုံးလုံးကို တောင်း၏။

ဆေးဆရာ ဦးပန်းစိမ်းကလည်း ဤတစ်ခါတော့-

"မင်းတို့ ငတေက ဘာတွေ ပေါက်ကရလုပ်မလို့ ငါ့ဆီ ဇာတိပွိုလ်သီး လာတောင်းခိုင်းရတာလဲ"

ဟု မပြောရဲတော့။ ရှောရှောရှူရှူပင် သူ့ ဆေးလွယ်အိတ်ကြီးထဲကနေ ဇာတိပွိုလ်သီး သုံးလုံးကို ဦးသံတိုင်အား ပေးလိုက်၏။

ဦးသံတိုင်မှာလည်း-

"တော်ပါသေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆေးဆရာ ဦးပန်းစိမ်းကို ကျေးဇူးတင်မိသည်။

ခါတိုင်းသာ ဆိုလျှင်မူ သူတော်ငတေ ရှာခိုင်းသည်၊ တောင်းခိုင်းသည်တွေ ပစ္စည်း တစ်စုံတစ်ခု သွားတောင်းပါက 'ဟော့ကောင် သံတိုင်၊ မင်း သူငယ်ချင်း ငတေပြောတိုင်း မင်း ဘာပေါက်ကရ လျှောက်လုပ်ဦးမလို့လဲ၊ မရှိဘူး ပြောလိုက်ကွာ' ဟု ဆိုဖူးသလို 'မင်းတို့ ငတေ ပေါက်ကရပြောတိုင်း အဟုတ်ကြီး ထင်မနေကြနဲ့၊ အားလုံး ဒုက္ခရောက်ကုန်မယ်' ဟုလည်း ပြောတတ်သူ ဖြစ်သည်။

ဆေးဆရာ ဦးပန်းစိမ်းနှင့် သူတော်ငတေတို့မှာ ငယ်ငယ်ကပင် သိပ်မွှတ်ကြောတည့်ကြသူတွေ မဟုတ်။ ဦးပန်းစိမ်းက 'အလကား အချည်းနှီးကောင်၊ ငတေငပေ' ဟု အမြဲ နှိမ်ပြောခဲ့ဖူးသူ ဖြစ်သည်။ ဤတစ်ခါ ဘာ့ ရွာထဲလာပြီး ပိတုန်းကောင်တွေ ရာနှင့်ချီ ထောင်ချီ ဝင်တုပ်နေကြသည်ကို ဆေးဆရာကြီးကလည်း ဘာမှန်း မသိရသဖြင့် လိုက်လျောလိုက်သည့်သဘောပင်။

ဆေးဆရာ ဦးပန်းစိမ်းဆီက ဇာတိပ္ဖိုလ်သီးသုံးလုံးနှင့် အပ်ချည်သစ်နှစ်လုံးကို ချက်ချင်းရှာ၍ ရလာသော ရွာလူကြီး ဦးသံတိုင်ခမျာမှာ နေကလည်း ဝင်တော့မည် ဖြစ်သဖြင့် သူတော်ငတေဆီ ပြေးလာရပြန်လေ၏။

သူပြောသော ဇာတိပေါ်သီးသုံးလုံးနှင့် အပ်ချည်သစ်နှစ်လုံးကို သူတော်ငတေလက်ထဲ အပ်လိုက်သောအခါ သူတော်ငတေက သူထုံးစံအတိုင်း. . .

"ခင်ဗျားတို့ အပြင်က ခဏစောင့်ကြဦး၊ ကျုပ် ခင်ဗျားတို့ကို ဒီအတိုင်း ပေးလိုက်ရင် ခင်ဗျားတို့က ကျုပ်ကို အထင်ကြီးကြမှာ မဟုတ်ဘူး၊ ပေါက်တရတောင် ပြောချင် ပြောကြဦးမယ်။ ကျုပ် ထင်သလို မဟုတ်ဘဲ ရွာထဲ ပိတုန်းဝင်တုပ်တဲ့ကိစ္စ တလွဲတချော်ဖြစ်ပြီး ဒီညလည်း ခင်ဗျားတို့ရွာထဲ ဟိုည ဟိုညတွေတုန်းကလို ပိတုန်းကောင်တွေ ဝင်လာတုပ်ရင် အလကား ငတေလို့ ပြောနေကြဦးမယ်၊ ဒီတော့ ခင်ဗျားတို့ အထင်ကြီးအောင် ဥုံဖွ ချိုးတုံးမတ်တာဟ်ထ လုပ်ပေးလိုက်ဦးမယ်"

ဟု ပြောကာ သူ့ဖိုရုံ ဓာတ်ခန်းထဲ ဝင်သွားလေ၏။

နေကလည်း ဝင်တော့မည် ဖြစ်လေရာ ရွာလူကြီးသုံးယောက်မှာ သူတော်ငတေကို ရင်တထိတ်ထိတ်နှင့် အပြင် ကွပ်ပျစ်ပေါ် ထိုင်၍ စောင့်နေကြရသည်။

မကြာမီမှာပင် သူတော်ငတေ သူ့ဓာတ်ခန်းထဲကနေ ထွက်လာ၏။

စောစောကလို ပြုံးဖြီးဖြီး မထီတရီ မျက်နှာမျိုးနှင့်တော့မဟုတ်၊ တည်တည်တံ့တံ့ပင် သူ့လက်ထဲ ဆုပ်ကိုင်လာသော ဇာတိပ္ဖိုလ်သီးသုံးလုံးနှင့် အပ်ချည်လုံးနှစ်လုံးကို ရွာလူကြီး ဦးထွန်းပေါ်ကို လှမ်းပေးလိုက်၏။





"ကဲ ရော့ ဦးလေးတို့က ကျုပ်ပြောသလိုတော့ တိတိကျကျ လုပ်ကြပါနော်"

"ဟုတ်ကဲ့ပါ၊ စိတ်ချပါ ဦးသူတော်။ ဦးလေးတို့ ဦးသူတော် ပြောသလို တစ်သဝေမတိမ်းစေရပါဘူး တိတိ ကျ လုပ်ပါ့မယ်"

သူတော်ငတေ လှမ်းပေးသော ဇာတိပ္ဖိုလ်သီးသုံးလုံးနှင့် အပ်ချည်သစ်နှစ်လုံးကို လှမ်းယူကာ ဦးထွန်းပေါ်ကလည်း အာမခံခွေခံလိုက်သည်။

"အေး အလုပ်လုပ်တဲ့အခါ တိုးတိုးတိတ်တိတ်လည်း လုပ်ကြနော် ဦးလေး၊ အတော်ကြာ သူတော်ငတေ ဘာလုပ်တယ် ညာလုပ်တယ် ဆိုပြီး ထိတ်ထိတ်လန့်လန့်နဲ့ တစ်ရွာလုံး ပိတုန်းတုပ်ခံကြရတာထက် ဆိုးနေဦးမယ်။ ပိတုန်းတုပ်တာက ငါးပိသုတ်ရင် ပျောက်ပေမယ့် ငတေ (. . .) ပေရင်တော့ ရေဆေးလို့ ရလည်း ဖြစ်ကုန်ကြဦးမယ်၊ ဟဲ . . . ဟဲ"

'အရေးထဲ ပေါက်ကရကတော့ နည်းနည်းလေးပဲဖြစ်ဖြစ် ပြောလိုက်ရမှ' ဟု တွေးထင်ကာ ရွာလူကြီးသုံးယောက်မှာ ရွာထဲ ပိတုန်းဝင်တုပ်သော ကိစ္စကို သူတော်ငတေ မှာလိုက်သလိုပင် လုပ်ဆောင်ကြရန် ရွာထဲ ဆင်းလာကြလေသည်။

ထိုအချိန်မှာပင် နေဝင်သွားပြီ ဖြစ်သဖြင့် ရွာတွင်းရွာပြင်ကို အရင်ညေးပိတ်ကြရမည်ဖြစ်ရာ ရွာပြင်၌ ကွဲကျောင်း၊ နွားကျောင်း သွားနေကြသူတွေ ရှိမရှိကို ဦးဆုံး စုံစမ်းကြရသည်။ မည်သူမည်ဝါ အိမ်ပြန်မရောက်သေးဘဲ ရှိမရှိကိုလည်း လိုက်မေးကြရ၏။

ပိတုန်းပြဿနာကြောင့် ကျွဲကျောင်း၊ နွားကျောင်း သွားနေကြသူတွေမှာလည်း လွန်ခဲ့သော နှစ်ညသုံးည နှစ်ညက ပိတုန်းတုပ်ခံထားကြရသဖြင့် ဤနေ့တွင် မည်သူမျှ ရွာပြင်၌ မိုးချုပ်နေဝင် မနေဝံ့ကြရာ မိမိတို့ ယာတောင်ရှာသားအားလုံး ရွာထဲသို့ ပြန်ရောက်နေကြပြီ ဆိုသည်ကို သိကြရတော့မှ သူတော်ငတေ၏ အစီအမံကို စတင် ပြုလုပ်ကြရလေသည်။

ပထမဦးဆုံး ရွာစည်းရိုး အပြင်ဘက်ကို ဤအချိန်ကစပြီး မည်သူမျှ မထွက်ကြရန် ပညတ်လိုက်ကြသည်။ အကယ်၍ မိမိ ရွာသားများထဲမှ တစ်စုံတစ်ယောက်သည် ကျွဲပျောက်၊ နွားပျောက် ရှာနေ၍ပဲဖြစ်ဖြစ် ရွာထဲ မရောက်လာသေးဘူး ဆိုလျှင်လည်း ထိုသူကို ရွာထဲ မဝင်စေရတော့။ သင့်တော်ရာ နွားရုံ၊ ကောက်ရိုးပုံထဲ၌သာ ဤတစ်ညတော့ အိပ်နေရမည်။

တစ်ရွာတစ်ကျေးဆီက ဆွေမျိုးနီးစပ်တော်သူ တစ်ဦးဦးသည် သာရေးနာရေးကိစ္စနှင့် မိမိရွာက ဆွေမျိုးများဆီ အကြောင်းကြားရန် လာသည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်ကစပြီး ရွာထဲကို လုံးဝ အဝင်မခံရတော့။ ဤသည်ကို ယာတောင်ရွာ
ကြီးများ၏အမိန့် ဂါမပညတ်နှင့် ကန့်သတ် စည်းချထားလိုက်ကြသည်။

ထို့နောက်တွင် ရွာလူကြီးများ ဖြစ်ကြသော ဦးထွန်းပေါ်၊ ဦးသံတိုင်၊ ဦး
ညွန့်တို့ သုံးယောက်သည် သူတော်ငတေ မန်းမှုတ်ပေးလိုက်သည်ဟု ထင်ရ
အပ်ချည်ကြိုးတစ်လုံး၏ အစကို ဖြေကာ ရွာဦး၊ ရွာတောင်ဘက်ကစ၍ ရွာ
ဘက်မှ ယာတောင်ရွာကို ဝိုင်းပတ်ကြသည်။

သူတို့ ယာတောင်ရွာမှာ သူတို့ ကနဦးကပင် သိထားခဲ့ကြသလို ဟိုတစ်
သည်တစ်စု ဟိုနား သုံးလေးအိမ်၊ သည်နား သုံးလေးအိမ် ဖြစ်နေသဖြင့် ရွာပြ
ပတ်ယူလာကြသော အပ်ချည်လုံးတစ်လုံး ကုန်သွားသော်လည်း ရွာကို မပတ်
မိသေးရာ နောက်တစ်လုံးနှင့် ဆက်၍ ရွာပြင်ကို ဝိုင်းပတ်ကြပြန်၏။

ဒုတိယအပ်ချည်လုံး တစ်ဝက်ကျော်ကျော်ခန့် အရောက်မှာ ရွာပြင်
ပတ်မိထားပြီဖြစ်ရာ ရွာတံခါး အပေါ်ထက်ရှိ မုခ်ဦးလို အရေးပေါ် လုပ်ထား
သော ဝါးလုံးတန်းပေါ် သူတော်ငတေပြောသော ဇာတိပေါ်သီးသုံးလုံးကို အပ်
ချည်နှင့်ဖောက်ကာ တစ်ထွာတစ်မိုက်စီခန့် ခြား၍ ဆွဲထားလိုက်ကြသည်။

သူတော်ငတေက မှာလိုက်သည်မှာ ရွာကို အပြင်က အပ်ချည်မျှင်တွေနှင့်
ပတ်ပြီးသွားသည်နှင့် ရွာဝင်ဝ မုခ်ဦး၌ ဇာတိပေါ်သီး ချည်ဆွဲသူသည် ရွာအပြင်
ဘက်ဆီက မဖြစ်စေရဘဲ ရွာတွင်းဘက်မှ ဖြစ်ရမည် ဆိုသည်ကိုလည်း ဦးထွန်း
ပေါ်က တိတိကျကျ သူကိုယ်တိုင်ပင် ရွာအတွင်းဘက်မှနေ၍ သူတော်ငတေ
ပြောသော ဇာတိပေါ်သီးသုံးလုံးကို အထက်အောက် မှန်မှန်ကန်ကန်နှင့် အပေါ်
ဖောက်ကာ ရွာကို ဝိုင်းပတ်လာသော အပ်ချည်အပိုနှင့် ဖောက်ဆွဲထားလိုက်
သည်။ ပြီးတော့မှ သူတော်ငတေ မှာလိုက်၊ သင်ပေးလိုက်သလို-

‘ဦ-ပိတုန်းသုံးကောင်
ရွာကျိုးဆောင်
အမောင်ပိတုန်း
ရွာကျိုးသုံး
ပိတုန်းလာသမျှ
ပြန်တုပ်ကြ၊ ပြန်တုပ်ကြ
ဇာတိပေါ်အောင် ပြန်တုပ်ကြ
ဇာတိပေါ်အောင် ပြန်တုပ်ကြ
ဝူးဝေဝေ၊ ဝူးဝေဝေ’





ဟု ဦးထွန်းပေါ်က သုံးကြိမ်သုံးခါ ရွတ်ဆိုလိုက်သည်။

ဦးထွန်းပေါ် ထိုသို့ ရွတ်ဆိုနေစဉ် အပ်ချည်ကြိုး တစ်တောင်ကျော်ကျော်
နှင့် ဖောက်ဆွဲကာ တွဲလောင်းချထားသော ဇာတိပွိုလ်သီးသုံးလုံးမှာ လေတိုက်
၍ပဲလေလား၊ တကယ်ပဲ အသက်ဝင်လာကြသည်လား မသိ။ ယိမ်းလူး ဝဲပျံလာ
ကြသည်။

သူတော်ငတေ မှာကြားလိုက်သည့်အတိုင်း စီမံလုပ်ဆောင်ပြီးသောအခါ
ဦးထွန်းပေါ်နှင့် ဦးသံတိုင်၊ ဦးကံညွန့်တို့မှာ ရွာတောင်ဘက် မုခ်ဦးမှ ရွာထဲ
ဝင်လာကြသည်။

တပေါင်းလပြည့်နေ့ည။

လက ထိန်ထိန်သာနေသော်လည်း လွန်ခဲ့သော နှစ်ညက ရွာကို ပိတုန်း
ကောင်များ ဝင်ထိုး ဝင်တုပ်ထားကြသဖြင့် လူတွေမှာ ကြောက်ရွံ့ထိတ်လန့်ကာ
အိမ်တွင်းမှ အိမ်ပြင် မထွက်ဝံ့ ဖြစ်နေကြသည်။

ခါတိုင်း လသာညများဆိုလျှင် ရွာလယ်တွင် ကလေးသူငယ်များ ထုပ်ဆီး
တိုးတန်း ကစားနေကြသံ၊ ကာလသားများ၏ အပျိုပိုး မှုလွှေကျူသံ၊ ကာလသမီး
များ၏ မောင်းထောင်း ဆန်ဖွပ်သံတို့နှင့် ညံနေခဲ့သော ယာတောင်ရွာလေးမှာ
ယခုညတော့ ခြောက်ချားစရာ ကောင်းလောက်အောင်ပင် တိတ်ဆိတ်နေသည်။

သို့သော် ဦးထွန်းပေါ်တို့ ရွာလူကြီး သုံးယောက်မှာမူ သူတော်ငတေ၏
စီမံပေးထားသော ဇာတိပွိုလ်သီး၊ ပိတုန်းသုံးကောင်၏ တကယ် အစွမ်း ရှိမရှိကို
သိလိုကြသဖြင့် ရွာလယ်လမ်းမပေါ် အကဲခတ် လျှောက်ကြည့်နေကြသည်။

မကြာပါချေ။ သူငယ်ခေါင်းချချိန်သို့ပင် မရောက်သေးချေ။ ယာတောင်ရွာ
၏ တောင်ဘက်ဖျားမှ ပိတုန်းများ တရုံရုံ အတောင်ပံခတ်သံပေးကာ ပျံလာနေ
ကြသံကို ကြားကြရတော့သည်။ ဆူညံလာသော ပိတုန်း တောင်ပံခတ်သံတွေ
မှာ လွန်ခဲ့သော နှစ်ညကထက်ပင် များပြားနိုင်ကြောင်း အကဲခတ်မိကြ၏။

ထိုအခါ သူတော်ငတေက အကျအန စီမံပေးလိုက်ပါသော်လည်း မယုံ
တစ်ဝက် ယုံတစ်ဝက် ဖြစ်နေသော သူတော်ငတေ၏ ငယ်သူငယ်ချင်း ဖြစ်သူ
ရွာလူကြီး ဦးသံတိုင်က . . .

“ဦးလေး ဦးထွန်းပေါ်၊ သူတော်ငတေ ပြောသလိုဆို ဆင်ထားတဲ့ ရွာ
တောင်ဖျားကို ကျွန်တော်တို့ သွားအကဲခတ်ကြည့်ကြရင် ကောင်းမယ်ထင်
တယ်” ဟု ပြောလိုက်၏။

“သူတော်ငတေ ငါ့ကို မှာလိုက်တာကတော့ ငါတို့ ဆင်ထားတဲ့ ရွာတောင်



www.burmeseclassic.com

www.burmeseclassic.com



များက ဘာသံကြားကြား အနားသွားမကပ်ကြနဲ့၊ ခင်ဗျားတို့ ဝေးဝေးကပဲ နားစွင့်ကြည့်နေကြလို့ မှာလိုက်တယ်တွေ။ သွားကြည့်ကြလို့ ကောင်းပါ့မလား စည်းပေါက်၊ တမ်းပေါက်များ ဖြစ်သွားရင် . . .

"ဟုတ်ပါတယ် ဦးထွန်းပေါ်၊ သူတော်ငတေ မှာထားသလို သွားမကြည့်ကြ တာတော့ အကောင်းဆုံးပဲ ထင်တယ်ဗျ"

ဦးထွန်းပေါ်၏ စကားမဆုံးခင်မှာပင် ဦးသံတိုင်၏ စကားကို ဦးကံညွန့်က ဝင်၍ ကန့်ကွက်စကား ဆိုလိုက်သည်။

ထို့ကြောင့် ရွာတောင်ဘက်များမှ ပိတုန်းတောင်များ ရာထောင်ချီ လာနေကြသံကို ခါတိုင်းနေ့များကထက်ပင် ကျယ်ကျယ်လောင်လောင် ကြားနေကြရပါ သော်လည်း သူတို့ သုံးယောက်မှာ စောစောက သူတော်ငတေ မှာကြားလိုက်သလို ဆင်ထားခဲ့ကြသော ရွာတောင်ဖျားကို သွားမကြည့်ဝံ့ကြဘဲ ရွာလယ်လောက်ကသာ နားစွင့်နေပြီး အခြေအနေကို အကဲခတ်နေကြရသည်။

လွန်ခဲ့သော နှစ်ညတာထက်ပင် ပိတုန်းတောင်များ၏ တောင်ပံခတ်သံ ဆူဆူညံညံကို ကြားနေရသော်လည်း ရွာထဲတို့မှ တစ်ကောင်တစ်မြီးသော ပိတုန်းများကတော့ ရောက်မလာကြ။ ထိုအခါမှ ရွာလူကြီးသုံးယောက်မှာ သူတော်ငတေ၏ အစီအမံသည် အမှန်တကယ် အစွမ်းပြနေကြပြီကို သိကြရလေသည်။

"တဲ ဦးလေး၊ သူတော်ငတေရဲ့ အစီအမံတွေကတော့ တကယ်စွမ်းပြီဗျ၊ ကျွန်တော်တို့ ခု ပိတုန်းကောင်တွေ လာသံကို ကြားနေရတာ နာရီဝက်လောက် တောင် ရှိသွားပြီပဲ။ လွန်ခဲ့တဲ့ ညတွေကလို ခုထိ ပိတုန်း တစ်ကောင်တစ်မြီးမှ ရွာလယ်လမ်းမပေါ် ရောက်မလာကြတော့ စိတ်ချရပါပြီ။ အိပ်ရေးပျက်နေကြ တာလည်း နှစ်ညတောင် ရှိပြီဆိုတော့ သွားအိပ်ကြရအောင်ဗျာ"

ဟု ပြောလိုက်သည်။

"ဟုတ်တယ်ကွ၊ ဒီလောက်ကြာသည့်မှ ရွာထဲ ပိတုန်း တစ်ကောင်တစ်မြီးမှ ရောက်မလာကြဘူးဆိုတော့ စိတ်ချရပြီနဲ့တူတယ်၊ ဒါပေမယ့် ရွာတောင်ဖျားမှာ ပိတုန်းကောင်တွေ ပျံဝဲနေကြတုန်းပဲနော်"

"ပိတုန်းတောင်တွေ ရွာတောင်ဖျားမှာ ဘယ်လောက်ပဲ ပျံဝဲနေကြနေကြ ရွာထဲ ဝင်မလာကြရင် ပြီးတာပဲ ဦးလေး၊ ကိုသံတိုင်ပြောသလို ကျွန်တော်လည်း အိပ်ချင်ပြီဗျာ။ ကိုယ့်အိမ်ကိုယ် ပြန်အိပ်နေကြတာ ကောင်းပါလိမ့်မယ်"

"အေး မင်းတို့က အိပ်ချင်ကြပြီ ဆိုတော့လည်း အိပ်ကြတာပေါ့ဗျာ။ မနက်ကျမှ ရွာတောင်ဖျားမှာ တို့ဆင်ထားခဲ့ကြတဲ့ မုခ်ဦးကို သွားကြည့်ပြီး





ထူးခြားချက်ကို သူတော်ငတေ မှာထားသလို သွားအကြောင်းကြားကြတာပေါ့"

ရွာတောင်ဖျားမှ ပိတုန်းကောင်များ တရုံးရုံး တစီစီ ပျံနေကြသံတွေကို ကြားနေရသော်လည်း နှစ်ညဉ့်နှစ်ည အိပ်ရေးပျက်ထားသော ရွာလူကြီးသုံး ယောက်မှာ အိပ်စက်အနားယူရန် မိမိအိမ်သို့ ပြန်လာကြလေသည်။

❀

ဦးထွန်းပေါ်မှာ ရွာလူကြီးပီပီ ထကြွ လှုပ်လှုပ်ရှားရှားရှိသည်။ မနက် မိုးပင် စင်စင် မလင်းသေး ဦးသံတိုင် အိမ်ရှေ့ကို အလျင်ဦးဆုံး ရောက်လာတော့၏။

"ဟေ့ကောင် သံတိုင် . . . သံတိုင်"

ဟု အော်ခေါ်ကာ အိမ်ရှေ့၌ ဦးထွန်းပေါ် မတ်တတ်ရပ်လာချိန်မှာ နှစ်ညဉ့် နှစ်ညလုံး အိပ်ရေးပျက်ထားသော ဦးသံတိုင်မှာကား အိပ်ကောင်းဆဲ။ သူ မည်မျှ အိပ်ပျော်နေသည်ဆိုလျှင် လမ်းမ အိမ်ရှေ့က ဦးထွန်းပေါ် အော်ဟစ်ခေါ်နေ၍ တစ်အိမ်သားလုံး နိုးကုန်ကြပြီ ဖြစ်သော်လည်း ဦးသံတိုင်ကား မနိုးနိုင်သေး။

ထို့ကြောင့် စောစော နိုးလာသော ဦးသံတိုင် သမီးကြီးက ဦးသံတိုင်ကို တစ်ဆင့် နှိုးပေးလိုက်ရသည်။

မျက်စိ၊ မျက်နှာကိုပွတ်ကာ ကမန်းကတန်း ထလာသော ဦးသံတိုင်မှာ လည်း နှစ်ညဉ့်နှစ်ည အိပ်ရေးပျက်ထားသဖြင့် မည်မျှ အိပ်ပျော်နေ အိပ်ပျော်နေ ရှာသည်ယောင်နှင့် အိပ်ရာက ကမန်းကတန်း ခုန်ထလိုက်ကာ-

"ဟင် ဦးလေး ဦးထွန်းပေါ်၊ ရွာမှာ ဘာအခြေအနေ ထူးပြန်လို့လဲဗျ"

ဟု စိုးရိမ်တကြီးနှင့် မေးမိလိုက်၏။

"မင်းတို့ကသာ တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပေမယ့် ငါ့မှာ တော့ တစ်ညလုံးလုံး ကြက်အိပ် ငှက်အိပ်ပါပဲကွာ။ အိပ်မပျော်ပါဘူး"

"ဟင် ဦးလေး၊ ငတေ ဆင်ပေးတဲ့ကိစ္စ၊ ဘာထူးခြားလို့လဲ"

ဟု အိပ်မှုန်စုံမွှားနှင့် ဦးထွန်းပေါ်ဆီ လှမ်းကြည့်ကာ စိုးရိမ်တကြီး မေး လိုက်ပြန်သည်။

"ဘာမှ မထူးခြားပါဘူးကွာ။ ငါ ညက တစ်ညလုံးလုံး ကြက်အိပ် ငှက်အိပ် ဆိုတော့ ပိတုန်းကောင်တွေ တစ်ညလုံးလုံး ရွာရဲ့ တောင်ဖျားမှာ စုဝေးနေကြသံ ကို ကြားနေရတာ။ ခု ဘာအသံဗလံမှ မကြားရတော့လို့ သူတော်ငတေ မှာလိုက် တဲ့အတိုင်း ဘာထူးခြားချက်ရှိလဲဆိုတာ သွားကြည့်ကြရအောင်။ ခု မင်းကို ငါ လာခေါ်တာပဲ"

"ဟုတ် . . . ဟုတ်ကဲ့ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



မှု ပြောကာ ဦးသံတိုင်မှာလည်း မျက်နှာသစ်ရန်ကိုပင် မေ့သွားကာ ဦးထွန်းပေါ်ရှိရာ အိမ်ရှေ့ဆီသို့ ပြေးဆင်းလာလေ၏။

သို့နှင့် ဦးထွန်းပေါ် နှင့် ဦးသံတိုင်တို့ နှစ်ယောက်သည် ရွာလူကြီး ဦးကံညွန့် အိမ်ရှေ့ ရောက်လာကြပြန်၏။

နှစ်ညဉ့်နှစ်ညလုံး အိပ်ရေးပျက်ထားသူ ရွာလူကြီး ဦးကံညွန့်မှာလည်း ဦးသံတိုင်ကဲ့သို့ပင် အိပ်ကောင်းတုန်း။ ထို့ကြောင့်ပင် ဦးကံညွန့်ကို တစ်ခါ ခေါ်၍ ပြီး ရွာလူကြီးသုံးယောက်သည် ရွာတောင်ဖျားရှိ သူတို့ မနေ့ညနေက သူတော်ငတေ အစီအမံအတိုင်း နှဆောင်ရွက်ထားခဲ့ကြသော ရွာမုခ်ဦး ဇာတိပွိုလ်သီး ပိတုန်းသုံးကောင် ရှိရာဆီသို့ ရောက်လာကြသည်။

တပေါင်းလေရူးနှင့်အတူ အပ်ချည်မျှင်နှင့် ချည်ဖောက်ဆွဲထားသော ဇာတိပွိုလ်သီး သုံးလုံးသည် လေထဲ၌ ဝဲပျံ ယိမ်းလှုပ်နေကြသည်ကို လှမ်းမြင်ကြရသည်။ အနားကပ်သွားကြပြီး ရွာမုခ်ဦးအောက်ကို ငုံ့ကြည့်ကြရာ ဇာတိပွိုလ်သီးအောက်တွင် သစ်ရွက်များ ပြန့်ကျဲနေကြသည်ကို အံ့မှယ်ဘနန်း တွေ့ကြရသည်။

အံ့ဩစရာကောင်းလှသည်မှာကား ဇာတိပွိုလ်သီးအောက်၌ ပြန့်ကျဲနေကြသော သစ်ရွက်များမှာ နည်းနည်းနောနော မဟုတ်။ အကယ်၍ တစ်ရွက်ချင်း တစ်ရွက်စီသာ ရေကြည့်ကြမည်ဆိုလျှင် ရာချီ ထောင်ချီ၍ ရှိနေကြလိမ့်မည်။

"ဒီ ဇာတိပွိုလ်သီး အောက်မှာမှ သစ်ရွက်တွေ လာစုနေတာတော့ ထူးဆန်းတယ်နော့် ဦးလေး"

သစ်ရွက်ကြွေတွေကို ငုံ့ကြည့်နေသော ဦးသံတိုင်က ဦးထွန်းပေါ်ကို ပြောလိုက်၏။

"ဟုတ်တယ်ကွ၊ ဒါ တကယ့်ကို ထူးဆန်းတာပဲ။ နောက် ဘာများ ထူးထူးခြားခြား ရှိသေးလဲ ကြည့်ကြပါဦး"

ဦးထွန်းပေါ်က ကြည့်ကြပါဦး ဆိုသဖြင့် ဦးသံတိုင်နှင့် ဦးကံညွန့်တို့သည် ရွာမုခ်ဦး အောက်နှင့်တကွ ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်ကြသည်။

ရွာမုခ်ဦးအောက်ရှိ သစ်ရွက်များကလွဲလျှင် တခြား ထူးထူးဆန်းဆန်းအရာ ဆို၍တော့ ဘာမှ မတွေ့ကြရ။ ထိုအခါ သူတော်ငတေက ထူးခြားတာတွေ့ရင် ချက်ချင်း လာပြောကြပါဟု မှာထားသဖြင့် သူတော်ငတေဆီ ပြေးကြရပြန်သည်။

ရွာလူကြီးသုံးယောက် သူတော်ငတေရှိရာ ဘုန်းကြီးကျောင်းအောက်သို့





ရောက်လာကြချိန်မှာ သူတော်ငတေကို ဖိုဆွဲရတ်သား တွေ့ရသည်။ သူတို့ သုံးယောက်ကို မြင်သောအခါ သူတော်ငတေသည်း ဖိုရုံထဲက ထွက်လာလေ၏။

"ကဲ စောစောစီးစီး လူကြီးမင်းတို့ ဘာထူးခြားတာတွေ့လို့ လာကြတာလဲ၊ အမိန့်ရှိပါဦး"

"ထူးခြားဆို ဦးသူတော်ရေ ဦးသူတော်ပြောတဲ့ ဇာတိပေါ်သီးသုံးလုံး အောက်မှာ သစ်ရွက်တွေဗျာ ရာချီထောင်ချီ ပုံနေတာပဲဗျ"

ထိုင်ပင် မထိုင်သေးဘဲ မတ်တတ်ရပ် မေးနေသော သူတော်ငတေကို ဦးသံတိုင်ကလည်း မတ်တတ်ပင် ပြောလိုက်ကြသည်။

"ဇာတိပေါ်သီးအောက်က သစ်ရွက်တွေဆိုတော့ ဘာသစ်ရွက်တွေလဲ ကိုသံတိုင်ရယ်"

"ဘာသစ်ရွက်တွေ ဆိုတာကိုတော့ ကျုပ်တို့လည်း သတိမထားမိခဲ့ကြဘူးဗျ"

"တယ်ခက်တဲ့ လူတွေပဲ၊ ခင်ဗျားက လယ်သမား ယာသမားပဲဗျ။ သစ်ရွက်ကို မြင်တာနဲ့ ဘာသစ်ရွက်မှန်းတောင် မသိဘူးဆိုတော့"

"သတိမထားမိခဲ့ကြလို့ပါ ခင်ဗျား"

ဦးကံညွန့်က သူတော်ငတေ စကားမဆုံးမီ ဝင်ပြောလိုက်၏။

မှန်ပါသည်။ ရွာမုခ်ဦးအောက်ရှိ ပြန့်ကျဲနေသော သစ်ရွက်များ၏ အမျိုးအစားကို သူတို့ သုံးယောက်ကား လုံးဝ သတိမထားမိခဲ့ကြချေ။ သူတော်ငတေဆီသို့ အကျိုးအကြောင်း မြန်မြန် ပြောရန်သာ စိတ်စောခဲ့ကြသဖြင့် ရွာမုခ်ဦး အောက်တွင် ပြန့်ကျဲနေသော သစ်ရွက်များကို မည်သည့် သစ်ရွက်ဖြစ်ကြောင်း မသိခဲ့ကြ။

"ရာဇဝင်ထဲက အမတ်မင်းကို ခွေးကြည့်ခိုင်းသလို ဖြစ်နေပြီ၊ အထီးမှန်း အမမှန်း၊ ဘယ်နှစ်ကောင်မှန်း မသိကြတော့ မခက်ဘူးလား ကိုသံတိုင်ရဲ့"

"ခု ကျွန်တော် ပြေးကြည့်လိုက်ပါ့မယ် ဦးသူတော်ရယ်"

လူရင်းဖြစ်သူ သူ့ကိုချည်း သူတော်ငတေက ပစ်မှတ်လုပ်ပြောနေရာ 'ကျုပ် ခင်ဗျား' ပြောနေကျ စကားကိုပင် ဦးသံတိုင်မှာ ကျွန်တော် ဖြစ်သွား၏။

"ခင်ဗျား ပြေးကြည့်ရုံနဲ့ မဖြစ်သေးဘူး။ ကျုပ် သေသေချာချာ မှာလိုက်ဦးမယ်။ အဲဒီ မုခ်ဦးအောက်က သစ်ရွက်တွေကို တစ်ရွက်မကျန် တောင်းတစ်လုံးနဲ့ ထည့်ပြီး ကောက်လာခဲ့။ အဲဒီ သစ်ရွက်တွေဟာ ဘယ်လို အရွက်တွေလဲဆိုတာ ကျုပ်တို့ ဦးလေးတို့လည်း ကြည့်ပါရစေ။ သေသေချာချာနော် တစ်ရွက်မှ မကျန်စေနဲ့၊ တစ်ရွက်ကျန်ရင် တစ်ချက်ခံသွားရမယ်။ တဲ့ . . ဟုတ်ပလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

"ကဲ ဒါဆို သွားတော့၊ ခင်ဗျားက တိတိကျကျ ပြောလိုက်တာတောင် လွှဲချင်လွှဲနေဦးမယ့်လူ"

ဦးသံတိုင်မှာ သူတော်ငတေ မှာလိုက်သလို သစ်ရွက်ကောက်ရန် ရွာထဲ အပြေးကလေးနှင့် လာရပြန်၏။

"အဲဒါနဲ့ ဦးသူတော်၊ အေး ပြောကောင်းတယ် မပြောကောင်းတော့ ဦးလေးလည်း မသိဘူးနော်။ ဦးသူတော်ကို ဦးလေး ပြောချင်. . ."

"ပြောပါ။ ဦးလေး ဘာပြောမလို့လဲ"

ဦးထွန်းပေါ်ကို သူတော်ငတေက ပြောပါဟု ဆိုသည်။

"မနေ့ညကပဲ ဦးလေးတို့က ဦးသူတော် မှာထားသလို ရွာကို အန္တရာယ် ကင်း ပရိတ်ရွတ်သလို စည်းဝိုင်းထားပါတယ်။ အဲဒါ ခု မိုးကလည်း လင်းပြီဆို တော့ နွားကျောင်း၊ ကျွဲကျောင်း ထွက်ကြရမယ့် တောသူတောင်သား အလုပ် တွေက ရှိနေ . . ."

"ဦးလေး ပြောတာ ဟုတ်ပါတယ်။ အဲဒါ ဒီလိုလုပ်၊ ဦးကံညွှန့်"

"ဟုတ်ကဲ့ ခင်ဗျား"

"ခင်ဗျား ရွာထဲ လိုက်သွားလိုက်၊ ကိုသံတိုင်နဲ့အတူ သစ်ရွက်တွေကို တောင်းထဲ ကောက်ထည့်ပြီးတာနဲ့ ရွာတွင်းရွာပြင် ဝင်ဝင်ထွက်ထွက် ရပြီလို့ ပြောလိုက်ဗျာ။ သစ်ရွက်တွေ အကုန် မကောက်ပြီးရင်တော့ ဘယ်လူမှ ရွာစည်း ကိုဖောက်ပြီး ထွက်ထွက်ဝင်ဝင် မလုပ်ရဘူးနော်။ အဲဒါလည်း မှတ်သွားဦး"

"ဟုတ်ကဲ့ပါ"

ဟု ပြောကာ ဦးသံတိုင်မှာလည်း ရွာထဲ ပြန်ပြေးလာရပြန်သည်။

✻

နာရီဝက်ပင် မကြာ။ သစ်ရွက်တောင်း တစ်လုံးကို ထမ်းကာ ဦးသံတိုင်နှင့် ဦးကံညွှန့်တို့သည် သူတော်ငတေနှင့် ဦးထွန်းပေါ်တို့ ရှိရာသို့ ရောက်လာကြ သည်။

ဦးသံတိုင်သည် သူ တောက်လာသော သစ်ရွက်တောင်းကို ဦးသူတော်နှင့် ဦးထွန်းပေါ်တို့ နှစ်ယောက် ရှေ့ချလိုက်သည်။ ထို့ကြောင့် စောစောတုန်းက ရှေ့ဟောင်းနောက်ဖြစ် ပြောနေကြသော ဦးထွန်းပေါ်နှင့် သူတော်ငတေတို့၏ စကားမှာလည်း ရပ်သွားလေသည်။

"ဒါ ဘာအရွက်တွေလဲ ကိုသံတိုင်"





သူ့ရှေ့သို့ လာချသော သစ်ရွက်တောင်းထဲက သစ်ရွက်များကို လက်နှင့် ထိုးကော်မွှေနှောက်ကြည့်ကာ သူတော်ငတေက ဦးသံတိုင်ကို မေးလိုက်သည်။

"မဲဇလီရွက်တွေချည်းပါပဲ ဦးသူတော်"

"ကိုသံတိုင်ပြောတာ ဟုတ်ရဲ့လား ဦးလေး ကြည့်ပါဦး"

သူတော်ငတေက ကြည့်ပါဦး ဆိုသဖြင့် ဦးထွန်းပေါ်ကလည်း တောင်းထဲ က သစ်ရွက်တွေကို သေသေချာချာ ကြည့်သည်။

"ဟုတ်ပါတယ် ဦးသူတော် မဲဇလီရွက်တွေချည်းပါပဲ"

"ဟုတ်တယ်နော် ဦးကံညွှန့်"

သူတော်ငတေက ဦးသံတိုင်နှင့် ဦးထွန်းပေါ်တို့ ပြောသည်ကို မယုံ၍လား ဘာမှန်းမသိ။ ဦးကံညွှန့်ကိုပါ မေးနေပြန်၏။

ထိုအခါ ဦးကံညွှန့်မှာလည်း တောင်းထဲက မဲဇလီရွက်တွေကို စောစောက သူတော်ငတေ ကြည့်သလို လက်နှင့် မွှေနှောက်ကြည့်ပြီး . . .

"ဟုတ်ပါတယ် ခင်ဗျား၊ မဲဇလီရွက်တွေပါပဲ" ဟုပြောလိုက်သည်။

"ကိုကံညွှန့်"

"ခင်ဗျား"

သူတော်ငတေ သူ့ကို ဘာများ ဟောက်ဦးမလဲ ဟူသော အတွေးနှင့် 'ခင်ဗျား' ဟု ဦးသံတိုင်က ခပ်လန့်လန့် ပြန်ထူးလိုက်သည်။

"ခင်ဗျား တောင်းထဲက မဲဇလီရွက်တွေဟာ အစိမ်းလား အခြောက်လား"

"အခြောက်တွေချည်းပါပဲ"

"ဟဲဟဲ ကိုယ့်လူ ဒီတစ်ခါတော့ အမှန်ပြောနိုင်သားပဲ၊ ဒါဆို ခင်ဗျားတို့ ရွာကို အစိမ်းတိုက်တာ မဟုတ်ဘူးပေါ့"

ဘာရည်ရွယ်ချက်နှင့် ဘာပြောမှန်းကို မသိသဖြင့် ရွာလူကြီး သုံးယောက် မှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေကာ သူတော်ငတေ၏ မျက်နှာကိုသာ ငေး ကြည့်နေကြသည်။

"မဲဇလီရွက်တွေက အစိမ်းမဟုတ်ဘဲ အခြောက်တွေဆိုတော့ ဟား . . ဟား ဟား. . တျပ်ထင်တာ မှန်ပြီ။ ခင်ဗျားတို့ရွာကို အခြောက် တိုက်တာပဲ ဟား. . . ဟား"

သူတို့ရွာကို အခြောက်တိုက်သည်ဟု ပြောကာ တဟားဟား ရယ်နေ သော သူတော်ငတေကို အံ့ဩတကြီး ကြည့်ကာ ယခုထိ ဘာနားလည်ကြရ မှန်း မသိကြသေးသော ရွာလူကြီးသုံးယောက်မှာ သူတော်ငတေကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အူကြောင်ကြောင် ဖြစ်နေကြတုန်း။

"ဟား ဟား ဟား တောသား ရွာလူကြီးတွေ လုပ်နေကြပြီး ခင်ဗျားတို့ တော်တော်ကို ရူးကြတဲ့ လူတွေပဲဗျ။ ခင်ဗျားတို့ပဲ မဟုတ်ပါဘူးလေ ယာတောင် တစ်ရွာလုံးက လူတွေလည်း ရူးနေကြလားမှ မသိတာ"

"ဟင် ဘာဖြစ်လို့လဲဗျ ဦးသူတော်"

မအောင့်နိုင်တော့သဖြင့် ဦးသံတိုင်က သူတော်ငတေ၏ မျက်နှာကို စေ့စေ့ ကြည့်ကာ မေးလိုက်၏။

"ခင်ဗျားတို့ကပဲ ရွာကို ပိတုန်းကောင်တွေဝင်တုပ်လို့ ဆိုဗျ"

"ဟုတ်တယ်လေ ဦးသူတော်"

"ဟား ဟား ဟား"

သူတော်ငတေက ရယ်ပြန်သည်။

"ဦးသူတော်တတော့ ဘယ်လိုများ အမြင်ရှိပါလဲ ခင်ဗျား"

အူကြောင်ကြောင် ဖြစ်နေသော ဦးကံညွန့်ကပါ မေးမိလိုက်၏။

"ဘယ်လို အမြင်ရှိမလဲဗျ။ ခင်ဗျားတို့ ရွာထဲရပ်ထဲ မဲဇလီပင်တွေ မရှိ ဘူးလား"

"ဦးသူတော် သိပါတယ်၊ ရွာထဲရပ်ထဲတော့ မဲဇလီပင်တွေ အများကြီး ပေါ့ဗျ။ ဦးလေး ဦးထွန်းပေါ် အိမ်နားတောင် အပင်ကြီးတစ်ပင် ရှိနေတာပဲ"

ဘာမှန်းမသိ၊ တောပြောတောင်ပြော ပြောလာပြန်သဖြင့် ဦးသံတိုင်ကြီး က သူတော်ငတေကို ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

"အဲဒါကြောင့် ခင်ဗျားတို့ကို ရူးတယ်ပြောတာပေါ့။ ခင်ဗျားတို့ ရွာ ဘာအစိမ်း အကျွတ်တိုက်တာမှ မဟုတ်ဘူး။ ဒီ တပေါင်းလကြီးမှာ ဒီလောက် တောင် လေရူးတွေ အရမ်းနှောက်နေတာ ခင်ဗျားတို့ရွာပေါ်ကို မဲဇလီရွက်ခြော က်ခြောက်တွေ တဖြောက်ဖြောက် ကျနေတာကိုပဲ ခင်ဗျားတို့ ရွာသားတွေက တောပြောတောင်ပြော လူကြီးတွေက ပါလာပြောတော့ ကျုပ်မှာ အဟုတ်မှတ် ပြီး အစီအမံတွေ လုပ်လိုက်ရ . . ."

"ဟာ . . . ဦးသူတော်၊ ဒါတော့ မဟုတ်ဘူးဗျ။ ရွက်ကြွေခြောက်နဲ့ ပိတုန်း ကောင်တွေနဲ့ တခြားစီပါဗျ။ ရွက်ကြွေခြောက်တွေက လူကို ထိုးမလားဗျ။ ခု တစ်ရွာလုံး လူတွေကို ပိတုန်းတွေ လိုက်တုပ် လိုက်ထိုးနေကြတာ နှစ်ညတောင် ရှိပြီမို့ ဦးသူတော်ကို အစီအမံ လာလုပ်ခိုင်းကြတာပဲဟာ"

"လရောင်ထဲက ကြွေကျလာတဲ့ ရွက်ကြွေခြောက်တွေကို ခင်ဗျားတို့ ရွာ သားများက လန့်ဖျပ်ပြီး ပိတုန်းကောင်တွေလို မြင်မိကြတာကော မဖြစ်နိုင်ဘူး လားဗျာ"

"ဟာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဆို၊ ကဲ ကျုပ်ပြောမယ်။ ဟိုနှစ်ညကတော့ ရွက်ခြောက်တွေ ကြွေတာကို ကဲ ကျုပ်တို့ ရွာသားတွေကပဲ ကြောက်ကြောက် လန့်လန့်နဲ့ ပိတုန်းကောင်တွေလို့ မြင်မိကြတယ် ထားပါတော့။ ဒီနေ့ညဆို လေရူး က ပိုတောင် နှောက်ဒေသးတယ်ဗျာ။ ကဲ ဒီနေ့ညကျတော့ ဘာဖြစ်လို့ မဲဇလီ ရွက်တွေ မကြွေတာလဲ၊ လူတွေကကော ဘာဖြစ်လို့ ပိတုန်းကောင်တွေကို ရွာ လယ်လမ်းမှာ မမြင်တွေ့ကြရတော့တာလဲ၊ ကဲ ဦးသူတော် ပြောပါဦး"

"ဒီနေ့ညက ခင်ဗျားတို့ တစ်ရွာလုံး ကြောက်ချေးပါပြီး ရွာလယ်လမ်း ထွက်မကြည့်ကြဘဲ အိမ်ထဲကုပ်နေကြလို့ နေမှာပေါ့"

"ဦးသူတော် ခင်ဗျား ကတ်သီးကတ်သတ် မပြောနဲ့လေဗျာ၊ ကျုပ်တို့ သုံးယောက်စလုံး ဒီညမှာလည်း ရွာထဲလျှောက်ကြည့်နေကြတာပဲ။ ဦးလေး ဦးထွန်းပေါ်ဆို တစ်ညလုံးလုံးတောင် မအိပ်ဘဲ စောင့်ကြည့်နေခဲ့တာ။ ဦးသူ တော်ပြောတဲ့ မဲဇလီရွက်တွေ ဒီနေ့ကျတော့ ဘာဖြစ်လို့ မကြွေလဲ၊ ကြွေတယ်ပဲ ထား ဘာဖြစ်လို့ ဟိုည ဟိုည တွေကလို ပိတုန်း ဖြစ်မသွားကြတာလဲ၊ မယုံရင် ခု ဦးသူတော် ဦးလေးထွန်းပေါ်ကိုပဲ မေးကြည့်"

"ဒါဆို ခင်ဗျားက ရွာထဲ ပိတုန်းကောင်တွေ ဝင်တုပ်တာ စုန်းတိုက် နတ် တိုက် အမှောင့်ဝယောဂ တစ်ခုခုလို့ ထင်လို့ . . ."

"ခက်လိုက်တာ၊ ထင်လို့ မဟုတ်ဘူး။ ဟုတ်လို့လည်း ဦးသူတော် အစီအမံ လုပ်ပေးလို့ ဒီနေ့ည ဘယ်ပိတုန်းတစ်ကောင်မှ ရွာထဲဝင် မလာကြတာပေါ့"

"အိမ်း . . . ခင်ဗျား ပြောတော့လည်း ဟုတ်သလိုလိုပဲနော်"

သူတော်ငတေက သူ ထုံးစံအတိုင်းပင် ကတုံးပြောင်ကြီးကို ပွတ်၍ ယခုမှ ဟုတ်သလိုလိုပဲ လုပ်နေပြန်သည်။

"ဟုတ်သလိုလို မဟုတ်ဘူး။ တစ်ခုခုတော့ ဟုတ်ကိုဟုတ်ရမယ်"

"ဟင် . . . ဒါဆို ဒီမဲဇလီရွက်တွေ ဘယ်လိုလုပ်မလဲ"

"မဲဇလီရွက်ခြောက်တွေတော့ ဘာလုပ်ရမှာလဲ၊ လွှင့်ပစ်လိုက်မှာပေါ့ဗျ"

"ဟာ ကိုသံတိုင်၊ အဲဒီလိုတော့ မလုပ်နဲ့ဗျာ"

သူတော်ငတေက အထိတ်တလန့် ဖြစ်သွားသလို ပြောလိုက်၏။

"မဲဇလီရွက်ခြောက်တွေ လွှင့်မပစ်လို့ ဘာလုပ်ရမှာလဲ"

"ခင်ဗျားတို့ အဲဒါကြောင့် ကျုပ်ဟိုနေ့က ပြောတာ မှတ်မိသေးလား"







www.burmeseclassic.com

www.burmeseclassic.com



"ဦးသူတော် ကျုပ်ကို ပြောတာ အများကြီး၊ ဘယ်မှတ်မိမလဲ"

"ယောက်မနဲ့ ဇွန်း . . . လောကနီတိ စကားလေဗျာ"

"မဲဇလီရွက်ခြောက်တွေ လွှင့်ပစ်မယ့်ကိစ္စနဲ့ . . လောကနီတိစကားနဲ့ တခြားစီပါလားဗျ"

"ဟဲ ဟဲ အဲဒါကြောင့် ခင်ဗျားကို ပြောရတာ၊ မဲဇလီရွက်တွေကိုများ လွှင့်ပစ်ဦးမလို့တဲ့။ မဲဇလီဟာ ဘယ်လောက် ဆေးဖက်ဝင်တယ်မှတ်လဲ၊ တန်ဆောင်မုန်း လပြည့်ညဆို မဲဇလီပင်မှာ ဆေးပေါင်းခံ့တယ် ဆိုတာ ကြားဖူး တယ်မဟုတ် . . ."

"ကြားဖူးပါတယ်၊ စားလည်း စားဖူးပါတယ်"

"ဒါဆို ကြားဖူး စားဖူးရဲ့နဲ့ ဒီမဲဇလီရွက်တွေကို ဘာလို့ လွှင့်ပစ် . . ."

"ဟာ . . . ခက်လိုက်တာဗျာ၊ စားဖူးတာက အဖူးအညွန့်တွေဗျ ဒီလို . . ရွက်ခြောက်မှ မဟုတ်တာ"

ဦးသံတိုင်၏ စကားကို ဤတစ်ခါမှာတော့ သူတော်ငတေကပါ တဟားဟား ရယ်လိုက်သောအခါ တစ်ချိန်လုံး ငြိမ်၍ နားထောင်နေကြသော ဦးထွန်းပေါ်နှင့် ဦးကံညွန့်တို့ကပါ လိုက်ရယ်ကြသည်။

သူတို့သာ မဟုတ်ချေ။ ဤလို အရေးကိစ္စ တစ်ခုခုဆိုလျှင် သူတို့ဆရာ သူတော်ငတေထံမှ ပညာရလိုသဖြင့် သူတော်ငတေနားတွင် အရိပ်အခြည်ကို အမြဲကြည့်နေကြသော သူတော်ငတေ၏ အနွေဝါသိက တပည့်ကြီးသုံးယောက် တို့ကလည်း ခိုးခိုးခစ်ခစ် လိုက်ရယ်ကြသည်။

ခိုးခိုးခစ်ခစ် လိုက်ရယ်ကြသော သူ့တပည့်ကြီး သုံးယောက်ဘက် တစ်ချက် လှမ်းကြည့်ပြီး သူတော်ငတေက-

"ကိုသံတိုင်ရယ် ဒီကိစ္စက ဒီတင် မပြီးသေးပါဘူးဗျ။ ခု ပိတုန်းကိစ္စ လာတော့ ပေါ်ပြီ။ ပဝတ္တိက ဘာလဲဆိုတာ သူ့နေရာသူ ပို့လိုက်ပြီး ပဝတ္တိ အကြောင်းကိုလည်း ကျုပ်တို့ ဆက်စုံစမ်းကြည့်ကြရအောင် မကောင်းပေဘူး လားဗျာ"

ဟု တည်တည်တံ့တံ့ ဆိုပြန်သည်။

"ကောင်းပါတယ် . . ဦးသူတော်ခင်ဗျား။ ဒါမှလည်း အကျိုးအကြောင်း အဆိုးအကောင်း သိကြရမှာပေါ့ ခင်ဗျား"

ဤစကားကိုတော့ ဦးကံညွန့်က ဝင်ထောက်ပေးလိုက်သည်။

"ဦးကံညွန့်ပြောတာ ကျုပ်လည်း လက်ခံပါတယ်။ ကဲ အဲဒီတော့ အကျိုး





အကြောင်း အဆိုးအကောင်းသိရအောင် ဆရာလေးတို့ ရယ်မနေကြနဲ့ သင်ပုန်း တစ်ယောက်တစ်ချပ်ယူပြီး ဘာအတို တူညီကြပါဦး၊ ဘာလဲဆိုတော့ အဖြေကို သိရအောင် တွက်ချက်ကြည့်ကြမယ်"

သူတော်ငတေက သူ့ တပည့်သုံးယောက်ဘက်သို့ လှည့်ပြောလိုက်သည်။

သူ့တပည့် သုံးယောက်တို့တလည်း သူတော်ငတေ စကားမဆုံးခင်ပင် သင်ပုန်းစင်မှနေ သင်ပုန်းကြီး တစ်ယောက်တစ်ချပ်စီကို သွားဆွဲချလာကြကာ သူတော်ငတေနားက ကွပ်ပျစ်ပေါ်မှာ စပြီး စတွက်ကြသည်။

"ယာတောင်ရွာက သူငယ်မလေးတွေ မင်းရွာတို့ မရန်းချိုသီး သွားရောင်း ကြတာက တောအဖိတ်[redacted] ဘယ်နေ့တုန်းပါလိမ့်"

"တပေါင်းလဆန်း [redacted]၊ စနေနေ့တုန်းပါတယ် ဘဘ"

ဒေါင်းသိန်း ဆိုသော ကောင်လေးက ချက်ချင်း ဗိုးဗိုးဒေါက်ဒေါက် ပြော လိုက်၏။

"ဒါဆို ဘာတိန်းကျလဲ"

"ရွာသူ ကုန်ရောင်း။ တပေါင်း စနေတိန်းပါ ဘဘ"

သူတော်ငတေက သူ့တပည့်ဘက် လှမ်းကြည့်၍ ပြောလိုက်၏။

နေဆန်းဆိုသော ကောင်လေးက လက်မသာသာရှိသော ကံ့ကူဆံကြီးကို မီးသွေးသင်ပုန်းကြီးပေါ် လှမ်းထောက်ထားရင်းနှင့် ပြန်ဖြေလိုက်၏။

"ကဲ ဟုတ်ပါပြီ။ ဆရာ ငထီးတတော"

သူတော်ငတေက နောက်ထပ် သူ့တပည့်တစ်ယောက်ကို မေးပြန်သည်။

"မင်းရွာဟာ ယာတောင်ရွာရဲ့ အရှေ့တောင်ထောင့် မကျတကျမှာ ရှိနေ တော့ အရှေ့ဘက်ပဲ ယူလိုက်ရင် အရှေ့ရှောင်နှား၊ နောက်ဝါးတိုင်သာ၊ တောင် မှာတားပ၊ မြောက်မှာစံရွှေ မသွားလေနဲ့တဲ့၊ သူတို့ဟာ မသွားကောင်းတဲ့နေ့၊ မသွားကောင်းတဲ့ အရပ်ကို သွားမိကြတယ် ဘဘ"

"ဟုတ်တယ်လေ၊ ဆရာငထီးရယ်"

ဆယ့်သုံးလေးနှစ်ခန့် အရွယ်သာရှိသေးသော သူ့အား အသက်ငါးဆယ် ကျော် သူ့ဆရာ သူတော်ငတေက ရွာလူကြီးတွေရှေ့၌ ချီးကျူးလိုက်သောအခါ ငထီးဆိုသော သူငယ်မှာ ရှက်တိုးရှက်တန်း ဖြစ်တာ ပြုံးတုံ့တုံ့ လုပ်နေသည်။

"ကဲ အဲဒီတော့ ညတလည်း ဆရာလေးတို့ကို ဘဘ ပြောပြထားပြီ။ သွားကြတာက သုံးယောက်၊ သွားတဲ့ကိစ္စက အရောင်းအဝယ်၊ ခု စနေမလွတ် ဆိုတော့ ဆက်ပြီး အတိုက်အခိုက် ဘာကြောင့် ဖြစ်တယ်ဆိုတာ ဆရာလေးတို့



www.burmeseclassic.com

www.burmeseclassic.com



ဆက်တွက်ကြပေတော့"

သူတော်ငတေက ထိုသို့ ပြောလိုက်သည်နှင့် သင်ပုန်းနှင့် ကံ့ကူဆံ ထိသံတို့မှာ ဒိုးဒိုးဒေါက်ဒေါက် မြည်လာကြသည်။

(သူတော်တေ၏ တပည့်ကြီးသုံးယောက်တို့ တွက်ချက်နေကြသော သင်ပုန်းကြီး ဆိုသည်မှာ ယနေ့ခေတ်တွင် ရှေးဟောင်းပြတိုက်၌သာ ရှိတော့သည်)

ထိုခေတ်ကမူ ပညာရေးကလည်း ဘုန်းကြီးကျောင်း ပညာရေးသာ ရှိလေရာ ဘုန်းကြီးကျောင်းသားအားလုံးမှာ မီးသွေးသင်ပုန်းနှင့်သာ ပညာသင်ကြရသည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် ကျောက်သင်ပုန်းပင်မပေါ်သေး။ သို့မဟုတ် သူတို့ဒေသလို တောင်ခေါင်တောင်ဖျားအ[redacted]ကျောက်သင်ပုန်း ဆိုတာ ရောက်မလာသေးပေ။

ဘင်းဝခေတ် အရှင်မဟာသီလဝံသ၏ တိလောကာ၀ိ ဆုံးမစာတွင် "သင်ပုန်း ထန်းရွက်၊ ပေထက်စီကာ၊ ရေးသောခါလည်း၊ အက္ခရာကို၊ သေချာလှစေ"ဟု သင်ပုန်းနှင့် စာရေးရကြောင်း ဖွဲ့ဆိုခဲ့လေသည်။

ယခုခေတ် ကျောင်းသူ ကျောင်းသားများ ပညာသင်ရသည်နှင့် နှိုင်းစာကြည့်လျှင် ရှေးခေတ်က မြန်မာစာနှင့် ဆေးကျမ်းဗေဒင်(သင်္ချာ) သင်ရသည်မှာ အခက်အခဲပေါင်း များစွာ ရှိသည်။ သစ်သားသင်ပုန်းတွင် စာလုံးထင်အောင် ရေးရသော တံ့ကူဆံမှာလည်း ရှားပါးပစ္စည်းတစ်ခုဝင်။

ထို့ကြောင့်လည်း ပုဂံခေတ်က ကြီးမှရဟန်းဝတ်ပြီး စာသင်ချင်သော ဦးကျည်မွေ့ ဆရာတော်မှာ ဘုရင့်နန်းတော်ထဲ သွား၍ တံ့ကူဆံ အလှူခံခဲ့ရသည်။ ကြီးမှ ရဟန်းဝတ်ပြီး စာသင်ချင်သော တောထွက်ကြီးအား ဘယ်လိုမှ စာတတ်တော့မည်မထင်သည့် ရှင်ဘုရင်က ကျည်မွေ့ အထက်ပေါ်က်တော့မှ ကိုယ်တော် စာတတ်တော့မည် ဟု ပြောဆိုသည်ကို မခံချင်၍ တစ်နေ့လျှင် တံပူ (ဒန်ပူ) တစ်တောက်စာသာ ကျက်မှတ်လာပြီး နောက်ပိုင်း ကျမ်းတတ်စာတတ် အကျော်အမော် ဆရာတော်တစ်ပါး ဖြစ်လာကြောင်း သမိုင်းဝင် မှတ်တမ်း ကျန်ခဲ့လေသည်။

ထိုခေတ်က မီးသွေး သင်ပုန်းကြီးနှင့် စာသင်ခဲ့ကြရသော ကျောင်းသူ ကျောင်းသားများနှင့်စာလျှင် ယနေ့ ကွန်ပျူတာခေတ်တွင် ခဲတံ၊ ဖောင်တိန်၊ ဘောလ်ပင်၊ စာအုပ်စာရွက်၊ ကွန်ပျူတာများနှင့် စာသင်နေကြရသော ကျောင်းသူ ကျောင်းသားများမှာ အရမ်း ပညာသင်ဖို့ ကောင်းသောခေတ်ဟု ဆိုရပေမည်။ ပါရမီရှင်များ ပညာသင်ကြားကြသောခေတ်ဟု ဆိုတာလည်း မှားမည်မဟုတ်ပေ။





ယခင်ကလို မြန်မာစာ တစ်ဘာသာတည်းကို မဟုတ်မူဘဲ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီက စ၍ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း ဘာသာစကားမျိုးစုံ၊ ဘာသာရပ်မျိုးစုံတို့ သင်ကြားခွင့် သင်ကြားနေကြရခြင်းသည် ပါရမီထူးသည်ဟုလည်း ဆိုရပေမည်။

ရှေးခေတ်ကမူ သစ်သားသင်ပုန်းနှင့် ကံ့ကူဆံရှိရုံနှင့် စာသင်၍ မရသေးပေ။ သင်ပုန်းတွင် စာလုံးထင်လာအောင် မီးသွေးနှင့် သင်ပုန်းကို အဝတ်အစား ခြေလတ် အပေတော်ခံ၍ အစာတင်ကြရသေးသည်။ သင်ပုန်းတွင်လည်း ဆိုသင်ပုန်းနှင့် ရေးသင်ပုန်း ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားရှိသေး၏။

'ဆိုသင်ပုန်း' ဆိုသည်မှာ ဖတ်ရကျက်ရမည့် စာများကို စာအုပ်ထဲမှ ကူးရေး၍ စာမရမချင်း ကျက်မှတ်ရသော သင်ပုန်းကို ဆိုသည်။ မိမိ ကျက်ရမည့် စာကိုပင် ကိုယ်ပိုင် စာအုပ်မရှိသဖြင့် တစ်ကျောင်းလျှင် ဘုန်းတော်ကြီးများနှင့် ဦးပဉ္စင်းတို့ ဆရာတိုင် စာအုပ်ထဲက သင်ပုန်းနှင့် ကူးကျက်ကြရသည်။

'ရေးသင်ပုန်း' ဆိုသည်မှာ သတ်ပုံမှန်အောင်၊ လက်ရေးလှအောင်၊ ရေးတတ်အောင် ရေးလိုက် ပြန်ဖျက်လိုက်၊ ပြန်ရေးလိုက် လုပ်ရသော သင်ပုန်းကို ဆိုလိုသည်။ သစ်သားသင်ပုန်းလုပ်ရသော သစ်သားများမှာ အသားပွသော လက်ပံသားနှင့် ဒိုးသားများကိုသာ အလုပ်များကြပေသည်။ ထို အသားများ အလွယ်တကူ မရမှ ပိန္နဲသားကို လုပ်တတ်ကြသည်။ အသားမာသော ပိန္နဲသားမှာ အသားပွသော လက်ပံသား၊ ဒိုးသား သင်ပုန်းများလို ရေးသားရာ၌ မချောမွေ့၊ ရေးမကောင်းပေ။

သင်ပုန်းပြုလုပ်ရာတွင် မည်သည့်အရွယ်အစား ရှိရမည် ဟုတော့ ပုံသေကားကျ သတ်မှတ်ချက်တော့ မရှိချေ။ ကိုင်တွယ်အသုံးပြုမည့် ကျောင်းသား၏ အရွယ်နှင့် လိုက်ဖက် ညီညွတ်အောင် မိဘများက လုပ်ပေးရသည်။ ယေဘုယျအများသုံးမှာ ဆိုသင်ပုန်း ဆိုလျှင် အလျားတစ်မိုက်၊ အနံ တစ်ထွာခန့်နှင့် သေးငယ်ပြီး ရေးသင်ပုန်းမှာမူ အလျား တစ်တောင်ကျော်၊ အနံ ရှစ်လက်မ၊ ကိုးလက်မခန့် ရှိသည်။ (ဗေဒင်တွက်သော သင်ပုန်းကမူ ပိုကြီး၏။)

သင်ပုန်းတို့၏ အရွယ်အစားမှာ ပုံသေကားကျ သတ်မှတ်ချက် မရှိသလို အထူအပါးတို့မှာလည်း သစ်သား၏ အပျော့အမာပေါ် မူတည်ကာ တစ်မတ်၊ တစ်မတ် မပြည့်တပြည့် ထုထည်ပမာဏ ရှိလေသည်။ ရှည်မျောမျော ရှိသော သင်ပုန်း၏ ပျဉ်ချပ်ခေါင်းဘက်တွင် ဒိုင်းမွန်းပုံ သို့မဟုတ် ဘဲဥပုံ သို့မဟုတ် အဝိုင်း သင်ပုန်းခေါင်း ရှိသည်။ ထိုခေါင်းမှာ သင်ပုန်းလုပ်ပြီးမှ သီးခြား တပ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း မဟုတ်၊ သင်ပုန်း လုပ်ကတည်းက ဖျဉ်တစ်ချပ်တည်း တစ်ဆက်တည်း ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ထိုသင်ပုန်းခေါင်း၏ အလယ်တွင် ကြိုးလျှိုထည့်၍ ချိတ်ထားရန်အတွက် အပေါက်တစ်ပေါက် ပါရသည်။

စာရေးရာ၌ သင်ပုန်း၏ ကျော ရင် နှစ်ဖက်စလုံး၌ ရေးရရာ ကျောဘက်သည် ဖျာ သို့မဟုတ် ကြမ်းပြင်နှင့် ထိဖန်များက ရေးသားထားသော စာပျက်သွားတတ်ပေသည်။ ထို့ကြောင့်ပင် စာရေးစာဖတ်ရာတွင် ကြမ်းပြင်နှင့် သင်ပုန်းကို ပွတ်ထိ၍ မရွှေ့မိစေရန် အထူး သတိထားရသည်။

သစ်သားသင်ပုန်းပေါ် တွင် ကံ့ကူဆံနှင့် စာရေးကြရသည်။ ကံ့ကူဆံမှာ တွင်းထွက် ကျောက်မှာ ကျောက်ချောတစ်မျိုး ဖြစ်ပေသည်။ အကြောရှပ်၍ အလွန် ကြွပ်ဆတ်ပါသည်။ ထို့ကြောင့်ပင် ကံ့ကူဆံကို ကျောက်တံကဲ့သို့ ရှည်ရှည် တိုက်ဖြတ်၍ မရ။ ကံ့ကူဆံတုံးကြီးကို ခဲတံလုံး၏ လေးပုံတစ်ပုံခန့်၊ အရှည်မှာ လက်နှစ်ဆစ်ခန့် သံပြားကို လုပ်ထားသော လွှငယ်နှင့် တိုက်ဖြတ်၍ ကံ့ကူဆံ ထုတ်ယူရသည်။

တွင်းထွက်ပစ္စည်း ဖြစ်သော ကံ့ကူဆံတွင်လည်း အဖြူ၊ အပြာ၊ အနက်၊ ကြက်သွေးဟု လေးမျိုးလေးစား ရှိသည်။ အပြာနှင့် အနက်တို့မှာ ကျောက်ရော ပါတတ်သဖြင့် ရေးမကောင်းပေ။ မထင်တစ်ချက် ထင်တစ်ချက်လည်း ဖြစ်တတ်သည်။ ကြက်သွေးနှင့် အဖြူတို့မှာ ပျော့သဖြင့် ရေးကောင်းသည်။ စာလုံးပီပီသသ ထင်သည်။

ကျောက်တံ၊ ခဲတံတို့ကဲ့ သို့ ရှည်ရှည်လုပ်၍ မရသော ကံ့ကူဆံကို တပ်၍ စွပ်၍ ရေးရန်အတွက် ကံ့ကူတံ လုပ်ရသည်။ ကံ့ကူတံကို အချို့ အရပ်တွင် ကြေးလုံးအခေါင်း၊ သံပိုက်လုံးငယ်ငယ်အခေါင်းတို့ဖြင့်လည်း လုပ်တတ်ကြ၏။ သို့သော် ကြေး၊ သံ ရှားသော မြန်မာတို့ခေတ်၌ အများဆုံး အားလုံးမှာ ဝါးလုံးငယ်များသာ ဖြစ်သည်။

ကံ့ကူတံ၏ အရှည်မှာ ခဲတံလောက်ပင်ဖြစ်ပြီး အလုံးကမူ ခဲတံထက်ကြီးရသည်။ သို့မှသာ ထိုကံ့ကူတံခေါင်းထဲ ကံ့ကူဆံထည့်ရေး၍ ရမည်မဟုတ်ပါလား။ ကံ့ကူတံ၏ သုံးပုံတစ်ပုံ အဖျားပိုင်းကို တစ်ခြမ်းခန့် ရွှေခုတ်ထားရသည်။ ရွှေခုတ်ထားသော အဖျားကို ချွန်ထားသည်။ ထိုအဖျားမှာ သင်ပုန်း၌ မျဉ်းသားရန်အဓိက ဖြစ်ပြီး တစ်ခါတစ်ရံ စာညံ့သော ကျောင်းသားငယ်များကို ကျောင်းသားကြီးများက ထို ကံ့ကူတံထိပ်ဖျားနှင့် ထိုးတတ်သည်။

ကံ့ကူဆံ ထည့်သွင်းရမည့် ကံ့ကူတံ၏ အရင်းပိုင်း တစ်လက်မခန့်ကို





အတွင်းဝါးလုံးပေါက်ထဲ ကံ့ကူဆံ ထည့်သွင်းရာ၌ ကွဲအက် မသွားရလေအောင် အပြင်က အပ်ချည် နှစ်ပင် သုံးပင်ပူးကြိုးနှင့် ရစ်ချည်ကာ အဝဖျောက်ထားရသည်။ ထိုကြိုးရစ်ပတ်မည့် နေရာကိုမူ စောစောကပင် စပါးလုံး တစ်ထောက်စာခန့် ဓားနှင့် ပတ်လည်လှီးထားရသည်။ သို့မှသာ ကြိုးရစ်ထားသော်လည်း ကံ့ကူတံအရင်းပိုင်းတွင် အဖုအထစ် ဖြစ်မနေဘဲ ကိုင်ကောင်း ရေးကောင်းသည်။

ကံ့ကူတံ အရင်းပိုင်း၌ ရစ်ပတ်ထားသော ထိုကြိုးကို သစ်ခေါက်၊ သစ်စေး၊ ဖယောင်း သို့မဟုတ် ကံ့ကူတုံးကို ကံ့ကူဆံထုတ်ရန် လွှငယ်ဖြင့် လှီးဖြတ်ရာမှ ထွက်ပေါ်လာသော ကံ့ကူဆံ အမှုန်အမွှား အမှုန့်များနှင့် ဖယောင်းတိုက်ထားရသည်။ ကံ့ကူတံ အလယ်ပိုင်းရှိ ဝါးကြောပတ်ပတ်လည်တွင် ရာဇမတ်ကွက်၊ နန္ဒင်းမကင်းကွက် သုံးထောင့်၊ လေးထောင့် စသည်ဖြင့် လှပအောင် အရုပ်အမျိုးမျိုးကို ထွင်းထု ရေးခြစ်ထားကြသည်။ ဤသည်ကို ကျောင်းသားငယ်များက မိဘနှင့် ကျောင်းသားကြီးများကို လုပ်ခိုင်းတတ်ကြသည်။ ဤသည်မှာ ရှေးရိုး စာရေးစာသင် ကံ့ကူဆံနှင့် ကံ့ကူတံတို့ ဖြစ်သည်။

ယခု သူတော်ငတေဆီ၌ ဗေဒင်ကိန်းခန်း တွက်ချက်နေကြသော ကျောင်းသား သုံးယောက်၏ ကံ့ကူဆံမှာမူ အရှည်ခြောက်လက်မ ခုနစ်လက်မခန့် ရှိပြီး လုံးပတ်မှာ လူကြီးလက်မသာသာ ကံ့ကူဆံတုံးကြီးကို ဗေဒင်တွက်ရန် အတွက် သီးသန့်ပြုလုပ်ထားသော ကံ့ကူတုံး ဖြစ်သည်။ ရှည်သဖြင့် ဗေဒင်တွက် ကံ့ကူဆံတုံးတွင် ကံ့ကူတံလည်း မလိုတော့ပေ။ ထို ကံ့ကူဆံတုံးကြီးကို အားရပါးရှိဖြင့် ကိုင်ပြီး သူတော်ငတေ တပည့်ကြီးသုံးယောက်မှာ ပါးစပ်ကလည်း တတွတ်တွတ်ရွတ်ကာ ဗေဒင်ကိန်းခန်း.တွက်နေကြသည်။

ဗေဒင်တွက်ရာ၊ ဂဏန်းရေးချရာတွင် စာရေးသလို ဖြည်းဖြည်းသာသာ မဟုတ်ဘဲ "ဒွေးတြိဆ၊ ဒွေးစာလီအပ်"ဟု ပါးစပ်ကလည်း ဆို၊ လက်ကလည်း သင်ပုန်းနှင့် ကံ့ကူဆံတို့ ဒုန်းဒုန်းဒေါက်ဒေါက် မြည်သံထွက်အောင် ဘွက်ချက်ကြရရာ တစ်ချက်တစ်ချက်တွင် သင်ပုန်းနှင့် ကံ့ကူဆံတုံးကြီးတို့ ဒိုးဒိုးဒေါက်ဒေါက်ထိသံကို ကြားနေရသလို ဗေဒင်ဖျို့လက်ာ ရွတ်လိုက်သံကိုလည်း သူတော်ငတေ၏ တပည့်သုံးယောက်ဆီမှ မတိုးမကျယ် ကြားနေရသည်။

"ပိတုန်းဆိုတော့ ဓမ္မာ သောက မိနေပြီ ဘာဘာ"

ဗေဒင်ကိန်းခန်းတွက်နေသော ကျောင်းသားငယ်လေး တစ်ယောက်က သူတော်ငတေဘက်သို့ လှမ်းကြည့်၍ ပြောလိုက်၏။

"ဆရာလေးကလည်း ရန်ဖြစ်လာကြပါတယ်ဆိုမှ ဓမ္မာသောက မမိလို့



www.burmeseclassic.com

www.burmeseclassic.com



အောင်ပေ ကုလား ဖြစ်ရဦးမလားဟ"

သူတော်ငတေက လှမ်းမေးသော သူတပည့်ကို ပြန်ပြောလိုက်သည်။ သူတပည့်ကမူ ရှက်ကိုးရှက်ကန်း ဖြစ်သွားသော်လည်း ပါးစပ်က တတွတ်တွတ် ရွတ်ကာ ဖောင် ဆက်တွက်နေသည်။

"ကဲ ကဲ ဆရာ့နှဆန်း၊ ဘယ်လိုကိန်းခန်းလဲ လုပ်စမ်းပါဦး"

"တစ်ကိန်းတော့ ရထားပြီ ဘဘ"

သူတော်ငတေက မေးသည်ကို နေဆန်းဆိုသော ကျောင်းသားလေးက တစ်ကိန်းတော့ ရထားပြီဟု ဆိုလေသည်။

"လုပ်စမ်းပါဦး၊ ဆရာလေးကိန်း"

"ဝင်ထွက်မတော့၊ ရန်မပြေ၊ သူငယ်ခေါင်းချ၊ ရတ္တိုတ်ထ"

"မှန်ပါ့ဗျား၊ ဦးဆုံးညက သူငယ်ခေါင်းချချိန် ပြောတာပဲ"

သူတော်ငတေက ထိုင်စောင့်နေကြသော ရွာလူကြီး သုံးယောက်ဘက် လှည့်ကြည့်၍ ပြောလိုက်၏။

"ဆရာဒေါင်းသိန်းကော"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း တစ်ကိန်းရထားပါပြီ"

"ရထားရင် လုပ်လေ ဆရာလေး"

သူတော်ငတေက သူ့တပည့်ကို ရထားရင်လုပ်လေဟု ဆိုလိုက်ပြီး သူ့ပါးစပ် ထဲ ဆေးရွက်ကြီး တစ်ထွေးကို ပစ်ထည့်လိုက်၏။

"သုံးတန်းကြွက်လျှောက်နဲ့ တစ်ခေါက်ပြန်ညှိလိုက်ရင် ပိုကောင်းမယ် ထင်လို့ ဘဘ"

"ညှိမနေနဲ့တော့၊ ရတာပဲပြော"

'သူဝင် ငါပျောက်၊

အစာထောက်၊

တစ်ယောက်မကျန်၊

ပြန်တန်ပြန်၊

ဂဝံမှက်နှာဖုံး'

"ဟိုက် ရှည်တော့မှာပဲ၊ တန်ပြန်တွေ ဘာတွေ ပါလို့လား ဆရာလေးရယ်၊ ဘဘက ဒီတစ်ရက် နှစ်ရက် တောထပ်ဝင်မယ် မှန်းထားတာ၊ ဟုတ်မှလည်း လုပ်စမ်းပါ။ ကဲ ဆရာလေး စောစောတုန်းက ပြောတဲ့ ဘာကြောင်လျှောက် ဆိုလား အဲဒါနဲ့ ညှိ. . ."





"သုံးတန်ကြွက်လျှောက်ပါ ဘဘ"

ဒေါင်းသိန်း ဆိုသော ကျောင်းသားလေးက ရယ်ပြီး သူ့ဆရာကို ပြော လိုက်သည်။

"ဟဲ ဟဲ၊ ဆရာလေးတို့ရဲ့ ကြွက်လျှောက် ကြောင်လျှောက်တော့ ဘဘလည်း မသိဘူးလေ။ ဘဘသိတာက ငှေတကိန်းပါပဲနော် ဟဲ ဟဲ"

အားလုံးက သူတော်ငတေကို ကြည့်ကာ ဝိုင်းရယ်ကြသည်။

"ကဲ ဟိုဆရာလေး နှစ်ယောက်ကတော့ ဆန်ခံထွက် အဲ မဟုတ်ပါဘူး။ တွက်ချက်ပြီးကြပြီ။ ဆရာငထီးကကော ဘာအဟောထွက်ဦးမလို့လဲ"

'ဘီလူးကုန်းထ

စုန်းမကာဝေ

ရွာနေလမ်းပေါ်

ချိန်မတော်

စည်ဆော်ရိုက်ဟည်း

တဒီးဒီး တဲ့ ဘဘ'

"တဒီးဒီးမဟုတ်ဘူး မော်ဆရာကြီးရဲ့။ ဗိတုန်းဆိုတော့ တရှုံ့ရှုံ့ပေါ့ကွယ်"

သူ့တပည့် မော်ဆရာကြီး ဆိုသူက သူတော်ငတေ အပြောကို ရယ်ကျဲကျဲ လုပ်နေသည်။

"ကိုသံတိုင်"

"ခင်ဗျား"

သူတော်ငတေနှင့် သူ့ တပည့်သုံးယောက်တို့ ဘာတွေလုပ်၍ ဘာတွေ ပြောနေကြမှန်း မသိသည်ကို ငေးကြည့်နေသော ဦးသံတိုင်အား သူတော်ငတေ က ရုတ်တရက်ခေါ် လိုက်ရာ ဦးသံတိုင်မှာ ရုတ်တရက် ဆတ်ခနဲပင် လန့်သွားမိ သည်။

"ကျုပ်အပေါင်းအသင်းတွေ မတော်ကြဘူးလားဗျ"

"ဟာ ဆရာကောင်တပည့်တွေပဲ ဦးသူတော်ရယ်၊ ဆရာကောင်းတပည့်၊ ပန်းကောင်း. . ."

"ဟာ၊ ခင်ဗျား လုပ်လာပြန်ပြီ"

ဟု သူတော်ငတေက ခပ်တည်တည် ပြောလိုက်သဖြင့် ဦးသံတိုင် စကား အသွားသည်။

"ဒီ ပုဂ္ဂိုလ်လေး သုံးယောက်ဟာ နောင် ခင်ဗျားတို့ရွာမှာ လောကီတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခု ဖွင့်တဲ့အခါ ပါမောက္ခကြီးတွေ ဖြစ်လာကြမည့် ပုဂ္ဂိုလ်ကြီးတွေပါဗျ။ ပါမောက္ခဆိုတဲ့ စကားကိုကော ခင်ဗျား နားလည်လား"

"ကျုပ်က ဦးသူတော်လို တမ်ခေါ်ကြီး တမ်းခိုင်မှ မသင်ဘူးတာ၊ ဘယ်သိမလဲ"

"ခင်ဗျား ဟိုနေ့က ကျုပ်တို့ ပြောတော့ ဟိုလူကြီး လှည့်လည်ကျသွားတဲ့ ကျမ်းစာ ခင်ဗျား သင်ဖူးပါတယ်ဆို"

"ဘယ်လူကြီးပါလိမ့်နော"

"ဘယ်လူကြီး ရှိဦးမလဲ၊ စတုရင်္ဂဝလ ဆိုတဲ့ ပုဂ္ဂိုလ်ကြီးလေဗျာ"

"လောကနီတိကို ပြောတာလား"

"ဟုတ်ပဗျား"

"စတုရင်္ဂဗလအမတ်ကြီးက လောကနီတိထဲ ဘယ်လိုများ လှည့်လည်ကျသွားလဲ လင်းစမ်းပါဦး"

"ခင်ဗျားပဲ သင်ဖူးပါတယ်ဆို"

"သင်ဖူးတာတော့ သင်ဖူးတာပဲ ဦးသူတော်ရဲ့။ ဒါပေမယ့် ဘယ်လို လှည့်လည်ကျသွားလဲဆိုတာ ကျုပ်မှ မမှတ်မိတော့တာ"

ဦးသံတိုင်က သူတော်ငတေ ဘာပြောမှန်း တကယ်လည်း မသိသဖြင့် မေး၏။

"စတုရင်္ဂဗလ အမတ်ကြီးက သူ့ရဲ့ကျမ်းဦးစကားမှာ ဘာဆိုထားလဲ"

"မသိတော့ပါဘူးလို့ဆို၊ ကျောင်းကထွက်တာနဲ့ စာတွေလည်း အကုန်ပျံကုန်ပါပြီဆို"

"ဟဲ့ ဟဲ စတုရင်္ဂဗလအမတ်ကြီးက လောကနီတိရဲ့ ကျမ်းဦးစကားမှာ နာနာသတ္ထ သမုဒ္ဓိတံ၊ အထူးထူးသော ကျမ်းဂန်တို့မှ နုတ်လျက်တဲ့ဗျ"

"မဟုတ်ဘူးလား"

"ဘာ အထူးထူးသော ကျမ်းဂန်မှ မဟုတ်ဘူး။ အားလုံး တို့ဗုဒ္ဓရဲ့ ပိဋကတ်ထဲက ကူးချထားတဲ့ စာတွေချည်းပဲ"

"ပိုပြီး တန်ဖိုး မရှိဘူးလား"

"အဲဒါတော့ မှန်ပါတယ်။ ကျုပ်က လှည့်လည်ကျသွားတဲ့အကြောင်းကို ပြောတာပါ"

"စတုရင်္ဂဗလအမတ်ကြီး လှည့်လည်ကျသွားတာနဲ့ စောစောက ကျုပ်တို့ရွာမှာ လောကီတက္ကသိုလ်ကြီးတစ်ခု တည်ထောင်ချင်တာ၊ ဒီသူငယ်လေးတွေက





ပါမောက္ခကြီးတွေ ဖြစ်လာကြမှာနဲ့ ဆိုင်လို့လား"

"ဆိုင်ပါသော်ကောဗျာ၊ ပါမောက္ခဆိုတာ ဘယ်နှစ်မျိုးရှိလဲဆိုတာ ခင်ဗျား သိလို့လား"

"မသိပါဘူးဆို"

"ဟဲ ဟဲ မသိရင်မှတ်ထားဗျ။ နံပါတ်တစ်ကတော့ ပါမောက္ခတဲ့၊ နံပါတ်နှစ်ကတော့ ပြာမောက္ခတဲ့၊ နံပါတ်သုံးကျတော့ တောင်းမောက္ခတဲ့ ဟုတ်ပလား"

"သဘောတွေကိုလည်း လင်းစမ်းပါဦး"

"ပါမောက္ခ ဆိုတာက သူ့ဘာသာရပ်မှာသူ ပါရင်အောင်တတ်တာ၊ တတ်သမျှမက တောင်းမှောက် ပုတ်မှောက် သင်ကြားပြသ ပညာပေးတာ။ အဲဒါ ပါမောက္ခတဲ့ ကိုသံတိုင်ရဲ့ ဟဲ ဟဲ"

"ဟဲ ဟဲ မှတ်သားလောက်ပါပေတယ်"

"ပညာရှိ စကားကိုဗျ။ ဟဲ ဟဲ"

"ကဲ၊ အဲဒီတော့ ရွာကိစ္စလည်း ပြီးပြီဆိုတော့ ကျုပ်တို့ ပြန်. . ."

"ဟင် ခင်ဗျား ရွာကိစ္စပြီးပြီလို့ ဘယ်လူကပြောလဲ"

သူတော်ငတေက သူတို့ရွာကိစ္စကို မပြီးသေးဘူးဟု ဆိုလာပြန်လေသောအခါ ရွာလူကြီးသုံးယောက်မှာ ရင်ထိတ်သွားကြပြန်သည်။

"ဒီကနေ့ညကစပြီး ရွာထဲကို ပိတုန်းတစ်ကောင်မှ ဝင်မလာတော့ဘူးလေဗျာ။ နောက်ဘာလုပ်ရဦးမလဲ"

ဦးသံတိုင်က သူတော်ငတေသည် သူတို့အား နောက်ထပ် ဘာများ လုပ်ခိုင်းပြန်ဦးမည်နည်းဟု စိုးရိမ်စိတ်နှင့် မေးလိုက်၏။

"ခင်ဗျားတို့ ဘာလုပ်ရမယ်ဆိုတာ ကျုပ်လည်း တိတိကျကျ မသိသေးဘူးလေ။ ဟို ပါမောက္ခကြီးတွေကတော့ တန်ပြန်ရမယ်ဆိုလား စောစောတုန်းက အပေါ်ထွက်တဲ့ ပါမောက္ခကြီးလုပ်ပါဦး ဘာတဲ့တုံး"

သူတော်ငတေက သူ့တပည့်တွေဘက် လှည့်ကြည့်၍ မေးလိုက်ပြန်၏။ ထိုအခါ စောစောက ဘာမှန်းမသိ ရွတ်ပြနေသော ခေါင်းသိန်းဆိုသည့် သူငယ်က 'သူဝင် ငါပျောက်၊ အစာထောက်၊ တစ်ယောက်မကျန်၊ ပြန်တန်ပြန်' ဆိုသည်ကို ပြန်ရွတ်ပြပြန်သည်။

"တဲ ကိုသံတိုင်ရေ၊ ပါမောက္ခကြီးက တန်ပြန်ရမယ်လို့ ဆိုတယ်လေဗျာ။ အဲဒီတော့ သူ့ အဘောထွက်သလို တန်ပြန်ရဦးမှာပဲ၊ ဟုတ်တယ် မဟုတ်လား ရွာဒေါင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အဘ၊ ဒီကိစ္စ တန်ပြန်ရိုက်မှ အဖြေပေါ်မှာပါ"

"အဲဒါဆို ဘယ်တော့ တန်ပြန်ရိုက်ရမလဲ ဦးသူတော် အမိန့်ရှိပါခင်ဗျား"

ဤစကားကို ဦးကံညွန့်က ဝင်မေးသည်။

"အိမ်း၊ တန်ပြန်ကိန်း ဆိုတာကတော့ မိုးပေါ်မှာ ရေကြီးတော့၊ ဗုံတီး
လှေလှော်၊ ရွာသူမပေါင်ပေါ်မှာ ဖိုးသူတော်ရေချိုး ဆိုပါလားဗျာ။ ဟဲဟဲ ငတေ
တို့များ ရွာသူမပေါင်ပေါ်မှာ ရေချိုးရမယ်တဲ့။ ကောင်းလိုက်တဲ့ကိန်းခန်း၊ လ
ချော်လဲ ရွှေတစ်ပဲဆိုတဲ့အတိုင်းပဲ ဟဲဟဲ"

ရွာသူကြီး သုံးယောက်မှာ သူတော်ငတေ ဘာတွေရွတ်၍ ဘာကိန်းဆို
နေသည်ကို မသိသဖြင့် သူတော်ငတေကိုသာ ကြောင်ကြည့်နေကြရပြန်သည်။

"ဟဲ ဟဲ၊ ဟန်ကျလိုက်တာ။ ငတေတို့များ ဇာတာစန်းလဂ် တက်လာလို
ဘာ။ ဟီး ဟီး ဟား ဟား မိုးပေါ်မှာ ရေကြီးလို့ ဗုံတီးပြီး လှေကိုလှော်၊ ရွာသူ
ပေါင်ပေါ်မှာ ငတေနော် ရေချိုးတဲ့ဗျ"

"ဘာအဓိပ္ပာယ်လဲဗျ ဦးသူတော်"

သူတော်ငတေက သူ့ဘာသာသူ ရေရွတ်ပြီး တဟီးဟီး တဟားဟား
လုပ်နေသည်ကို ဦးသံတိုင်မှာ စိတ်မရှည်ချင်သလို ဖြစ်လာသဖြင့် မေးလိုက်
ရပြန်၏။

"ဘာအဓိပ္ပာယ်လဲဆိုတာ နောက်တော့ ခင်ဗျားတို့ သိလာပါလိမ့်မယ်
အရေးကြီးတာက ခင်ဗျားတို့အလုပ် ခင်ဗျားတို့ ဆက်လုပ်ကြရမှာပဲ"

"ဟုတ်ကဲ့၊ ဦးလေးတို့ ဘာဆက်လုပ်ရမလဲ ဦးသူတော် ပြောပြပါ"

တစ်ချိန်လုံး ငြိမ်ကြည့်နေသော ဦးထွန်းပေါ်က ဝင်မေးလိုက်၏။

"ဦးလေးတို့က ဘာဆက်လုပ်ရမှာလဲ ဆိုတော့ တန်ပြန်ရာသီးသုံးလုံး
လာပြန်ပြီ ဦးလေးရယ်"

"တန်ပြန်ရာသီး ဆိုတာ ဦးလေးတို့ တစ်သက်တော့ မကြားဘူးတာ အ

"တန်ပြန်ရာသီး ဆိုတာလည်း မနေ့ကလိုပဲ ဦးလေးရယ်၊ ဦးလေးတို့
ငယ်ငယ်ကပင် မိရိုးဖလာအတိုင်း သံပရာသီး၊ သံပရာသီးပဲ ခေါ်လာကြ
သူမူရင်း တန်ပြန်ရာမှာ သုံးလို့ရလို့ တန်ပြန်ရာသီးလို့ ရှေးပညာရှိများက ခေ
ကြတော့ မူရင်းအမည်ကို ဘယ်သိတော့မလဲ။ အဲဒါ ခု တန်ပြန်ဖို့ တန်ပြန်ရာ
သုံးဖို့ တန်ပြန်ရာသီး သုံးလုံး လိုပါလိမ့်မယ်"

"ဦးသူတော် ပြောတဲ့ တန်ပြန်ရာသီးကတော့ ရွာမှာ ပေါပါတယ် ခင်ဗျ

"ဟုတ်ပါတယ်၊ ကျုပ်တို့ ကျောင်းနောက်မှာတောင် ခု အသီးတွေ ရှိ



သင်ပါတယ်"

ဦးကံညွန့်၏ စကားကို သူတော်ငတေက ပြန်ပြောပြီး သူ့တပည့်များဘက်
လှမ်း၍ ကြည့်လေရာ သူ့တပည့်တစ်ယောက်က-

"ကျောင်းခေါင်းရင်းဘက် ချောင်ထဲမှာ ရှိပါတယ် ဘဘ" ဟု လှမ်းပြော
လိုက်၏။

"ကဲ၊ ဒါဆို ဟုတ်ပြီ ကိုသံတိုင်"

"ခင်ဗျာ"

"ခင်ဗျားတွေ ဘာတွေလုပ်မနေနဲ့။ ခုကြုံတုန်း လူကြီးမင်းများကို တန်ပြန်
ရာသီးဆိုတာ ဘယ်လောက် ဆေးဖက်ဝင်တယ်၊ လူကြီးမင်းတို့အတွက် ဘယ်
လောက်ထိ အကျိုးရှိမယ်ဆိုတာကို ကျုပ်တစ်ခါတည်း ပြောလိုက်ချင်လို့ပါ"

"ဟုတ်ကဲ့၊ ကျွန်တော်မျိုးတို့ကလည်း ဦးသူတော်ပေးတဲ့ ဆေးနည်းကို
လိုချင်ပါတယ်"

"အေး၊ လိုချင်ရင် မသေမချင်းသာ မှတ်သွားတော့ဗျို့။ တန်ပြန်ရာသီးကို
သာ ခင်ဗျားတို့ ရွာသားတစ်ယောက်ယောက်က ခေါင်းအုံးအောက်မှာ ထားအိပ်
မိရင် ဟိုညဟိုညတွေတုန်းကလို ရွာထဲကို ပိတုန်းတွေတောင် ဝင်လာနိုင်စရာ
အကြောင်းမရှိဘူးဗျ။ ခုတော့ ရွာမှာ ဒီလောက်ပေါများနေတဲ့ တန်ပြန်ရာသီးကို
ဘယ်သူမှ အသုံးချရကောင်းမှန်း မသိကြတော ထိုင်ငိုချင်စရာ မကောင်းဘူးလား"

"မသိကြလို့ပေါ့ဗျ ဦးသူတော်ရာ"

"မသိရင် သိတဲ့တတ်တဲ့ လူတွေကိုပြောတာ မှတ်ထားရမယ် ကိုသံတိုင်ရဲ့"

"ဟုတ်ကဲ့၊ မှတ်သားပါ့မယ်ခင်ဗျာ"

"မှတ်သားပါ့မယ်ဆိုတာ ခင်ဗျား တန်ပြန်ရာသီးကို နေ့တိုင်း ခေါင်းအုံး
အောက်ထားအိပ်၊ ဘယ်သူခိုး၊ ဘယ်ဓားပြ၊ ဘယ်အမှောင့်ပယောဂလာလာ
ခင်ဗျား ချက်ချင်း နိုးလာလိမ့်မယ်။ အဲဒီထက်ကောင်းတဲ့ဆေး ရှိဦးမလား"

"မှန်ပါ့ အလွန်ကောင်းတဲ့ ဆေးမြီးတိုပါပဲ ဦးသူတော်"

"ဗျာ၊ ဆေးမြီးတို ဟုတ်လား"

"မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဆို"

"သံပရာသီးပါဆို ဘယ်က အတိုဖြစ်ရမှာလဲ။ ဆေးမြီးလုံးဗျ။ ဆေးမြီးလုံး
ဟဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတော်စေတ၏ စကားကို သူတပည့်သုံးယောက်ကပါ လိုက်ရယ်ကြ၏။

"ကဲ၊ ဆရာလေးတို့လည်း ရယ်ချည်း မနေကြနဲ့ဦး။ တစ်ကိုယ်လုံးလည်း မီးသွေးတွေ ဝရှုပ်နဲ့ ဖုန်ပြီတ္တာ သရဲတစ္ဆေတွေ ဖြစ်ကုန်ကြပြီ။ ရေသွားချိုးလိုက်ကြတော့"

သူတော်စေတက ပြောလိုက်သည်မှာလည်း အမှန်ပင် ဖြစ်သည်။

သူတပည့်သုံးယောက်မှာ မီးသွေးသင်ပုန်းနှင့် တစ်မနက်လုံး တွက်ချက်နေကြရရာ သင်ပုန်းဆီမှ အစာတင်ထားသော မီးသွေးတွေ ပေကျံကာ မျက်နှာမှာလည်း မီးသွေးတွက်တွေနှင့် ဖြစ်နေကြသည်။

မီးသွေး သင်ပုန်းချပ်ကို အစာတင်ရာတွင် ဆိုသင်ပုန်းနှင့် ရေးသင်ပုန်းတို့မှာ မတူတစ်မှုစီ ဖြစ်နေသည်။ ဆိုသင်ပုန်းဆိုသည်မှာ စာကို ရေးကြရမည့် သင်ပုန်းငယ်ဖြစ်ရာ မပျက်မပြိုန်ဘဲ ကြာရှည်ခံနိုင်ရအောင် ထမင်းလုံးထည့်ပြီး အစာတင်ရသည်။ ရေးသင်ပုန်းကြီးများမှာ ခဏခဏ ပြန်ဖျက်၊ ပြန်ရေးကြရမည် ဖြစ်သဖြင့် ဖျက်၍လွယ်အောင် ထမင်းစေ့ထည့် (ကော်တင်) အစာတင်ရန် မလိုပေ။ ထမင်းစေ့ပါနေလျှင် ခြောက်သွားပါက ကဲ့ကူဆံနှင့် ရေးထားသော စာတွေကို လက်နှင့် ပွတ်သပ်ပြီး ဖျက်၍လည်း မပျက်တော့။ လက်တို့လည်း မီးသွေးတို့က မပေမထင်တော့။ ထို့ကြောင့် ဆိုသင်ပုန်း စာကျက်သင်ပုန်းပေါ်က စာကို ပြန်ပြီးဖျက်လိုလျှင် လက်ကို ရေဆွတ်၍ ပွတ်ဖျက်လိုက်မှ ရသည်။ စာပျက်သွားသည်။

ရေးသင်ပုန်းမှာမူ ခဏခဏ ပြန်ဖျက် ပြန်ရေးရသော သင်ပုန်းဖြစ်ရာ အစာတင်ရာတွင်၌ ထမင်းစေ့ ကော်မပါသဖြင့် အလွယ်တကူဖြင့်ပင် ဖျက်၍ ရသည်။ ဤသည်ကို သင်ပုန်းချေသည်ဟု ခေါ်သည်။ သင်ပုန်း[illegible]တွင် ရေးထားသော စာအားလုံးကို ပြန်ဖျက်ပစ်သည့် သဘောပင်။ ထို့ကြောင့် ရေးသင်ပုန်းကို သင်ပုန်းချေရာ၌ လက်နှင့်တာတွ အဝတ်အဆင်များကိုလည်း ပေကျံတတ်သည်။ ရွှေခေတ် ဘုန်းကြီးကျောင်းသားများမှာ စာရေးပြီးသည်နှင့် ရေချိုးရန် ရေချိုးတန်ဆီသို့ သွားကြရခြင်းမှာ ဤသဘောပင်။ ရေးသင်ပုန်းကို သင်ပုန်းချေရာ၌ ဆိုသင်ပုန်းကို ချေသလို ရေနှင့် မချေကြပေ။ အခြောက်ချေသည့် သဘောဖြင့် လက်နှင့် စာတွေကို ပွတ်ချေပစ်ရသည်။ သင်ပုန်းပေါ် ရေစိုသွားလျှင် ကဲ့ကူဆံနှင့် ရေး၍ စာမထင်တော့။

ထို့ကြောင့် ရေးသင်ပုန်းပဲ ဖြစ်ဖြစ်၊ ဆိုသင်ပုန်းပဲ ဖြစ်ဖြစ် ခြောက်သွေ့သွားမှ ကဲ့ကူဆံနှင့် ရေး၍ရသည်။ စာထင်သည်။ စိုနေလျှင် စာမထင်၊ ရေး၍



မရ။ ထို့ကြောင့်လည်း ရွှေခေတ် ဘုန်းကြီးကျောင်းသားများမှာ အစာထင်ထားသော မီးသွေးသင်ပုန်းကို ခြောက်သွေ့သွားအောင် နေလှန်းထားကြရသည်။ မိုးကြီးသော မိုးတွင်းကာလ မိုးများသော အရပ်ဒေသများဆိုလျှင် ကျောင်းအောက်တွင် မီးဖိုကြီးဖို၍ သင်ပုန်းတွေကို ခြောက်သွေ့သွားအောင် မီးကင်ကြရသည်။

စာတူး စာကျက်ချိန် နီးပြီဖြစ်သဖြင့် သင်ပုန်းများကို မြန်မြန်ခြောက်အောင် သူထက်ငါဦး မီးလှုကင်ရင်း ရှုပ်ဖြစ်တတ်ကြလေသည်။ ဤသည်ကို ကျောင်းသားကြီး၊ ကိုရင်ကြီး၊ ဦးပဉ္စင်းတို့က ကြပ်မတ်ပေးကြရသည်။

မီးသွေးသင်ပုန်းတို့ကို အစာတင်ရန် မီးသွေးထင်းအရှာဖွေ ထွက်ကြရသောနေ့မှာ အဖိတ်နေ့နှင့် ဥပုသ်နေ့ တစ်ပတ် နှစ်ရက် ဖြစ်သည်။ မီးသွေးထင်းမှာ ရွာသူရွာသားများ လျှော်ငင်ပြီး လွှင့်ပစ်ထားခဲ့ကြသော လျှော်သားပွပွတို့ ဖြစ်လေသည်။ လျှော်သားပွပွမဟုတ်ဘဲ အခြားအသားဆိုလျှင် မီးသွေးမာ၍ သင်ပုန်းအစာတင်ရာ၌ မချောမွေ့ပေ။ မီးသွေးကြိတ်နှင့် သင်ပုန်းပေါ်တင်၍ ကြိတ်ခြေရာတွင် ကြေခဲလှသည်။ ထို့ကြောင့် သင်ပုန်းအစာတင်သော မီးသွေးထင်းမှာ လျှော်သားကိုသာ သုံးကြသည်။

ဥပုသ်နှင့် အဖိတ်နေ့တို့တွင် မီးသွေးထင်း ရှာကြရသလို ရလာသော မီးသွေးထင်းခြောက်တို့ ကျောင်းရှေ့တွင် ကျင်းတူး၊ ကျင်းထဲတွင် ရေထည့်ပြီး ကျင်းပေါ်၌ သစ်သားစိမ်း သစ်သားမာ မီးတော်တော်နှင့် မလောင်နိုင်သော သစ်တုံးများပေါ် မီးသွေးထင်းတင်၍ မီးသွေးကို ကျောင်းသားများကိုယ်တိုင် ဖုတ်ကြရသည်။

လျှော်သားပွများကို မီးလောင်ပြီး ရေထဲကျသွားမှ သင်ပုန်းအစာတင်ရန် မီးသွေးရကြသည်။ မီးသွေးထင်း ရှားပါးသောကာလဆိုလျှင် ထိုမီးသွေးတို့ကိုပင် ဖောဖောသီ[illegible] မသုံးကြရချေ။ မီးသွေးကို လက်နှင့်ဆုပ်၍ တစ်ယောက်တစ်ဆုပ်ကျစီ ကျောင်းသားကြီး၊ ကိုရင်ကြီးတို့က ဝေငှပေးကြသည်။

ထိုလက်တစ်ဆုပ်စာခန့်သာ မိမိကိုယ်တာရသော မီးသွေးကို ဘုန်းကြီးကျောင်းသားတစ်ယောက်သည် ချွေချွေတာတာ သုံးကာ ဆိုသင်ပုန်းနှင့် ရေးသင်ပုန်းအပေါ် မှုတ်ရုံတင်၍ မီးသွေးကြိတ်နှင့် ကြိတ်ခြေ အစာတင်ရသည်။ မီးသွေးကြိတ်မှာ သစ်သားလုံးဖြစ်ပြီး အရှည်မှာ တစ်မိုက်ခွဲခန့်မျှ ရှိလေသည်။ အောက်လုံးပတ်မှာ (၄၅) ကျပ်သား ပုလင်းဖင်နီးနီး အဝိုင်းအဝန်းရှိပြီး အပေါ်ယက်တိုင်နေရာကို လက်တစ်ဆုပ်စာကိုင်၍ ကောင်းကောင်း ကြိတ်ခြေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



အားရှိအောင် ရွှေလုပ်ထားသည်။ အပေါ်ထိပ်ဆုံးတွင် သုံးထောင့်၊ ခြောက်ထောင့် သို့မဟုတ် ငှက်ရုပ်၊ ဝဋ္ဋုန်၊ နဂါးရုပ် စသည်ဖြင့် ကြိုက်နှစ်သက်ရာ အရုပ်များကို ပြုလုပ်ထားကြသည်။

ရှေးခေတ်က စစ်တုရင်တစားရှိလည်း ရနိုင်သော မီးသွေးကြိတ်အရုပ်များမှာ ဘုရင်၊ ဘုရင်မ၊ စစ်သူကြီးက စပြီး ဆင်ရုပ်၊ မြင်းရုပ် စုံလှပေသည်။ ထို့ကြောင့်လည်း ကျောင်းသားများမှာ အားလပ်ချိန်၌ ထိုမီးသွေးကြိတ်အရုပ်များနှင့်ပင် ကျောင်းပေါ် ကျောင်းအောက်တို့၌ စစ်တုရင်ထိုး ကစားတတ်ကြသည်။

တစ်မနက်လုံး တွက်ချက်နေကြသဖြင့် တစ်ကိုယ်လုံး၌ မီးသွေးတွေ ပေကျံနေသော သူတော်ငတေ တပည့်သုံးယောက်မှာ ရေချိုးရန် ထသွားကြသည်ကို လှမ်းကြည့်ကာ ဦးကံညွန့်သည် ကျောင်းသားသုံးယောက်အား တော်တော်အထင်ကြီးသွားပုံ ရလေသည်။ ထို့ကြောင့်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် ဤမျှ ဗေဒင်ပညာ တတ်နေသည်ကို မအောင့်နိုင်တော့သဖြင့် သူတော်ငတေအား မေးလိုက်မိသည်။

"ဦးသူတော်ရဲ့ တပည့်တွေကို ကျွန်တော်တော့ တော်တော် အထင် . . ."

"ဘာအထင်ကြီးတာလဲ လုပ်ပြန်ပြီ တစ်ယောက်။ ပါမောက္ခလောင်းလေးတွေပါဆို"

သူတော်ငတေက သူစကားမဆုံးမီပင် ပြောလိုက်သဖြင့် ဦးကံညွန့် စကားထစ်သွားသည်။ ပြီးမှ-

ကလေးတွေ အတွက်အချက် တော်ကြတဲ့အကြောင်း ပြောချင်လို့ပါ ဦးသူတော်"

"အတွက်အချက်တော်ဆို သူတို့နှစ်ယောက်စလုံး သိန္နိဋ္ဌနဲ့ မကာရန္တ တစ်ရိုးစီ ပေါက်ပြီးသားကိုး ဦးကံညွန့်ရဲ့"

"ဟုတ်ကဲ့ပါ ခင်ဗျား။ ဒါကြောင့်လည်း တော်ကြတာကိုး"

"ခင်ဗျားတို့ မနှစ်က ဖတ်ကြရတဲ့ သင်္ကြန်စာ သူတို့သုံးယောက် ထုတ်တာလေ။ ခင်ဗျားတို့ စက်ရိုက်ပုံနှိပ်ထုတ် ရတနာပုံ သင်္ကြန်စာနဲ့ ဘာကွာလဲ"

"မကွာပါဘူး ခင်ဗျား၊ ဩော်၊ ဓါနဲ့ ဦးသူတော် ခင်ဗျား . . ."

သူတော်ငတေက ဦးကံညွန့်ကို ဘာများပြောမည်နည်းဟု ချက်မှောင်ကုပ်ကာ ကြည့်နေ၏။

"ကျွန်တော့် ဇာတိက တောင်ရင်းရွာကပါ"





"သိပါတယ် သိပါတယ်။ ခင်ဗျားက ကျုပ်ကို ဗေဒင်တွက်ခိုင်းမလို့ ဇာတိတွေ မွေးရက်တွေ ပြောဦးမလို့ မဟုတ် . . ."

"မဟုတ်ပါဘူး ခင်ဗျား၊ မဟုတ်ပါဘူး တောင်ရင်းရွာက ကျွန်တော့်နှမ သားလေးတစ်ယောက်လည်း ဦးသူတော်ဆီ ဗေဒင်သင်ပေးဖို့ မိုးနှောင်းကမှ လာအပ်ထားတယ် ပြောလို့ ခင်ဗျား"

ဦးကံညွန့်က ကမန်းကတန်း ပြန်ပြောလိုက်ရ၏။

သူတော်ငတေနှင့် ဦးကံညွန့်မှာ ယခင်က တွေ့တွေ့ဆိုင်ဆိုင် တစ်ခါမှ စကားပြောဖူးကြသည် မဟုတ်။ ယခုမှ ရပ်ရေးရွာရေးကိစ္စနှင့်မို့သာ နှစ်ရက်ခန့် ရင်းရင်းနှီးနှီး ပြောကြဆိုကြ နောက်ကြပြောင်ကြ ဖြစ်သွားကြရာ သူတို့ကိုလည်း စောစောက သူတော်ငတေတပည့်တွေလို ဗေဒင်ယတြာ တတ်စေချင်သော ဆန္ဒ စိတ်ပြင်းပြမှုနှင့် ယခု အခွင့်အရေးရတုန်း ပြောပြရသည်။

"ဟုတ်လား၊ မိုးနှောင်းတုန်းက ကျောင်းသားသစ် နှစ်ယောက်တော့ လာအပ်ကြတယ်ထင်တယ်။ ခင်ဗျား တူနာမည်က"

"မောင်စံလွင်ပါ ခင်ဗျာ"

"ဩော်၊ မောင်စံလွင်က ခင်ဗျားတူကိုး"

"ဟုတ်ကဲ့ပါ ခင်ဗျား၊ ကျွန်တော့်နှမရဲ့ သားကြီးပါ"

"ကောင်လေးက သွက်သွက်လက်လက် ရှိတဲ့ပုံရပါတယ်"

"ဟုတ်တဲ့ ခင်ဗျား၊ အဲဒါကြောင့်လည်း သူ့အမေ အဖေတို့က လယ်ဆင်းယာဆင်းမခိုင်းဘဲ ဦးသူတော်ဆီ ပညာသင်လာအပ်ကြတာပါ"

"အိမ်း၊ အိမ်း . . ."

ပြောသာ ပြောလိုက်ရသော်လည်း သူတော်ငတေကား ဦးကံညွန့်တူ မောင်စံလွင်ကို ကောင်းစွာ မှတ်မိပုံ မရချေ။ ထို့ကြောင့်လည်း သူကတုံးပြောင်ကြီးကို ပွတ်ကာ အိမ်း အိမ်း လုပ်နေ၏။

"အဲဒါ ကျွန်တော့်တူ မောင်စံလွင်ကိုလည်း ဦးသူတော်ဆီကို ကျွန်တော် အပ်တယ် ခင်ဗျား၊ မောင်စံလွင်ကိုကော ဦးသူတော် သန္နိဋ္ဌတို့ မကာရန္တတို့ မသင်သေးဘူးလား ခင်ဗျား"

"ခင်ဗျားတူ မောင်စံလွင်ကို ကျုပ် သန္နိဋ္ဌနဲ့ မကာရန္တတော့ မသင်ပေးရသေးဘူးဗျ။ မိုးနှောင်းကမှ ကျောင်းလာအပ်တာဆိုတော့လည်း မကြာသေးလို့ပေါ့နော်"

"ဟုတ်ကဲ့ ခင်ဗျား၊ စောစောစီးစီးတော့ သင်ပေးစေချင်ပါတယ် ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com

"မပူပါနဲ့ သင်ပေးမှာပါ။ ခုလည်း အလကား မထားပါဘူး။ ဗေဒင်မှာ အရေးကြီးလှတဲ့ အခြေခံကျတဲ့ အာတပွနတွေကိုတော့ ကျုပ်သင်ပေးနေပါတယ်"

"ဟာ၊ ကျေးဇူးတင်လိုက်တာ ဦးသူတော်ရယ်။ ကျွန်တော့်နှမလေးကိုလည်း မောင်စံလွင်ကို ဦးသူတော်က အာတပွန ဗေဒင်ကျမ်းကြီး သင်ပေးနေပြီလို့ ပြောလိုက်ပါ့မယ် ခင်ဗျား"

"အေး၊ ပြောလိုက် ပြောလိုက်"

"ကဲ ဦးသူတော်"

"ခင်ဗျား ဘာပြောမလို့လဲ"

ဦးသံတိုင်ကို သူတော်ငတောက မျက်မှောင်တစ်ချက်ကုတ်၍ မေးလိုက်၏။

"ဦးသူတော် ပြောတဲ့ တန်ပြန်ရာသီးလည်း ရပြီဆိုတော့ ကျုပ်တို့ နောက်ဘာ . . ."

"ဒါ ကျုပ်အလုပ်ပါဗျ။ ခင်ဗျားပါ့စပ် ခဏပိတ်ထားရင် တော်ပြီမယ်"

သူတော်ငတော ဖောက်လာပြန်ပြီဟု သဘောပိုက်ကာ ဦးသံတိုင်က ခဏနှုတ်ဆိတ်နေလိုက်ရသည်။

"ခု ကျုပ်ပြောတဲ့ တန်ပြန်ရာသီးတိုလည်း ဘယ်နားသွားဆွတ်ဆွတ် ရပြီဆိုတော့ လူကြီးမင်းတို့ကို ကျုပ် အစီအစီအမံ လုပ်ပေးလိုက်မယ်။ အဲဒါ ကျုပ်လုပ်ခိုင်းတဲ့အတိုင်းသာ ဖြစ်ဖြစ်မြောက်မြောက် သွားလုပ်ကြပေတော့"

"ဟုတ်ကဲ့ ခင်ဗျား"

"ကဲ ကိုသံတိုင်"

"ဟုတ်ကဲ့ ခင်ဗျား"

"ဟောဗျာ ကျုပ်ကလည်း ဘာမှ မပြောရသေးပါလား။ ခင်ဗျားက ဟုတ်ကဲ့ ဟုတ်ကဲ့ချည်း လုပ်မြန်ပြီ"

သူတော်ငတောက သူ့အား တမင်ကျီစားပြောသည်ကို သဘောပေါက်သဖြင့် ဦးသံတိုင်က ရယ်နေသည်။

"ဒီတောင်ကြီးထဲက ပိတုန်းကောင်တွေ အဲ မဟုတ်သေးပါဘူး။ မဲဇလီရွက်တွေတော့ တစ်ရွက်မှ မကျန်စေ၊ မပျောက်စေနဲ့နော် ကိုသံတိုင်"

"စိတ်ချ၊ စိတ်ချ ဦးသူတော် အမိန့်တိုင်း တစ်သဝေမတိမ်းစေရပါဘူး"

"ကောင်းပါပြီ"





ဟုပြောကာ သူတော်ငတောသည် သူ၏အစီအမံကို ရွာလူကြီးသုံးယောက်အား မှာကြားစီမံပေးလိုက်ပြီး သူ့ဖို့ရုံထဲ ဝင်သွားလေသည်။

*

"ဦးလေး"

"ဘာလဲကွ သံတိုင်"

"သူတော်ငတော ပြောသလို တောင်မလေးတွေကို မင်းရွာပိတုန်းရောင်းဖို့ လွှတ်ထားတာတော့ ဟုတ်ပါပြီ။ တကယ်လို့ ဟိုရန်ဖြစ်ထားကြတဲ့ တောင်မလေးတွေမှား ပက်ပင်းတိုးပြီး ထပ်ရန်ဖြစ်နေကြ . . ."

"အဲဒါကြောင့် သူငယ်မတွေ နောက်က မယောင်မလည်နဲ့ လူကြီးတစ်ယောက်နှစ်ယောက်တော့ လိုက်သွားကြဖို့ လိုတယ်လို့ စောစောက ငါပြောတာပေါ့ကွ"

"အဲဒါဆို ကျုပ်ပဲ လိုက်သွားလိုက်တာ ကောင်းမယ်ထင်တယ်"

"ဟာ၊ ခင်ဗျား လိုက်သွားလို့ ဘယ်ဖြစ်မလဲဗျ။ ကျုပ်ဆိုတောင် တော်ဦးမယ်"

"ဟင်၊ ဘာဖြစ်လို့လဲ ဦးကံညွန့်"

"ခင်ဗျားကို ယာတောင်က ရွာသူကြီးမှန်း မင်းရွာတစ်ရွာလုံးက သိနေကြတဲ့ဥစ္စာ"

"ဦးကံညွန့် ပြောတာ ဟုတ်ပါတယ်ကွာ။ မင်းလိုက်သွားလို့တော့ ဘယ်နည်းနဲ့ မဖြစ်ဘူးမောင်။ ဦးကံညွန့်ဆိုလည်း ယာတောင်ရွာသူကြီးမှန်း လူကြီးပိုင်းတွေကတော့ သိကြမှာပဲ။ အဲဒီတော့ ဦးအတွေးပေါက်မိတာကတော့ အိမ်းအိမ်း . . ."

သူတော်ငတော၏အမိန့်အတိုင်း ပိတုန်းကိစ္စကို ဆောင်ရွက်ကြရန် ရွာလူကြီး သုံးယောက် ဦးထွန်းပေါ် အိမ်တွင် တိုးတိုးတိတ်တိတ် အကြိတ်အနယ် ဆွေးနွေး တိုင်ပင်နေကြသည်။

နောက်ဆုံးမှာတော့-

ဦးထွန်းပေါ် ကပင် ရွာ၌ ပြောတတ်ဆိုတတ် အရာရာကို အဆင်ပြေပြေ လှုပ်ရှားလုပ်ကိုင်တတ်သော မောင်ဗညီဆိုသူ လူလတ်ပိုင်းအရွယ်တစ်ယောက်နှင့် ကိုသာစံဆိုသော အသက်လေးဆယ်ကျော်အရွယ် ဆယ်အိမ်မှူး တစ်ယောက်တို့ကို ရွေးလိုက်ကြလေသည်။

သည်လိုနှင့် လွန်ခဲ့သည့် သုံးလေးရက်က မင်းရွာသွားပြီး မရန်းချို်း



www.burmeseclassic.com

www.burmeseclassic.com



သွားရောင်းရာမှ ရန်ဖြစ်လာကြသော မလှရှိန်၊ ယဉ်နုခိုင်၊ အေးတင်မတို့ကို သူတော်စေ စီမံပေးထားသကဲ့သို့ မင်းရွာတို့ ပိတုန်းရောင်း လွှတ်လိုက်ကြလေသည်။

ထိုကောင်မလေး သုံးယောက်၏ နောက်ကိုတော့ ကိုစံသာနှင့် မောင်ဘညိုတို့က မယောင်မလည်နှင့် အကဲခတ်ကြည့်ရန် လိုက်ပါသွားကြ၏။

"ဟောဒီက ပိတုန်းရောင်းတယ်တော့။ ပိတုန်း ပိတုန်း ဝယ်ကြဦးမလား"

မလှရှိန်တို့ မိန်းကလေး သုံးယောက်သားသည် သူတော်စေ၏ အစီအမံများအတိုင်း မဲဇာလီရွက်ခြောက်တွေကို တောင်းတစ်ယောက်တစ်လုံးစီထဲ ထည့်ကာ မင်းရွာထဲ အော်ဟစ်နေကြသည်။

"ကြုံကြုံဖန်ဖန် ပိတုန်းရောင်းတယ်ရယ်လို့ ဒီတစ်ခါပဲ ကြားဖူးပတော်"

တစ်သက်နဲ့တစ်ကိုယ် တစ်ခါမျှ မကြားဖူးဘူးသဖြင့် ပိတုန်းရောင်းသည့် အော်သံကို ကြားနေသော မိန်းမကြီးများက ဆိုကြသည်။

သို့သော်၊ မည်သူက မည်သို့ပြောပြော မလှရှိန်တို့ မိန်းကလေး သုံးယောက်ကမူ အအော်မပျက်၊ မင်းရွာတစ်ရွာလုံးကို လျှောက်၍ ပိတုန်းရောင်းကြောင်း အော်ဟစ်နေကြလေသည်။

ယခင် သုံးလေးရက်က မရှန်းချိုသီး သွားရောင်းရင်း ရန်ဖြစ်လာကြသော ကောင်မလေးတို့အဖေ ရွှေပန်းထိမ် ဦးထွန်းလူ အိမ်နားအရောက်တွင် မလှရှိန်တို့က ခါးကို တမင် ဟန်ပါပါ နွဲ့ပြကာ-

"ဒီက ပိတုန်းတော့ ပိတုန်း ပိတုန်း။ ပိတုန်းအရှင်တွေ လတ်လတ်ဆတ်ဆတ် ရောင်းနေတယ်၊ ဝယ်ကြဦးမလား"

ဟု အသံကို မြှင့်ကာ တမင်လုပ်အော် အော်လာကြသည်။

တချို့ကမူ သူတို့ မင်းရွာဈေး ဈေးလာရောင်းရင်း နောက်တတ်ပြောင်တတ်သော ကောင်မလေးများသည် ဈေးရောင်းအပြန်၌ တမင် နောက်နောက်ပြောင်ပြောင် အော်သွားကြသည်ဟု ထင်နေကြသည်။

"ဟော့ ကောင်မလေးတွေ ဘာပိတုန်းရောင်းတာလဲ၊ ပေါက်ကရ ပါးစပ်စည်းတမ်းမရှိ၊ နင်တို့ ပိတုန်း နင်တို့ရွာမှာပဲ သွားရောင်းကြ၊ တို့အိမ်ရှေ့လာမအော်နဲ့" ဟု လှမ်းပြောကြသလို တချို့တလည်း-

"အေးလေဟာ၊ နောက်ပြောစရာ ရှားလွန်းလို့ နိမိတ်မရှိ နမာမရှိ ဘယ်လူ့သားသမီးတွေပါလိမ့်။ ဘယ်ရွာက ကောင်မလေးတွေလဲ"

ဟုလည်း ဆဲဆိုသလို ပြောကြသည်။





သို့သော် မည်သူတွေက မည်သို့ပြောပြော မလှရှိန်တို့ သုံးယောက်ကမူ သူတို့ရွာလူကြီးများ မှာကြားထားသည့်အတိုင်း မည်သူ့ကိုမျှ ခွန်းတုံ့ပြန် ဖြေ၍ မပြောကြ။ ထိုသို့ ပြောလေ သူတို့သုံးယောက်သားက အတိုင်အဖောက်ညီညီ-

"ပိတုန်းရောင်းတယ်တော့၊ ပိတုန်း ပိတုန်း၊ ဒီအပိုင်းက ဝယ်ကြဦးမလား"

ဆိုသောအသံသည်က ပိုကျယ်လာလေပင်။

ယာတောင်ရွာမှ မင်းရွာတွင် အိမ်ထောင်ကျနေသော မိန်းမ ယောက်ျားအချို့က ပိတုန်းရောင်းသည့် အော်သံကြားသဖြင့် ထွက်ကြည့်ကြရာ သူတို့ဇာတိ ယာတောင်ရွာမှ ဦးတင်အောင်၊ မပုလုတို့ သမီးမှန်း သိသွားကြသော အေးတင်မကို-

"ဟဲ့ အေးတင်မ၊ သူများရွာကို လူကြီးတွေ ကြိုက်မှန်း မကြိုက်မှန်း မသိ။ ဘာလို့ ပေါက်ကရ လျှောက်အော်နေတာလဲ။ ဈေးရောင်းမကောင်းကြလို့လား။ နင့်အဖေ ကိုတင်အောင်ကို ငါလာပြီး တိုင်ပြောမယ်နော်။ လျှောက်မအော်နဲ့"

ဟု ဟန့်တားကြသည်။

သို့သော် မည်သူက မည်သို့ပြောပြော၊ မည်မျှ ဟန့်တားတား၊ အေးတင်မတို့ သုံးယောက်မူ-

"ပိတုန်းတော့၊ ပိတုန်း ပိတုန်း ရောင်းတယ်။ ဒီအပိုင်းက မဝယ်ကြတော့ဘူးလား"

ဆိုသော အော်သံကိုမှ ယာတောင်သူကြီးများ မှာကြားလိုက်သလို လုံးဝမလျှော့၊ ခါးကို တမင်နွဲ့ကာ ပို၍ပင် အော်လိုက်ကြသေးသည်။

ထို့ကြောင့်လည်း မင်းရွာသားအချို့က-

"ဘယ်လို မိမဆုံးမ ဖမဆုံးမလေးတွေလဲဟ။ နင်တို့တစ်တွေ ဈေးရောင်းမကောင်းတိုင်း တို့ရွာထဲ မဟုတ်မဟတ် လျှောက်အော်ရမလား။ ဒီကိစ္စ သူကြီးနဲ့ သွားတိုင်ကြမှ ထင်တယ်"

ဟုလည်း ခြိမ်းခြောက်စကား ဆိုလာကြသည်။

သို့နှင့်လည်း ယဉ်နုခိုင်တို့ ပိတုန်းရောင်းအော်သံက ရပ်မသွား။ ပို၍သာ ကျယ်လာလေသည်။

သည်လိုနှင့်ပင် ယာတောင်ရွာလူကြီးများ စီမံပေးလိုက်သလို မင်းရွာဦးမှ မင်းရွာဖျားအဆုံးကို ရောက်လာကြသောအခါ ဈေးထဲကို ဝင်လာကြပြန်သည်။

"ပိတုန်း ရောင်းတယ်တော့။ ပိတုန်း ပိတုန်း ဝယ်ကြဦးမလား"

ဆိုသော အသံက မတိတ်သေး။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရွာထဲကလူများ အထူးအဆန်းလို ထွက်ကြည့်ကြသတဲ့ ဈေးထဲက လူများမှာလည်း မလှရှိန်တို့ ပိတုန်းရောင်းသူ သုံးယောက်ကို အထူးအဆန်းလို မော့ကြည့်၊ လှည့်ကြည့်၊ လှမ်းကြည့်ကြပြန်သည်။

ဒါနှင့်လည်း မလှရှိန်တို့သုံးယောက်ရဲ့အသံက မရပ်သေး၊ မတိတ်သေး။

"ပိတုန်း ရောင်းတယ်တော့။ ဟောဒီမှာ ပိတုန်း အရှင်လတ်လတ်တွေ ဝယ်ကြဦးမလား"

ဟု ဈေးတန်းထဲ လျှောက်လာရင်း အော်နေကြ၏။

"ဖောင်မား ဘယ်သူတွေ မှတ်တယ်၊ ချွေးတောင်မလေးတွေ။ ဘာ ပိတုန်း ရောင်းတာလဲ ပေါက်တက်တရ ချစ်မ်း နင်တို့တောင်းတွေ မရန်းချိုသီးတွေပဲ မဟုတ်လား"

ရန်ဖြစ်ကြသောနေ့ကလို သူတို့တောင်းထဲ မရန်းချိုသီးတွေ ပါသည်အထင်နှင့် ငှက်ပျောသီးသည် ဒေါ်ထွေးတင်အနားသို့ ရောက်လာကြသောအခါ မလှရှိန်တို့ ကြီးတော်ခေတ်သူ ဒေါ်ထွေးတင်က နင်တို့တောင်းတွေ ချစ်မ်းဟု ဆိုသည်။

"ပေါ်ဦးပေါ် ဖျားမို့လား မသိ၊ နင်တို့ မရန်းချိုသီးတွေ ရောင်းကောင်း တယ်ဟ။ ဝါရောင်းထားတာ တစ်ပြည်တစ်မတ်နဲ့ ဆယ်ငါးကျပ်ခွဲတောင် ရ တယ်။ ငါ့မူးက ရောင်းပေးခနော်။ ကြီးတော် ပေးရမယ်"

ဟုလည်း တစ်ဆက်တည်း ပြောပြီး မလှရှိန်၏ တောင်းထဲ မရန်းချိုသီး တွေ ပါလာပြန်ပြီအထင်နှင့် ဒေါ်ထွေးတင်က မလှရှိန်၏ ခေါင်းပေါ်ထက်က တောင်းကို လှမ်းကူ တိုင်ချပေးလိုက်သည်။

"မရန်းသီး လာရောင်းတာ မဟုတ်ဘူး ကြီးကြီးရဲ့။ ကျွန်မတို့ ပိတုန်းလာ ရောင်းတာ ဟဲ ဟဲ"

မလှရှိန်၏တောင်းကို လှမ်းကိုင်လိုက်သောအခါ ပေါ့ပေါ့လေး ဖြစ်နေ သည့်အပြင် တောင်းထဲတွင် မဲဇလီရွက်ခြောက်တွေနှင့် သံပရာသီးတစ်လုံးကိုသာ မြင်ရသောအခါ-

'ချွေးမလေးတွေ၊ ဒီနေ့တော့ ရွာလည်ရောင်းလို့ တုန်ခဲ့ပြီတိုး"

ဟု ဒေါ်ထွေးတင်က ရှက်ကိုးရှက်ကန်းနှင့် ဆိုလိုက်သည်။

ပြီးတော့ တောင်းထဲ ငုံ့ကြည့်၍ တွေ့နေရသော မဲဇလီရွက်ခြောက်တွေ ကို အောက်ကတဲ့နေသော မရန်းချိုသီးများ နာကုန်မှာစိုး၍ ထမင်း ခုခံ ခင်းတွင်း ထားကြတာဟု ထင်သည်။





"ကဲ ရော့ ငွေတစ်ဆယ့်ငါးကျပ်"

ဟုပြောပြီး မလှရှိန်ကို ငါးကျပ်တန်သုံးရွက်ကို လှမ်းပေးလိုက်၏။

"သကြိန်ရက်နီးတာနဲ့ အတော်ပဲ ကြီးကြီးရယ်၊ ကျွန်မတို့ ဆင်တူ ပဒုမ္မာ တစ်ယောက်တစ်ထိုက်နဲ့ သရက်ထည်ပွင့်ရိုက်ကိုလည်း တစ်ယောက်တစ်ထည် စီ ဝယ်ကြမလို့"

ဒေါ်ထွေးတင် လှမ်းပေးသော ငါးကျပ်တန်သုံးရွက်ကို လှမ်းယူရင်း မလှ ရှိန်က သူကြီးတော်ကို ပြောလိုက်၏။

"ဝယ် ဝယ်၊ နင်တို့သကြိန်မှာ နဲ့ရွှေကြဖို့ ဝယ်သွားကြ။ မနက်ဖြန်ကော ဟဲ့။ လာ ရောင်းကြဦးမလား နင်တို့ အပင်တွေမှာ မရန်းချိုသီးတွေ တုံးပလား"

"မလာတော့ဘူး ကြီးကြီး၊ ဒီနေ့ ပိတုန်းလာရောင်းကြတာကို ကြီးကြီးတို့ မင်းရွာသူဒွေးတွေက တစ်ကောင်တစ်မြီးတောင် အားပေးဖော်မရှိကြလို့ စိတ် ပျက်သွားပြီ ဟဲဟဲ"

"ကောင်မနော် ပေါက်ကရ သကြိန်ကျဖို့ တစ်လတောင် လိုသေးတယ်ဟဲ့။ နင်တို့ပါးစပ် ခုက အရှူးထချင်နေကြပြီ"

ဒေါ်ထွေးတင်က သူတို့ နောက်နေသည်ထင်သဖြင့် ပြောလိုက်၏။

"ကဲ ပိတုန်းကလည်း တစ်ကောင်မှ ရောင်းမရတော့ တောင်းထဲက ပိတုန်း တွေ ဈေးထဲပဲ သွန်ပစ်ခဲ့တော့မယ် ကြီးကြီးရယ်"

ဟု ပြောပြီး မလှရှိန်က သူ့တောင်းထဲရှိ မဲဇလီရွက်ခြောက်ကို သွန် မှောက်ချလိုက်သောအခါ အေးတင်မနှင့် ယဉ်နုခိုင်တို့ကလည်း သူတို့တောင်းထဲ မှ မဲဇလီရွက်ခြောက်တွေကို ဈေးထဲ၌ပင် အကုန်မှောက်သွန်ပစ်ခဲ့ကြသည်။

ပြီးတော့မှ-

"ကြီးကြီး ကျွန်မတို့ ပြန်ဦးမယ်" ဟုနှုတ်ဆက်ကာ မင်းရွာဈေးထဲမှ မိမိ ရွာသို့ ပြန်လာကြလေသည်။

ထိုနေ့ညမှာပင် မင်းရွာတစ်ရွာလုံး ဟုတ်အော်သောင်းတင်း ဖြစ်ကုန်ကြ တော့သည်။

အကြောင်းမှာ ညမိုးချုပ်သည်နှင့် တစ်ပြိုင်နက် ရွာထဲကို ပိတုန်းကောင် များ ရာချီထောင်ချီ ပြေးဝင်လာကြပြီး တွေ့သမျှ လူတွေကို လိုက်တုပ်လိုက်ထိုး နေကြသဖြင့် ဖြစ်၏။

*မကြုံစဖူး ထူးထူးဆဲဆဲ အဖြစ်ကြောင့် မင်းရွာသူ မင်းရွာသားများမှာ* အထိတ်တလန့် ဖြစ်ကုန်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အစကမူ ယာတောင်ရွာသားတွေ ထင်မြင်ခဲ့ကြသလို စွန်သတ်ပျားများ အုံပျက်ပြီး သူတို့ရွာထဲ ဝင်လာကြသလား ထင်ခဲ့ကြသည်။ စွန်သတ်ခံရ၍ အသိုက်အအုံ ပျက်စီးလာကြသော ပျားကောင်များမှာ ဒေါသကလည်း အလွန်ကြီးကြသည်။ ထို့ကြောင့် စွန်သတ်ပျား အတုပ်ခံရသူကို တစ်ခါတစ်ခါ ပုတ်နှင့်ပင် အုပ်ထားကြရသည်။ ထို စွန်သတ်ပျားများမှာ သူတို့ အသိုက်အအုံကို လာဖျက်လာဖျက်သော ပျားဖွပ်သမား ပုတ်ထဲက ထွက်မလာမချင်းပင် ပျားဖွပ်သမား ဝင်ပုန်းနေသော ပုတ်ပေါ် တစ်ညလုံး တစ်နေ့လုံး ပျံဝဲကာ ပျားဖွပ်သမားထွက်အလာကို ဒေါသတကြီးနှင့် စောင့်နေတတ်ကြသည်ထိ ရန်ငြိုးကြီးတတ်ကြသည်။

ထိုအခါမျိုးတွင် ပုတ်ထဲသို့ ဝင်ပုန်းနေသော ပျားဖွပ်သမားကို သူ့မိသားစု တစ်ဦးဦးက ပုတ်ထဲသို့ ထမင်းဟင်းသွင်းပေး၍ပင် ကျွေးမွေးတတ်ကြရသော အစဉ်အလာ ရှိခဲ့ဖူးသည်။ စွန်သတ်ပျားများမှာ သူတို့၏ အသိုက်အအုံတို လာဖျက်ဆီးသူ ပျားဖွပ်သမား တစ်ဦးတစ်ယောက်ကိုသာ အငြိုးကြီးစွာနှင့် လိုက်လာထိုးတုပ်ကြသော်လည်း တခြား လူများကို လုံးဝ မထိုးမတုပ်ကြခြင်းမှာ ပျားများ၏ ဗီဇစိတ်တတ် အသိနှင့်သော် လည်းကောင်း၊ သို့မဟုတ် ပထမဦးဆုံး သူတို့အသိုက်အအုံကို လာဖျက်သူအား ပျားများက တုပ်လိုက်ရာတွင် ပျားဆိပ်နံ့သည် ထိုသူတစ်ယောက်၏ ကိုယ်ပေါ်မှာသာ နံနေပြီး အခြားလူများ၌ ပျားနံ့မရှိ၊ ပျားဆိပ်နံ့မရ၍ ထိုသူတစ်ယောက်တည်းကိုသာ သဲကြီးမဲကြီး ရွေးတုပ်ကြခြင်း ဖြစ်သည်။

ထို့ကြောင့် ထိုညက မင်းရွာသူ မင်းရွာသားများ၏ အထင်မှာ ရွာသား တစ်ဦးဦးသည် စွန်သတ်ပျားအုံကို သွားဖွပ်မိသဖြင့် စွန်သတ်ပျားများ အငြိုးကြီးစွာ လိုက်လာပြီး ထိုပျားဖွပ်သမား မှတစ်ဆင့် တွေ့သမျှ မြင်သမျှ လူတွေကို လိုက်တုပ် လိုက်ထိုးနေကြသလားဟုပင် ထင်ခဲ့ကြသည်။

သူတို့ ထင်မည်ဆိုကလည်း ထင်စရာ ဖြစ်သည်။

တပေါင်း၊ တန်ခူးလ ဆိုသည်မှာ ပျားသူငယ်လေးများ သန္ဓေ စတည်ကြချိန်ဖြစ်သဖြင့် ပျားသလက်စားသော စွန်သတ်ပျားများသည် တောထဲတောင်ထဲက ပျားအုံများကို သဲကြီးမဲကြီး လိုက်ရှာတတ်ကြချိန် ဖြစ်သည်။

ပျားအုံကို တွေ့သွားသော စွန်ရဲသည် မိုးထက်ဝဥ္စာဆီမှ ပျားအုံရှိရာသို့ အရှိန်ပြင်းစွာ ထိုးဆင်းလာပြီး ပျားသလက် ပျားအုံပေါ်မှ ပျားကောင်များကို တောင်ပံနှင့် တဖြောင်းဖြောင်း ရိုက်ခတ်ပစ်လိုက်လေသည်။ ဂဠုန်တောင်ပံနှယ်





အရှိန်ပြင်းသော စွန်ရဲ၏ တောင်ပံရိုက်ခတ်လိုက်မှုဒဏ်ကို မခံနိုင်ကြသော ပျားကောင်များသည် ပျားအုံ၊ ပျားသလက်၊ ပျားလပို့ထဲမှ ရုတ်ခြည်း အဆုပ်လိုက် အခဲလိုက် ကစဉ့်ကလျား လွင့်စဉ်သွားကြ၏။ အဆုပ်လိုက် အခဲလိုက် လွင့်ကျလာသော ပျားကောင်များသည် လေထဲရောက်သောအခါ တစ်ကောင်စီ ပြန့်ကျဲသွားကြသည်။ ထိုအချိန်မှာ စွန်ရဲသည် ပျားသူငယ်များပါသော ပျားသလက်ကို အတင်းဝင်ထိုး တိုက်ဖဲ့၍ မိုးယံထက်သို့ တစ်ဟုန်ထိုး တက်ပြေးသွားသည်။

စွန်ရဲ ကိုက်ချီ ဖဲ့ယူသွားသော ပျားသလက်မှာ ပျားရည်ရှိသော ပျားသလက်၊ ပျားလပို့မဟုတ်။ ပျားသူငယ်များ သန္ဓေရှိနေကြသော ပျားလပို့၊ ပျားသလက်သာ ဖြစ်သည်။ အသားစားသော စွန်ရဲတို့သည် ပျားရည်ထက် ပျားသလက်ထဲရှိ ပျားသူငယ်နုနုများကိုသာ စားတတ်ကြသည်။

သူတို့အား အတောင်ပံနှစ်ဖက်နှင့် တအားရိုက်ခတ်ထားခဲ့ပြီး သူတို့၏ ပျားသူငယ်များ မွေးမြူထားရာ ပျားသလက်ကို ဖဲ့ကိုက် ပြေးတက်သွားသော စွန်ရဲနောက်ဆီကို ထောင်ပေါင်းများစွာသော ပျားတွေကလည်း အုပ်လိုက် ပျံတက်ပြီး လိုက်ထိုး လိုက်တုပ်ကြသည်။

သို့သော် အမွေးအမှင် ထူသော စွန်ရဲမှာ ထောင်ပေါင်းများစွာသော ပျားကောင်ငယ်များ၏ ထိုးတုပ်ကိုက်ခဲခြင်းကို ပမာမပြုဘဲ မိုးယံဝဥ္စာထက် ပျံတက်ရင်း တိုက်ခိုက် ကိုက်ဖဲ့ယူလာသော ပျားသူငယ်ဖိမ် ပျားသလက်ကို လေထဲ၌ပင် ပျံရင်း ရှောင်ရင်း အကုန်စားပစ်လိုက်သည်။

မြင့်မားလွန်းသော မိုးယံထက်သို့ ပြေးတက်သွားသည့် စွန်ရဲနောက်ကို လိုက်ပြီး ထိုးဆိတ် ကိုက်တုပ်ကြသော ပျားကောင်ငယ်တို့မှာ စွန်ရဲကဲ့သို့ မြင့်လွန်းသော လေထုထဲသို့ မပျံတက်နိုင်ကြသဖြင့် မိုးပျံဝေဟင်ထက်မှ ပြန်ဆင်းလာကြကာ သူတို့၏ ပျားသလက် ပျားအုံပေါ်တွင် ပြန်နား၍ သူတို့၏ အသိုက်အမြုံကို ကာကွယ်နေကြရပြန်သည်။

ပျံရင်း ပြေးရင်း ထောင်ပေါင်းများစွာသော ပျားကောင်ငယ်များကို ရှောင်ရှားရင်းနှင့်ပင် ပျားသူငယ်များပါ ပျားသလက်ကို လေထဲ၌ပင် စားသောက်ပစ်လိုက်သော စွန်ရဲသည် ပျားသလက် ကုန်သွားသည်နှင့်တစ်ပြိုင်နက် လေဟုန်စီးကာ ပျားအုံရှိရာသို့ အရှိန်ပြင်းစွာနှင့် သူ၏ တောင်ပံနှစ်ဖက်ကို ရုပ်ကာ ထိုးဆင်းလာပြန်သည်။

ပျားအုံနား ရောက်သည်နှင့် စွန်ရဲသည် သူ၏ တိုက်ခိုက်နေကျ သေနင်္ဂဗျူဟာ



www.burmeseclassic.com

www.burmeseclassic.com



နည်းအတိုင်း ပျားသလက်၊ ပျားလပို့ပေါ်က ထောင်ပေါင်းများစွာသော ပျားကောင်ငယ်များကို ဂျုန်တောင်ပံနှယ် ပြင်းသော သူ၏ စကြာလက်နက်နှင့် တဖြောင်းဖြောင်း တဖျပ်ဖျပ် ရိုက်ခတ်တာ ပျားသူငယ်များ ရှိရာအိမ်ကို အပိုင်းအပိုင်း အတစ်တစ် တိုက်ချိုပြီး ပျားမကြီးများ ပျံတက်မလိုက်နိုင်သော မိုးယံမြင့်ထက်သို့ ပျံတက်သွားပြန်သည်။

သူတို့ တစ်ဆောင်းလုံး တစ်နွေလုံး ပင်ပန်းကြီးစွာ ရှာဖွေစုဆောင်းထားကြသော ပန်းဝတ်ရည်များထက် အဆပေါင်းများစွာ တန်ဖိုးထားကြသော သူတို့၏ ရင်သွေးရင်နှစ်များကို အတင်းဝင် ကိုက်ဖဲ့ခွာယူသွားသော စွန်ရဲ စွန်မိုက်၏ နောက်ကို ထောင်ပေါင်းများစွာသော ပျားကောင်ငယ်တို့က ဝိုင်းအုံ၍ လိုက်တုပ်လိုက်ထိုးကြပြန်သည်။

သို့သော် သူတို့၏ အတောင်ပံ နှစ်ဖက်မှာ သေးငယ်သည့်အပြင် သားမိုက်စွန်ရဲ၏ တောင်ပံကဲ့သို့ မာရေကျောရေ မရှိဘဲ ပါးလွှာသေးငယ်သဖြင့် မိုးထက်ဝဠာမှ လေပြင်းလေရူးဒဏ်ကို မခံရပ်နိုင်ဖြစ်ကာ သူတို့၏ အသိုက်အအုံရှိရာသို့ ပြန်ပြေးလာကြကာ သူတို့၏ ပျားအုံကို စုပြုံ၍ ကာကွယ်နေကြရပြန်သည်။

ပျားသူငယ်တို့၏ ချိုသိမ့်သော အရသာကို စားမဝ၊ စုပ်မဝ ဖြစ်နေသော သားမိုက်စွန်ရဲသည် အောင်နိုင်သူ၏ ဟစ်ကြွေးသံကို တကစ်ကစ် ပြုလုပ်ကာ သူ၏ တောင်ပံလက်နက်ကို ရိုက်ခတ်၍ မိုးယံထက်မှသည် ပျားအုံရှိရာသို့ တစ်ဖန် ဝဲလုံးထိုး ပျံဆင်းလာပြန်သည်။

ပျားအုံရှိ ပျားကောင်များမှာ သူတို့၏ ရင်သွေးငယ်များကို မည်မျှပင် အသေခံ ကာကွယ်ကြသော်လည်း ဂျုန်တောင်ပံနှယ် ပြင်းထန်လွန်းလှသော သားမိုက်စွန်ရဲ၏ တောင်ပံထဲတွင် သေသူသေ၊ ကျေသူကျေ၊ လွင့်သူ လွင့်စဉ်နိုင်ကြသောအခါ ကစဉ့်ကလျား ဖြစ်လာကြသည်။

သားမိုက်စွန်ရဲသည် သူတွေ့ထားသော ဤပျားအုံ၌ ပျားသူငယ် ပျားသလက် မကုန်မချင်း တစ်ခေါက်ပြီး တစ်ခေါက်၊ တစ်နေ့ပြီးတစ်နေ့ လာရောက်ထိုးသုတ် စားသောက်နေလေရာ နောက်တော့ ပျားများမှာ ထိတ်လန့်ကြောက်ရွံ့ပြီး သူတို့၏ ပျားအုံကို စွန့်ခွာကာ ထိုနေရာမှပင် ပြေးကြရတော့သည်။

စွန်သတ်အကြိမ်ကြိမ် ခံလာကြရသော ပျားကောင်များမှာ ခေါသ အင်မတန် ကြီးလာကြရာ လမ်း၌တွေ့သမျှ လူများနှင့် ကျွဲနွားတိရစ္ဆာန်များကိုပင် မရှောင်ဘဲ သဲကြီးမဲကြီး ထိုးတုပ်တတ်ကြလေသည်။ ထို့ကြောင့်လည်း ယခု





မင်းရွာထဲ ဝင်လာပြီး လူတွေကို လိုက်ထုပ် လိုက်ထိုးနေကြသော အကောင်များကို စွန်သတ်ပျားများကို အသိုက် ပြောင်းရွှေ့လာကြခြင်းဟု ထင်လိုက်ကြသည်။

စွန်သတ်ပျားများ ရွာထဲ ဝင်လာပြီး သစ်တစ်ပင်ပင်၊ အိမ်တစ်အိမ်အိမ်တွင် လာစွဲနေလျှင် ရွာကို ခိုက်တတ်သည်။ အိမ်ကို ခိုက်တတ်သည် ဟူသော ရှေးအစဉ်အလာ အစွဲအလမ်းကလည်း ရှိကြရာ ရွာသူရွာသားတွေမှာ မီးတုတ်မီးရှူးတွေနှင့် ထိုအကောင်များကို ဝိုင်းရှို့ကြသည်။

သို့သော် ရာချီထောင်ချီနေသော စွန်သတ်ပျားများမှာ ရွာသူရွာသားများ မီးတုတ်ကိုယ်စီနှင့် မည်မျှ ရှို့ကြရှို့ကြ နည်းသွားသည် မရှိ၊ ပျံပြေးထွက်သွားကြသည် မရှိဘဲ ပို၍သာ များလာလေ၏။ ပျားကောင်များသည် မီးတုတ်မီးညွန့်ပေါ် ဖြတ်သန်း၍ပင် ပျံသွားနေကြရာ မီးတုတ်မီးညွန့်ရောင်နှင့် သေသေချာချာ မြင်ကြရတော့မှ စွန်ပျားများမဟုတ်ဘဲ လက်မလောက်ပင်ရှိသော ပိတုန်းကောင်ကြီးများမှန်းကို သိသွားကြလေသည်။

ရာချီထောင်ချီနေသော ထိုပိတုန်းကောင်များမှာ ရွာသူရွာသားတွေက မီးတုတ်မီးရှူးတွေနှင့် မည်မျှ လိုက်ရှို့ လိုက်ရှို့ မဖြုံကြချေ၊ တွေ့သမျှ လူတွေကိုချည်း လိုက်ထိုးလိုက်တုပ်နေကြရာ အိမ်ခြေငါးရာကျော်ရှိသော မင်းရွာတစ်ရွာလုံးမှာ အုန်းအုန်းကျွက်ကျွက် ဖြစ်ကုန်ကြသည်။

မင်းရွာသူ မင်းရွာသားများ၏ အဖြစ်မှာမူ လွန်ခဲ့သော လေးငါးညက ယာတောင်ရွာသူရွာသားများ အဖြစ်အပျက်ထက်ပင် ဆိုးနေကြသည်။ ယာတောင်ရွာကို ပိတုန်းကောင်တွေ ရာချီထောင်ချီ ဝင်လာတုပ်တုန်းကမူ အိမ်ယံ ခြံထဲ ဝင်ပြေးကြလျှင် လွတ်သော်လည်း ယခု ပိတုန်းကောင်များကမူ ခြံထဲ အိမ်ထဲထိ လိုက်ထိုး လိုက်တုပ်နေကြသည်။ ခွေး၊ ကြောင် စသည့် အိမ်မွေးတိရစ္ဆာန်များမှာလည်း ငြိမ်ကုပ်မနေကြဘဲ တဝေါင်ဝေါင် တညောင်ညောင် အော်ဟစ်ကာ ရွာရှေ့ရွာနောက် ဆောက်တည်ရာမရ ပြေးလွှား အော်မြည်နေကြသည်။

သို့သော် မိုးလင်းပိုင်း ရောက်လာသောအခါမှာတော့ ယာတောင်ရွာမှာကဲ့သို့ပင် ပိတုန်းကောင်များသည် တဖြည်းဖြည်း ပါးလျားသွားကြကာ ပျောက်ကွယ်သွားကြလေသည်။ သို့နှင့် ဒုတိယည၊ တတိယညများ၌လည်း ပိတုန်းကောင်များသည် ရွာထဲ ရာချီထောင်ချီ ဝင်လာပြီး ထိုးတုပ်နေကြရာ ရွာသူရွာသားတွေမှာ ညညဆိုလျှင် ရွာထဲအိပ်ရမှာပင် အကြောက်ကြီး ကြောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပိတုန်းပြဿနာနှင့် ပတ်သက်၍ အစိမ်းတိုက်တာလား ပုဏ္ဏတိုက်တာလား စသည်ဖြင့် သံသယမျိုးစုံဝင်ကာ သူတို့ရွာရှိ ဗေဒင်ဆရာ၊ မော်ဆရာ၊ ဆေးဆရာ၊ နတ်ဆရာတို့နှင့် တိုင်ပင်ကြသည်။ လောကီနည်းအရ သူတို့ရွာရှိ ဆေးဆရာ၊ မော်ဆရာ၊ နတ်ဆရာတို့က သူတို့ တတ်သမျှ သိသမျှ အစီအစဉ်တွေ လုပ်ကြရသည်။ သို့သော် ညကျလျှင် ပိတုန်းကောင်များကမူ ရာချီထောင်ချီ ရွာထဲ ဝင်လာကြတုန်း။ ရွာသူရွာသားများကို ထိုးတုပ်ကြတုန်းဖြစ်ရာ မင်းရွာရှိ ဆရာ့ဆရာတွေမှာလည်း မည်သို့မျှ မတတ်နိုင် ဖြစ်နေကြသည်။

ထို့ကြောင့် ညညတွင် ရွာထဲ ပိတုန်းကောင်များ ရာချီထောင်ချီ ဝင်လာပြီး ရွာသူရွာသားများကို ထိုးတုပ်ကြသည့်ကိစ္စ စနည်းတဆောင်နာ လေ့လာ စုံစမ်းကြရသည်။ ထိုအခါ ရွာထဲကို ပိတုန်းကောင်များ ရာချီထောင်ချီ ဝင်မလာမီ မနက်က ယာတောင်ရွာသူ ကောင်မလေး သုံးယောက် ရွာထဲ ဈေးထဲလာပြီး ပိတုန်းလာရောင်း ဈော်ဟစ်သွားကြသည်ကို ခြေရာကောက်မိကြသည်။

ထို့အပြင် လွန်ခဲ့သော လေးငါးရက်က ယာတောင်ရွာကိုလည်း ဤသို့ပင် ပိတုန်းတွေ ရာချီထောင်ချီ ဝင်လာပြီး လူတွေကို လိုက်ထိုး လိုက်တုပ်သွားကြသည့် သတင်းကိုရသည်။ သို့သော် ယာတောင်ရွာမှာမူ နှစ်ညသာ ကြာပြီး ထို ပိတုန်းပြဿနာကို သူတို့ရွာရှိ သူတော်ငတေ အစီအစဉ် လုပ်ပေးလိုက်၍ ပျောက်သွားသည်ဆိုသော သတင်း၊ တိတိကျကျ ရကြတော့သည်။

ထိုအခါ တစ်ဆယ့်နှစ်ရွာပိုင် သူကြီးနှင့် မင်းရွာလူကြီး ဦးထွန်းလူ၊ ရွှေပန်းထိမ်ဆရာ၊ ဆယ်အိမ်မှူး ရာအိမ်မှူးများမှာ ဤပိတုန်း ပြဿနာတို့ကို သူတော်ငတေအား အစီအမံလုပ်ခိုင်းမှ ဖြစ်ပေတော့မည်ဟု တစ်ညီတစ်ညွတ်တည်း သဘောတူ ဆုံးဖြတ်ကာ ယာတောင်ရွာရှိ ဘုန်းတော်ကြီးကျောင်းအောက်နေ သူတော်ငတေထံသို့ သွားရောက် အကူအညီတောင်းကြရန် စိုင်းပြင်းကြရလေသည်။

ထို့ကြောင့်ပင် သူတော်ငတေ၏ လောကီပညာ စွမ်းဆောင်နိုင်မှု အခြေအနေနှင့် ကျော်စောကိတ္တိဂုဏ်တို့ကို တစ်ယောက်တစ်ပေါက်နှင့် ရွာလူကြီး ဆယ်အိမ်မှူး၊ ရာအိမ်မှူးများကလည်း ဆယ့်နှစ်ရွာပိုင် အစိုးရမင်း၏ ရွှေလွှယ်တော်ရ နှစ်လုံးမြူးသေနတ်ပိုင်ရှင် ရွာသူကြီး ဦးကျော်ဇံအား သတင်းကြားမှန်သမျှကို ပြောပြကြသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က သူတို့ မင်းရွာ၌ မာတ်တော်စေတီ ဘုရားပွဲကျင်းပလေရာ ထိုပွဲ၌ သူတော်ငတေနှင့် ထမင်းတစ်ဝိုင်းတည်း အတူစားခဲ့ဖူး





သော မင်းရွာသူကြီး ဦးကျော်ဇံမှာလည်း သူတော်ငတေ၏ အစွမ်းကို သိထားသူဖြစ်သဖြင့် လုံးဝ ငြင်းကွယ်ရန် အကြောင်းမရှိ ဖြစ်သွားလေသည်။

ထိုစဉ်က မင်းရွာနှင့် ရွာနီးချုပ်စပ် မှ လူကြီးများ ထမင်းဝိုင်းတွင် သူတော်ငတေလည်း ပါဝင်စားသည်။

ထို့ကြောင့် ညညရွာထဲသို့ ပိတုန်းကောင်များ ရာချီထောင်ချီ ဝင်လာပြီး ရွာသူရွာသားများအား ထိုးတုပ်နေသည့်ကိစ္စ သူတော်ငတေထံ သွားရောက်ပြီး အကူအညီတောင်းကြရန် လူရွေးကြရသည်။

ဤကိစ္စမှာ ရပ်စည်း ရွာစည်းလည်း မပေါက်အောင် တိုးတိုးတိတ်တိတ် လုပ်ကြရမည်ဖြစ်ရာ ရွာသူကြီးမင်း ဦးကျော်ဇံနှင့် တူတော်သူ ရွာလူကြီးလည်း ဖြစ်၊ ရွှေပန်းထိမ်ပိုင်ရှင် ရွှေပန်းထိမ်ဆရာကြီးလည်းဖြစ် ဦးထွန်းလူနှင့် သူကြီး၏ လက်စွဲ ဆယ်အိမ်မှူး ဦးစိုးအောင်တို့ကို ရွေးချယ်လိုက်ကြသည်။

မင်းရွာဆီက ပိတုန်းတစ်ထောင် ပြဿနာကို အဖြေရှာရန် ဆယ့်နှစ်ရွာပိုင် သူကြီး ဦးကျော်ဇံနှင့် ရွာလူကြီး ပန်းထိမ်ဆရာ ဦးထွန်းလူ၊ သူကြီးလက်ရွဲ ဆယ်အိမ်မှူး ဦးစိုးအောင်တို့သည် ငှက်ပျောသီးသုံးဖီး ဆေးရွက်ကြီးပ ဆယ်စည်းကြသကာ တစ်ထုပ်နှင့် သူတော်ငတေရှိရာ ယာတောင်ရွာ ဘုန်းကြီးကျောင်းသို့ မနက်စောစောစီးစီး ထွက်လာကြသည်။

သူတို့၏ မင်းရွာနှင့်စာလျှင် ယာတောင်ရွာမှာ မတောမတာ ထူထပ်သည့် မင်းလမ်းဟု အရပ်က ခေါ်ကြသော မော်တော်ကားလမ်းနှင့်လည်း ခြေကျင်နာရီဝက်ခရီးနီးနီး ရှိသဖြင့် စောစောပင် ထွက်လာကြခြင်း ဖြစ်သည်။

ယာတောင်ရွာနှင့် အရှေ့ဘက် တန်နားလမ်းခွဲသို့ ရောက်ကြသောအခါ အရှေ့ဘက်ကမ်းသို့ ရေခပ်ရန် ထွက်လာသူ ယာတောင်ရွာသား ဦးကြာပန်းနှင့် လမ်းဆုံနားတွင် တွေ့ကြသည်။

မင်းရွာသူကြီး ဦးကျော်ဇံကို မြင်သောအခါ လယ်ခွန်ယာခွန်ကိစ္စကြောင့် မကျေမနပ် ဖြစ်နေသော ယာတောင်ရွာသား ဦးကြာပန်း၏မျက်နှာက မကြည်မလင် ဖြစ်သွားသည်။ ဒီသူကြီး တစ်ယောက်ယောက်ဆီ လယ်ခွန်ယာခွန်ကိစ္စ လာပြန်ပြီတု ထင်လိုက်ပုံရသည်။ ထို့ကြောင့်လည်း ဦးကြာပန်းက သူကြီး ဦးကျော်ဇံတို့အဖွဲ့ကို မျက်နှာလွဲကာ ရေကန်ဘက်လမ်းသို့ ခြေလှမ်းပြင်လေသည်။

ထိုအခါ သူကြီးမင်း ဦးကျော်ဇံက 'ဦးကြာပန်း မှတ်တယ်' ဟု လှမ်းနှုတ်ဆက်လိုက်သဖြင့် ခြေလှမ်း တန့်သွားရပြန်သည်။ သူကြီးမင်းကို လေးစားသော အနေနှင့် မတ်တတ်ရပ်နေလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကြီးမင်းတို့ လယ်ခွန်ယာခွန်ကိစ္စ ထင်တယ်"

မကျေမနပ် ဖြစ်နေသော်လည်း နှုတ်တော့ဆက်ရသည်။

"မဟုတ်ပါဘူး ဦးကြာပန်း။ ကျုပ်တို့လာတာက ခင်ဗျားတို့ ဦးသူတော်နဲ့ တွေ့ချင်လို့ပါ။ ခု ဦးသူတော် ကျောင်းမှာ ရှိတယ်ကြားလား"

"တောလား ရှိမှာပေါ့ဗျ။ သူများလို သူက ဘာအလုပ်ရှိတာမှတ်လို့၊ ဘုန်းကြီးကျောင်း ကပ်စားနေတာပဲဟာ၊ သူကြီးမင်းတို့က လယ်ခွန်ယာခွန်ကိစ္စလည်း မဟုတ်ဆိုတော့ တောတို့ ဘာကိစ္စပါလိမ့်"

"ကိစ္စက ကျုပ်တို့ရွာ ညည ပိတုန်းတွေဝင်လာပြီး လူတွေကို လိုက်ထိုးနေ. . ."

"ရွာထဲ ပိတုန်းတွေဝင်တာများ အဆန်းလုပ်လို့ သူကြီးမင်းရာ၊ ဟို လေးငါးရက်က ကျုပ်တို့ ယာတောင်ရွာတောင် တောင်သူတွေ ယာမီးရှို့ကြလို့ ပိတုန်းတွေ ဝင်သွားတာ နှစ်ညလောက်ကို ခံလိုက်ရသေးတယ်ဗျာ"

ဦးကြာပန်းကမူ ပေါ့ပေါ့တန်တန်ပင် သူကြီးမင်း၏ စကားအဆုံးကိုပင် မစောင့်ဘဲ သူထင်တာ ပြောချလိုက်သည်။ ဦးကြာပန်း ဤသို့ပြောခြင်းမှာ သူတို့ ယာတောင်ရွာကို ပိတုန်းဝင်စဉ်က ရွာလူကြီးတစ်ဦးဖြစ်သူ ဦးပေါ်သာ၏စကားကို ယခုလိုက်ပြောခြင်း ဖြစ်သည်။

"အဲ ခု ကျုပ်တို့ လာကြတာလည်း အဲဒီပိတုန်းကိစ္စပဲဗျ။ ခင်ဗျားတို့ရွာ ပိတုန်းတွေဝင်တုပ်တုန်းက ဦးသူတော် အစီအစဉ် လုပ်ပေးလိုက်တာနဲ့ ပျောက်သွားတယ် ကြားလို့လေ ဦးကြာပန်း၊ အဲဒါ ခုလည်း အဲဒီ ပိ. . ."

"အလကားပါဗျာ၊ ကျုပ်တို့ရွာမှာ လူကြီးလုပ်နေကြတဲ့ ဦးထွန်းပေါ်တို့ ဟိုတောင် သံတိုင်တို့ တည့်နှင့်တို့အကြောင်းလည်း ခင်ဗျားတို့ သိသားနဲ့ဒီလူတွေက တစ်ဆိတ်ကို တစ်အိတ်လုပ်ချင်ကြတဲ့ လူတွေဗျ၊ တော ဆိုတာတလည်း ငယ်ငယ်တ သံတိုင်နဲ့ တဖော်တဖက်၊ ပေဖော်ပေဖက်ဆိုတော့ တော အစီအမံလုပ်လိုက်လို့ပဲ နိုးမဟလာတဲ့ ပိတုန်းတွေ ရွာက ပြန်ထွက်သွားကြသလိုလို သံတိုင်က သူ့သူငယ်ချင်း တော ဂုဏ်တက်အောင် တော‌ပြောတောင်ပြော ပြောတာ ခင်ဗျားတို့ ကြားလို့ ဖြစ်ပါလိမ့်မယ်။ ဘာမှဟုတ်တာ မဟုတ်ပါဘူး တစ်ရက်နှစ်ရက်ကြာရင် သူ့အလိုလို ပျောက်သွားတာ၊ ဒါ ဘာဆန်း. . ."

"မဟုတ်သေးဘူး ဦးကြာပန်းရယ်၊ ကျုပ်တို့ရွာ ပိတုန်းတွေ ဝင်တုပ်ဝင်ထိုး ဖြစ်နေတာ လေးညတောင် ရှိသွားပြီမို့ ဦးသူတော်ဆီ. . ."

"ခက်သိုက်တာ၊ ခင်ဗျားတို့ ရွာက ကျုပ်တို့ရွာနဲ့စာရင် လွင်ကျလို့ တစ်ရက်နှစ်ရက် ပိုကြာချင်ကြာမှာပေါ့၊ နောက်တော့ ပိတုန်းတွေ သူ့လမ်းကြောင်း





အတိုင်း ပြောင်းကူးသွားကြပါလိမ့်မယ်၊ ဒါများ ငမောဆီ တကူးတက ကြီးကြီးကျယ်ကျယ် လက်ဆောင်ပဏ္ဏာတွေ ဘာတွေနဲ့ ခင်ဗျားတို့မို့ သွားကြဦးမလို့လား"

ဦးကြာဝန်းဆိုသူ၏ အကြောင်းကို သိသော ဆယ်အိမ်မှူး ဦးမိုးအောင်က သူကြီးကျော်ဇံတို့ မသိသော လက်တို့သည်။ ဤလူကြီးနှင့် ပြောနေရလျှင် အချိန်သာကုန်ပြီး ဘာမှအကြောင်းထူးလာမည် မဟုတ်ဆိုသည်ကို ရွှေပန်းထိမ် ဆရာ ဦးထွန်းလူကလည်း ရိပ်မိ၏။ ဦးကြာပန်းဆိုသူမှာ ယာတောင်တစ်ရွာလုံး ရှိ မည်သူနှင့်မျှ စကားပြောတည့်သူ မဟုတ်။ သူထင်တာ သူပြောတတ်သည့် အပြင် တစ်ယူသန် တစေ့တစ်တန်းသမားဟု လူတိုင်းက သိထားကြသူဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် လာမိနေပြီမှတော့ သွားကြည့်လိုက်ပါဦးမယ် ဦးကြာပန်းရယ်"

"ဟား ဟား တောတို့ ခင်ဗျားတို့က တော်တော် အထင်ကြီးကြတာကိုး၊ သွား သွား သွားကြပါ၊ ဒါပေမယ့် ကျုပ်တော့ စာတ်သိမို့ ခင်ဗျားတို့ကို တစ်ခု မှာလိုက်ပါရစေ"

ဦးကြာပန်းက တစ်ခုမှာလိုက်ပါရစေ ဆိုသည်တို့ သူကြီးကျော်ဇံက ဘာပါလိမ့် ဟူသော အကြည့်နှင့် စောင်းငဲ့ကြည့်လိုက်စဉ် ဆယ်အိမ်မှူး ဦးမိုးအောင်က "ဦးကြာပန်း ဘာများ မှာမလို့လဲ ပြောပါဗျာ" ဟု ဝင်မေးလိုက်၏။

"ဘာဟုတ်ရမလဲဗျ၊ တောဆီ ရောက်ခါမှ ခင်ဗျားတို့ကို တောက တောပြောတောင်ပြော မပြောဘူးဆို ကျုပ်လည်းပင်း လာမြတ်၊ တောက ခင်ဗျားတို့ မေးမိလို့ကတော့ သူ့ကိုယ်သူ ဒီနေ့နက်ဖြန်ပဲ ထွက်ရပ်ပေါက်တော့မလိုလို၊ ပုဂ္ဂိုလ်ထူးလိုလို၊ မျော်ဆရာလိုလို လုပ်ပြပါလိမ့်မယ်၊ တောတ ကျုပ်တို့ ရွာသား လေထိပါဗျ၊ တောအကြောင်း ကျုပ်က ပိုသိတာပေါ့၊ အဲဒါကြောင့် ကျုပ်တော့ တောဆီ သွားလည်း မသွားဘူး၊ တော တောပြောတောင်ပြော ပြောတာလည်း မယုံပါဘူး၊ ခင်ဗျားတို့ ယုံရင်သွားကြပါ။ တောအကြောင်း ပြောနေရတာနဲ့ ကျုပ်ရေခပ်လာတာတောင် ခရီးဖင့်သွားပြီ သွားမယ်"

ပြောပြောဆိုဆိုနှင့်ပင် ဦးကြာပန်းသည် ရေဆိုင်းထမ်းကို ထမ်းကာ အရှေ့ဘက် တန်လမ်းခွဲသို့ တတ်သွားလေသည်။

ပိတုန်းတစ်ထောင် ပြဿနာတို့ အဖြေရှာရန် လာကြသော မင်းရွာသူကြီး ဦးကျော်ဇံတို့အဖွဲ့လည်း သူတော်တေရှိရာ ယာတောင်ရွာ ဘုန်းတော်ကြီးကျောင်းဘက်သို့ ထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုနှင့် သူတော်ငတေရှိရာ ဘုန်းကြီးကျောင်း အောက်ဆီသို့ နံနက် ခုနစ်နာရီကျော်ကျော်မှာ ရောက်လာကြ၏။

သူတော်ငတေ၏ ဖိုရုံတံခါး (တဲလား) ဖွင့်ထားသဖြင့် သူတော်ငတေတို့ တန်းမြင်ရသည်။ သူကြီးဦးကျော်ခံတို့ အဖွဲ့ သူ့ဖိုရုံရှေ့ ကွပ်ပျစ်ပေါ် တက်လာ ကြသည်ကို သူတော်ငတေက တစ်ချက် လှမ်းကြည့်သည်။

သူကြီး ဦးကျော်ခံတို့အဖွဲ့ ကွပ်ပျစ်ပေါ် ထိုင်လိုက်ကြစဉ် သူတော်ငတေ လည်း ဖိုရုံထဲက ထွက်လာပြီး မင်းရွာသူကြီးတို့ရှေ့မှာ လာထိုင်သည်။ ပြီး တော့ ဘာမှ မမေးသေးဘဲ သူတို့ သုံးယောက်၏ မျက်နှာကို တစ်ယောက်စီ လိုက်ကြည့်နေသည်။

"ဦးသူတော်၊ ကျွန်တော် မင်းရွာသူကြီးပါ"

သူတို့ မှမှတ်မိယင်သဖြင့် သူကြီး ဦးကျော်ခံက စပြောလိုက်သည်။

"ဦးကျော်ခံ သူကြီးမင်းကို ကျုပ် မှတ်မိပါတယ်"

"ဟုတ်ကဲ့၊ သူက မင်းရွာလူကြီး ရွှေပန်းထိမ်ဆရာ ဦးထွန်းလှပါ၊ သူက. ."

"ဟား. . တား. . . ဟား လက်စသတ်တော့ သူကြီးနဲ့ သူခိုးနဲ့ ပေါင်းလာ ကြတာကိုး ဟန်ကျလိုက်လေဗျာ"

သူစကားမဆုံးခင်ပင် သူတော်ငတေက တဟားဟား ရယ်ကာ သူကြီးနှင့် သူခိုးတို့ ပေါင်းလာကြသည်ဆိုသဖြင့် သုံးယောက်စလုံးမှာ ချက်ချင်း မျက်နှာ ပျက်သွားကြသည်။

သူတော်ငတေက ဦးထွန်းလှတို့ မယီတာရီ သူ့ပုံစံအတိုင်း ခပ်ပြုံးပြုံး ကြည့် ပြီး . . .

"ဦးထွန်းလှ"

"ခင်ဗျား"

"ခင်ဗျားက ရွှေပန်းထိမ်ဆရာကြီး ဆိုတော့ သူခိုးကြီးပေါ့နော်"

"ဟာ ဦးသူတော် ကျုပ်က သူခိုး မဟုတ်ပါဘူးဗျ ဘယ့်နှယ် လူကို"

"ဟား ဟား စိတ်မရှိနဲ့ ဦးထွန်းလှ၊ ကျုပ်ကြားဖူးတာကတော့ ပန်းထိမ်ရှိနှိုး အမေ့ရွှေတစ်မတ်နိုးတဲ့ဗျ၊ ရှိုးတဲ့ ပန်းထိမ်တွေတောင် အမေ့ရွှေကို တစ်မတ်ခိုး တယ်ဆိုတော့ သူများရွှေတွေသာဆို ငါးမူးသုံးမတ်များ ဆရာတို့ ခိုးနေကြလား ဗျာ၊ အဲဒါကြောင့်လည်း ကျုပ်တို့ဆီက ခု ရွှေရည်မပီတာ လက်စသတ်တော့ ဆရာကြီးတို့ လတ်ချက်တိုး ဟဲ ဟဲ"

လမ်းမှာ တွေ့ခဲ့ကြရသော ယာတောင်ရွာသား ဦးကြာပန်း စကားကို





သတိရမိသွားလေသော ဦးထွန်းလှမှာ ရောက်ရောက်ချင်း သူတော်ငတေဆီ၌ ဆောင့်ထွင်း ခံလိုက်ရသဖြင့် ဒေါသလည်း ထွက်သွားသည်။ ထို့ကြောင့်-

"ဦးသူတော်၊ ခင်ဗျားပြောသလိုဆို ရွှေပန်းထိမ်တိုင်း သူခိုးချည်းလားဗျ"

"ကျုပ် ဘယ်လဲ့ရွှေမှ မခိုးဘူးဗျာ"

"တဲ ဟဲ ခင်ဗျားမို့ အပြောကောင်းတယ်၊ ခင်ဗျား နည်းနည်းလေးမှ မခိုး ဘူးလား၊ ကျုပ်ကို မလိမ်နဲ့နော်၊ ငတေကို ဘယ်လူမှ လိမ်လို့မရဘူးဗျ၊ ခင်ဗျား နည်းနည်းလေးဗျာ၊ နည်းနည်းလေးမှ မခိုးဘူးလား မှန်မှန်ပြောစမ်းပါ၊ ဟဲဟဲ"

သူတော်ငတေက တဟဲဟဲ ရယ်၍ ပြောနေသည်မှာ သူ့ကို တမင်ကျီစယ် ပြောနေသလား ဆိုသည်ကို ယခုမှ သတိထားမိလိုက်သော ရွှေပန်းထိမ် ဆရာကြီး ဦးထွန်းလှကလည်း ယခုမှ ရယ်ကျဲကျဲနှင့်-

"ပန်းထိမ်တွေ ရွှေခိုးတယ်ဆိုတာ စကားအဖြစ် လောကဝေါဟာရ ပြော ကြတာပါ ဦးသူတော်၊ ပန်းထိမ်ပညာမှာ အလျော့တွက်တို့ လက်ခတို့ ဘာတို့ ညာတို့ဆိုတာ တိတိကျကျ အင်မတန် တွက်ရခက်ပါတယ်၊ ကျွန်တော်တို့ တော ရွာကျေးလက်မှာ လုပ်ကိုင်စားသောက်ကြရတဲ့ ပန်းထိမ်ဆရာတွေက ပစ္စည်းကိရိယာအစ ရ ပိုပြီး မတိကျတတ်ကြပါဘူး၊ အဲဒါကြောင့် အနည်းအများ ပိုတဲ့အခါ ရှိသလို လိုတဲ့အခါလည်း ရှိတတ်ပါတယ်။ အဲသလို ရွှေလျော့စ်ရွှေ တစ်ခြမ်း လိုတာတွေကို ခိုးတယ်လို့ ပြောရင်တော့ စောစောက ဦးသူတော် ပြောသလို ကျွန်တော်မှိုးလည်း သူခိုးထဲ ပါတာပေါ့နော် ဟဲဟဲ။ ဒါပေမယ့် သူခိုးကြီးတော့ မဟုတ်ပါဘူး ခင်ဗျား၊ ဘုရားပေးပေး၊ ကျမ်းပေးပေး ကျိန်ရဲပါ တယ်"

"ခင်ဗျား အမှန်တွေ ပြောတာတော့ ကျုပ်သဘောကျသွားပြီ၊ အဲဒါ ကြောင့် ခင်ဗျားကို ကျုပ် ရွှေဖြစ်တဲ့နည်းလေးတစ်ခု ပေးလိုက်မယ်၊ မကောင်း ဘူးလား"

"ဟာ၊ ဘယ့်နှယ်ပြောပါလိမ့် ဦးသူတော်ခင်ဗျား၊ ကျေးဇူး မမေ့ပါဘူး၊ ပေးစမ်းပါ"

တွေ့စကသာ ဘုသောက်ဖြစ်ကြသော်လည်း ယခုမူ လေပေးဖြောင့်သွား ကြရာ ရွှေပန်းထိမ်ဆရာကြီး ဦးထွန်းလှမှာလည်း သူတော်ငတေက သူ့ကို ရွှေဖြစ်နည်းပေးမည်ဆိုသဖြင့် ထခုန်မတတ် ဝမ်းသာသွားပုံရသည်။

"ခင်ဗျားကို ရွှေဖြစ်နည်းပေးမယ်ဆိုတော့ ရေးပေးမှ ရမယ်ထင်တယ်၊ ခင်ဗျား ချက်ချင်း ကျက်သွားလို့လည်း ရဖို့ မလွယ်ဘူး ထင်တယ်၊ ဆရာလေးဘို့



www.burmeseclassic.com

www.burmeseclassic.com



ပေရွက်အပိုများ ရှိကြသေးလား"

သူတော်ငတေက ဆရာလေးတို့ ဆိုသဖြင့် ကျောင်းသားလေးတစ်ယောက်က သူတော်ငတေရှေ့ ရောက်လာသည်။

"ဆရာနေဆန်း ပေရွက်အပိုများ ရှိသေးလား"

"ပေရွက်အပိုတွေတော့ မရှိတော့ဘူး ဘာဘ"

"အဲဒါဆို ဒီပန်းထိမ်ဆရာကြီးကို ရွှေဖြစ်နည်းရေးပေးရမှာ ခက်နေပါလား"

"ကျွန်တော်တို့မှာ စာအုပ်ခဲတံပါ ပါတယ် ဦးသူတော်"

သူတော်ငတေ စကားမဆုံးမီ ရွာသူကြီးသွားတိုင်း လယ်ခွန်ယာခွန်တွေ အမြဲ ရေးပေးနေရသော ဆယ်အိမ်မှူး ဦးစိုးအောင်က ဝင်ပြောလိုက်သည်။

"ဟေ ဟုတ်ပါလား၊ ခဲတံ စာရွက် ခင်ဗျားတို့ ဘယ်ကရလဲ"

သူတော်ငတေက အထိတ်တလန့် မေးလိုက်၏။

"လယ်ခွန်ယာခွန်တွေကောက်ဖို့အတွက် အရေးပိုင်မင်းက ထုတ်ပေးထားပါတယ်"

"အဲဒီ အရေးပိုင်နဲ့ ကျုပ် တွေ့ချင်လိုက်တာဗျာ"

"ခဲတံ စာအုပ် တောင်းမလို့လား ဦးသူတော်"

"ဘယ်ဟုတ်မလဲဗျ၊ ကျုပ်တို့ကျတော့ ခဲတံ စာရွက် မကိုင်ရလို့ အမိန့်ထုတ်ထားပြီး ခင်ဗျားတို့ ကုလားဖြူကျွန်တွေကျတော့ ဘာလို့ ထုတ်ပေးထားလဲ မေးမေးပြီး ပါးနား လိမ့်လိမ့် ရိုက်ချင်လို့"

အရေးပိုင်မင်းကို သူကြီးရှေ့တွင် ပါးနားလိမ့်ရိုက်ချင်သည် ဆိုသော သူတော်ငတေကို ကြည့်ကာ ဆယ့်နှစ်ရွာပိုင်သူကြီး ဦးကျော်ဇံကတော့ မျက်နှာပျက်နေ၏။ အရေးပိုင်မင်းကို မဆိုထားနှင့် မြို့ပိုင်၊ တိုက်ပိုင်များကိုပင် သူကြီးဆယ်အိမ်မှူးရှေ့ မည်သူမျှ အမနာပ မပြောဆိုရဲကြသော်လည်း ငတေကား မည်သူ့ကိုမျှ ကြောက်ပုံမရပါလားဟုလည်း သူကြီးက အံ့ဩနေသည်။

"ကဲ ကဲ ကုလားဖြူတွေ လူ့ဝါးဝတဲ့အကြောင်း ပြောဆိုနေလို့က ပြီးမှာမဟုတ်သေးဘူး။ သူခိုးကြီးအတွက် နောင်ကို ဘယ်လူဆီကမှ မခိုးဘဲ ရွှေရဖို့နည်းက အရေးကြီးနေတယ်။ သူကြီး အကြံပေးလား၊ သူကြီးအောက်ဆွဲလား ခဲတံစာရွက်နဲ့ ပုဂ္ဂိုလ်ကြီး ရှေ့တိုးစမ်းပါ"

'ရှေ့တိုးစမ်းပါ' ဟု သူတော်ငတေက ပြောလိုက်လေသဖြင့် ဆယ်အိမ်မှူး ဦးစိုးအောင်က မဝံ့မရဲနှင့် သူတော်ငတေရှေ့ နည်းနည်း တိုးလာ၏။





"ကဲ ရွှေဖြစ်နည်း ရေးတော့"

"ဟုတ် ဟုတ်တဲ့ပါ"

"ပြည်ကောင်းအောင် ဆောင်မ ကိုးရယ်လို့ ရွှေဒေါင်းတောင် ကလောင်တစ်မျိုး . . . ဟာ မဟုတ်သေးဘူးဗျ၊ ကျုပ်ပါးစပ်ကလည်း အကောင်းသားမထွက်ရင် နေရမယ်၊ ပေါက်ကရတော့ အတော် ထွက်တတ်တာဗျ။ ကျုပ်က ပညာတွေ သင်ထားတာများနေတော့ ပညာတွေက လုံးလည်ချာလည်လိုက်ပြီး ပေါက်ကရ ဖြစ်သွားတာဗျ၊ ကဲ ကဲ သူကြီးအကြံပေးကြီး ရေးတော့ဗျာ၊ ကျုပ် ပြောသလို တစ်လုံးချင်းရေးနော်၊ ပန်းတိမ်ဆရာကြီး ရွှေဖြစ်သွားရင်တော့ ခင်ဗျားလည်း အကျိုးရှိမှာပေါ့ ဟဲတဲ"

"ဟုတ်ကဲ့ပါ ဦးသူတော်"

"ခေါင်းစဉ်က ဘော်ဝါးလမ်းတဲ့ဗျ ရွှေပန်းထိမ်ဆရာကြီး မှတ်ထားနော်"

"ဟုတ်ကဲ့ပါ ခင်ဗျား"

"ကဲ ရေးတော့ဗျာ"

"ဟုတ်ကဲ့"

"ပျော်ကြောင်းငယ်ရှာ၊ ဘော် ကောင်းစွာ ချိန်တစ်ကျပ်ကယ်နှင့် ယမ်းစွက်ပါလို့ လေးတူစွာ ယမ်းကုန်လျှင် ကန့်ကိုဖြူ ထုံးတဲ့ပညာ၊

ဆင်ကျောက်ကုန်း ကျွဲပုန်းသည့် ပုံသဏ္ဍာန်၊ ဆင်နှင်းဖြန် မြေအန်သည့် ဘုံးဖော်နိုင်သူ တစ်ပြည်လုံး တင်းချိန်လို့ သုံးတဲ့ . . . ဗျ"

"ဟုတ်ကဲ့"

"ရေးတာတော့ မှန်ပါတယ်နော်၊ တစ်ခေါက် ဖတ်ပြစမ်းပါဦး"

သူတော်ငတေက တစ်ခေါက် ဖတ်ပြပါဦး ဆိုသဖြင့် ဦးစိုးအောင်က သူတော်ငတေမှ ရွတ်ပြသည့်အတိုင်း လိုက်ရေးထားသည်ကို တစ်ခေါက် ဖတ်ပြလိုက်သည်။

"အဲဒါ နာနာနယ ပတိဋ္ဌာတ ဓိဝနိကျမ်းလာ ရွှေဖြစ်နည်းပဲ ပန်းထိမ်ဆရာကြီးရဲ့"

"ဟုတ်ကဲ့ ခင်ဗျား၊ ကျေးဇူးတင်ပါတယ် ဦးသူတော်၊ ဒါပေမယ့် ဦးသူတော်ကို တစ်ခု မေးပါရစေဦး ခင်ဗျား"

ဦးစိုးအောင် လိုက်ကူးထားသော သူတော်ငတေ စာသားကို သေသေချာချာ ငုံ့ကြည့်လိုက်ပြီး ရွှေပန်းထိမ်ဆရာ ဦးထွန်းလူက ပြောလိုက်၏။

"မေးလေ၊ ခင်ဗျား ဘာမေးမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ကျောက်ကုန်း တျားပုန်းသည့် ပုံသဏ္ဍာန်၊ ဆင်နှင်းပြန် မြွေအန်သည့်ထုံး ဆိုတာ ဘာကို ဆိုလိုတာလဲ ခင်ဗျား ယမ်းစွတ်ပါလို့ လေးတူစွာဆိုတာလည်း သဘောပေါက်ပါတယ်၊ ယမ်းတုန်လျှင် တန့်ကိုဖြုံ ဆိုတာလည်း ရှင်းပါတယ်။ အဲဒီ ဆင်ကျောက်ကုန်း တျားပုန်းသည့် ပုံသဏ္ဍာန် ဆိုတာနဲ့ ဆင်နှင်းပြန် မြွေအန်သည့်ထုံး ဆိုတာ ဘယ်လို အဓိပ္ပာယ်တွေပါလဲ ခင်ဗျား"

"ဟာ ကျုပ်လည်း ဘယ်သိမလဲဗျ၊ နာနာနယ ပတိရှုကကျမ်းမှာ တွေ့လို့ ကျက်ထားတာ ရွတ်ပြတာပဲ"

သူတော်ငတေ ခွပြောပြီဆိုသည်ကို သိလိုက်သဖြင့် ဦးထွန်းလူက ရှေ့ဆက်မမေးတော့။

"ဖော်နိုင်သူ တစ်ပြည်လုံး တင်းချိန်လို့သုံးလို့ . . . ဆိုထားတာပဲ၊ ခင်ဗျား ဘာသာခင်ဗျား ဖော်ကြည့်ပေါ့"

"ဟုတ်ကဲ့ပါ၊ ဒါနဲ့ ကျွန်တော် . . ."

"တော်ပြီဗျာ မမေးနဲ့တော့"

"မဟုတ်ပါဘူး ဦးသူတော်၊ ကျွန်တော်တို့ လာရင်းကိစ္စက ဗိန္ဒောဖြစ်နည်း လာရှာတာ မဟုတ်ပါဘူး ခင်ဗျား"

သူတော်ငတေနှင့် ဦးထွန်းလူတို့ ဆက်ပြောနေကြလျှင် သူတော်ငတေက ဘုလောတော့မည်ကို ရိပ်မိနေသဖြင့် သူကြီးမင်း ဦးကျော်ဇံက ဝင်ပြောလိုက်ရ၏။

"ဗျာ အဲဒါဆို ဘာကိစ္စ"

"ဦးသူတော်ဆီ ကျွန်တော်တို့ လာရတဲ့ကိစ္စက ညညတျရင် ကျွန်တော်တို့ ရွာထဲ ပိတုန်းတွေ ရာချီထောင်ချီပြီး ဝင်လာပြီး လူတွေကို လိုက်တုပ်လိုက်ထိုးနေကြတဲ့ကိစ္စ ဦးသူတော် အစီအမံတစ်ခုခု ဆောင်ရွက်ပေးဖို့ လာပြောကြတာပါ"

"ဘာအစီအမံလဲဗျ၊ အစီအမံတွေဘာတွေ ကျုပ် မလုပ်တတ်ပါဘူး"

"ကျွန်တော်တို့ကြားကြပါတယ် ဦးသူတော်ရယ်၊ သာတောင်ရွာ ပိတုန်းတွေ ဝင်တုပ်တုန်းက ဦးသူတော်က လုပ်ပေးတယ်ဆိုတာ"

"အဲဒါ ဘာအစီအမံမှ မဟုတ်ပါဘူးဗျာ၊ မတည့်တဲ့ ဓာတ်ချင်း တိုက်ပေးလိုက်တဲ့သဘောပါ။ ခု ခင်ဗျားတို့ ဒီကျောင်းဝင်းထဲက သရက်ပင်တွေကို လိုက်ကြည့်၊ ဘယ်သရက်ပင်မှာမှ ခါချဉ်တုပ် ခါချဉ်တစ်ကောင်မှ မရှိဘူးဗျ၊ အဲဒါ ခါချဉ်ကောင်တွေနဲ့ မတည့်တဲ့ ပြောင်းဖူးပင်တွေကို ခါချဉ်ကောင်ရှိတဲ့





အပင်အောက် စိုက်ထားလို့ပဲဗျ"

"ဟုတ်ကဲ့၊ ခုလည်း ပိတုန်းတွေ ညည ရွာဝင်လာတဲ့ကိစ္စကို မတည့်တဲ့ဓာတ်ချင်း လုပ်ပေးပါခင်ဗျား"

သူတော်ငတေအား ဆယ့်နှစ်ရွာပိုင်သူကြီးက ပြော၏။

"အဲဒါ လွယ်ပါတယ် သူကြီးမင်းရယ်"

"ဟုတ်ကဲ့ပါ၊ ဦးသူတော်ကတော့ သိတဲ့ တတ်တဲ့လူမို့ လွယ်ကူပေမယ့်၊ ကျွန်တော်တို့မှာ ဘာလုပ်ရမှန်းမသိလို့ အိပ်ရေးပျက်တာလည်း သုံးလေးညရှိနေပါပြီဗျာ၊ အဲဒါ လုပ်ပေးစမ်းပါ"

"အေးပါ၊ ကျုပ်ပြောမယ်၊ ခင်ဗျားတို့ သေသေချာချာ နားထောင်"

"ဟုတ်ကဲ့ပါ"

"ပျားပိတုန်းတို့ဆိုတာ ဘာစားလဲ"

"ပျားပိတုန်းတွေဆိုတာ ပန်းကို စုပ်စားပါတယ် ဦးသူတော်"

"ပန်းဆိုတာက မွှေးသလား၊ နံသလား"

"မွှေးပါတယ် ခင်ဗျား"

"အေး၊ အဲဒါ တမြေပဲဗျာ၊ ကျုပ် ပြောမယ်"

"ဟုတ်ကဲ့ပါ"

"ခင်ဗျားတို့ ရွာမှာ ရာဝင်အိုးကြီးတွေတော့ ရှိမှာပေါ့"

"ဟုတ်တဲ့၊ အိမ်တိုင်းလိုလို ရှိကြပါတယ် ဦးသူတော်"

"ရွာဝင်အိုးကြီးတစ်လုံးကို ရွာအလယ်မှာတည်၊ ရေတစ်ဝက်လောက်ထည့်၊ ပြီးတော့ ခင်ဗျားတို့ တစ်ရွာလုံး ယောက်ျား မိန်းမ ကလေးသူငယ်ပါ မကျန် လိုသမျှချေးတွေကို အဲဒီ ရာဝင်အိုးကြီးထဲထည့်၊ ပြီးတော့ ယောက်မအဲ လှော်တက်ပေါ့ဗျာ၊ ထမနဲ့ထိုးသလို အားကောင်းမောင်းသန် မင်းယောက်ျားကြီးတွေက ချေးတွေ၊ စမြင်းတုံးတွေပါ အစေးပေါက် ကြေသွားအောင် နာနာမွှေ၊ ကြေပြီ ညက်ပြီဆိုရင် ဒီအတိုင်း ထားလိုက်တော့ ဒီရာသီ လေရူးနှောက်တဲ့ ရာသီပဲဗျ၊ ညကျလို့ လေရူးလည်း နှောက်လိုက်ရော တစ်ရွာလုံး ချေးစော်နံလာတော့ ရွာထဲ ဘယ်ပိတုန်းမှ ဝင်လာမှာ မဟုတ်တော့ဘူး။ ဘယ့်နှယ်လဲ အဲဒီနည်းက မကောင်းဘူးလား၊ ဒါ မတည့်တဲ့ ဓာတ်ချင်းတိုက်ပေးတဲ့ သဘောပဲ သူကြီးမင်းရယ်"

သူတော်ငတေစကားကို သူကြီးမင်း ဦးကျော်ဇံမှာ ကြားကတည်းက မျက်နှာမှာ ပျက်နေ၏။ သူတော်ငတေသည် သူတို့ကို တမင်သက်သက် အရွဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပြောပြီဟု ထင်လိုက်သည်။ လာမိတာ မှားပြီဟုထင်တာ ထိုင်ရမလို ထရမလိုနှင့် သုံးယောက်စလုံး အေးမလုပ် အင်းမလုပ် ဖြစ်ကုန်ကြသည်။

"ဘယ့်နှယ်လဲဗျ၊ ကျုပ်ပြောတာ"

သူတော်ငတေက ခွပြောပြီထင်သဖြင့် မည်သူကမှ ဟုတ်ကဲ့ မလိုက်ခြေ၊ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်၊ သူတော်ငတေကို ကြည့်လိုက်နှင့် ယခုအချိန်ထိ နှုတ်ဆိတ်လျက်သာ။

"ချေးဆိုတာနဲ့ ဘာလဲ ခင်ဗျားတို့ က ရွံကြလို့လား၊ ချေးက လူတိုင်းအူထဲ ဗိုက်ထဲ ရှိတာပဲဗျ၊ ဘာရွံစရာရှိလဲ၊ လူချေးဟာ အင်မတန်ကို ဆေးဖက်ဝင်တယ်ဗျ။ ခင်ဗျားတို့ မသိလို့ပါ၊ မှဆိုးတွေရဲ့ တစ်ဆွေ့ခုနှ် နှစ်ဆွေ့ခုန် မြားဆိပ်တွေမှာ လူချေးပြာပါတယ်၊ တစ်ဆွေ့ ခုန်မြားဆိပ်ဆိုတာ ဘယ်သတ်ရှိသတ္တဝါကို ဖြစ်ဖြစ် ပစ်လိုက်လို့ သွေးပေါက်တာနဲ့ တစ်ချက်သာ ခုန်နိုင်ပြီး သေတာကို မုဆိုးတွေက တစ်ဆွေ့ခုန်မြားဆိပ်လို့ ခေါ်တယ်။ လူချေးပြာကို တစ်နေ့ နည်းနည်း နည်းနည်း စားပေးရင် ကိုးဆယ့်ခြောက်ပါး ရောဂါတွေပါ ပျောက်တယ်။ မယုံလို့လား သူကြီးမင်း"

ဤတစ်ခါတော့ သူတော်ငတေဆီ လာမိတာ မှားပြီးထင်သည့်အမြင် အရှေ့ဘက်ကမ်းနားတွင် တွေ့ခဲ့ကြရသော ဦးကြာပန်း၏ စကားကိုမူ သူကြီးမင်း ဦးကျော်ဇံက ကြားယောင်လာကာ ပိုပြီး မျက်နှာမထားတတ် ဖြစ်လာသည်။

"အဲဒီတော့ ကျုပ်က ချေးဟာ ဘယ်လောက်ဆေးဝင်တယ်၊ အာနိသင်ရှိတယ်၊ ဘာပြီးတယ် ညာပြီးတယ်ဆိုတာတွေ အသာထားပြီး ခင်ဗျားတို့ သူကြီးမင်းတို့လည်း ကြားဖူးမှာပါ။ ပုဂံပြည်ကြီးက သူဌေးကြီး ဦးကျော်စွာ ဒေါ်သော်တာတို့ရဲ့ ရဟန်းကြီး အဋ္ဌဂေါဏ ထွက်ရပ်ပေါက်ပြဒါးလုံး ဖိုထိုးတာ ပုဂ္ဂိုလ်တစ်ဦးက အနှောင့်အယှက်ပေးပြီး ချေးကျွေးရမယ်ဆိုတာ ရွှေကျွေးရမယ်လို့ ပြင်ရေးထားခဲ့တာနဲ့ ရဟန်းကြီး အဋ္ဌဂေါဏက ကျွေးလိုက်တဲ့ ရွှေတွေ သူဒကာ ကျော်စွာနဲ့ ဒကာမ သော်တာတို့လည်းမွဲ၊ နောက် ဘုရင်က သူ့ဘဏ္ဍာတိုက်က ရွှေတွေထုတ်ပြီး လိုသလောက် ကျွေး၊ သုံးနှစ်ပြည့်လို့ ဘာမှ ဖြစ်မလာရင် မျက်လုံးကိုဖောက်မယ်ဆိုပြီး အလောင်းအစားလုပ်ကြတ၊ ချေးကျွေးရမယ်ဆိုတာ ရွှေတွေချည်းကျွေးနေလို့ ဘုရင့်ဆီမှာ သုံးနှစ်ပြည့်တော့ မျက်လုံး အဖောက်ခံရတယ်ဆို မဟုတ်လား။ နောက်တော့ စိတ်နာနာနဲ့ ဒီလောက်တောင် ဒုက္ခပေးလှတဲ့မာတ်လုံး ချေးတွင်း(ကုဋ္ဌိ)ထဲ ပစ်ချလိုက်တော့မှ ချေးစားရလို့ မာတ်လုံးက





မြူးပျံတောက်ပ ရွှေဖြစ်တဲ့အတတ်ကို ရသွားတာဆို မဟုတ်လား။ ခု ခင်ဗျားတို့ ရွာထဲ ညည ပိတုန်းတွေ ဝင်တုတ်တာ ရွာလယ်မှာ ချေးအိုးကြီးဘည်ပြီး လုပ်ရမယ်ဆိုတာနဲ့ သူကြီးမင်းလည်း မျက်နှာပျက်၊ ခင်ဗျားတို့ နှစ်ယောက်ကလည်း အသံမထွက်ကြတော့ဘူးဆိုတော့ ဒီနည်းကို ခင်ဗျားတို့ မကြိုက်ကြတာ သေချာတယ်၊ ဒီတော့ ငတေမှာ နည်းတွေအများကြီးပေါ့ဗျာ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဦးသူတော်၊ ရွာလယ်မှာ ချေးအိုးကြီး တည်ထားရမယ့်နည်းကတော့ သိပ်မသင့်တော်ဘူး ထင်ကြလို့ပါခင်ဗျား၊ တခြား နည်းလမ်းလေးပဲ ပေးပါ"

"ခင်ဗျားတို့က လူပျင်းတွေဆိုတော့၊ ကဲ၊ အလွယ်ဆုံးနည်းထစ်ခု ပေးလိုက်မယ်"

"ဟုတ်ကဲ့ခင်ဗျား၊ ကျေးဇူးပါပဲ"

"အဲဒါကတော့ ခင်ဗျားတို့ ဘာမှ မပင်ပန်းဘူး၊ ရွာဆော်ကြီးတစ်ယောက်သာ နည်းနည်း အာခြောက်မယ့်နည်းဗျ"

"ဟုတ်ကဲ့ပါ ဦးသူတော်"

"ကျုပ်ပေးလိုက်တဲ့ ဂါထာကို ခါတိုင်း ရွာဆော်သလို သူကြီးအမိန့်နဲ့ ဆော်ရမယ်နော်"

"ဟုတ်ကဲ့ ခင်ဗျား"

"ကဲ၊ ဟို ကုလားကျွန်တွေသာ ကိုင်ခွင့်ရတဲ့ ခဲတံ စာအုပ်နဲ့ ပုဂ္ဂိုလ် သေသေချာချာ ကျုပ်ဂါထာကို ရေးနော်"

"ဟုတ်ကဲ့ ခင်ဗျား"

"ရွာဆော်ကြီးက ဆယ်အိမ်ခြား ငါးအိမ်ခြား လိုက်ဆော်ရမှာကတော့ ခါတိုင်းလိုပေါ့၊ ဆယ့်နှစ်ရွာပိုင် သူကြီးအမိန့် မင်းရွာသူမင်းရွာသားများ လှည်းနေလှေအောင်း မြင်းစောင်းမကျန် မသိမကြား မရှိစေရ၊ ဒူ ဒူပေါ့ဗျာနော်"

"ဟုတ်ကဲ့ခင်ဗျား"

"ကဲ၊ သူတော်ဂါထာဆိုတော့ ဦးချင် ဦး မအုံချင် ခွာချပေါ့ဗျာနော်"

"ဟုတ်ကဲ့ပါ ဟဲ ဟဲ"

"ဂါထာစာကိုယ်နော်၊ သေသေချာချာ ရေးတော့"

"ဟုတ်ကဲ့ပါ"

"မင်းရွာသူ မင်းရွာသားများ ကိုယ့်အပြစ် ကိုယ်သိ
ငတိသူ့တော် ကျောက်ခေါင်းပျော်၊ သူတော်မယား . . . "



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ခေါင်းပျော် ဆိုတာက ကျွန်တော်တို့ မြစ်နားက တကျောက်ခေါင်း တောင်ကို ဆိုလိုတာလား ဦးသူတော်"

"တောက်၊ ခင်ဗျားပါးစပ် ပိတ်ထားစမ်း၊ ဂါထာရေးနေပါတယ်ဆို၊ ဒါ ခင်ဗျားအလုပ်လား"

သူတော်ငတေက ဟောက်လိုက်သဖြင့် ဆယ်အိမ်မှူး ဦးစိုးအောင်မှာ မော့ကြည့်ပြီး မေးနေရင်းက ခေါင်းငုံ့ နှုတ်ဆိတ်သွား၏။

"ကဲ ထပ်ရေး၊ နောက်မမေးနဲ့နော်"

"ဟုတ်ကဲ့ပါ ဦးသူတော်၊ မသိလို့ပါ"

"ရှည်ပြန်ပြီ၊ ရေးဆို ရေးတော့"

ဤတစ်ခါတော့ ဦးစိုးအောင်က ဘာမှ မပြောတော့၊ သူကိုင်ထားသော ခဲတံကို တဲ့တွေးတစ်ချက် ကိုက်လိုက်တာ အသင့်ပြင်ထား၏။

"မင်းရွာသူ မင်းရွာသားများ ကိုယ့်အပြစ် ကိုယ်သိ၊ တေသူတော် ကျောက်ခေါင်းပျော်၊ သူတော်မယား ကျောက်ခေါင်းသွား၊ သွား သွား မြန်မြန်သွား ဒီနေ့ညမှာ အမြန်သွား ဂါထာကတော့ ဒါပဲ သူကြီးမင်း"

"ဟုတ်ကဲ့ ခင်ဗျား"

"အဲဒီ ဂါထာ ရွာဆော်ကြီးကို အရကျက်ခိုင်းပြီး နေမဝင်မီ ရွာကို ဆော် ခိုင်းလိုက် သူကြီးမင်း၊ ဒါဆို ခင်ဗျားတို့ရွာကို ဘယ်ဝိတုန်းတစ်ကောင်မှ မလာ တော့ဘူး"

"ဟုတ်ကဲ့ပါ ဦးသူတော်၊ ကျေးဇူးတင်ပါတယ်"

"ဘာ ကျေးဇူးမှ တင်မနေနဲ့ ပါတာသာ ပေးထားခဲ့ကြ၊ ဟဲ ဟဲ"

သူတော်ငတေ၏ ပါတာကို ပေးထားခဲ့ကြဆိုသဖြင့် သူကြီးမင်း ဦးကျော်ဇံက ငှက်ပျောသီးသုံးဖီး၊ ဆေးရွက်ကြီး တစ်စည်းနှင့် ကြံသကာထုပ် တစ်ထုပ်ကို ဘုန်းကြီးကပ်သလိုကို ရိုသေသေ ပေးကပ်ပြီး မတ်တတ်ထလိုက်ကြသည်။

"ကဲ ကျွန်တော်တို့ ခွင့်ပြုပါဦး ဦးသူတော်"

"ကောင်းပါပြီဗျာ၊ ကြွကြွတော့"

သူတော်ငတေက ကြွကြွတော့ဆိုသဖြင့် မင်းရွာသူကြီး ဦးကျော်ဇံတို့သည် သူတော်ငတေ၏ ဖိုရုံနရှု ကွပ်ပျစ်ပေါ်မှ ဆင်းလာကြရာ ခြေလှမ်း ငါးလှမ်းပင် မပြည့်သေး၊ သူတော်ငတေက

"တေ့ ဟိုပန်းထိမ်ဆရာ ခဏ ခဏ"

ဟု ဆိုလိုက်သဖြင့် သုံးယောက်စလုံး ခြေလှမ်းရပ်ပြီး ပန်းထိမ်ဆရာကြီး





ဦးထွန်းလှက သူတော်ငတေဘက် လှည့်ကြည့်လိုက်သည်။

"ပန်းထိမ်ဆရာကြီး ကျုပ်နည်းနဲ့ ရွှေဖြစ်ရင်တော့ ကျုပ်ကို မမေ့ပါနဲ့နော်"

"စိတ်ချပါ ဦးသူတော်၊ ဦးသူတော်ပေးတဲ့နည်းနဲ့ ရွှေဖြစ်လာရင် ဦးဆုံး ဦးသူတော်ဆီကို လာကန်တော့ပါမယ် ခင်ဗျား"

"အေး ခင်ဗျားတော့ မသိဘူး၊ ကျုပ်တပည့်တွေဝါတော့ အဲဒီနည်းနဲ့ ရွှေဖြစ်ငွေဖြစ် ဖြစ်ကုန်ကြလို့ ခင်ဗျားကို ပေးတာ"

"ဟုတ်တဲ့၊ ဦးသူတော် တပည့်တွေက ရွှေဖြစ်ငွေဖြစ်တောင် ရှိနေကြပြီဆို တော့ ခု ဦးသူတော် အဆင့်ကတော့ခင်ဗျား ဘာတွေ ဖြစ်နေပြီလဲ"

"ကျုပ်ကလား"

"ဟုတ်ကဲ့"

"ဘာမှ မဖြစ်လို့ ခု ဖိုဆွဲဟယ်၊ ပြာကျဲ့ဟယ် လုပ်နေတာပေါ့ဗျ ဟဲဟဲ"

ထိုအခါမှ သူတော်ငတေ နောက်မှန်းသိဖြင့် ဦးထွန်းလှတို့မှာ တဟဲဟဲ ရယ်ပြီး ကျောင်းဝင်းထဲက ထွက်လာကြလေသည်။

"အရူးကို လင်လုပ်ရတယ်ဆိုတာ ဒီသူတော်ငတေလို လူမျိုးနဲ့ စကားပြော ရတာမျိုး ဖြစ်မယ်နော် ဦးလေး"

"ဟဲ ဟဲ အေးကွ၊ တကယ် အပေါင်းရအသင်းရကျပ်မယ့် ငတေပဲ၊ အဲဒါ ကြောင့်လည်း ဦးကြာပန်းကြီးက တို့ကို ပြောတာဖြစ်မယ်"

ဦးထွန်းလှ၏ အမေးကို သူကြီး ဦးကျော်ဇံကလည်း ရယ်ပြီး ပြန်ပြော၏။

"သူပြောတာတွေ တကယ်ကော ဟုတ်နိုင်ပါ့မလားနော် သူကြီး"

"အေးလေကွာ၊ ဘာပဲဖြစ်ဖြစ် ဟုတ် မဟုတ်တော့ လုပ်ကြည့်ကြရမှာပေါ့"

ဦးစိုးအောင်၏ မယုံသင်္ကာစကားတို့ သူကြီးကျော်ဇံကတော့ လုပ်ကြည့်ရ မည်ဟု ဆိုသည်။

ယာတောင်ရွာဘက်ဆီမှ စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ နေမွန်းမတည့်မီပင် သူတို့ မင်းရွာသို့ ရောက်လာကြ၏။

သူကြီး ဦးကျော်ဇံ ပြောသလို ဟုတ်သော်ရှိ မဟုတ်သော်ရှိ လုပ်ကြည့်ကြ ရမည်ဖြစ်ရာ မင်းရွာကို ရောက်သည်နှင့် ရွာဆော်ကြီး ဦးရွှေဇန်ကို ခေါ်တာ သူတော်ငတေ ပြောပေးလိုက်သော ရွာဆော်ဂါထာကို အလွတ်ကျက်စေပြီး နေမဝင်မီ ရွာကို ဆော်ဩရန် သူကြီးမင်းက အမိန့်ချမှတ်လိုက်လေသည်။

သူကြီးမင်း အမိန့်အတိုင်းပင် ရွာဆော်ကြီး ဦးရွှေဇန်ကလည်း ငါးအိမ် ကြား တစ်ခါ၊ ဆယ်အိမ်ကြား တစ်ခါ သူတော်ငတေ၏ ရွာဆော်ဂါထာနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးကို လျှောက်ပြီး ကြေနင်း မောင်းလည် ဆော်ခတ်ရတော့သည်။

"ဒူ. . . ဒူ. . . ဒူ"

"ဆယ့်နှစ်ရွာပိုင် ရွှေစလွယ်ရ သူကြီးမင်းအမိန့် မင်းရွာသူ မင်းရွာသားများ မသိ မကြား မရှိစေရ"

"ဒူ. . . ဒူ. . . ဒူ"

"မင်းရွာသူ မင်းရွာသားများ၊ ကိုယ့် အပြစ်ကိုယ်သိ၊ ငတေသူတော် ကျောက်ခေါင်းပျော်၊ သူတော်မယား ကျောက်ခေါင်းသွား၊ သွား သွား မြန်မြန်သွား ဒီနေ့ညမှာ မြန်မြန်သွား. . ."

"ဒူ. . . ဒူ. . . ဒူ"

ရွာဆော်ကြီး ဦးရွှေဖန်သည် သူကြီးမင်းအမိန့်အတိုင်း ဆယ်အိမ်ကြား ငါးအိမ်ကြား တစ်ခါ သူတော်ငတေ၏ ဝါထာနှင့် ရွာကို ဆော်ဩနေသည်။

မင်းရွာသူ မင်းရွာသားများမှာ ဘာမှန်း မသိဖြင့်-

"ဦးရွှေဖန် ခင်ဗျား ရွာဆော်တာကလည်း ခါတိုင်းလို မဟုတ်ပါလား၊ ဘယ်လိုလဲဗျာ ဘာအဓိပ္ပာယ်လဲ၊ ငတေသူတော် ကျောက်ခေါင်းပျော် ဆိုတာ"

ဟု လိုက်မေးကြ၏။

"မသိဘူးလေဗျာ၊ ကျုပ်ကလည်း သူကြီးဆော်ခိုင်းတဲ့အတိုင်း ဆော်ရတာပဲ"

ဦးရွှေဖန်ကလည်း မေးလာသမျှ လူများကို ဤသို့သာ ပြောရ၏။ အမှန်တကယ်လည်း ဘာအဓိပ္ပာယ်ဆိုသည်ကို သူမသိ။ ထို့ကြောင့်လည်း တစ်ရွာလုံးကို လျှောက်၍ မောင်းတဒူဒူနှင့် သူကြီးအမိန့်အတိုင်း လိုက်ဆော် လိုက်ဆော် နေရလေသည်။

"ဒူ. . . ဒူ. . . ဒူ"

"ဆယ့်နှစ်ရွာပိုင် . . . ရွှေစလွယ်ရ သူကြီးအမိန့်. . ."

"ဒူ. . ဒူ. . ဒူ"

"မင်းရွာသူ မင်းရွာသားများ လှည်းနေလှေအောင်း မြင်းစောင်းမတျန် မသိ မကြား မရှိစေရ"

"ဒူ. . ဒူ. . ဒူ"

"မင်းရွာသူ မင်းရွာသားများ၊ ကိုယ့်အပြစ်ကိုယ်သိ၊ ငတေသူတော် ကျောက်ခေါင်းပျော်၊ သူတော်မယား ကျောက်ခေါင်းသွား၊ သွား သွား မြန်မြန်သွား ဒီနေ့ညမှာ မြန်မြန်သွား"





ဆယ်အိမ်ကြား ငါးအိမ်ကြားကို ရွာဆော်ကြီး ရောက်တိုင်း ကြားသူများက-

"ညည ပိတုန်းတွေ ရွာထဲဝင်တုပ်လို့ လူတွေ ချောက်ချောက်ချားချား ဖြစ်နေကြရတဲ့ထဲ သူကြီးကလည်း ဘာဆော်ခိုင်းမှန်း မသိနဲ့၊ အားလုံးတော့ ဒုက္ခ ရောက်ကုန်ကြတော့မှာပဲ"

ဟု ပြောသူတွေက ပြောကြသည်။

ထို့ကြောင့်လည်း တချို့ ကြောက်တတ်သူများဆိုလျှင် ရွာထဲ၌ပင် မအိပ်ဝံ့ကြတော့ဘဲ နွားတင်းကုပ်၊ ကောက်ရိုးပုံ၊ လယ်တဲ ယာတဲ ထွက်အိပ်ကြသည်အထိ ဖြစ်ကုန်ကြသည်။

ဆယ့်နှစ်ရွာပိုင် သူကြီးဦးကျော်ဇံနှင့် ရွာလူကြီးများမှာလည်း သူတော်ငတေက ဤသို့ ဆော်လိုက်ပါဆို၍သာ ရွာဆော်ကြီးကို ဆော်ဩခိုင်းရသော်လည်း ဟုတ်မှ ဟုတ်ပါ့မလား၊ လွန်ခဲ့သော နှစ်နှစ်ခန့်က မင်းရွာကာလသားများနှင့် ယာတောင်ရွာက ကာလသားများ တန်ဆောင်မုန်းလ ကထိန်ပွဲတွင် ဒိုးပတ် အပြိုင်တီးကြရင်းက ခိုက်ရန်ဒေါသ ဖြစ်ခဲ့ဖူးကြသည်။ ထိုစဉ်ကလည်း သူတော်ငတေ၏ တပည့်တွေက မင်းရွာကာလသားများကို လိုက်ထိုးသဖြင့် ပြေးလာခဲ့ကြရသော အကြောင်းဖြစ်ပျက် ရှိထားခဲ့ကြရာ ယခု သူတော်ငတေသည် သူတို့ရွာကို ထိုအငြိုးနှင့်များ ပိုပြီး ဆိုးဆိုးရွားရွားဖြစ်အောင် စီမံပေးလိုက်တာလားဟူသော သံသယနှင့် ရွာ၏ အခြေအနေကို စောင့်ကြည့်နေကြရလေသည်။

ရွာထဲရှိ ရွာသူရွာသားများမှာမူ လွန်ခဲ့သော ညများကလို မိုးချုပ်သည်နှင့် ပိတုန်းကောင်များ ရွာထဲကို ဝင်လာကြမှာ အကြောက်ကြီး ကြောက်နေကြသဖြင့် မိုးမချုပ်ခင်ကပင် အိမ်ထဲဝင် တံခါးပိတ်ကာ တိတ်ဆိတ်ငြိမ်ကုပ်နေကြသည်။ ထို့ကြောင့် ရွာလယ်လမ်းနှင့် ခြံတွင်းအိမ်ပြင်တွင် မည်သူမျှ မရှိကြ၊ အိမ်ခြေငါးရာကျော်ရှိသော မင်းရွာမှာ လူသံသူသံပင် မကြားရဘဲ ချောက်ချားစရာ ကောင်းလောက်အောင် တိတ်ဆိတ်နေလေသည်။

ရွာ၌ တာဝန်ရှိသူ သူကြီးနှင့် ရွာလူကြီးများကသာ ရွာ၏ အခြေအနေကို စောင့်ကြည့် အကဲခတ်လျက် ရှိနေကြ၏။

သည်လိုနှင့်ပင် သူငယ်ခေါင်းချ ကြက်တွန်သံများကိုသာ ကြားကြရပြီး ဟိုနေ့ ဟိုနေ့တွေကလို မင်းရွာထဲ ပိတုန်းဆို၍ တစ်ကောင်တစ်မြီးမှ ဝင်ရောက်လာသည်ကို မမြင်မတွေ့ကြရတော့မှ သူတော်ငတေ၏ အစွမ်းကို သိသွားကြလေသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com




## သူတော်ငတေနှင့် ငှက်ပျောတစ်ခိုင်

နေ့တစ်နေ့၏ နံနက် ဝေလီဝေလင်းအချိန်တွင် ဖြစ်သည်။

ယာတောင်ရွာမှ ဦးညိုမောင်ဆိုသူသည် သူ၏ ခြံထွက် ငှက်ပျောမှည့် တစ်ခိုင်ကို ထမ်းကာ မင်းရွာဈေးသို့ စျေးရောင်းအမီ ထွက်လာသည်။ ကညင်တော တောင်ပူစာ နှစ်လုံးကြား လမ်းကျဉ်းသို့ ရောက်သောအခါ ဘယ်တော ဘယ်တောင်က ပြန်လာသည်မသိသော သူတော်ငတေနှင့် လှသွားလမ်းကျဉ်း လေးထဲတွင် မျက်နှာချင်းဆိုင် ပက်ပင်း ဆုံမိကြ၏။

ငှက်ပျောမှည့်တစ်ခိုင် ထမ်းလာသော ဦးညိုမောင်ကို သူတော်ငတေက ရှေ့မှ လတ်ကာ ဆီးတားကာ-

"ဦးညိုမောင် မှတ်တယ်၊ စောစောစီးစီး ဘယ်သွားမလို့တုံးဗျ"

ဟု စတင် နှုတ်ဆက်သည်။

"မင်းရွာဈေး သွားမလို့"

ဦးညိုမောင် စိတ်ထဲမှာ စောစောစီးစီး အမင်္ဂလာ တစ်ခုခုကို တွေ့လိုက်ရသလို ခံစားမိလိုက်သဖြင့် ထိုတိုပြတ်ပြတ်ပင် ပြောချလိုက်သည်။

"ငှက်ပျောခိုင်ကြီးနဲ့ပါလား သွားရောင်းမလို့လား"

"ဟုတ်ပါတယ်"

"ဟဲဟဲ ခင်ဗျားဟာလေ အတော့်ကို ပါရမီထူးတဲ့ ပုဂ္ဂိုလ်ပဲဗျ"

"ဘာရယ် ဦးသူတော်"

မင်းရွာဈေးကို အချိန်မီ ငှက်ပျောသီး ရောင်းရန်သွားကာမှ သူတော်ငတေနှင့် မျက်နှာချင်းဆိုင် လမ်းကျဉ်းလေးထဲတွင် ပက်ပင်းရှေ့ဆိုင် တိုးမိနေသည်ကို စိတ်ထဲ ကသိကအောက် ဖြစ်သွားသော ဦးညိုမောင်က သူတော်ငတေကို

www.burmeseclassic.com



စေ့စေ့ကြည့်၍ မေးလိုက်၏။

"ဩော် ဒီလိုပါ ကျောင်းဒကာကြီး မန္တိုင်းကောင်းနိုင်းတောင်း ဆိုပါတော့ဗျာ။ ကုသိုလ်ကမ္မပထမြောက်ချင်ပြီး ဒိဋ္ဌဓမ္မဝေဒနီယအကျိုးကို ခံစားထိုက်တဲ့ ပုဂ္ဂိုလ်များဟာ ရှေးရှေးတုန်းက ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်များကို လှူဒါန်းခွင့်ရသလို အလှူခံပုဂ္ဂိုလ်များနဲ့ တွေ့တတ်ကြတယ်ဆို မဟုတ်ဘူးလားဗျ။ ခုလည်း ခင်ဗျား ပါရမီထူးတာ ပြောတာပါ"

သူတော်ငတေ၏ စကားကို ကြားလိုက်ရုံနှင့် ဤငတေ သူ့ငှက်ပျောခိုင်ကို မျက်စောင်းထိုးနေပြီ ဆိုသည်ကို ဦးညိုမောင်က အတပ်သိလိုက်သည်။

ဦးညိုမောင်မှာ တစ်ရွာတည်းသားပီပီ သူတော်ငတေ၏ အကြောင်းကို အတွင်းသိ၊ အစဉ်းသိ ဖြစ်လေရာ သူတော်ငတေကို နည်းနည်းမှ ကြည်ရသူ မဟုတ်။ ငယ်စဉ်ကပင် တေးတပေပေနေလာခဲ့ပြီး နောက်ဆုံးမှာ သူတော်လုပ်ပြီး ဘုန်းကြီးကျောင်း ကပ်စားနေသူဟု အမြင်ရှိထား၏။

ယခု သူ့ငှက်ပျောခိုင်ကို မြင်သောအခါ တစ်နည်းနည်းနှင့် မုချ တောင်းစားတော့မည် ဆိုသည်ကိုလည်း အတပ်သိနေပေရာ ဦးညိုမောင်မှာ စိတ်ထဲတော်တော် ကသိကအောက် ဖြစ်သွား၏။ ဦးညိုမောင်သည် သူတော်ငတေအား နည်းနည်းမှ သဒ္ဓါစိတ်မရှိသလို ပင်ကိုကလည်း အလွန် ကပ်စေးနှဲ ကော်တရာ ဖြစ်သည်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်၌လည်း ယုံကြည် အလေးထားသူ မဟုတ်။ ထို့ကြောင့်လည်း သူ၏ခြံထွက် ငှက်ပျောခိုင်ကို ဘုန်းကြီးရဟန်းတို့အား တစ်လုံး၊ တစ်ဖီး လှူရမှန်း သတိမရဘဲ မင်းရွာဈေးတွင် သွားရောင်းကာ သူ့ဇနီးနှင့် သူ့သမီးတို့အတွက် ပဒုမ္မာပိတ် ဝယ်ပေးရန်သာ စိတ်ကူးလာသူဖြစ်၏။ ဦးညိုမောင်၏ ခံယူချက်မှာ လှူလျှင်ကုန်၊ စားလျှင်ဝ၊ ထားနိုင်လျှင် အမြတ်ရ ဟူသော ခံယူချက်ကို လက်ကိုင်ထားသူပင်။

ဤသည်ကိုသိသော သူတော်ငတေကလည်း သူ့စကား ကြားလိုက်သည်နှင့် မှိုင်တိုင်တိုင် ဖြစ်သွားသော ဦးညိုမောင်အား-

"အလုံးထွားပြီး လှလိုက်တဲ့ ငှက်ပျောသီးတွေဗျာ။ မြင်ရုံနဲ့ သွားရည်တောင် ကျချင်လာပြီ။ ကဲ ဦးညိုမောင်ရယ် အလှူခံတစ်ကျိပ်လေး ခွေးတောင်ပါတယ် ဆိုတော့ ကျုပ်တလည်း တောထဲ ကေစာရီ လျှောက်သွားပြီး သတ္တဝါတွေကို ကယ်ချွတ်ဖို့ စရဏတရားတွေနဲ့ ပျော်မွေ့နေတာ သုံးရက်လောက်ရှိပြီ ဆိုတော့ ဒီနေ့မနက်မှ ကျောင်းပြန်မလို့ တောထဲက ထွက်လာတာ။ အတော်ပါပဲဗျာ။





အဲဒါကြောင့် ခင်ဗျားကို သိပ်ပါရမီထူးတဲ့ပုဂ္ဂိုလ်လို့ စောစောက ကျုပ် . . ."

"ဒီမှာ ဦးသူတော်၊ ခင်ဗျား ကျုပ်ကို တောပြောတောင်ပြော ပြောမနေနဲ့။ ရှေ့က လမ်းဖယ်ဗျာ။ ငှက်ပျော်သီး စားချင်ရင်လည်း တစ်လုံးနှစ်လုံး ယူထားလိုက်။ ကျုပ်က မင်းရွာဈေးမီဖို့ အရေးကြီးတယ်"

တောင်ကမူနှစ်လုံးကြား လမ်းကျဉ်းကျဉ်းလေးထဲတွင် လမ်းမဖယ်ပေးဘဲ ရှေ့ ကာဆီးကာဆီးနှင့် ငှက်ပျောသီး စားချင်သည်ကို သွယ်ဝိုက် တရားလာဟောနေသော သူတော်ငတေကို အမြင်ကတ်ကတ်နှင့် မပေးလျှင်လည်း မကောင်းတတ်သဖြင့် စိတ်တိုတိုနှင့် ဘုဆတ်ဆတ် ပြောလိုက်၏။

"ကျုပ် တောထဲတောင်ထဲ သွားပြီး စရဏအလုပ် လုပ်နေခဲ့တာ သုံးလေးရက် ဘာမှ မစားခဲ့ရဘဲ နေလာတာပါဆို ခင်ဗျား ငှက်ပျောသီး တစ်လုံးနှစ်လုံးလောက်နဲ့ ဒီဗိုက်ကြီးက ဘယ်လိုလုပ် ဝမှာလဲ၊ ခင်ဗျား ကိုယ်ချင်းစာစကား ပြောပါဗျ"

သူတော်ငတေက စူထွက်နေသော သူ့ဗိုက်ကို လက်နှင့်ပုတ်ပြပြီး အသံမာမာနှင့် ပြောလာ၏။

သူတော်ငတေက၏ စကားကို ကြားလိုက်ရသောအခါ ဦးညိုမောင်မှာ ပို၍ ဒေါသထွက်လာသည်။ ချော့မော့ပြောမရမှန်း သိသဖြင့် တမင်ပင် လှယက်စားတော့မတတ် ခြိမ်းခြောက်သံမျိုးနှင့် ပြောလာသော သူတော်ငတေကို ဦးညိုမောင်ကလည်း-

"သိပါတယ်၊ အလကားရတိုင်း စားနေကျဗိုက် ဆိုပါတော့။ ခု ခင်ဗျားဗိုက်က ဘယ်နှစ်ဖီး စားရမှဝမှာလဲ"

"ဟဲဟဲ ဒီဗိုက်ကလား၊ အလကားရရင် ခု ခင်ဗျား ငှက်ပျောသီး တစ်ခိုင်လုံး ကုန်အောင်စားတောင် ဝမှာမဟုတ်ဘူး"

မထီထရီ ရယ်ကျဲကျဲနှင့် သူတော်ငတေက သူ့ဗိုက်ကို ပုတ်ပြပြီး ပြောလိုက်ပြန်၏။

သူတော်ငတေအား ငှက်ပျောသီး တစ်ဖီးနှစ်ဖီး အလကားပေးရတော့မည်ကို သိသဖြင့် မကျေမနပ်ဖြစ်ကာ ဒေါသကြီးလာသော ဦးညိုမောင်က သူ့ပခုံးပေါ်ရှိ ငှက်ပျောခိုင်ကို မြေပြင်သို့ အသာချလိုက်ရင်း . . .

"ဩော် ခင်ဗျား ငှက်ပျောတစ်ခိုင်လုံး တကယ် ကုန်အောင် စားနိုင်လို့လား ဦးသူတော်"

ဟု ဒေါသဖြစ်ဖြစ်နှင့် မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်စားနိုင်တာပေါ့ဗျာ။ ဒီဝိုက်ကိုလည်း ကြည့်ဦးလေ"

သူတော်ငတေက သူ့ကိုယ်ရုံကို တမင်လှစ်ပြီး ဗိုက်ကို ပုတ်ပြ၍ ပြောလိုက်ပြန်၏။

"ကျုပ်ရှေ့တင် စားပြနိုင်မလား"

"သိပ်စားပြနိုင်တာပေါ့။ တစ်ထိုင်တည်းနဲ့ကို စားပြမယ်ဗျာ"

"ယီးတီးယားတားတော့ မနောက်နဲ့နော် ဦးသူတော်။ ကျုပ် တကယ်ပြောနေတာ"

"ဒါ ဒါနောက်စရာလားဗျာ။ ကျုပ်ကလည်း ဦးညိုမောင်တို့ တတယ်ပြောနေတာပါ။ ဘာမှမစားဘဲ စရာအလုပ်လုပ်နေခဲ့တာ သုံးလေးရက်ရှိပါပြီဆို သိပ်စားနိုင်တာပေါ့"

"ကဲ၊ ငှက်ပျောတစ်ခိုင် မကုန်ရင်ကော . . ."

"မကုန်ရင် သုံးဆ ပြန်လျော်မယ်ဗျာ ဟဲ ဟဲ"

သူတော်ငတေမှာ အတည်ပေါက်ပြောပြီး နောက်ကျမှ ရမည်ရှာ တောပြောတောင်ပြော ပြောကာ ရှူးသလိုပေါသလို မဟုတ်တရုတ်လုပ်ပြီး လစ်ပြေးသွားတတ်သော အကျင့်ကိုလည်း သိထားရာ သူတော်ငတေစကားကို လုံးဝမယုံသော ဦးညိုမောင်က-

"ကျုပ် ငှက်ပျောခိုင်ဖိုး အလျော်ပေးရအောင် ဦးသူတော်မှာ ဘယ်မလဲဒင်္ဂါး"

"ဟဲ ဟဲ၊ ခင်ဗျားက ကျုပ်ကို တယ်အထင်ကြီးပါလား။ ခင်ဗျား ငှက်ပျောတစ်ခိုင် ဘယ်လောက်တန်လို့လဲ"

"ကျုပ် ငှက်ပျောတစ်ခိုင်က ဒီလောက် အလုံးတွားပြီး အဖီးလှတာ။ ဘယ်မှာသွားရှာရောင်းရောင်း ငါးမတ်၊ တစ်ကျပ်ခွဲတော့ အသာလေးရတယ်ဗျ"

"ကောင်းပြီ။ ဒီမှာကြည့် ဒါဘာလဲ ဒင်္ဂါးပြားမဟုတ်လို့ အိုးခြမ်းကွဲလား"

သူတော်ငတေက သူ့လွယ်အိတ်ထဲ လက်နှိုက်လိုက်ကာ ပထမ စေလာခေါင်းတုံး ငွေဒင်္ဂါးတစ်ပြားကို လက်မပေါ်တင်ကာ ချွင်ခနဲ မိုးပေါ်တင်ပစ်ပြီးနောက် လက်တစ်ဖက်နှင့် ဖမ်းဆုပ်ထားလိုက်၏။ ပြီး နောက်တစ်ပြားကိုပထမနည်းတူ အသံရှန်ရှန်မြည်သွားအောင် မိုးပေါ်မြှောက်ပစ်ပြီး နောက်လက်တစ်ဖက်နှင့် ဖမ်းပြလိုက်ပြန်၏။ ပြီးတော့ နောက်တစ်ပြား နောက်တစ်ပြားနှင့် ဒင်္ဂါးငါးပြားကို လွယ်အိတ်ထဲက နှိုက်ထုတ်ပြီး ဦးညိုမောင်ကို ပစ်ပြလိုက်သည်။





"ကဲ၊ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ခင်ဗျား တစ်ထိုင်တည်းနဲ့ ကျုပ်ငှက်ပျောတစ်ခိုင်လုံးကို တကယ် ကုန်အောင် စားပြရမယ်နော်"

"ဩော်၊ ဒီလူနှယ် နားဝေးလိုက်တာ။ ခင်ဗျားကို ကျုပ် ဘယ်နှစ်ခါပြောရမလဲ"

"ကဲ၊ ကောင်းပြီ ဒါဆို ခုချက်ချင်း စားပြဗျာ။ မကုန်ရင်တော့ တကယ်သုံးဆ လျော်ရမယ်နော်။ ဦးသူတော်စကား ဦးသူတော် မှတ်ထား။ နောက်မှ ကတိဖျက်ရင်တော့လား ဦးသူတော်နဲ့ကျုပ် . . ."

"ဟဲ ဟဲ၊ ခင်ဗျား လက်ရဲဇက်ရဲရှိတယ်ဆိုတာ ငယ်ငယ်ကတည်းက ကျုပ်သိပြီးသားပါ။ ကတိမဖျက်ရဲကြောင်းပါ။ ကဲ လာလာ ဒီလမ်းဘေးမှာတော့ မကောင်းဘူး။ လမ်းသွားလမ်းလာများ မြင်သွားရင် ကျုပ်အစားကြီးမှန်း လူတွေသိသွားလို့ ရှက်စရာ ဖြစ်မယ်။ ဟီး ဟီး ဟား ဟား ငတေအစားပုတ်မှန်းခင်ဗျားတစ်ယောက်ပဲ သိပါစေနော်"

ပြောပြောဆိုဆိုနှင့်ပင် ဦးညိုမောင်ခြေရင်းတွင် ချထားသော ငှက်ပျောခိုင်ကို ဆတ်ခနဲ ကောက်ဆွဲကာ သူတော်ငတေ တောထဲဝင်သွားရာ ဦးညိုမောင်မှာလည်း သူတော်ငတေနောက် ကမန်းကတန်း လိုက်ရလေ၏။

ဇင်ပြွန်းပင်ကြီးတစ်ပင်နား ရောက်သောအခါ သူတော်ငတေသည် လက်ကဆွဲလာသော ဦးညိုမောင်၏ ငှက်ပျောခိုင်ကိုချကာ အကျအန တင်ပျဉ်ခွေထိုင်လိုက်၏။ သူတော်ငတေ ထိုင်လိုက်သောအခါ ဦးညိုမောင်ကလည်း သူတော်ငတေရှေ့မှာ ထိုင်လိုက်သည်။

"ဟဲ ဟဲ စားရက်ကြုံတော့ မုတ်ဆိတ်ပျားစွဲတယ်ဆိုတာ ဒါပဲဗျနော်"

"ပေါက်ကရတွေ ပြောမနေနဲ့။ မြန်မြန်စား မကုန်လို့ကတော့ ကျုပ်ကိုဒင်္ဂါးလေးပြား ပေးရမယ်နော် ဦးသူတော်"

"စိတ်ချ၊ ခင်ဗျား ငှက်ပျောတစ်ခိုင်ကို ငတေဗိုက်က အသာလေးပါဗျ။ ဒီမှာကြည့်၊ ကျုပ်စားပြီ"

ပြောပြောဆိုဆိုနှင့်ပင် သူတော်ငတေသည် ဦးညိုမောင်၏ ငှက်ပျောခိုင်မှ လက်ရင်းအဖီးကို စကိုင်စားတော့သည်။ ငှက်ပျောခိုင်မှ ငှက်ပျောသီးများကို တစ်လုံးပြီးတစ်လုံး တစ်ဖီးပြီးတစ်ဖီး စားနေရင်းက ဦးညိုမောင်အား 'သည်နှစ်စပါးဝမ်းစာ ရရဲ့လား'၊ 'ငရုတ်တွေကော ရရဲ့လား'၊ 'နောက် မိုးကောင်းတော့နှမ်းကလည်း ရမယ်ထင်ပါရဲ့' စသည်ဖြင့် ပြောရင်း စားရင်းက ဦးညိုမောင်၏ ငှက်ပျောတစ်ခိုင်ကို ထိုင်စားနေလေရာ လေးငါးဖီးပင် ကုန်သောအခါ ဦးညို



www.burmeseclassic.com

www.burmeseclassic.com



မောင်မှာ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်လာသည်။

ဦးညိုမောင်၏ ငှက်ပျောခိုင်မှာ အသီးလှအောင် ထွက်စကတည်းက အဖီးများများ မထားဘဲ ခုနစ်ဖီးသာ ထားလေရာ ယခု သူတော်ငတေ စား၍ ငါးဖီးကုန်သွားသောအခါ နောက်နှစ်ဖီးသာ ကျန်တော့၏။ ထိုအခါ သူတော်ငတေမှာ ဆက်မစားနိုင်တော့၍လား၊ တစ်ခုခု အကြံထုတ်နေလေသလား မသိ။ ငှက်ပျောသီးကို မစားချင်စားချင်သလို တို့ကနန်းဆိတ်ကနန်း စားလာသည်ကို မြင်သောအခါ ဦးညိုမောင်မှာ ဝမ်းသာအားရ ဖြစ်လာပြီး သူတော်ငတေ၏ ငွေဒင်္ဂါးပြားများ ထည့်ထားသော လွယ်အိတ်ကြီးကို မျက်စောင်းတစ်ချက် ထိုးလိုက်ကာ-

"ဦးသူတော်၊ ငွေဒင်္ဂါးလျော်ရမှာ စိုးပြီး အတင်းတော့ သွတ်မနေနဲ့နော်။ စားပိုးနင့်ရင် သေတတ်တယ် ဆိုတာတော့ သိတယ်မဟုတ်လား။ ငွေဒင်္ဂါးလေးပြားနဲ့ ဦးသူတော်အသက်ကို လဲနိုင်လို့လား ဟဲ ဟဲ"

ဟု ပြောလိုက်၏။

ကြည့်နေရင်း စားနေရင်းက သူတော်ငတေမှာ အမူအရာတော့ ပျက်စပြုလာပြီ၊ နဂိုကပင် ပြူးကျယ်သော မျက်လုံးကလည်း ဦးညိုမောင်မျက်စိထဲ ပိုပြူးကျယ်လာသလိုပင်။ သည်ကြားထဲ ကျောဆန့်သလို လည်ပင်းနှင့် ရင်ဘတ်ကိုလည်း သူ့လက်တစ်ဖက်နှင့် ပွတ်ချနေလေရာ ကေန္တ သူနိုင်ပြီ၊ ငှက်ပျောသီးက တစ်ဖီးကျော်ကျော် ကျန်နေသေးသဖြင့် ဦးညိုမောင်က-

"ဦးသူတော်၊ မကုန်မှန်း သိရက်နဲ့တော့ အတင်းမျိုမချနဲ့နော်။ ခင်ဗျား စားပိုးနင့်ပြီး တစ်ခုခုဖြစ်ရင် ကျုပ် တရားခံဖြစ်နေပါဦးမယ်။ ဟော၊ ခင်ဗျား . . . ခင်ဗျား အန်မလို့လား။ အန်ပစ်လိုက်ရင်တော့ ခင်ဗျားအရှုံးနော် ဦးသူတော်"

သူတော်ငတေမှာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ငှက်ပျောသီးကို မျိုမချနိုင်တော့သလိုနှင့် အေး ဟေး အင်း ဖြစ်ကာ လေချဉ်တက်သလို အန်မလိုဖြစ်လာသောအခါ ဦးညိုမောင်မှာလည်း သူတော်ငတေ မစားနိုင်သည်ကို ဝမ်းသာသည်က တစ်ဖက်၊ သူ့ကြောင့် သူတော်ငတေ တစ်ခုခုဖြစ်လျှင် ဟူသော စိုးရိမ်စိတ်က တစ်ဖက်နှင့် သူ့မှာလည်း သူတော်ငတေကဲ့သို့ပင် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကမန်းကတန်း ပြောလိုက်ရပြန်၏။

"အင်း . . အေး . . . ဟင်း . . . ခင်ဗျား လူကဲခတ်တော့ မဆိုးဘူးဗျ။ ကျုပ်ကလည်း ဆာဆာနဲ့ အစကတော့ ကုန်မယ်ထင်လို့ စားတာပဲ။ ခု





ငှက်ပျောသီးက တစ်ဖီး ကျော်ကျော်တောင် ကျန်နေသေးတော့ ကျုပ်ကလည်း ရှုံးရင် ဒင်္ဂါးကြီးလေးပြားတောင် ပေးရမှာဆိုတော့ ကုန်အောင် စားရတော့မှာပဲ။ ကဲ ဘုရား တရား သံဃာနဲ့ ရတနာသုံးပါး ဦးထိပ်ထားပြီး နတ်များဒေဝါ ကူညီညာ ဝိုင်းပြီး မှိုင်းမတော်မူလိုက်ကြပါ။

ငါဟဲ့ ယောကျ်ား၊ မတစ်တောင် အကောင်တစ်ရာဖွား အမေ့သား၊ ငှက်ပျောတစ်ခိုင် အကုန်အစားတော့မယ်။ ဦးဖွ ညိုမောင် ငှက်ပျောတစ်ခိုင် တစ်ထိုင်တည်းနဲ့ ကုန်စေဗျား၊ ကုန်စေဗျား ဟဲ ဟဲ . . ."

သူတော်ငတေသည် ပြောပြောဆိုဆိုနှင့် ငှက်ပျောသီးများကို တစ်လုံးပြီးတစ်လုံး ပလုတ်ပလောင်း အငမ်းမရ ဆက်စားပြလိုက်သောအခါ ဤတစ်ခါ အံ့ဩပြီး မျက်လုံးပြူးသွားသူမှာ ဦးညိုမောင်ပင် ဖြစ်ပါလေသည်။

"ဦး ဦးသူတော် မကုန်ဘူးထင်ရင် ဆက်မစား . . . "

"ဟဲ ဟဲ၊ ဆက်စားနေပါတယ် ခင်ဗျား၊ ကဲ ငတေယောကျ်ား ငှက်ပျောတစ်ခိုင်စား၊ ကဲ ကုန်သွားပါပြီဗျား။ ဟဲ ဟဲ ဟီး ဟီး ဦးညိုမောင်ကြီး ရှုံးပါပြီတဲ့ဗျား ဟား ဟား ဟီ ဟီ"

ငှက်ပျောတစ်ခိုင် ကုန်သွား၍ သူတော်ငတေက ခွက်ထိုးခွက်လန် ရယ်ပြလိုက်သောအခါ ဦးညိုမောင်မှာ ရယ်ရမလို ငိုရမလိုနှင့် မျက်စိမျက်နှာ ပျက်ကာ သူတော်ငတေ့ရှေ့ မျက်နှာငယ်ကလေးနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွားလေ၏။

"ကဲ၊ ငှက်ပျောတစ်ခိုင်လည်း ကုန်သွားပြီ၊ ကျုပ် တောထဲ တစ်ရေးတစ်မော ဝင်အိပ်လိုက်ဦးမယ်။ ဦးညိုမောင် ငှက်ပျောတစ်ခိုင်ထမ်းပြီး မင်းရွာကိုလည်း ပင်ပင်ပန်းပန်း သွားစရာ မလိုတော့ဘူး၊ ပေါ့ပေါ့ပါးပါးပဲ ရွာပြန်လိုက်ဦးဗျာ၊ ကျုပ်သွားမယ်"

ဟုပြောကာ သူတော်ငတေသည် တစ်လှမ်းချင်း လှမ်းထွက်သွားလေသည်။

ဦးညိုမောင်မှာ သူ့မိန်းမ၊ သူ့သမီးလေးအတွက် ပဒုမ္မာအင်္ကျီစလေး ဝယ်ပေးရမယ်မည်ဟု ရည်မှန်းကာမှ သူတော်ငတေနှင့် တွေ့ပြီး အလောင်းအစား ရှုံးသွားရသောအခါ မျက်ရည်အဝဲသားနှင့် သူတော်ငတေ နောက်ကျောကိုသာ ငုတ်တုတ်ထိုင်ပြီး ငေးကြည့်နေမိ၏။

ထိုစဉ် သူတော်ငတေသည် ဘာစိတ်ပေါ်ပြန်သည် မသိ။ နောက်သို့ တစ်ချက် ပြန်ကြည့်လိုက်စဉ် ဦးညိုမောင်အဖြစ်ကို မြင်လိုက်ရသောအခါ ပြန်လှည့်လာပြီး-



www.burmeseclassic.com

www.burmeseclassic.com



"ဦးညိုမောင်၊ ကျုပ်စားဝစ်လိုက်တဲ့ ငှက်ပျောတစ်ခိုင်ဖိုး ခင်ဗျားပြန်လို ချင်သလား"

ဟု မေးလာ၏။

"လိုချင်တာပေါ့ ဦးသူတော်ရယ်၊ ကျုပ် ဒီငှက်ပျောတစ်ခိုင် ရောင်းမလို့ လာတာက သကြံန်အခါရက်ကြီးလည်း နီးနေပြီဆိုတော့ ငှက်ပျောခိုင် ရောင်းရ ငွေနဲ့ အိမ်က မိန်းမနဲ့ သမီးလေးကို ပဒုမ္မာအကျီလေး ဝယ်ဆင်မလို့ဗျ။ ခုတော့ ဦးသူတော် ဒီလောက်ထိ စွမ်းမယ်မထင်လို့ ကျုပ် ကျုပ် လောင်းမိတာ အမှားကြီး မှားပါပြီ ဟီး ဟီး"

"ကြော်၊ ဟော့လူ ဟော့လူ ဗြိတ္တာတို့မျက်ရည် မြေမကျကောင်းဘူးတဲ့၊ မငိုနဲ့၊ မငိုနဲ့၊ တိတ် တိတ် ခင်ဗျား ငိုတာမြင်ရတော့ ကျုပ်တောင် ငိုချင်လာပြီ၊ ခင်ဗျား ငှက်ပျောတစ်ခိုင်ဖိုး ကျုပ်ပြန်ပေးလိုက်ပါ့မယ်ဗျာ"

ဟု သူတော်ငတေက ကမန်းကတန်း ပြောလိုက်၏။

"ဟင်၊ တကယ် ပြောတာလားဗျာ ဦးသူတော်"

"ဟော့လူ၊ ကျုပ် ငါးပါးသီလတော့ မြဲပါတယ်ဗျ။ တကယ်ပေးပါ့မယ်၊ ဒါပေမယ့် ခင်ဗျား ကျုပ်တောင်းတဲ့ ကတိနှစ်ခုတော့ ပေးရမယ်"

"ဘာကတိပါလိမ့် ဦးသူတော်ရယ်"

ဝမ်းသာအားရ ငိုသံပါကြီးနှင့် ဦးညိုမောင်က သူတော်ငတေ မျက်နှာကို မော့ကြည့်ကာ မဝံ့မရဲ ပြန်မေးလိုက်၏။

"တစ်၊ နောက်ကို ခင်ဗျား ခြံက ထွက်သမျှ ငှက်ပျောတစ်ခိုင်တိုင်း ငှက်ပျောတစ်ခိုင်တိုင်း လက်ရင်းတစ်ဖီးကို ကျောင်းလှူရမယ်၊ နှစ်၊ ကျုပ် မသေမချင်း ကျုပ် ခင်ဗျားငှက်ပျောခိုင်တစ်ခိုင်ကို တစ်ထိုင်တည်းနဲ့ အကုန်စားပစ်ပါတယ်ဆိုတာ ဘယ်လူမှ မပြောရဘူး။ ကဲ အဲဒီကတိနှစ်ခု ခင်ဗျား ကျုပ်ကို အာမခံနိုင်ပါ့မလား ပြော"

"ခံနိုင်ပါတယ်ဗျား ခံနိုင်ပါတယ် ဦးသူတော်တို့ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားမိတာတို့ ကျုပ် ကျုပ် ရှိခိုးကန်တော့ တောင်းပန်ပါတယ်၊ ကျုပ် ကျုပ်ကို ခွင့်လွှတ်ပါ"

"ကောင်းပြီ၊ ဒါဆို ရော့ ခင်ဗျား ငှက်ပျောတစ်ခိုင်ဖိုး ဒင်္ဂါးနှစ်ပြား၊ ယူသွား၊ သွားတော့ သွားတော့ တစ်သက်လုံးတော့ ခင်ဗျား ကတိတည်ပါစေ"

ဟု ပြောကာ သူတော်ငတေသည် ဦးညိုမောင်အား ဒင်္ဂါးနှစ်ပြားကို ပစ်ပေးထားခဲ့ကာ တောထဲဝင်သွားလေသည်။

✻ ✻ ✻



# သူတော်ငတေနှင့်
# ရေပေါ်နှင်းသွားအဆောင်



www.burmeseclassic.com

www.burmeseclassic.com

## သူတော်ငတေနှင့် ရေပေါ်နင်းသွားအဆောင်

မိုးတွင်းကာလ မိုးဖွားတွေ တဖွဲဖွဲ ကျနေသော တစ်မနက်တွင် ဖြစ်သည်။

ချောင်းနားမှ လယ်ကွင်းထဲတွင် လယ်တဲနှင့်နေသူ ဦးတင်မြင့် မည်သော လယ်သမားကြီးသည် စောစောစီးစီးပင် သူတော်ငတေတို့ရှိရာ ဘုန်းကြီးကျောင်းအောက်သို့ ရောက်လာလေသည်။ ကွင်းကြီးရွာက သူတော်ငတေဆီတွင် ဗေဒင်ယတြာ၊ ဆေးပညာ လာသင်နေသော မောင်ဖြူလှ ဆိုသူ ကျောင်းသားလေးကို ရှာမေးသည်။ မောင်ဖြူလှကို တွေ့သောအခါ-

"မင်းအမေ အသည်းအသန် ဖြစ်နေလို့တဲ့၊ မနေ့ညနေက မင်းတို့ရွာသား ဦးအေးမောင်ကြီး ဟိုဘက်ကမ်းက ငါ့ကို အော်ခေါ်ပြီး ပြောခိုင်းလိုက်တယ်။ ဒီနေ့ မင်းအမေဆီကို ဖြစ်တဲ့နည်းနဲ့ ရောက်အောင်လာဖို့ ပြောပေးပါတဲ့။ ငါ မနေ့ညနေက လာပြောမလို့ဘဲ။ မိုးကလည်း လွှတ်သည်း၊ မိုးလည်းချုပ် မင်းအနေကလည်း ညကြီးမင်းကြီးဆိုတော့ သွားဖြစ်မှာ မဟုတ်လို့ ခုမနက်မှ လာပြောရတာ၊ အဲဒါ မင်းအမေဆီကို ပြန်ဖြစ်အောင် မြန်မြန် ပြန်လိုက်နော် ကလေး။ မင်းတို့မှာ ဒီသားနဲ့ ဒီအမေပဲ ရှိတယ်လို့ ဦးအေးမောင်ကြီးက အတန်တန် ဟိုဘက်ကမ်းက အော်ပြောသွားတယ်။ မင်းအမေက မင်းကို တတွတ်တွတ် မေးနေတယ်တဲ့ ကလေး။ မြန်မြန်သာ ပြန်လိုက်နော်"

သူ့အမေ့သတင်းကို လာပြောသူ ဦးတင်မြင့်အား-

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဘဘ"

ဟုပင် ပြောရန် သတိမရတော့သည့် မောင်ဖြူလှလေးက ချက်ချင်း ဟီးချ ငိုလိုက်သည်။

ယခု သူ ကျောင်းလာနေသော ယာတောင်ရွာနှင့် မောင်ဖြူလှလေးတို့၏





ကွင်းကြီးရွာမှာ ခြေကျင် နာရီဝက်ခရီးနီးနီး ရှိသည်။ ယာတောင်ရွာကြားနှင့် ကွင်းကြီးရွာကြားတွင် လယ်ကွင်းကြီးများနှင့် မိုးတွင်းဆိုလျှင် တောင်ကျရေ အစီးကြမ်းသော ချောင်းတစ်ချောင်းလည်း ရှိသည်။ ထိုချောင်းမှာ ခြေလှမ်းနှစ်ဆယ်ကျော် သုံးဆယ်ခန့်သာ ကျယ်သော်လည်း မိုးတွင်းဆိုလျှင် ခြေကျင် လျှောက်သွား၍မရ။

အထူးသဖြင့် နှိုးမတွင် မိုးညိုနေလျှင်၊ မိုးသားများကို လှမ်းမြင်နေရလျှင် မည်သူမျှ ထိုချောင်းကို ဖြတ်မကူးရဲကြ။ ရေစီးတွေမှာ တာတမံကြီး ကျိုးကျလာသလို ရေစီးအလွန်ကြမ်းသည်။ များသောအားဖြင့် မိုးတွင်းဆိုလျှင် ချောင်းထဲတွင် လူကြီးတစ်ရပ်ကျော်ကျော် ရေက အမြဲရှိနေသဖြင့် ဝါးပိုးဝါးကြီး နှစ်လုံးသုံးလုံးကို ဖူးချည်ကွပ်ညှပ်ကာ တံတားတစ်ခု ထိုးထားကြသည်။ မိုးတွင်းဆိုလျှင် ထိုတံတားမှပင် ဟိုရွာသည်ရွာ ကူးလူးသွားလာလေ့ ရှိကြသည်။

ဦးတင်မြင့် လာပြောသွား၍ သူ့အမေ အသည်းအသန်ဖြစ်နေမှန်း သိသွားသော မောင်ဖြူလှလေးသည် ချက်ချင်း ငိုယိုကာ မိမိရွာသို့ ပြန်ခွင့်ပြုပါရန် သူတော်ငတေကို လျှောက်သည်။ သူတော်ငတေကလည်း-

"အေး သွားလိုက်ပေါ့၊ မင်းအမေ အသည်းအသန် ဖြစ်နေတယ် ဆိုတော့ ဘဘလည်း ဆေးပေးလိုက်မယ်။ ခု မိုးတွင်း အေးတဲ့ရာသီဆိုတော့ ဒီဆေးက ဘယ်ရောဂါမျိုးမဆို တည့်တတ်ပါတယ်"

ဟု ပြောကာ သောက်ဆေးတစ်ထုပ်လည်း ပေးလိုက်လေသည်။

ဤသို့နှင့် မောင်ဖြူလှလေးသည် မိုးဖွားများကျနေသော မနက်မှာ သူ့အမေရှိရာ မိမိရွာသို့ ပြန်ရန် ခမောက်ကလေးဆောင်းပြီး ကျောင်းက ထွက်လာလေသည်။

မောင်ဖြူလှလေးမှာ ငယ်ငယ်ကပင် အဖေရှိသူ မဟုတ်၊ ဤအမေကိုပင် အဖေချစ်၊ အမေချစ် ချစ်လာရသူ ဖြစ်လေသည်။ သူ့အမေမှာလည်း ဤသားကလေးတစ်ယောက်သာ ရှိလေရာ ဤသားကလေးကို အသည်းပေါက်မတတ် ချစ်ရှာသည်။ ထို့ကြောင့်လည်း ဤသားလေးတစ်မျက်နှာမှာ သူ့အတွက် ကမ္ဘာကြီးတစ်ခုပမာပင်။ သူ့မှာ ဆင်းရဲနွမ်းပါးရှာသူ ဖြစ်သဖြင့် မိုးတွင်းဆိုလျှင် ကောက်စိုက်အငှားလိုက်ရပြီး နွေဆိုလျှင် ထင်းခုတ်၊ ထင်းတိုက်အလုပ်ကိုပင် ယောကျ်ားကြီးများနှင့် ရင်ပေါင်တန်း ယှဉ်လုပ်နေရရှာသည်။

ဤသို့ ပင်ပန်းကြီးစွာ သားလေးကို ရှာဖွေလုပ်ကိုင် ကျွေးမွေးလာခဲ့ရာမှ ဆယ့်တစ်နှစ် နှစ်နှစ်အရွယ်လေးရလာသော သားက တခြား လယ်သမား သား



www.burmeseclassic.com

www.burmeseclassic.com



သမီးများနည်းတူ သူတို့ ရွာနီးချုပ်စပ်တစ်ဝိုက်၌ နာမည်ကြီးနေသော ယာတောင်ရွာက သူတော်စဉ်တေထံ၌ ဗေဒင်၊ ယတြာ၊ ဆေးပညာ သင်ရန် သွားကြသောအခါ သူ့သားကလည်း အများနည်းတူ သွားချင်ကြောင်း ပြောလာသည်။

ဤသည်ကို မောင်ဖြူလှလေး အမေက လုံးဝ မကန့်ကွက်၊ သူ့သားလေး အလိုကိုလိုက်၍ ဆေးဆရာ၊ ဗေဒင်၊ ယတြာပညာ တတ်အောင် ဟူသော သဘောနှင့် သူကသာ ပင်ပန်းအဆင်းရဲခံပြီး မိစုံဖစုံ သားသမီးများနည်းတူ သူတော်စဉ်တေထံ၌ ပညာသင်ရန် အပ်နှံခဲ့ခြင်း ဖြစ်လေသည်။ သူတော်စဉ်တေထံ၌ သူ့သား ပညာသင်နေခဲ့၍ တစ်နှစ်ကျော်အကြာ ယခု မိုးတွင်းကာလ၌ အလုပ်ပင်ပန်းဒဏ်၊ အအေးမိသောဒဏ်နှင့် သေကောင်ပေါင်းလဲ ဖြစ်ပြီး အိပ်ရာက မထနိုင်သောအခါမှာတော့ တစ်ဦးတည်းသောသားကို မြင်ချင်တွေ့ချင်အနားတွင် ရှိနေစေချင်သဖြင့် အိမ်နီးနားပါးများအား ခေါ်ပေးကြပါရန် ငိုယို၍ တောင်းပန်နေသည်။

အိမ်နီးနားရှိ ရပ်ဆွေရပ်မျိုး တစ်ယောက်က ယာတောင်ရွာရှိ သူတော်စဉ်တေဆီ၌ ပညာသွားသင်နေသော မောင်ဖြူလှလေးကိုခေါ် ရန် သွားသောအခါ ညတုန်းက မိုးကြီးရေပေါက်သဖြင့် ခနော်နီခနော်နဲ့ ထိုးထားကြသော ဝါးတံတားမှာ ဘယ်အချိန်ကပင် ချောင်းရေထဲ ပါသွားသည် မသိသဖြင့် ချောင်းကိုလည်း မကူးနိုင်ဖြစ်ကာ တံတားရှိရာ ချောင်းနားမှ ရွာသို့ ပြန်လာရသည်။

သို့သော် လူမမာကလည်း သူ့သားအား ခေါ်ပေးကြပါရန် တတွတ်တွတ်တောင်းပန်နေသောအခါ ဘယ်လိုလုပ်ကြရမည်နည်းဟု ဝိုင်းဝန်း၍ အကြံညာဏ်ထုတ်ကြသည်။ ထိုအခါ သူတို့ရွာသား ဦးတင်မြင့်မှာ ချောင်းနားလယ်တဲတွင်နေသူဖြစ်သဖြင့် ချောင်းတစ်ဖက်ကမ်းရှိ ယာတောင်ရွာသား ဦးအေးမောင်ကြီးဆီ အော်ခေါ် ပြောခိုင်းလျှင် ကြားနိုင်သိနိုင်သည်ကို သတိရကြသည်။ ယခုရွာနေသောမိုးနှင့် ရေကြီးနေသောချောင်းမှာ မနက်ဖြန်မနက်ဆိုလျှင် မိုးစဲ၍ ရေစီး လျော့သွားနိုင်သည်။ မနက် ရေစီးလျော့သွားလျှင် သူ့အမေ အသည်းအသန် ဖြစ်နေသော မောင်ဖြူလှလေး မနက်စောစော လာနိုင်မည် ဟူသော ရည်ရွယ်ချက်နှင့် သတင်းစကားပါးခဲ့ကြခြင်း ဖြစ်လေသည်။

သို့သော် မိုးကား ညက တစ်ညလုံး သဲကြီးမဲကြီး ရွာသွားလေရာ ဤနေ့မနက် မောင်ဖြူလှလေး တံတားနား ရောက်လာသောအခါ တံတားကိုလည်း ရှာမတွေ့။ မိုးရေတွေကလည်း ဒလဟော စီးဆင်းနေရာ ဘယ်လိုမှ ချောင်းကို ဖြတ်ကူးနိုင်ရန် အခြေအနေမရှိ၍ မိခင်ကြီးကို တွေ့လို၊ မြင်လို လွမ်းဆွေး





သောစိတ်နှင့် ငိုယိုပြီးသာ ပြန်လာရလေသည်။

သူ့အမေကိုတွေ့ရန် ငိုယိုပြီး ထွက်လာသော မောင်ဖြူလှလေးသည် ကျောင်းသို့ ပြန်ရောက်လာပြီး သူတော်စဉ်တေကို သွားလျှောက်လေသည်။

"ဘဘ၊ ဘဘ ပေးလိုက်တဲ့ ဆေးတို့ အမေသောက်ရရင် ရောဂါပျောက်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ခုအမေ့ကို ဆေးပေးဖို့သွားတော့ ညက ရွာသွားတဲ့ မိုးရေတိုက်ချသွားလို့ ချောင်းကူးတံတားလည်း မရှိတော့ဘူး၊ ရေစီးလည်း ဒလဟောကြမ်းနေတယ်။ ကျွန်တော့်လို အရွယ်မပြောနဲ့ လူကြီးတွေတောင် လက်ပစ်ကူးရင် မျောပါ သေသွားနိုင်ပါတယ်။ ကျွန်တော့်အမေ သိပ်ကဲဆိုးပါတယ် ဘဘ၊ ဟီး . . . ဟီး"

သူ့တပည့် မောင်ဖြူလှလေးက သူ့ရှေ့လာငိုနေသောအခါ သူတော်စဉ်တေမှာလည်း သူတို့သားမိနှစ်ယောက်၏ ကြီးမားသော မေတ္တာကို တွေးမိကာ မျက်ရည်ဝဲလာပြီး မောင်ဖြူလှလေးကို ငုံ့ကြည့်နေသည်။

"ဟင် ဘဘ၊ မေမေ့ကို တွေ့ရအောင် ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ ကျွန်တော့်ကို မတွေ့ရဘဲ အမေ သေသွားရင် ဟီး . . ဟီး . . ဟင်း . . . ဟင်းသားလည်း အမေ့ကို ဒီတစ်သက် တွေ့ရမှာမဟုတ် . . . ဟီး . . . ဟီး"

မတ်တတ်ရပ်နေသော သူ့ခြေသလုံးကို လာဖက်ငိုနေသော မောင်ဖြူလှလေးကို ငုံ့ကြည့်ကာ သူတော်စဉ်တေမှာ အကြံအိုက်ပြီး ခေါင်းကုတ်လိုက်သည်။

"အေး၊ ချောင်းရေကလည်း ဒီလောက်ကြီးနေတော့ ဘဘလည်း မကြံတတ်ပါလားကွယ်၊ ဘယ်လိုလုပ်ပြီး မင်းတို့သားအမိ တွေ့ရ . . ."

"ဟီး . . . ဟီး . . . ဒီအတိုင်းဆိုရင် ရေပေါ်နင်းသွားနိုင်မှ အမေနဲ့ တွေ့ရတော့မယ် ဘဘ၊ ဟီး . . . ဟီး"

သူ့ဆရာ သူတော်စဉ်တေ၏ စကားမဆုံးမီပင် မောင်ဖြူလှလေးက 'ဒီအတိုင်းဆိုရင် ရေပေါ်နင်းသွားနိုင်မှ အမေနဲ့ တွေ့နိုင်တော့မယ်' ဟူသော စကားကို ကြားလိုက်ရသောအခါ သူတော်စဉ်တေသည် ဘယ်လိုဖြစ်သွားသည်မသိ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လှုပ်သွားသည်။ ပြီးတော့ သူ၏ ပင်ကိုပြူး မျက်လုံးအစုံကို ပိုပြီး ပြူးကြည့်ကာ-

"ဟင် ရေပေါ်နင်းသွားနိုင်ရင် နင့်အမေနဲ့ တွေ့ရမယ် ဟုတ်လား"

ဟု တုန်တုန်ယင်ယင် အသံကြီးနှင့် အော်ငေါက်သလို မေးလိုက်သည်။

"ဟီး . . ဟီး မှန်ပါတယ် ဘဘ၊ ဒီအတိုင်းဆိုရင် ကျွန်တော် ရေပေါ်နင်းသွားနိုင်မှ မေမေနဲ့ တွေ့ . . . တွေ့ရတော့မယ်။ ဟီး . . . ဟီး"

www.burmeseclassic.com



"ဟဲ့ ဟဲ့ ဘဘ သတိရပြီ။ မငိုနဲ့ မငိုနဲ့ နင့်ကို ဘဘ ရေပေါ်နင်းသွားနိုင်တဲ့ အဆောင်လက်ဖွဲ့တစ်ခု ပေးလိုက်ပါမယ်တွယ်၊ တိတ်တိတ်၊ မငိုနဲ့တော့"

"ဟင်၊ တကယ်လား ဘဘ"

ဟူသော မောင်ဖြူလှလေး စကားမဆုံးမီပင် သူတော်ငတေသည် သူ့ဖိုရုံထဲ ကမန်းကတန်း ဝင်ပြေးသွား၏။ ခဏအကြာမှာ သူတော်ငတေ ပြန်ထွက်လာသည်။

အငိုကောင်းစွာ မရပ်သေးဘဲ ရှိုက်နေသော မောင်ဖြူလှလေးက သူတော်ငတေကို ခေါင်းမော့ကြည့်နေစဉ် သူတော်ငတေသည် သူ့လက်ထဲ ပါလာသော ကြိုးတစ်ပင်ကို မောင်ဖြူလှလေး လည်ပင်း၌ စွပ်ပေးလိုက်၏။

သူ့ဆရာငတေ စွပ်ပေးလိုက်သောကြိုးကို မောင်ဖြူလှလေး စမ်းကြည့်လိုက်ရာ ကြိုးတွင် လိပ်ပတ်ထားသော ငွေပြားပါးလေးတစ်ခုကို စမ်းမိသွားသည်။ ဤသည်ကို သူတော်ငတေက-

"ဟဲ့၊ ဘာစမ်းကြည့်နေတာလဲ၊ အဲဒါ နင် ရေပေါ် နင်းသွားနိုင်တဲ့ အဆောင်ပဲ၊ နောက်ထပ် စမ်းမကြည့်နဲ့ ဘယ်လူ့မှလဲ ပေးကိုင်မကြည့်စေနဲ့။ ကဲ သွားတော့ နင့်အမေနဲ့ တွေ့ရလိမ့်မယ်။ သွားဆို မြန်မြန်သွားစမ်း၊ လုံးဝကို ကိုင်မကြည့်ရဘူးနော်"

သူတော်ငတေ စကားဆုံးသည်နှင့် မောင်ဖြူလှလေးသည် သူတော်ငတေကို ပုဆိန်ပေါက် ဦးသုံးကြိမ်ချကာ ကျောင်းမှ ပြေးထွက်လာလေသည်။

❋

မောင်ဖြူလှလေး၏ စိတ်ထဲမှာ သူ့အမေကို တွေ့လိုစိတ်နှင့် ယခင် မိမိရှာ၌ နေခဲ့စဉ်က အမေပြောသော စကား၊ အမေ၏ ယုယကြင်နာမှု၊ သူများတွေ သူတော်ငတေထံ ပညာသင်သွားကြတော့မည် ဆိုသောအခါ သူကလည်း သူတော်ငတေထံ ပညာသင် သွားလိုကြောင်း သူ့အမေအား ပြောသောစကား။ သူ့အမေက သူ့အား-

"သား အမေ ပင်ပန်းရင် ပင်ပန်းပါစေ၊ ငါ့သားကို သူများတွေဆီမှာ ကျွဲကျောင်း၊ နွားကျောင်းလည်း အမေ မခိုင်းရက်ပါဘူးကွယ်။ အမေသာ ကောက်စိုက်၊ ပျိုးနုတ်၊ ထင်းခုတ်၊ ထင်းတိုက် အငှားလိုက်မယ်၊ ငါ့သား ကြီးလာတဲ့အခါမှာ အမေ့လို သူများကူလီ မဖြစ်ရအောင် ငါ့သားကို အမေ သူတော်ငတေဆီ ကိုယ်တိုင် သွားအပ်ပေးမယ် စိတ်ချ၊ ငါ့သား ဆေးဆရာကြီး ဖြစ်လာတာကို အမေ မြင်ပါရစေ၊ ငါ့သား ဆေးဆရာကြီး ဖြစ်လာရင် အမေ အပင်ပန်းခံရကျိုးနပ်ပါပြီ သားရယ်"





ဟူသော သူ့အမေ၏ အပြောကို တစ်လမ်းလုံး တွေးတောကာ သူ့အမေအသံကိုပါ မောင်ဖြူလှလေးက ကြားနေရသလိုပင်။ မောင်ဖြူလှလေးသည် တစ်လမ်းလုံး သူ့အမေ အကြောင်းက လွဲပြီး တခြား ဘာဆိုဘာမှ မတွေးမိဘဲ လျှောက်လာသည်။

မောင်ဖြူလှလေးသည် သူ့အမေအကြောင်းကို မည်မျှထိ တွေးတောလာသနည်းဟူမူ သူ့ဆရာ သူတော်ငတေက ရေပေါ်နင်းသွားနိုင်သော အဆောင်ပေးလိုက်သည်ကိုပင် လုံးဝ သတိမရ။ သူ့စိတ်ထဲမှာ သူ့အမေအကြောင်းက လွဲလျှင် ဘာမှ မရှိ၊ ဘာမှ မတွေးဘဲ လာလေရာ-

"ဟင် မောင်ဖြူလှ မဟုတ်လား။ ဟောတော့ ဒီလောက် ချောင်းရေတွေကြီးလို့ တံတားတောင် မနေ့ညနေကပဲ ချောင်းရေထဲ မျောပါသွားပြီဥစ္စာ။ ကြားသားမိုးကြိုး ဒီကလေး ဘယ်လိုလုပ် ယာတောင်ရွာက ကိုယ့်ရွာကို ရောက်လာပါလိမ့်၊ မြတ်စွာဘုရား"

ဟု မိန်းမကြီးတစ်ယောက်နှင့် ရွာဝင်ဝတွင် ရင်ဆိုင်တွေ့ကြပြီး ထိုမိန်းမကြီးက အော်ပြောလိုက်တော့မှ မောင်ဖြူလှမှာလည်း လန့်ဖျပ် သတိရသွားသည်။ မိန်းမကြီး ပြောသလို သူတကယ် မိမိရွာကို ရောက်နေပြီ ဆိုတာ သိလိုက်ရသည်။ ထိုမိန်းမကြီးကပင်-

"ဟဲ့ ကလေးရယ် မသေကောင်း မပျောက်ကောင်း၊ ချောင်းရေ ဒီလောက်ကြီးတာ နင့်အမေကို တွေ့လိုစိတ်နဲ့ လူလေး ချောင်းကိုများ လက်ပစ်ကူးလာလား။ မှန်းစမ်း နင့်အဝတ်တွေလည်း မစိုကြပါလား။ ဘယ်လိုလုပ် ကိုယ့်ရွာကို ရောက်လာပါလိမ့်။ မနေ့ညနေက လူကြီးတွေတောင် မကူးရဲကြလို့ ချောင်းနားက တင်မြင့်ကို အော်ပြောခိုင်းလိုက်ကြရတာ။ နင် . . . နင် လူလေး ဘယ်လိုများ ချောင်းရေကို ကူးလာပါလိမ့်"

ထိုမိန်းမကြီး အံ့သြတကြီး မေးပြောပြောနေသည်ကို မောင်ဖြူလှလေးကမူ တစ်ချက်သာ ခဏတွေသွားပြီး ချက်ချင်း သူ့အမေရှိရာ အိမ်သို့ ပြေးလာသည်။ အိမ်ပေါ် ပြေးတက်လာသော မောင်ဖြူလှလေးအား လမ်းမှာတွေ့ခဲ့ရသော မိန်းမကြီးက အံ့ဖွယ်သရဲ ဖြစ်ကျန်ခဲ့သလို သူ့အမေအား လူနာစောင့် ပြုစုနေကြသော ရွာသူ ရပ်ဆွေရပ်မျိုး ဒေါ်ကြီး၊ ဒေါ်လေးနှစ်ယောက်နှင့် ဦးဖေအောင်ဆိုသော မောင်ဖြူလှလေး၏ ဝမ်းကွဲဦးကြီးတစ်ယောက်ကလည်း အံ့သြတကြီး ဖြစ်သွားကြသည်။

မောင်ဖြူလှလေးမှာ မည်သူ့ကိုမျှ စကား ပြန်မပြောနိုင်။ သူ့အမေကိုသာ

ချက်ချင်း ပြေးဖက်ကာ-

"အမေ ကျွန်တော် ရောက်လာပြီ၊ သားရောက်လာပြီ၊ အမေ မသေစေရဘူး၊ သားမှာ ဘဘ ဦးသူတော် ပေးလိုက်တဲ့ ဆေးပါတယ်၊ အမေ သောက်လိုက်ပါဦး"

ဟု ပြောကာ သူ့အမေကို ဖက်ထားရာက ဆေးဖျော်၍ ချက်ချင်း ထုတိုက်နိုင်းကာ ဆေးတိုက်ပြန်သည်။

မိခင်ကြီးအား ချစ်မြတ်နိုးလွန်းသော သား၏မေတ္တာနှင့် သားအပေါ် ချစ်ခြင်းကရုဏာ ကြီးမားလွန်းသော မိခင်ကြီး၏ မေတ္တာကြောင့်လား၊ သူတော်စေတ၏ ဆေးစွမ်းကြောင့်လားတော့ မသိ၊ မောင်ဖြူလှလေး၏ အမေမှာ ချက်ချင်း ဆိုသလိုပင် သတိရ၍ သူ့သားကို တဖားဖက်ကာ စကားပြောလာနိုင်လေသည်။ လူတွေမှာ သူတို့သားအမိ၏ အဖြစ်အပျက်ကို ကြည့်ပြီး အားလုံး အံ့ဩစရာတွေချည်း ဖြစ်ကုန်ကြသည်။

အထူးသဖြင့် လူကြီးတွေပင် ဘယ်လိုမှ မကူးဝံ့ မကူးနိုင်ကြသော ချောင်းကို မောင်ဖြူလှလေး ကူးလာသည်ကို စိတ်ဝင်စား၍ မေးကြရာ မောင်ဖြူလှလေးကလည်း သူ ချောင်းကို ဘယ်လိုဘယ်လို ကူးလာမှန်း လုံးဝ သတိမရခဲ့၊ ရွာဝင်ဝရောက်၍ မိန်းမကြီးတစ်ယောက်က အော်ပြောလိုက်တော့မှ သူ့ရွာကို ရောက်လာမှန်း သတိရကြောင်း ပြောပြသည်။

ထို့နောက်မှာ သူ့အမေအား နေထိုင်မကောင်း ဖြစ်စကပင် စောင့်ရှောက်ပြုစုနေသော ဝမ်းကွဲဘကြီး ဦးဖေအောင်က ညကျ၍ ဘယ်လူမှ မရှိတော့သဖြင့် မောင်ဖြူလှလေးကို မေးသောအခါ မောင်ဖြူလှလေးက ရေပေါ် နင်းသွားနိုင်သော အဆောင်လက်ဖွဲ့ကို သူ့ဆရာစေတက ပေးလိုက်ကြောင်းနှင့် အဖြစ်အပျက်ကို ပြောပြလိုက်လေသည်။

ထိုအခါ သူ့ဘကြီး ဦးဖေအောင်က 'မင်းလက်ဖွဲ့ကို ခဏကြည့်ရအောင်' ဟု တောင်း၏၊ မောင်ဖြူလှလေးက မည်သူ့ကိုမျှ ပေးမကိုင်ကြည့်ခိုင်းရန် သူ့ဆရာစေတက မှာကြားလိုက်ကြောင်း ပြောပြီး ကိုင်မကြည့်ခိုင်းပေ။ ထိုအခါ သူတော်စေတ ပေးလိုက်သော လက်ဖွဲ့ ငွေပြားတွင် မည်သို့သော အစီအမံ အင်းအိုင် ခါးလှည့် ပါသည်ကို သိချင် လိုချင်လှသော ဦးဖေအောင်သည် အကြံအစည်နှင့် မောင်ဖြူလှလေး ညအိပ်ပျော်သောအချိန်ကို အိပ်ယောင်ဆောင်ပြီး စောင့်နေသည်။

သူ့အမေကလည်း သက်သာသွားသဖြင့် စိတ်လက် ပေါ့ပါးသွားသော





မောင်ဖြူလှလေး အိပ်မောကျနေချိန်တွင် ကြိုးခေါက်နှင့် ချည်စွပ်၍ ကမန်းကတန်း ပေးလိုက်သော မောင်ဖြူလှလေး၏ လည်ပင်းက သူတော်စေတ၏ လက်ဖွဲ့ကို ဖြုတ်သည်။ ပြီးတော့ မည်သို့သော ဂါထာ၊ မည်သို့သော အင်းအိုင် အစီအမံတွေနှင့် လုပ်ပေးလိုက်ပါလိမ့်ဟု လက်ခေါ် လက်သည်းခွံသာသာ ငွေပြားလေးကို ဖြေကြည့်သည်။

ရေပေါ် နင်းသွား ဂါထာအဖြစ် သူတော်စေတ ငွေပြားတွင် ရေးပေးလိုက်သောဂါထာကို ဖတ်မိသောအခါ ဦးဖေအောင်မှာ မျက်လုံးပြူးသွားလေသည်။

မောင်ဖြူလှလေးအား ရေပေါ် နင်းသွားနိုင်သော ဂါထာဟု သူတော်စေတ ရေးပေးလိုက်သော ဂါထာမှာ-

'ဆို့ဖွ အရူး မင်းတို့အမျိုးမှာ ရေပေါ် နင်းသွားနိုင်တယ် ဆိုတာ ကြားဖူးလို့လား သွားဟာ၊ သွားဟာ'

ဟူ၍ ဖြစ်လေသည်။

သို့သော် ဦးဖေအောင်သည် ထိုဂါထာကို ကူးယူပြီး အနေအထား မပျက် မောင်ဖြူလှလေး၏ လည်ပင်း ပြန်ဆွဲပေးထားသည်။ မောင်ဖြူလှလေး မသိအောင် သူတော်စေတ အဆောင်အတိုင်း ပြုလုပ်ကာ ရေပေါ်သွားနင်းကြည့်ရာ ရေနစ်၍ မသေတာပင် ကံကောင်းဟု နောက်ပိုင်းတွင် ပြောပြလေသည်၊ မောင်ဖြူလှလေးလည်း သူ့အမေ နေထိုင်ကောင်းသွား၍ သူတော်စေတဆီ အပြန်တွင် ချောင်းရေ စမ်းနင်းကြည့်ရာ တစ်ကိုယ်လုံး ရေစို၍ ရေကူးတတ်သူပီပီ ချောင်းကို လက်ပစ်ကူး ပြန်လာရလေသည်၊ သူတော်စေတ၏ လက်ဖွဲ့ကား ဘာမှ မစွမ်းတော့။

စာကြွင်း

ဤအဖြစ်အပျက်ကို ကျွန်ုပ်တို့ရွာရှိ လူကြီးများသည် ယနေ့တိုင် သက်ကြီးစကား သတိပေးကြား ပြောဆိုလျက်ပင် ရှိကြသေးသည်။

ဤ အဖြစ်အပျက်မှာ အမှန်တကယ် ဖြစ်ခဲ့သည်မှို မောင်ဖြူလှလေးတို့ သားအမိ မေတ္တာစာတ် ကြီးမားရှုလား၊ သူတော်စေတ၏ လက်ဖွဲ့ကပဲ စွမ်းလေသလား ဆိုသည်ကိုမူ စာဖတ်သူများသာ ဆုံးဖြတ်ကြပါကုန်။

ဝေယံထင်ခိုင်